www.burmeseclassic.com

# ပျား

## ကောင်ကင်မရှိတဲ့မြို့




GRAPHIC DESIGN
THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဗျူးစာပေ)
အမှတ်- ၅၂၀(က)၊ အင်း၀ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ စော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဝန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုကြီးပေါက် - 09 420243327
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဗျူးစာပေ
၀၉ ၅၀၃၀၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊
၀၁ ၈၅၀၀၆၉၆

၈၉၅. ၈၃
ဗျူ
ကောင်းကင်မရှိတဲ့မြို့
ဗျူးစာပေ ၊ ၂၀၁၄။
၂၅၆ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ကောင်းကင်မရှိတဲ့မြို့

## အခန်း (၁)

အိပ်ရေးမဝသေးခင်မှာပင် စားပွဲတင်နာရီလေးဆီမှ နိုးစက်သံက ကျယ်ကျယ်လောင်လောင် မြည်လာသည်။

မထချင်သေးဘူး။ လုံးဝကို မထချင်သေးဘူး။ အိပ်ရေးမဝသေးခင် အိပ်ရာထဲကနေ ထခဲ့ရတဲ့နေ့ရက်တွေ သိပ်များနေခဲ့ပြီ။ ဒီနေ့တော့ လူတစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို နာကျင်လျက် လှုပ်ပင်မလှုပ်ချင်ပါ။

ကျွန်မ ဖွတ်မိုတ်ပြီး ဆက်အိပ်နေလိုက်သည်။ ပြဿနာမရှိ။ တစ်အိမ်လုံးမှာမှ ကျွန်မတစ်ယောက်တည်းမို့ အတင်းအကျပ် လှုပ်နှိုးမည့်သူလည်းမရှိ။

ငါးမိနစ်အကြာမှာ နိုးစက်သံနောက်တစ်ကြိမ် ထပ်မြည်လာပြန်သည်။ ဒီနိုးစက်ကြီးက ကျွန်မ ထမပီတ်မချင်း ခဏခဏ ထမြည်နေဦးမှာသေချာသည်။ မျက်လုံးများကို မဖွင့်သေးဘဲ အိပ်ရာထဲမှ ငုတ်တုတ်

www.burmeseclassic.com



ထထိုင်လိုက်၏။ လက်တစ်ကမ်းမှာပင် ရှိနေသော နာရီဝိုင်းလေးကို လှမ်းယူပြီး ဖိတ်ပစ်လိုက်သည်။

မျက်လုံးများကိုလည်း လက်နှင့်ပွတ်သပ်ရင်း ကြိုးစားဖွင့်လိုက်၏။ နာရီကိုလှမ်းကြည့်လိုက်သည်။ အမြဲမြင်နေကျဖြစ်သည့် ခြောက်နာရီ ခွဲပြီးငါးမိနစ်။

"ဟူး မထလို့မဖြစ်သေးပါဘူးလေ"

တစ်ကိုယ်တည်း ရေရွတ်ရင်း မွေ့ရာထက်မှ ထလိုက်သည်။ ရေမိုးချိုးပြင်ဆင်ခြင်းကို ဆယ့်ငါးမိနစ်နှင့်အပြီးလုပ်ရ၏။ အိမ်ကနေ ကျွန်မ အလုပ်လုပ်သည့် မီနီမတ်လေးသို့ ခပ်သွက်သွက်လမ်းလျှောက် ရမည့်အချိန်က ဆယ်မိနစ်။ ဒီလိုသာဆို အလုပ်ချိန်ခုနစ်နာရီအမီ ကျွန်မ ရောက်သွားမည်။

ကွက်တိပါပဲ။ ကျွန်မရဲ့အချိန်ဇယားတွေက ဘယ်တုန်းကမှ လွဲချော်ခဲ့မှုတာ မရှိပါ။ ဒီနေ့ထူးခြားနေတာက တစ်ခုပါပဲ။ မနက်ပိုင်း ကျွန်မ အလုပ်လုပ်တဲ့သင်တန်းက အခန်းဖွဲ့စည်းပုံ အသစ်ပြန်ပြင်တာမို့ အားလုံးဝိုင်းကူလုပ်ကိုင်ပေးရတော့ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေခြင်း ဖြစ်သည်။

ညခုနစ်နာရီကနေ မနက်ခြောက်နာရီထိ လုပ်ရသော နှစ်ဆယ့် လေးနာရီဖွင့်သည့် မီနီမားကတ်လေးမှာ ညပိုင်းဆင်းရသည်မို့ တစ်နေ့လုံး မှာ ကျွန်မအတွက် သက်သောင့်သက်သာနားရသည့်အချိန်က မနက်ပိုင်း အလုပ်ပြီးသည့် ညနေလေးနာရီကနေ ညခြောက်နာရီခွဲထိသာပဲ။





မားကတ်ထဲသို့ ကျွန်မ ဝင်လိုက်သည်နှင့် မနက်ပိုင်းအလုပ်ဝင် သော သီတာ့မျက်နှာက ပြုံးရွှင်သွားသည်။ သူလည်း ပြန်ချင်နေရှာပြီပေါ့။

"ကဲ ပြန်ချင်ပြီမဟုတ်လား။ မနက်က သင်တန်းမှာ ပင်ပန်း ထားလို့ ငါက လာချင်စိတ်တောင်မရှိဘူး။ မဖြစ်နိုင်လွန်းလို့ ထွက်လာခဲ့ တာ"

"အေးပါဟာ ကျေးဇူးတင်ပါတယ်၊ ဟိုကောင် ချစ်မင်းကိုသာ စောင့်နေရရင် နောက်ထပ်နာရီဝက်လောက် ငါ ထိုင်နေရဦးမှာ"

ကျွန်မနှင့်အတူ ညပိုင်းတာဝန်ယူထားသော ချစ်မင်းက အမြဲ တမ်း အလုပ်နောက်ကျတတ်သူဖြစ်သည်။ မနက်မိုးလင်းပြန်ရင်တော့ သူက ထိပ်ဆုံးက။

"မနက်ပိုင်း စာရင်းအားလုံးပြီးပြီ မဟုတ်လား၊ ငွေအပ်ပြီး နင်သွားတော့လေ"

"အေးပါဟ ဟိုမှာ သူစောင့်နေတာ ကြာလှပြီ၊ အဲဒါကြောင့် ငါလည်း နင့်ကိုမျှော်နေတာ"

သီတာက ဆိုင်ရှေ့ခပ်လှမ်းလှမ်းတွင်ရပ်စောင့်နေသော သူ့ ချစ်သူကို မျက်လုံးလေးနှင့်လှမ်းပြသည်။ သူများတကာတွေများ အလုပ် ဆင်းရင် ကိုယ့်ချစ်သူလက်လေးတွဲရင်း အေးအေးလူလူ စကားပြောလို့ ရသည်။ ကျွန်မမှာတော့ ကိုယ်တိုင်ကလည်း မအား။ ချစ်သူကလည်း ကိုယ့်ထက်ပိုမအား။

ဈေးဝယ်သူနှစ်ယောက်ကို ဘောက်ချာဖြတ်ပေးနေတုန်းမှာပင်



www.burmeseclassic.com

www.burmeseclassic.com



ချစ်မင်း ရောက်လာ၏။ မျက်နှာက ထုံးစံအတိုင်း ပြုံးဖြဲဖြဲနှင့်။

"မမေးချင်လို့ ကြည့်နေတာနော်၊ နင်ဘာလို့ အမြဲနောက်ကျတာလဲ"

"ဒီလိုပါဗျာ ကျွန်တော့်ချစ်သူက ခြောက်နာရီခွဲမှ အလုပ်ဆင်းတာ၊ သူ့ကိုသွားကြိုပြီး မုန့်လေးဘာလေး စားကြသေးတယ်လေ၊ တွေ့ချင်တော့လည်း ဒီလိုပဲပေါ့၊ အချိန်ကိုလုနေရတယ်"

ကျွန်မမျက်နှာပေါ်က ရှုတ်နောက်နောက်အပြုံးတွေ ပျောက်ပြယ်သွားတာ ကိုယ်တိုင်သိလိုက်သည်။

ယောက်ျားလေး မိန်းမလေးရယ်လို့မဟုတ်ပါဘဲ ကိုယ့်ချစ်သူနဲ့ အတူတွဲပြီး ခဏလေးဖြစ်ဖြစ် ရှိနေရရင် ကျေနပ်တတ်ကြသူချည်းပါပဲလားနော်။ ကျွန်မလည်း သူ့လက်ကိုတွဲပြီး အေးအေးလူလူ လမ်းလျှောက်ကြည့်ချင်မိသည်။ ဒါပေမဲ့ ကျွန်မတို့နှစ်ဦးက အဝင်အထွက်လွဲနေကြသည့် နေနဲ့လလိုပါပဲ။

တစ်ပတ်လုံးနေလို့ တစ်ရက်တောင် မတွေ့ဖြစ်ကြသည့်နေ့မျိုးတွေလည်း ကျွန်မတို့ကြားမှာ မရေမတွက်နိုင်အောင်ပင်။ မင်းကိုလွမ်းလိုက်တာဆိုသော စကားမျိုးလည်း သူ့ဆီကနေ ဘယ်တော့မှမကြားရ၊ တစ်ခါတစ်ခါတော့လည်း ကျွန်မမှာချစ်သူတစ်ယောက် ရှိနေပါသေးလား ဆိုသည့်အသိကို ကိုယ်ကိုယ်တိုင် မေ့မေ့ပျောက်ပျောက် ဖြစ်နေမိသည်ထိ။

"အား၊ ကျွတ် ကျွတ်"

"အစ်မ ဘာဖြစ်လို့လဲ"





ပစ္စည်းတစ်ခုကို ရုတ်တရက်ကုန်းယူပြီးမှ ကိုယ်ကို ပြန်မတ်လိုက်ချိန်တွင် ခါးက မျက်ခနဲဖြစ်သွားခြင်း။ ဝယ်သူမရှိချိန်မို့ ချစ်မင်းက အနားသို့ချက်ချင်းရောက်လာသည်။

"အေးဟာ မနက်က ခုံတွေသယ်တာ များသွားလို့လေ၊ တစ်ကိုယ်လုံး ကိုက်ခဲနေတယ်"

"ဒီလိုဆို အစ်မ ခဏနားချင်နားလိုက်လေ၊ ကျွန်တော် တစ်ယောက်တည်း နိုင်ပါတယ်"

"ရပါတယ် ကုန်းပြီး ပြန်ထလိုက်လို့ ဖြစ်သွားတာပါ၊ ဘာမှ မဖြစ်ဘူး"

"တို့အစ်မလည်း တစ်ယောက်တည်းနဲ့ ပတ်ချာကိုလည်နေတာပဲနော်၊ မနက်ရောညပါ မနားရဘူး၊ ခုချိန်ထိ ရည်းစားတောင် မထားနိုင်ရှာသေးဘူး"

ချစ်မင်း၏မှတ်ချက်ကြောင့် ကိုယ့်အဖြစ်ကိုယ် ကြိတ်ပြုံးမိသေးသည်။

"ငါ့မှာ ရည်းစားရှိပါတယ်ဟ"

"ဒီလောက် အလုပ်ကို လောဘကြီးပြီး လုပ်နေတဲ့သူက ဘာရည်းစားရှိတာလဲ၊ ရှိရင် မြင်ဖူးရမှာပေါ့၊ ဒီမှာ အလုပ်ဝင်နေတာပဲ ခြောက်လကျော်နေပြီ"

"နင်က မယုံဘူးပေါ့"

"ဟား ဟား ယုံချင်စရာမှမရှိဘဲ၊ တို့ကတော့ ယုံပေါင်"



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးကိုကွေးချည်ဆန့်ချည်နှင့်ပါးစပ်ကလည်း ကရော်ကရော်ဟု အသံတိတ်ရွတ်ကာ နောက်ပြောင်နေသော ချစ်မင်းကို ကျွန်မဘာမှထပ်မပြောတော့ပါ။ အားလေ ကျွန်မကိုယ်တိုင်တောင် ချစ်သူတစ်ယောက်ရှိသေးပါလားဆိုတာ မေ့မေ့လျော့လျော့ ဖြစ်နေခဲ့ရင် တစ်ခါမှကိုယ်တွေ့မမြင်ဖူးသည့် လုပ်ဖော်ကိုင်ဖက်တွေက ပိုးဆိုးတော့မှာပေါ့။

သွားပြောမိတာကိုက ကျွန်မအမှားပါ။

"ကဲ ဟုတ်တယ် နင်ထင်ချင်သလိုသာ ထင်တော့ မပြောတော့ဘူး ဟုတ်ပြီလား"

ကောင်တာနောက်ဘက်မှ ခုံပုလေးတစ်လုံးတွင် ဝင်ထိုင်ရင်း ချစ်သူ့မျက်နှာကို အတွေးတွေထဲ မြင်ယောင်လာသည်။ ဖြူသောအသားမှာ မျက်ခုံးထင်းထင်းနှင့် ဆံပင်တိုတိုကပ်ကပ်။ ပါဝါမျက်မှန်တစ်လက်အမြဲတပ်ထားသော ကျွန်မ ချစ်သူသည် ကြည့်လိုက်တာနှင့် သန့်ပြန့်ကြည်စင်နေတတ်သည်။

ရုပ်ရည်ကအချောကြီးမဟုတ်ဘဲ သူ့ရဲ့ဝတ်ပုံစားပုံ နေပုံထိုင်ပုံသန့်ပြန့်မှုကြောင့် သူ့လုပ်ငန်းခွင်ထဲမှာလည်း လူချစ်လူခင်ပေါများ၏။

ဒီညတော့ သူ အလုပ်ဆင်းမည့် ညကိုးနာရီလောက်ကိုမှန်းပြီးဖုန်းဆက်လိုက်ပါဦးမည်။ ဖုန်းမပြောဖြစ်တာလည်း သုံးရက်လောက်ရှိနေပြီ။

"ဒီမှာဗျ ထမင်းဘူးရှိသေးလား မသိဘူး။ ကြက်ပင်စိမ်းနဲ့လေ"

ချစ်မင်းက ဆိုင်နောက်ဖက်ရောက်နေသည်မို့ ကောင်တာနောက်တွင် ခုံပုလေးနှင့်ထိုင်နေသော ကျွန်မကို လှမ်းမေးလိုက်သည့်ယောက်ျားတစ်ယောက်။ ကပျာကသီပင် ကျွန်မ မတ်တတ်ထရပ်လိုက်သည်။

"ဒီနေ့အတွက် ထမင်းဘူးတွေက ကုန်သွားပါပြီရှင်"

"ဟူး"

သက်ပြင်းရှည်ကို ချလိုက်သော ကောင်လေးပုံက စိတ်ပျက်သွားသလိုလို။

"ဒါဆိုလည်း ခေါက်ဆွဲခြောက်ပဲ ယူတော့မယ်"

"ခေါက်ဆွဲခြောက်ထုပ်တွေက ညာဘက်ထောင့်ဆုံးအတန်းမှာ ရှိပါတယ်"

"ကျေးဇူး"

အသားညိုစိမ့်စိမ့်နှင့်ကောင်လေးက အပြုံးလေးနှင့် နှုတ်ဆက်ရင်း ဆိုင်အတွင်းဘက်ဝင်သွားသည်။

လောလောဆယ် လုပ်စရာအလုပ်မရှိသည်မို့ ပျင်းပျင်းနှင့်ပင်ဆောက်တာ အနည်းငယ်ကြာနေပြီဖြစ်သော ဖုန်းနံပါတ်လေးကို နှိပ်လိုက်ပြီး ဖုန်းခေါ်ဆိုနေသည့် မြည်သံရှည်သာ ဆုံးသွားသည်။ တစ်ဖက်ကကိုင်မည့်သူမရှိသောဖုန်းလေးကတော့ တိတ်ဆိတ်ငြိမ်သက်လျက်။

သက်ပြင်းကိုသာ နှိုက်ရှိုက်လိုက်ရင်း ဒီညတော့ သူ မကိုင်မချင်းအဆက်မပြတ် ဖုန်းခေါ်ဆိုရန် ဆုံးဖြတ်ချက်ချလိုက်သည်။ ချစ်သူ့သတင်းကဖြင့် ရသင့်သလောက် ရနေပြီ။ ကျွန်မမှာ ဘယ်တုန်းက သူ့ဆီကနေ အရေးတယူ ဆက်ဆံခြင်းကို မခံခဲ့ရဖူး။

www.burmeseclassic.com



ခုလိုမျိုး ဖုန်းခေါ်နေတာတောင် ကိုင်ချင်မှကိုင်သည့် အနေအထားမျိုးတွေကလည်း ကြုံရလွန်းတာ အရေအတွက်ပေါင်းမနည်းတော့။

ဆက်တိုက်ခေါ်ဆိုရင်း ငါးကြိမ်မြောက်တွင်တော့ တစ်ဖက်မှ ပြန်ထူးလိုက်သည့် သူ့အသံညြသြကို ပြတ်ပြတ်သားသား ကြားလိုက်ရသည်။

စိတ်တွေတိုလိုက်တာ။

"ဒီမှာ ရှင့်ကို ဖုန်းခေါ်နေတာ ဘယ်လောက်ကြာပြီလဲ သိလား"

"တွေ့တယ် ခုမှ ဖုန်းနားရောက်လို့ပါကွာ၊ မစ်ကောတွေ တွေ့ပါတယ်"

သူ့ဆင်ခြေကတော့ အမြဲတမ်း ဒီလိုပါပဲ။

"အခု ကျွန်မ ဆက်ခေါ်လို့သာပေါ့၊ ကျွန်မသာ ဆက်မခေါ်ဖြစ်ရင် ရှင့်ဘာသာ မစ်ကောတွေ့တွေ့ ဘာတွေ့တွေ့ ပြန်ခေါ်ဖို့ အစီအစဉ်မရှိဘူးမဟုတ်လား"

ကျွန်မအသံဟာ နူးညံ့ပျော့ပျောင်းခြင်းမရှိဘဲ ခပ်ကျယ်ကျယ် ဖြစ်နေတာတော့ ကိုယ်တိုင်သတိထားမိပါသည်။

"အစ်မ ရှင်းမယ်"

ကောင်တာဟိုဘက်မှ အသံကြောင့် ဖုန်းထဲမှ စိတ်နစ်ဝင်နေသည့်အာရုံတွေကို ဆွဲထုတ်ပစ်လိုက်ရ၏။

"ခဏကိုင်ထားဦး မချလိုက်နဲ့နော်"

ခုနက ကောင်လေး။ ကျွန်မထက် နှစ်နှစ်သုံးနှစ်လောက် ငယ်ပုံရသော ကောင်လေးက ခေါက်ဆွဲခြောက်ထုပ်တွေ တစ်ပွေ့တစ်ပိုက်နှင့် ရောက်လာသည်။ ကိုကာကိုလာဘူးကြီးတစ်ဘူးနှင့် သီဟိုဠ်စေ့အထုပ်လည်း ပါပါသေး၏။

"အားလုံးပေါင်း သုံးထောင့်နှစ်ရာပါ"

ဘောင်းဘီတိုဘေးအိတ်ကပ်ထဲနှင့် နောက်ဘက်အိတ်များထဲကို ဆက်နှစ်ဖက်ဖြင့် မွှေနှောက်ရှာလိုက်တော့ တစ်ထောင်တန်သုံးရွက် ထွက်လာသည်။

"ပြဿနာပဲ ကျွန်တော့်မှာ သုံးထောင်ပဲပါတယ်ဗျ၊ နှစ်ရာ အကြွေးထားခဲ့လို့ ရမလား၊ ကျွန်တော်က ဒီဘေးတိုက်မှာပဲ နေတာပါ၊ နောက်နေ့လာပေးမယ်လေ နော်"

တကယ်တမ်းတော့ ဘယ်သူ့ကိုမှ အကြွေးမပေးချင်ပေမယ့် ကျွန်မ ခေါင်းပဲညိတ်ပြလိုက်သည်။ ခုချိန်မှာ ကိုယ့်ဟာကိုယ်လည်း စိတ်ရှုပ်ထွေးနေချိန်မို့ ပိုက်ဆံနှစ်ရာလောက်နှင့်တော့ စကားတွေအများကြီး ပြောချင်တာအမှန်ပင် ဖြစ်သည်။

ကောင်လေးထံမှ တစ်ထောင်တန်သုံးရွက်ကို ယူထားလိုက်ပြီး ဘောက်ချာဖြတ်ပိုင်းလေး ပေးလိုက်၏။ မမေ့မလျော့ဘဲ ကျွန်မ စလင်းဘတ်အိတ်ထဲမှ အကြွေနှစ်ရာတန်တစ်ရွက်ထုတ်ကာ အံဆွဲထဲ ထည့်ရသေး၏။ အားလုံးကို ခပ်သွက်သွက် လုပ်ရှားပြီး ဖုန်းလေးကို နားနား ပြန်ကပ်လိုက်တော့

"ဟယ်လို ဟယ်လို"







www.burmeseclassic.com

www.burmeseclassic.com



ဘယ်ချိန်တည်းက ဖုန်းချသွားမှန်းမသိသော တစ်ဖက်မှ တိတ်ဆိတ်လို့။ ကျွန်မမှာ ထိုနံပါတ်ကို ထပ်နှိပ်ရပြန်သည်။

"လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းမှာ စက်ပိတ်ထားပါသဖြင့် ခေါ်ဆို၍မရနိုင်ပါရှင်" တဲ့။

ဒါဟာ နည်းနည်းမဟုတ်ပါ။ တော်တော်ကို တရားလွန်သွားပြီဖြစ်သည်။

"တောက်"

"ဘာတွေဖြစ်နေတာလဲ အစ်မ၊ တစ်ခုခုတော့ ပြဿနာဖြစ်နေတယ်နဲ့တူတယ်"

အနားရောက်လာသော ချစ်မင်းက ကျွန်မမျက်နှာကိုကြည့်ပြီး တွေးတွေးဆဆ ပြောသည်။

"ဘာမှမဟုတ်ပါဘူးဟာ၊ ဒီလိုပါပဲ စိတ်ညစ်စရာလေးတွေ နည်းနည်းရှိတာပေါ့၊ ခေါင်းလည်းကိုက်ချင်နေသလိုပဲ"

ခုချိန်မှာ သူ ရှိနေမည့်နေရာကိုတောင် အပြေးလိုက်သွားပြီး မျက်နှာချင်းဆိုင် ရင်ဆိုင်ပြောပစ်လိုက်ချင်နေသည့် စကားလုံးတွေကို မြိုသိပ်လျက် ကျွန်မ ပြုံးနေရမှာပါပဲ။ အလုပ်ချိန်မဟုတ်လား။ ရင်ထဲက ခံစားချက်တွေကို တခြားလူတွေမသိအောင် တတ်နိုင်သလောက်တော့ ထိန်းသိမ်းထားရဦးမှာလေ။

"ခေါင်းကိုက်နေရင် ကျွန်တော့်မှာ ဆေးပါတယ်၊ သောက်လိုက်လေ အစ်မ၊ ရောဂါကို ဒီတိုင်းမွေးမထားနဲ့၊ အစ်မက တစ်ယောက်တည်း





နေတာဆိုပေမယ့် ကိုယ့်ကိုယ်ကိုယ်လည်း ဂရုစိုက်ပါဗျာ"

"ခုမှပဲ ငါ့ဂရုစိုက်တဲ့သူ ပေါ်လာတော့တယ်ဟေ့"

ကျွန်မက ရယ်ရယ်မောမော စနောက်လျက် ချစ်မင်းထုတ်ပေးသော ဆေးတစ်လုံးကို ရေနှင့်မျှောချလိုက်သည်။

ညနည်းနည်းနက်လာတော့ တစ်ယောက်တစ်လှည့်စီ မှေးကြရင်းဖြင့် မနက်မိုးသောက်ချိန်ကို စောင့်မျှော်ကြရသည်။

"ကဲ ချစ်မင်းရေ အစ်မ ပြန်တော့မယ်"

ကောင်တာပေါ် ခေါင်းတင်လျက် မှေးခနဲဖြစ်နေသော ချစ်မင်းခုံးကို လက်နှင့်အသာပုတ်နှိုးလိုက်တော့ အိပ်ချင်စိတ် မပြေသေးပုံနှင့် ခေါင်းထောင်လာသည်။

"အင်း ပြန်လေ အစ်မ"

ဆိုင်ထဲမှ ထွက်လာရသော ကျွန်မခြေလှမ်းတွေ အားမရှိ။ မျက်လုံးများက လေးလံလျက် လူတစ်ကိုယ်လုံး မလှုပ်ချင်မကိုင်ချင်ဖြစ်နေသည်။ ကျွန်မ ဖျားတော့မယ်နဲ့ တူပါရဲ့။

ဖြည်းဖြည်းညင်းညင်း လှမ်းလာသော ခြေထောက်တွေက လမ်းထိပ်မှ ဈေးတန်းလေးရှိရာတွင် ခဏရပ်ရသေးသည်။

ဒီနေ့အတွက် ဟင်းချက်ဖို့ တစ်ခုခုဝယ်ရဦးမည်၊ ပုစွန်လေးတွေ အကောင်အနေတော်လောက်နှင့် လတ်လတ်ဆတ်ဆတ် တွေ့လိုက်ရတာနှင့် ထိုငါးသည်ရှေ့မှာပင် ကျွန်မ ရပ်လိုက်သည်။ မျက်မှန်းတန်းနေမိပြီဖြစ်သော ဈေးသည်မိန်းမက ကျွန်မကို ဖော်ဖော်ရွေရွေ ကြိုဆို၏။



www.burmeseclassic.com

"ဒီနေ့ရော ဘာယူမလဲ ကလေးမ၊ ငါးကြင်းတွေ ကောင်းတယ် နော်၊ တစ်ဆယ်သားကို ခြောက်ရာ့ငါးဆယ်ပဲ"

"ငါးမစားချင်သေးဘူး အစ်မရယ်၊ ဒီနေ့တော့ ပုစွန်လေးကို ရေတ်သီးစပ်စပ်နဲ့ ကြော်စားမလားလို့ အစိတ်သားလောက် ထည့်ပေး နော်"

"ကောင်းပါပြီရှင်"

ပုစွန်ကို လက်နှင့်တစ်ဆုပ်ယူလျက် ချိန်ခွင်ထဲထည့်သည်။ ထိုမှ တစ်ဆင့် ကြွပ်ကြွပ်အိတ်ထဲသို့။ အိတ်ကိုမချည်ခင် ပုစွန်နည်းနည်းကို လက်နှင့်ဆုပ်ယူလျက် ထပ်ထည့်ပေးပြီး

"ဒီမှာ ပိုထည့်ပေးလိုက်တယ်နော်"

"ကျေးဇူးပါပဲ"

စကားတွေကို အားယူပြီး ပြောနေရသည်ဟု ကိုယ့်ကိုယ်ကိုယ် ထင်နေမိသည်။ ဖြစ်နိုင်ရင် ဘာစကားမှမပြောချင်တော့။ ဟင်းတွေဘာ တွေလည်း ချက်မနေချင်တော့ပါ။

အင်း ဝယ်ပြီးမှတော့ ဘာမှမတတ်နိုင်တော့ပါ။ ဒီလိုမှန်းသိ ဆိုင်ကဟင်းလေးတစ်ခုခုပဲ ဝယ်စားလိုက်ပါသည်။

အိမ်ရောက်သည်နှင့် ပုစွန်အထုပ်ကို ရေခဲသေတ္တာထဲထည့်လိုက် ကာ အိပ်ရာဆီတန်းလျှောက်လာမိသည်။ ခေါင်းအုံးနှင့်ခေါင်းထိလိုက်တာ နှင့်တစ်ပြိုင်နက် လူက ငြိမ်းချမ်းတိတ်ဆိတ်ခြင်းကို ခံစားလိုက်ရ၏။

ကောင်းလိုက်တာ။ ဒီတစ်ရက်လောက်တော့ ကျွန်မ အေးဆေး





စွာ အနားယူလိုက်ချင်သည်။ နှီးစက်တွေ ဖုန်းတွေအားလုံး ပိတ်ပစ်လိုက် ပြီးတော့လေ။

■ ■ ■

ရုတ်တရက် အသိစိတ်ဝင်လာပြီး မျက်လုံးများကို မဖွင့်ချင်ဖွင့် ချင်နှင့် အတင်းအားယူ ဖွင့်ကြည့်လိုက်တော့ နံရံကပ်နာရီလေးက ဆယ်နာရီခွဲဖို့ ဆယ်မိနစ်ကို ညွှန်ပြနေသည်။ အလုပ်ချိန်ကို တစ်နာရီခွဲ လောက် နောက်ကျနေခဲ့ပြီ ဖြစ်သည်။ ရေမိုးချိုးပြင်ဆင်ရှီးမှာဆိုလျှင် နေ့တစ်ဝက်လောက်တော့ မှီနိုင်သေးသည်။

သို့သော် စိတ်ကသာရှိလျက် ကျွန်မ ခန္ဓာကိုယ်က မလိုက်ပါ နိုင်တော့ပါ။ လူရောစိတ်ပါ ပင်ပန်းသည့်ဒဏ်ကြောင့် ခဏလေးအတွင်း မှာပင် ကျွန်မ တစ်ကိုယ်လုံး နုံးချိနေခဲ့ပြီ။

ဖုန်းလေးကို လှမ်းယူလိုက်မိလျက် သူ့ဆီ ဖုန်းဆက်ရန် ကြိုးစား မိသေးသည်။ မကိုင်ဘဲနေမှာလား။ ညတုန်းကလို စက်ပိတ်ထားတုန်းများ လား။ ရလာမည့် အဖြေဟာ အကောင်းဆုံးတော့ မဖြစ်နိုင်ပါ။ ဘယ်လို အကြောင်းပြချက်မှ မရှိပါဘဲ ကျွန်မကို ရှောင်ပစ်ချင်နေသည့် အခြေအနေ မျိုးတွေ သူ့ထံမှာ တွေ့နေရသည်။

အစတည်းက အေးစက်နေခဲ့သော ကျွန်မတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးကို အဆုံးသတ်ပစ်လိုက်ဖို့ထက် ပြန်လည်နွေးထွေးအောင်သာ ကြိုးစားချင်နေခဲ့တာ ကျွန်မရဲ့အတ္တစိတ်ကြောင့်သာ ဖြစ်မှန်းလည်းသိပါ ရဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလေးကို ကိုင်လိုက်ချလိုက်နှင့် အကြိမ်ကြိမ် ဖဝေဖဝါဖြစ်ပြီးနောက်မှာမှ သူ့နံပါတ်များကို နှိပ်မိသည်။ ကျွန်မ တွေးပူနေသလို စက်ပိတ်မထားပါ။ ဘဲလ်သံခပ်ကြာကြာ မြည်ပြီးချိန်မှာ တစ်ဖက်က သူ့အသံကို ကြားရ၏။

"မင်းဘာဖြစ်နေတာလဲ"

စိတ်တိုနေသော ခပ်ပြတ်ပြတ်လေသံဟာ ကျွန်မ ပြောချင်နေသည့်စကားလုံးများကို ဆွဲ့အသွားစေသည်။

"ပြောလေ မင်းဘာဖြစ်နေတာလဲလို့"

"အဲဒီစကားက ကျွန်မက ရှင့်ကိုပြန်မေးရမှာမဟုတ်ဘူးလား၊ ရှင်ဘာဖြစ်လို့ ကျွန်မဖုန်းကိုမကိုင်တာလဲ၊ ကျွန်မကိုရှောင်နေတာလား၊ ဘာဖြစ်လို့လဲ ဉာဏ်ထက်"

"မဟုတ်ပါဘူး"

"မဟုတ်ဘူးဆို အခု ရှင်လုပ်နေတဲ့အပြုအမူတွေက ဘာလဲ၊ ကျွန်မကို တမင်ရှော်နေတာပဲမဟုတ်လား"

"မဟုတ်ပါဘူးလို့ ပြောနေတယ်မဟုတ်လား၊ မင်းအခု ဘာဖြစ်ချင်နေတာလဲ"

ကျွန်မသည် သူ့ရဲ့ခပ်မာမာလေသံအုပ်အုပ်ကို ကြားနေရသည့်နောက်ပိုင်း အလိုလို ဝမ်းနည်းနာကျင်နေမိသည်။ ရင်ထဲက လှိုက်မောသော ခံစားချက်က အသက်တစ်ချက်ရှူလိုက်တိုင်း နာကျင်ရသည်။ တစ်ကိုယ်လုံးက အင်အားတွေကို စုပ်ယူစားသုံးခံနေရသလို။





"ကျွန်မ နေမကောင်းဘူး"

ပြင်းပြင်းထန်ထန် ပြောဆိုအော်ဟစ်ပစ်ချင်နေသည့် စိတ်သည် ...ကာယ်တမ်း နှုတ်ကထွက်ကျသွားချိန်မှာတော့ လေသံပျော့လေးနှင့် အားကိုးတွယ်တာလိုမှုများဖြင့်သာ ပြည့်နှက်နေခဲ့သည်။

သူ့ထံမှ သက်ပြင်းတစ်ချက်ချလိုက်သံ ကြားရသည်။

"ဘာဖြစ်လို့လဲ အခု အလုပ်ထဲမှာလား"

"အလုပ်မသွားနိုင်လို့ အိပ်ရာထဲမှာ လှဲနေရတယ်"

"ဒါနဲ့များကွာ ငါ့ဆီဖုန်းဆက်ပြီး စကားတွေပြောနေသေးတယ်၊ ...ဖုန်းကိုပိတ်ပြီး အေးအေးဆေးဆေး အနားယူရမှာကွ၊ မင်းက နားချိန် ...ထိုဘဲ အလုပ်တွေစွတ်လုပ်ထားတာကြောင့်လည်း ပါမှာပါ၊ နုရော ဆေးသောက်ပြီးပလား"

ဒီလိုကျတော့လည်း သူဟာ ကျွန်မအပေါ် ဂရုတစိုက်ရှိနေပြန်ခြင်း။

"ကျွန်မဆီ လာခဲ့ပါလား"

"အာ အလုပ်ချိန်ကြီးလေ၊ ငါ ဘယ်လိုထွက်လာမလဲ"

သူ့ရဲ့အနည်းငယ်ပျော့ပြောင်းသွားသော လေသံအပေါ်မှာ ...တင့်ရဲ့ကာ တောင်းဆိုမိသည့် ကျွန်မ အမှားပါပဲ၊ သူဟာ အလုပ်ထက် ...ရှင် ဘယ်တုန်းကများ ကျွန်မကို ဦးစားပေးခဲ့ဖူးလို့လဲ။

"ထမင်းစားချိန်လာခဲ့ပေါ့"

သူ့ထံမှ ဒုတိယမြောက် သက်ပြင်းချသံကို ကြားရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ကြည့်လိုက်ဦးမယ်၊ အဆင်ပြေရင် ဖုန်းပြန်ဆက်မယ်"

"ဒါဆို ကျွန်မ စောင့်နေမယ်နော်"

"အိပ်ရင်းနဲ့စောင့်လေ၊ အဓိကကတော့ မင်းက အိပ်ရေးတွေ အပျက်ခံတာကြောင့် ခုလိုဖြစ်နေရတာ၊ ဝဝလင်လင် အိပ်လိုက် ဟုတ်ပြီလား"

"အင်း လာမယ်ဆို ဖုန်းဆက်နော်"

ဒီလိုပြောပြီး ဖုန်းချသွားသည့်သူ့ကို ကျွန်မ အပြည့်အဝတော့ မယုံကြည်ပါ။ သူဖုန်းပြန်ဆက်မယ်ဆိုလို့ စောင့်စားခဲ့ရပြီး ဘယ်တော့မှ မထူးလာသည့် အဖြစ်တွေကလည်း များမှများလေ။ ဘာပဲဖြစ်ဖြစ် စကားသံများနှင့် အနည်းငယ်လောက် ဂရုစိုက်ပြတာကိုပဲ ကျေးဇူးတင်ရပါဦးမည်။

ဖုန်းကို အိပ်ရာလေးမှ စားပွဲပုလေးပေါ်တင်လိုက်ပြီး ပြန်လှဲချလိုက်သည်။ မျက်လုံးများက လေးလံနေကြသည့်အတိုင်း ဆက်လက်ဖွင့်ထားလို့မရလောက်အောင် ပိတ်ကျသွား၏။

ခဏလောက်တော့ အိပ်လိုက်ပါဦးမယ်လေ။

■ ■ ■

ခဏလောက်တော့ အိပ်လိုက်မယ်လို့ စဉ်းစားလိုက်မိသော်လည်း တကယ်တမ်း ကျွန်မအိပ်ရာက နိုးချိန်မှာ ညနေလေးနာရီပင် ခွဲကျော်နေခဲ့ပြီ။ မနက်တုန်းကလောက် ခေါင်းမူးနောက်ခြင်း မရှိတော့သော်လည်း လူကတော့ လေးလံနေတုန်းပါပဲ။ စားပွဲပေါ်မှ ဖုန်းလေးကို ခပ်မြန်မြန်





ယူကြည့်လိုက်၏။

သူများ ဆက်ထားလေမလားလို့ပါ။ အဝင်ခေါ်ဆိုမှုတစ်ခုမှ မတွေ့ရချိန်မှာ ကျွန်မ စိတ်ဓာတ်တွေ ကျဆင်းရပြန်သည်။

ဟူး ချစ်ရတာ ပင်ပန်းလိုက်တာ။ အချစ်ဆိုတဲ့အရာက လူကို ဒီလိုပဲ ပင်ပန်းစေတတ်သလား။ ဘဝမှာ ပထမဆုံးထားခဲ့ဖူးသည့် ချည်းစားဦးမို့ ကျွန်မအတွက်ကတော့ သူ့ကို ဂရုတစိုက် ချစ်ရပါသည်။ ဖုန်းပြန်ဆက်ဖို့လည်း မကြိုးစားတော့ပါ။ ရေချိုးရန်ဆုံးဖြတ်ချက်ဖြင့် နောက်ဖေးဘက် လျှောက်လာလိုက်သည်။

မေ့နေလိုက်တာ။ ကျွန်မ ဟင်းချက်ရဦးမှာပဲ။

စိတ်ပါပါ မပါပါ ဟင်းချက်ရန် ကျွန်မ ဆုံးဖြတ်လိုက်သည်။ ကျွန်မရဲ့တစ်ကိုယ်တည်းဘဝကို အလုပ်တွေအဆက်မပြတ်နိုင်းထားခြင်းဖြင့်သာ မပျင်းမရိ မနာမကျင် ဖြတ်သန်းနိုင်မှာလေ။ ပုစွန်ခြောက်သီးကြော်လေးရယ်၊ ကင်ပွန်းရွက်ချဉ်ဟင်းရည်လေးရယ် ရေခဲသေတ္တာထဲမှာ ဆေးအုံဥတစ်လုံးတွေ့လို့ သုပ်လိုက်သေးသည်။

ဟိုကောင် ချစ်မင်းအတွက်ပါ ပိုထည့်သွားရမယ်။ ဒီကောင်က ကျွန်မထမင်းစားရင် လာလာမြည်းနေကျ။ သူကိုယ်တိုင်တော့ ဘယ်တော့မှ ထမင်းချိုင့်သက်သက်ထည့်လာတတ်တာမဟုတ်။

ရေကို ခပ်မြန်မြန်လေး ချိုးလိုက်သည်။ လူက ငြီးစီစီဖြစ်နေသည်မို့သာ ချိုးလိုက်ရသည်။ ချမ်းစိမ့်စိမ့်နှင့်ပါ။ ကော်ဖီပူပူတစ်ခွက်နှင့် ပေါင်မုန့်အလွှတ်တစ်ချပ်စားလိုက်ပြီး ဆေးတစ်လုံးသောက်ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မဟုတ်ရင် ကျွန်မ ဆိုင်မှာ ခေါင်းထောင်နိုင်မှာမဟုတ်။

"ဘယ်လိုလဲ အစ်မ သက်သာလား"

ထူးထူးဆန်းဆန်းပင် ကျွန်မထက်အရင် ချစ်မင်းက ဆိုင်ထဲ ရောက်နေလျက် ကျွန်မကိုတောင် နှုတ်ဆက်လိုက်သေး၏။

"ဒီနေ့ ထူးဆန်းလှချည်လား၊ ဘာလဲ နင့်ကောင်မလေးကို သွားမကြိုရဘူးလား"

ရယ်ရယ်မောမော နှုတ်ဆက်လိုက်သော ချစ်မင်းမျက်နှာက ကျွန်မ မေးခွန်းကြောင့် တည်သွား၏။

"မပြောချင်ပါဘူးဗျာ၊ မနက်က ဖုန်းပြောရင်းနဲ့ အကြောင်းမရှိ အကြောင်းရှာပြီး ကျွန်တော့်ကို စိတ်ကောက်တယ်လေ၊ အဲဒါကြောင့် မှတ်လောက်သားလောက်အောင် ပစ်ထားလိုက်တာ"

"ဟယ် နင်ကလည်း အဲဒီလိုတော့ မလုပ်ပါနဲ့၊ မိန်းကလေး သနားပါတယ်"

"အစ်မ မသိပါဘူးဗျာ၊ သူက အဲဒီလို နည်းနည်းလေး တင်းထားမှ တော်ကာကျတာ၊ မဟုတ်ရင် ကျွန်တော်က ချစ်လွန်းတော့ ခေါင်းပေါ် ခွေးတက်ပါချင်နေတာလေ"

ချစ်မင်းက တကယ်အတည်ပေါက်မျက်နှာနှင့် ပြောနေခြင်း ပေမယ့် ကျွန်မကတော့ သူ့စကားကြောင့် ရယ်လိုက်မိသည်။

"ငါလည်း မနက်က ဖျားသွားလို့ အခုဆေးသောက်ပြီး ထွက်လာရတယ်၊ ဒီနေ့လည်း နင် နည်းနည်းပိုပင်ပန်းဦးမယ်နဲ့တူတယ်"





"ရပါတယ်ဗျာ ကိစ္စမရှိပါဘူး၊ အချင်းချင်းတွေပဲ အပြန်အလှန် ပေါ့"

"နင့်ကိုငါက ဒီတိုင်း အကူအညီမတောင်းပါဘူး၊ နင့်အတွက် ဒီ ဟင်းပိုထည့်လာပေးတယ်၊ ဟိုတလောက ဆေးဘဲဥသုပ်ကြိုက်တယ် ဆိုလို့ အဲဒါပါ သုပ်လာပေးတာနော်"

"နေမကောင်းဘူးလည်း ပြောသေးတယ်ဗျာ၊ အိမ်မှာ နားနား နေနေ နေတာမဟုတ်ဘူး"

"မနေနိုင်ပါဘူးဟာ၊ အလုပ်မလုပ်လိုက်ရင် အတွေးတွေက တိုရောက်ဒီရောက်နဲ့ စိတ်ဆင်းရဲစရာတွေ သွားသွားတွေးမိနေလို့ စိတ်ကို အလုပ်တစ်ခုခုလုပ်ပြီး ကျန်တာတွေကို နှစ်မြှုပ်ပစ်ထားရမယ်"

ကျွန်မ စကားအဆုံးမှာ ချစ်မင်းမျက်နှာက အတွေးများဖြင့် ငြိမ်နက်သွားပုံမျိုး ငေးငေးမောမော ဖြစ်သွား၏။ အတန်ကြာငြိမ်နေပြီးမှ

"အစ်မကို တစ်ခုစပ်စုမယ်နော်"

"အောင်မယ် ငါ့ကိုစပ်စုမယ်ဆိုပါလား၊ ဘာများလဲ"

"အစ်မက တစ်ယောက်တည်းနေတယ်၊ အလုပ်နှစ်ခုကို နားချိန်မရအောင်လုပ်တယ်၊ အစ်မတစ်ကိုယ်စာအတွက်ဆိုရင်တော့ ဒီ အလုပ်တွေက ရတဲ့ လခနဲ့တင် လုံလောက်တယ်မဟုတ်လား၊ ဘာတွေ များ စိတ်ညစ်စရာတွေ ရှိနေလဲလို့ပါ"

"ဩော် ဒါလား အဟင်း"

တကယ်တော့ ကျွန်မ ဘာပြန်ပြောလို့ ပြောရမှန်းမသိတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ရယ်လိုက်မိခြင်းသာ ဖြစ်သည်။

"တစ်ကိုယ်တည်းနေလို့ ကျွန်တော့်ကိုပြောပြလေ၊ မျှဝေခံစားပေးပါ့မယ်၊ အစ်မကိုကြည့်ရတာလည်း ရင်ဖွင့်စရာ ချစ်သူတွေ သူငယ်ချင်းတွေ မရှိတဲ့ပုံပါပဲ"

ချစ်မင်းရဲ့မှတ်ချက်အဆုံးမှာ ကျွန်မတစ်ကိုယ်တည်း မချိပြုံးလေး ကြိတ်ပြုံးမိသေးသည်။

"ဟိတ် ငါ့မှာချစ်သူရှိတယ်လို့ ပြောဖူးတယ်နော်၊ မမှတ်မိတော့ဘူးလား"

ကျွန်မ ရုပ်တည်ကြီးနှင့်ပြောလျှင် စကားအဆုံးမှာ လှောင်ပြောင်ရယ်မောရန် အစပျိုးနေသော ချစ်မင်းရဲ့ပြောင်စပ်စပ်မျက်နှာက ချက်ချင်းတည်သွားသည်။ မျက်လုံးကြီးပြူးပြီး မေးသေး၏။ တကယ်ကြီးလားတဲ့။

"ဘာလဲ ငါ့ရုပ်က ယောကျ်ားတစ်ယောက်ကိုတောင် ညှိုးစားရှာမရလောက်အောင် ဆိုးရွားနေပြီလား"

"ဟာဗျာ ဒီလိုဆိုလိုတာ မဟုတ်ပါဘူး၊ အစ်မကလည်း ကျွန်တော်က တစ်ခါမှ မမြင်ဖူးလို့ အံ့ဩတာပါ"

"အင်း သူက အလုပ်များလွန်းတော့ ငါနဲ့တောင် အမြဲမတွေ့ဖြစ်ပါဘူး၊ တစ်ရက်ကြုံရင် ခေါ်လာပြမယ်လေ နော်"

"အပြည့်အဝ ယုံလို့ရပါတယ်ရှင်၊ ကဲ ဒီနေ့ ငါတို့ စတော့နည်းနည်းစစ်လိုက်မလား"

"အစ်မပဲ နေလို့မကောင်းဘူးဆို နေကောင်းမှအေးဆေးလုပ်ပါ





ရှာ"

ချစ်မင်းက ကျွန်မကိုဂရုစိုက်တာကြီး ပြောပေးသော်လည်း ကျွန်မခေါင်းများကို ခါရမ်းပစ်လိုက်သည်။ ကျွန်မရဲ့စိတ်ဆင်းရဲမှုတွေကို အလုပ်တွေ အဆက်မပြတ်လုပ်ခြင်းဖြင့်သာ ကုစားနိုင်မှာပါ။

"နင်နဲ့စကားပြောလိုက်ရတော့ နေလို့တောင် နည်းနည်းကောင်းသွားပါပြီဟ"

"ဒီလိုဆိုလည်း ပြီးတာပါပဲ၊ စတိုခန်းထဲကနေ စစ်လိုက်ရင်ကောင်းမယ်နော်"

"အင်း အရင်ဆုံး liquior တွေ စစ်လိုက်တာပေါ့နော်၊ နင်စတိုထဲ ဝင်စစ်နေလိုက်၊ ငါအပြင်မှာ စစ်လိုက်မယ်"

ချစ်မင်း စတိုခန်းထဲ ဝင်သွားပြီး ဘယ်လောက်မှမကြာသေးခင်မှာပဲ မနေ့က အကြွေးနှစ်ရာကောင်လေး ရောက်လာ၏။ မျက်နှာလေးကမှတ်မိချင်စရာ ထင်ထင်ရှားရှားလေးပါပဲ။ အချောကြီးမဟုတ်သော်လည်း မိန်းကလေးတွေကို ဆွဲဆောင်နိုင်သော ရုပ်ရည်မျိုးဆိုတာတော့ သေချာပါသည်။

"ကျွန်တော် အကြွေးလာဆပ်တာပါ"

ပိုက်ဆံနှစ်ရာတန် တစ်ရွက်ကို ကောင်တာပေါ် လှမ်းတင်လိုက်ရင်း ကောင်လေးက ခပ်ပြုံးပြုံးနှင့် ပြောသည်။ ပိုက်ဆံကို လှမ်းယူလျက် ကျွန်မက အိတ်ထဲထည့်ထားလိုက်၏။

"ဟာ ဘာဖြစ်လို့ အိတ်ထဲထည့်လိုက်တာလဲ၊ အံ့ဆွဲထဲ ထည့်ရ



www.burmeseclassic.com

www.burmeseclassic.com



မှာမဟုတ်ဘူးလား"

ကျွန်မ အိတ်ကိုလက်ညှိုးကြီးထိုးပြီး ခပ်ကျယ်ကျယ်ပြောလိုက်သော သူ့အသံကြောင့် ဆိုင်ထဲသို့ ဝင်လာသော တခြား customer နှစ်ဦးပင် လန့်သွားလျက် ကျွန်မကို ကွက်ကြည့်ကွက်ကြည့် လုပ်နေကြသည်။

"မင်း ဘာတွေပြောနေတာလဲ မနေ့က မင်းအတွက် ငါ့အိတ်ထဲက စိုက်ပေးလိုက်ရတာလေ၊ အခု ငါပြန်ယူတာ ဘာမှားနေလို့လဲ"

ကျွန်မ စကားအဆုံးမှာ မျက်နှာလေးငယ်သွားလျက် ချက်ချင်းပင် ကျွန်မကို တောင်းပန်ပြန်သည်။

"ဆောရီး ဆောရီးဗျာ၊ ရုတ်တရက်ဆိုတော့ ကျွန်တော် မတွေးလိုက်မိဘူး"

ဘာမှပြန်မပြောမနေတော့ဘဲ ငွေရှင်းရန် ကောင်တာနားရောက်လာသော စောစောက customer နှစ်ဦးဆီသို့သာ အာရုံထားလိုက်သည်။

ဝိုင်မှုလင်းသေးသေးလေး ငါးလုံးကို 6500 ။

ဒီကောင်လေး မပြန်သေးဘဲ ဘာလုပ်နေတာလဲ။ ပစ္စည်းတွေကို လိုက်ကြည့်နေတာလည်းမဟုတ်ဘဲ ကျွန်မကောင်တာနားမှာပဲ ခုနက အတိုင်း ရပ်နေခြင်းဖြစ်သည်။

customer နှစ်ဦး ပြန်ထွက်သွား၏။ ထိုကောင်လေးကတော့ အရင်အတိုင်း ရပ်နေတုန်းပါပဲ။

"မင်းဘာရပ်လုပ်နေတာတုန်း။ ဝယ်စရာရှိ ဝယ်လေ"





"ဒီနေ့ ကျွန်တော် ဘာမှမဝယ်ပါဘူး"

"ဒါဆို ဘာလုပ်နေတာတုန်း"

"ကျွန်တော် တကယ်မရည်ရွယ်ပါဘူး၊ တစ်မျိုးထင်သွားမှာစိုးလို့ တောင်းပန်ချင်လို့ပါ"

မျက်နှာလေးက ချက်ချင်းပင် ရှိကျိုးသွားလျက် တကယ်အားတုံ့အားနာဖြစ်နေဟန်။

"ဘာမှမဖြစ်ဘူး၊ မတောင်းပန်နဲ့တော့၊ ဝယ်စရာမရှိဘူးဆို ပြန်လို့ရပြီ"

"ကျွန်တော်က ဒီဘေးတိုက်သုံးလွှာမှာနေတာပါ၊ နေဖော်လို့ ခေါ်ပါတယ်"

Computer ကို ငုံ့ကြည့်နေရင်းနှင့်မှ ကျွန်မ မျက်မှောင်ကျုံ့လိုက်မိသည်။ ဘယ်လိုဟာလေးတုန်း၊ တောင်းပန်ရင်းနဲ့ မိတ်ဆက်နေပါရောလား။ ဘာအတွက်တဲ့လဲ။

"အဲဒီတော့"

ခေါင်းမော့လျက် သူ့မျက်နှာကို တည့်တည့်စိုက်ကြည့်ပြီးမေးတော့လည်း ဆံပင်တိုများကို ကုတ်သလို ဖွသလိုလိုလုပ်ရင်း ကြောင်တောင်တောင် မျက်နှာပေးလုပ်လျက်

"မှတ်ထားပါနော် နောက်လည်း ကျွန်တော် ပိုက်ဆံမလောက်ရင် ကူညီပါဦးလို့"

"အင်း မှတ်ထားမယ်၊ ပိုက်ဆံမပေးဘဲ ထွက်ပြေးရင် အိမ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ရာရောက် အကြွေးလိုက်တောင်းရအောင်''

ကျွန်မက အနည်းငယ် ပြေပြေလျော့လျော့လေး ပြောလိုက်မှ ကောင်လေးမျက်နှာမှာ အပြုံးလေးတစ်ခု တွဲလဲခိုလာသည်။

''ဒီလိုဆို ကျွန်တော် သွားတော့မယ်နော်''

ကောင်လေး ထွက်သွားသည်။ ကျွန်မ သူ့ကျောပြင်ကို မြင်ကွင်းထဲက ပျောက်သွားသည်ထိ လိုက်ကြည့်နေမိ၏။ ကျွန်မထက် နှစ်နှစ်သုံးနှစ်လောက်ပဲ ငယ်ပုံရပေမယ့် သူ့မျက်နှာလေးက ဆယ်ကျော်သက်တစ်ယောက်လို နုပတ်၏။ အသားညိုသော်လည်း ချစ်စရာကောင်းသော ပါးချိုင့်လေးများကြောင့် ငယ်ရွယ်နုပျိုကာ ဆွဲဆောင်မှုရှိနေစေ၏။ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေမှာတော့ သေချာပါသည်။

''အစ်မ ဟိုကောင်လေး ဘာတွေလာမေးနေတာလဲ''

ချစ်မင်းက စတိုခန်းထဲကနေ လှမ်းတွေ့လိုက်ပုံနှင့် ထွက်လာပြီး မေးသည်။

''ဪ မနေ့တုန်းက အကြွေနှစ်ရာမပါလာလို့ မှတ်ထားလိုက်တာလေ၊ ဒီနေ့ ပြန်လာပေးတာ၊ ဒီဘေးတိုက်မှာ နေတယ်လို့တော့ ပြောတာပဲ''

''မသိပါဘူး ကျွန်တော်က လာရစ်နေတယ်ထင်လို့''

''စိုးရိမ်တတ်ရန်ကော ငါ့ကို လွယ်လွယ်ကူကူ လာရစ်လို့ ရမလားဟ''

ကျွန်မက လက်မထောင်ကာ ခပ်တည်တည်ပြောလျှင် ချစ်မင်း





တရယ်မောလျက် နောက်ဘက်စတိုခန်းဆီ ပြန်ထွက်သွား၏။ ကျွန်မလည်း စတော့စစ်ရန် ရေခဲသေတ္တာများထားရာဘက်ဆီ လျှောက်လာခဲ့လိုက်၏။

ဒီအချိန်ဆို သူ ဘာများလုပ်နေမှာပါလိမ့်။ နေနိုင်လွန်းစွာပင် အမြဲပစ်ထားတတ်သည့် ချစ်သူကို မရအရ လိုက်ဖမ်းကာ ရှင်းနိုင်းလင်းနိုင်းရတော့မည်။ အဖြေက ကျွန်မအတွက် အနုတ်လက္ခဏာပြနေမယ်ဆိုရင်တောင် ပြတ်ပြတ်သားသား ထွက်လာသည့် အဖြေတစ်ခုမှ ကျွန်မ ကျေနပ်နိုင်ရမှာပါပဲ။

မျက်လုံးများကျိန်းစပ်လျက် အိမ်တံခါးသော့ကို သော့ပေါက်ထဲ ထိုးထည့်ဖွင့်လိုက်သည်။ ထမ်းထားရသည့် ဝန်တွေကို ပစ်ချလိုက်ပြီး အိပ်ရာထက်မှာ ခဏတဖြုတ် အနားယူချင်နေပြီ။ ဒီနေ့တော့ သင်တန်းကို သွားမှဖြစ်မှာပါ။

''ဟင်''

တံခါးက သော့ခတ်မထား။ မနေ့ည အလုပ်သို့ ထွက်မလာခင်မှာ မှတ်မှတ်ရရပင် တံခါးသော့ခတ်ခဲ့ပါသည်။ ခုတော့ ဘာလို့များ။

ကိုယ့်အတွေးနှင့်ကိုယ် ကြက်သီးထသွားရ၏။ လူမရှိသည့်တိုက်ခန်းတွေကို လိုက်လံဖောက်ထွင်းနေသည့် ဒုစရိုက်မှုတွေကလည်း ခုတလော ရေပန်းစားနေလေတော့ ကျွန်မ ခြေဖျားလက်ဖျားများပင် အေးစက်သွားရသည်။ အသက်ကိုပင် ပြင်းပြင်းမရှူရဲဘဲ တံခါးကို အသာတွန်းဖွင့်လိုက်၏။

မျက်စိရှေ့တည့်တည့်မှာ မြင်နေရသော အိမ်ရှေ့ဧည့်ခန်းကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းအကဲခတ်လိုက်သည်။ ဘယ်သူမှမရှိ။ ဘာခြေရာလက်ရာမှ ပျက်စီးယိုယွင်းနေခြင်းမရှိ။

"ဟင်"

မိနစ်ပိုင်းလေးအတွင်းမှာပင် ကျွန်မ နှုတ်မှ အာမေဋိတ်သံ နှစ်ကြိမ်မြောက်ထွက်သွားရခြင်း ဖြစ်၏။ အရှေ့ကိုပဲ မကြည့်နေပြီး အနီးအနားကို မကြည့်မိသော ကျွန်မ ကိုယ့်ဖိနပ်ကိုယ် ငုံ့ပြီးချွတ်လိုက်ရိုးမှာမှ ယောကျ်ားစီးဖိနပ်တစ်ရံကို ဖိနပ်စင်ပေါ်မှာ တွေ့လိုက်ခြင်းဖြစ်၏။

ရှိုက်ခနဲ ပျော်သွားမိသည်။ ပျော်သွားတာ တစ်ခုတည်းတော့ မဟုတ်။ ရင်ခုန်တာတွေရော စိတ်လှုပ်ရှားတာတွေရော မယုံကြည်နိုင်ခြင်းတွေရော အားလုံးရောထွေးသွားသည့် ခံစားချက်။

သူ စီးနေကျ Cheq အမှတ်တံဆိပ် ခြေညှပ်ဖိနပ်လေး။

စောစောတုန်းက ကြောက်ရွံ့နေခဲ့သော စိတ်တွေအားလုံး ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်လျက် အိမ်ထဲသို့ ခြေလှမ်းကြဲများဖြင့် လှမ်းဝင်လိုက်မိသည်။ သူ ဘယ်မှာပါလိမ့်။ အိမ်ရှေ့ဧည့်ခန်းထဲမှာတော့ မရှိ။

လွန်ခဲ့တဲ့ တစ်နှစ်လောက်တုန်းက ဒီအိမ်ရဲ့သော့တူတစ်ချောင်းကို သူ့အားအပိုင်ပေးအပ်ထားခဲ့ဖူးပေမယ့် ခုလိုမျိုး သူ့သဘောနှင့်သူ ဆိုင်းမဆင့်ဗုံမဆင့် ရောက်လာတတ်တာမျိုးတော့ တစ်ခါမှ မရှိဖူးပါ။ ဒီနေ့ကတော့ ကျွန်မအတွက် တကယ့်ကို အံ့ဩစရာ နေ့တစ်နေ့ပါပဲ။





အိပ်ခန်းထဲမှာလည်း သူ မရှိပါ။ ထိုစဉ်မှာပဲ ကျွန်မနားထဲသို့ ဝင်လာသော ရေသံတဝွမ်းဝွမ်း။ အိမ်နောက်ဖေးရေချိုးခန်းထဲဆီမှ။

သြော် သူ ရေချိုးနေတာနဲ့တူပါရဲ့။

ကျွန်မတစ်ယောက်တည်း ပြုံးလိုက်မိသည်။ ဒီလိုကျတော့လည်း ကျွန်မချစ်သူက ချစ်ဖို့ကောင်းသားပင်။ ကျွန်မမှာတော့ ကျွန်မတို့နှစ်ယောက်ကြားက ဆက်ဆံရေးတွေ အေးစက်မာခဲကုန်ပြီး တစ်စစီ ကွဲထွက်သွားတော့မယ်လို့ ထင်နေခဲ့တာလေ။

ကျွန်မအတွေးတွေ မဆုံးသေးခင်မှာပဲ ရေချိုးခန်းတံခါး ပွင့်သွားပြီး သူ ထွက်လာသည်။ မျက်နှာသုတ်ပဝါ အဝါရောင်အကြီးကြီးကို ခါးမှာပတ်လျက် လက်တစ်ဖက်ကလည်း သဘက်သေးသေးလေးတစ်ထည်နှင့် ဆံပင်များကို သုတ်ကာ သူ ထွက်လာ၏။

ကျွန်မ ရောက်နေတာကို တွေ့သော်လည်း မျက်နှာက တစ်ချက်လေးမှ မပြုံးမရယ်။

"ဘယ်တုန်းက ရောက်နေတာလဲ ကြာပြီလား"

"အင်း ကြာပြီ၊ ညတည်းကပဲ"

"ဟင်"

ကျွန်မ 'ဟင်' ရပြန်ပါပြီ။

"ဟုတ်တယ်လေ မင်းက နေမကောင်းဖြစ်နေတယ်လို့ ပြောတော့ ငါက ဆိုင်မသွားလောက်ဘူးလို့ ထင်နေတာ"

"ဒါများ ဖုန်းဆက်လိုက်ရောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မဆက်ပါဘူးကွာ၊ လုပ်ငန်းခွင်ထဲရောက်နေတဲ့ ဂျူတစ်ယောက်ကို ငါ အဲဒီလို အနှောင့်အယှက် မပေးချင်ဘူး။ ကိုယ့်ကို အဲဒီလို လာပေးရင်လည်း မကြိုက်ဘူး"

"ဘာသဘောလဲ ကျွန်မကို ကြိုပိတ်လိုက်တာလား။ အပြစ်တင်လိုက်တာလား"

"မဟုတ်ပါဘူး၊ မင်းကို ပြောပြတာပါ"

"ကျွန်မ ဆက်တယ်ဆိုတာလည်း အချိန်တိုင်းမဟုတ်ပါဘူး။ တစ်ခါတလေ ရှင့်အပြုအမူတွေ လွန်လာတယ်လို့ ထင်မိတဲ့အခါမျိုးတွေမှပါ"

ကျွန်မကိုကျောပေးရပ်ရင်း အင်္ကျီကြယ်သီးတပ်နေသော သူ ချက်ချင်းပင် ကျွန်မနှင့်မျက်နှာချင်းဆိုင်ဘက်သို့ လှည့်လာ၏။

"ဘယ်အပြုအမူက လွန်တာလဲ ပြောပြပါဦး"

"ကျွန်မကို ဘာအဆက်အသွယ်မှ မလုပ်တဲ့ ပစ်ထားခဲ့တာတွေလေ၊ အဲဒါ ဘာသဘောလဲ၊ ဘယ်လောက်ပဲ အလုပ်များများ ကိုယ့်ချစ်သူအတွက်တော့ အချိန်နည်းနည်းလောက်ဖြစ်ဖြစ် ဖယ်ထားတတ်ကြတာ လူတိုင်းရဲ့သဘာဝပါပဲ"

"ဒီလိုဆိုတော့ ငါက သာမန်လူတွေနဲ့မတူဘူးပေါ့၊ ဟုတ်တယ် ငါက အလုပ်ကိုလောဘကြီးတယ်၊ ဘဝမှာ ငွေရှာနိုင်ဖို့က အဓိကပဲ ငွေမရှိရင် ဘာမှလုပ်လို့မရဘူးကွ"

ထမင်းစားပွဲတွင် ထိုင်နေသော ကျွန်မ၏ဘေးကပ်လျက်





ဆိုင်ခုံတွင် သူဝင်ထိုင်လိုက်ရင်း ပြောသည်။ သူ့အသံက တိုးသက်သော်လည်း မာန်ပါသည်။ သူ့ကိုမြင်နေရတာ ပုံမှန်လူတစ်ယောက်မဟုတ်တော့တဲ့ ငွေနောက်ကို ကောက်ကောက်ပါအောင် လိုက်နေသော မုဆိုးတစ်ယောက်နှင့်ပင် တူနေသေးတော့။

"ရှင်ဆိုလိုချင်တာက ငွေသာလျှင် ရှင့်ဘဝအတွက်အရေးကြီးဆုံး ကျန်တာတွေက ဟိုးနောက်မှာပေါ့၊ ဒီလိုလား၊ ကျွန်မဆိုတဲ့ မိန်းမတစ်ယောက်ဆိုရင် ပိုဆိုးဦးမှာပေါ့နော်"

ကျွန်မစကားအဆုံးမှာ သူ သက်ပြင်းချသည်။ ခုနကလို မာထန်ခြင်းမျိုးတွေ သူ့မျက်နှာမှာမရှိတော့။ ကျွန်မ လက်နှစ်ဖက်ကို သူ့လက်များဖြင့် အုပ်ကိုင်ဆုပ်ထားလိုက်ပြီး မျက်လုံးချင်းဆုံအောင် ကြည့်လိုက်သည်။

"မင်းမသိသေးတဲ့ ဘဝတွေပါကွာ၊ ငါ့မှာ အချိန်တိုင်း ကြိုးစားနေရတဲ့အကြောင်းပြချက် တစ်ခုရှိနေတယ်"

သူ့စကားက အထူးအဆန်း။ ကျွန်မ စိတ်ဝင်စားသွားရသည်။

အမှန်ကိုပြောရရင်တော့ ကျွန်မသည် သူ့အကြောင်းကို သူပြောပြထားသလောက်ကလွဲပြီး မသိသူသာဖြစ်သည်။ ထို့ကြောင့်လည်း သူ့ဘဝသူ့အကြောင်းနဲ့ ပတ်သက်လာရင် ပြည့်ဝသော စိတ်ဝင်စားမှုမျိုး ကျွန်မမှာ ရှိပါသည်။

"မသိဘူးဆိုရင် ရှင် ပြောပြရမှာပေါ့ မဟုတ်ဘူးလား"

သွားမပေါ်အောင် သူ အားရပါးရ ပြုံးလိုက်သည်၊ သူ့နှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com



ထုတ္တုများက ပြုံးလိုက်လျှင် သိပ်မလှတာ ကျွန်မ စွဲစွဲထင်ထင် မှတ်မိနေသော အချက်တစ်ခုလည်း ဖြစ်၏။

"မင်းမသိဘူးဆိုတည်းက ငါမပြောပြထားလို့ ငါ မပြောပြထားဘူးဆိုတည်းက ငါ မပြောပြချင်လို့ပေါ့၊ ခုလည်း ငါ မပြောချင်ဘူး"

လူဆိုတာကလည်း မပြောဘူးဆိုတော့မှ ပိုသိချင်လာတတ်ကြတာမဟုတ်လား။ ကျွန်မ နှုတ်ခမ်းစူလိုက်မိသည်။

"ဟိတ် နှုတ်ခမ်းမစူနဲ့နော်၊ ဖြတ်နမ်းပစ်လိုက်မယ်"

"တကယ်မပြောပြဘူးလား"

"ငါ စကားကိုနှစ်ခါပြန်ပြင်ပြောတာ မင်းကြားဖူးလား"

စူထားသော နှုတ်ခမ်းများကို တွန့်ကွေးလျက် မဲ့ပစ်လိုက်သည်။ စိတ်ကိုလည်း လျှော့ပစ်လိုက်၏။ သူ တကယ်ပြောမှာ မဟုတ်မှန်း သိလိုက် လို့ပါ။

"မင်းအလုပ်သွားမှာမဟုတ်လား။ နားချင်နားလေ ငါလည်း ပြန်တော့မယ်"

"ဟင် ပြန်တော့မလို့လား။ ခုမှ တွေ့ရတာကို"

ကျွန်မ စိတ်ထဲက ဥာဉ်ဆိုးလေးကို သူ မမြင်ဘူးတဲ့လား။ ဘာလို့များ မတွေ့တာကြာနေတဲ့ ချစ်သူတစ်ယောက်ကို နွေးထွေးမှု နည်းနည်းလေးလောက်တောင် မပေးဘဲနဲ့ ပြန်ချင်နေရတာလဲ။

ဒီလူ တစ်ချက်တော့ လွန်နေပါပြီ။

"မင်းကို နားစေချင်တာကွ၊ တစ်ညလုံးလည်း အလုပ်လုပ်ရ





သယ် ခဏနေရင်လည်း နောက်အလုပ်တစ်ခုကို သွားရဦးမယ်၊ မင်းမှာ အချိန်လေးလောက်ပဲ နားချိန်ရှိတာကို ဘာဖြစ်လို့ ငါ့အတွက်နဲ့အပင်ပန်းခံမှာလဲ"

"ရှင်နဲ့ပတ်သက်ရင် ကျွန်မက အဲဒီလိုမျိုးတွေ မတွေးဘူးလေ"

"မတွေးလို့မရဘူးကွ၊ လူဆိုတာ ကိုယ့်ကိုယ်ကိုယ်သာအချစ်ဆုံးလို့ ငါ ခံယူထားတာ"

"ဟာ တော်ပြီကွာ၊ အဲဒါတွေ ထပ်ပြောမနေနဲ့တော့၊ ကျွန်မ နားချင်ဘူး ဟုတ်ပြီလား။ ရှင့်နားမှာပဲ ရတဲ့အချိန်လေးနေချင်တယ်၊ အဲဒီတော့ ရှင်မပြန်ရဘူး ဟုတ်ပြီလား"

"ဒါဆို ဘာလုပ်ရမလဲ ပြော"

ကျွန်မ ရင်ထဲက စိုးထိတ်နေမှုကြီး ကွယ်ပျောက်သွားသည်။ သူလေသံနှင့်အမူအရာက ကျွန်မဆန္ဒကို လိုက်လျောပေးဖို့ အသင့်ပဲဆိုတာ ရိပ်စားမိလိုက်လို့ပေါ့။

"မနက်စာ ဘာစားပြီးပြီလဲ"

"ဘာမှမစားရသေးဘူး"

"ဒါဆို ကျွန်မ ထမင်းကြော်လိုက်မယ်နော်၊ လွယ်ကူမြန်ဆန်ပြီး ကျွန်မ အိမ်မှာရနိုင်တာ ဒါပဲ ရှိတယ်"

ကျွန်မက ပြောင်စပ်စပ်လေးပြောလျက် ထိုင်ရာမှထရင်း ခပ်သွက်သွက် လှုပ်ရှားလိုက်သည်။ ထမင်းကြော်တာ ဆယ့်ငါးမိနစ်လောက်နှင့် ပြီးနိုင်သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင် ကျွန်မ စိတ်ကူးထားခဲ့ရသည့်အတိုင်း နှစ်ယောက်အတူ မနက်စာ စားကြမည်။ သူက မနက်စာကို ကော်ဖီမသောက်၊ အအေးတစ်ခုခုသာသောက်တတ်မြဲ ဖြစ်၏။ ထို့ကြောင့် ကျွန်မအတွက် ကော်ဖီတစ်ခွက်နှင့် ရေခဲသေတ္တာထဲမှာ အသင့်တွေ့သော လိမ္မော်သီးကို သူ့အတွက် အရည်ညှစ်ဖျော်ပေးလိုက်သည်။

အစားစားပြီးလျှင် ကျွန်မ လွမ်းနေရသော အချိန်များအတွက် သူ့ရင်ခွင်ထဲမှာ ခဏတဖြုတ် အနားယူရမည်။

"စားလေ ဘာတွေတစ်ယောက်တည်း ပြုံးနေတာလဲ"

"ဟုတ်လား၊ တစ်ယောက်တည်း ပြုံးနေမိလား၊ ကိုယ့်ဘာသာတောင် သတိမထားမိလိုက်ဘူး၊ ဘေးနားမှာ ရှင်ရှိနေရင် အလိုလိုပြုံးနေမိတာနဲ့ တူပါရဲ့"

"ပိုပြီ"

ဒီအခြေအနေလေးကို ကျွန်မ ကျေနပ်ပါသည်။ နေ့တိုင်းနေ့တိုင်းသာ ဒီလိုမျိုးလေးပဲ သူနဲ့အတူ နေသွားခွင့်ရရင် ဘယ်လောက်များ ကောင်းလိုက်မလဲနော်။

"စားပြီးသောက်ပြီးတာနဲ့ ချက်ချင်းတန်းပြီး အလုပ်သွားဖို့ မကြိုးစားနဲ့နော်၊ ကျွန်မနဲ့တူတူနေရအောင်၊ ဟိုလေ ကျွန်မ ဆိုလိုတာက စကားလေးဘာလေး အေးအေးဆေးဆေးပြောရအောင်လို့ပါ"

ကျွန်မ စကားအဆုံးမှာ ယောင်ယောင်လေး သမ်းသွားသော သူ့အပြုံးတွေကို မုန်းလိုက်တာ။





"အင်း ဟုတ်ပါပြီ၊ ခုမှ ခုနစ်နာရီခွဲဆိုတော့ အချိန်နည်းနည်း ပေးနိုင်ပါသေးတယ်"

"ကျေးဇူးကြီးလှပါတယ်နော်"

သူ့ရင်ခွင်ထဲ ခိုဝင်လိုက်ရသည့်အချိန်မှာ ကျွန်မအတွက် အနည်းငယ် စိမ်းသက်နေခဲ့သည်။ မထိတွေ့ရတာ ကြာပြီမို့ ကျွန်မရဲ့ နှလုံးသားက သူ့နွေးထွေးမှုတွေကို မမှတ်မိတော့တာများလား။ အချစ်ဆိုတာ ဒီလို မဖြစ်သင့်ပါဘူးလေ။ ကျွန်မက ပြောင်းလဲတာမဟုတ်ဘဲ သူက ပြောင်းလဲသွားခဲ့တာဆိုရင်ရော။

အို ကျွန်မ ဘာတွေလျှောက်တွေးနေမိတာလဲ။ သူ့ရင်ခွင်ထဲမှာ မှီနေခွင့်ရသည့် ရှားရှားပါးပါး အချိန်လေးတွေကို ကျွန်မရဲ့မဟုတ်ကတုတ်က အတွေးများဖြင့် မပျက်စီးစေလိုပါ။

"ဟိတ် ဘာတွေငြိမ်နေတာလဲ"

သူ့စကားသံကြောင့် ရင်ခွင်ထဲ အောင်းနေရင်းကနေ ခါးများကို သက်နှစ်ဖက်နှင့်သိုင်းဖက်ထားလိုက်၏။

"ဉာဏ်ထက် ရှင်နဲ့ကျွန်မ မတွေ့ဖြစ်တဲ့ အဆက်အသွယ်မရှိတဲ့ နေ့တွေမှာ ရှင် ဘာတွေလုပ်နေလဲဟင်"

"ဘာလုပ်ရမလဲကွာ မင်းသိတဲ့အတိုင်း အလုပ်တွေနဲ့ပဲ ရှုပ်ယှက်ခတ်နေတာပေါ့၊ ဟိုတလောကတောင် မြဝတီဘက်ရောက်သွားလိုက်သေးတယ်လေ"

"ဟင် ကျွန်မလည်း မသိလိုက်ရပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အားချင်းကြီး ထွက်သွားရတာ၊ ဟိုမှာ ကုန်သည်လာတဲ့ယာဉ်တွေ အသိမ်းခံရတယ်ဆိုလို့"

"ပြေလည်သွားပြီလားဟင်"

"ကိုယ်တိုင်လိုက်သွားတာပဲကွာ၊ မပြေလည်စရာ ဘာရှိလို့လဲ ဒါနဲ့ နေပါဦး မင်းက အခု အလုပ်အကြောင်းတွေချည်းပဲ မေးနေမှာလား"

သူ့မျက်နှာကို မော့ကြည့်မိတော့ မျက်ခုံးထူထူများက တွန့်ချိုးလျက် အလိုမကျနိုင်သလိုလို။

"ဒီလိုဆို ကျွန်မက ဘာပြောရမှာလဲ"

"မင်းပြောတတ်ပါတယ်လေ"

"ဟင့်အင်း၊ ကျွန်မ ဘာမှမပြောတတ်ဘူး၊ ရှင်ပဲ ပြော"

"ဩော် ကဲ ငါက ဘာပြောရမှာတုန်း"

ရယ်ကျဲကျဲလုပ်နေသော သူ့မျက်နှာကိုလည်း ကျွန်မ မုန်းလိုက်တာ။ မျက်နှာကို အောက်ငုံ့ချထားလျက် အိပ်ရာခင်းစ အဝါနုရောင်လေးပေါ်မှာ လက်သည်းလေးဖြင့် ဖွဖွခြစ်နေမိသည်။

ဒါကိုပဲ ကျွန်မနဲ့မျက်လုံးချင်းမဆုံဆုံအောင် လိုက်ကြည့်ပြီး ပါးစပ်က တတွတ်တွတ်နှင့် 'ဘာပြောရမှာလဲ ဘာပြောရမှာလဲ' လိုက်လုပ်နေတာ အယ်လောက်များ အသည်းယားစရာ ကောင်းလိုက်သလဲ။

"ဒီလိုလုပ်မယ်လေ၊ မင်းလည်းမပြောတတ်၊ ငါလည်းမပြောတတ်ဆိုတော့ နှစ်ယောက်လုံး ဘာမှပြောစရာမလိုအောင်"

နှစ်ဦးလုံး၏အသက်ရှူသံများလွဲလို့ တခြားပြင်ပအသံများ တိတ်





ိတ်သွားသည်။ မျက်ခွံများ ဖြည်းညင်းစွာ ပိတ်ကျသွားသည်။ အသက်ရှူတာ မောဟိုက်လာသည်။ သူ့ခါးကို ပိုလို့ တင်းကျပ်နေအောင် ထ်ထားမိသည်။ ဖျားနာချင်နေတာတွေ ရုတ်တရက် ကွယ်ပျောက်သွားမ်

သူ့ရဲ့ရင်းနှီးကျွမ်းဝင်သော ဆက်ဆံမှုတွေကို ကျွန်မ မငြင်းနိုင် ဲ ကျွန်မလိုချင်နေခဲ့တာထက် ပိုလို့များပြားသော ထိတွေ့ဆက်ဆံမှုနယ် ယ်တွေကို ကျွန်မ မရှည်စူးခဲ့သော်လည်း သူ့ခေါ်ဆောင်ရာနောက် ာက်ခဲ့ရတာ အခါခါ။

ဒီနည်းတွေနဲ့ ကျွန်မကို သူ့အနားကနေ ဘယ်ကိုမှ ထွက်မသွားနိုင်အောင် လုပ်နေတာလား။ လျှော့လိုက်တင်းလိုက်နှင့် ကျွန်မ ားချက်တွေကို ကစားနေခဲ့တာလား။ ရင်ခုန်လှိုက်မောမှုတွေကြားမှာ ာတ်ပြင်းမောလေးတစ်ခု နိုးချဖြစ်လိုက်သေးသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"မနှေက ဘယ်လိုများဖြစ်တာလဲ၊ နေမကောင်းတာလား"

သင်တန်းရုံးခန်းထဲ ဝင်လိုက်တာနှင့် လုပ်ဖော်ကိုင်ဖက် ဝေမွန်က လှမ်းမေးသည်။ အရဲစွန့်ပြီး ရေချိုးခေါင်းလျှော်ခဲ့တာမို့ လူက ချမ်းစိမ့်စိမ့်နှင့်အနွေးထည်ပါးလေး ထပ်ထားခဲ့သည့်အတွက် ဝေမွန်က နေမကောင်းလို့ဆိုတာကို ခန့်မှန်းလို့ ရသွားပုံပါပဲ။

"အေးဟာ ငါလည်း ဘယ်လိုမှ မလှုပ်နိုင်တာနဲ့ အိပ်ပစ်လိုက်တယ်"

"အင်း ငါလည်း သိပါတယ်၊ ဒါကြောင့် ဆရာ့ကိုတောင် နင်နေမကောင်းလို့ ငါ့ဆီဖုန်းဆက်ထားတယ်လို့ လိမ်ပေးထားတယ်နော်"

"ကျေးဇူးပဲ ငါလည်း နင်ကူညီမယ်ဆိုတာ သိပါတယ်၊ ဘယ်လိုလဲ မနှေက သင်တန်းသစ်စတဲ့နေ့ကျမှ ငါကလည်း ပျက်သွားတော့





နင် တစ်ယောက်တည်း အလုပ်တွေရှုပ်ကုန်မှာပဲ"

"အသေအချာပဲပေါ့ဟယ်၊ အားလုံးကိုတောင် ကျောင်းသားကဒ်ထုတ်မပေးနိုင်သေးဘူး"

"ဖြစ်မှဖြစ်ရလေ ပေး ပေး ငါ အခု ထိုင်လုပ်လိုက်မယ်"

"တူတူလုပ်မယ်လေ"

ကျောင်းသားဓာတ်ပုံများကို လေးထောင့်ကဒ်ပြားလေးများတွင် သတ်မှတ်ထားသော နေရာများ၌ကပ်ကာ နာမည်နှင့်တန်းခွဲကို ကျွန်မတို့က ရေးပေးရသည်။

အားလုံးပြီးသွားလို့ နာရီကို လှမ်းကြည့်လိုက်တော့ ဆယ်နာရီထိုးပြီး ငါးမိနစ်။ ဆယ်နာရီခွဲအတိမှာ အတန်းစမှာမို့ တချို့ကျောင်းသားကျောင်းသူလေးများ ရောက်နေကြပြီ။ မနှေကမှ စတက်သည့် သင်တန်းသူသင်တန်းသားအသစ်တွေမို့ ကျွန်မအမြင်မှာ စိမ်းနေသေး၏။

ကျောင်းသားတွေအားလုံးစုံလောက်ချိန်မှာ ဝေမွန်က တစ်ယောက်ချင်းစီ ကိုယ့်ကဒ်ပြားကိုယ် လာယူရန် အသံကျယ်ကျယ်နှင့် လှမ်းအော်အကြောင်းကြားလိုက်သည်။

အင်္ဂလိပ်၊ တရုတ်၊ ကိုရီးယားနှင့် ဂျပန်စာသင်တန်းကျောင်းမို့ လာတက်ရောက်သည့် ကျောင်းသူကျောင်းသားတွေမှာလည်း အသက်အရွယ်မရွေး ယောကျ်ားမိန်းမမရွေး စုံလင်လှသည်။ တန်းခွဲတစ်ခုကို သင်တန်းသား အယောက်သုံးဆယ် လက်ခံသည်မို့ ခုလောလောဆယ် တစ်သုံးဆယ်သာ ဝေပေးရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်နာမည် နေဇော်ပါ"

ဟုပြီး စာရေးနေသော ကျွန်မ ဦးခေါင်းမော့မိလျက်သား ဖြစ်သွားသည်။ အဲဒီနာမည်လေးကို မှတ်မိနေလို့ပါ။

ကျွန်မကို ပြုံးကြည့်နေသော နေဇော့်မျက်လုံးများကလည်း ကျွန်မကို မှတ်မိပါတယ်လို့ ပြောနေကြ၏။

"မင်းက ဒီမှာ သင်တန်းလာတက်တာလား"

"ဟုတ်တယ် အင်္ဂလိပ်စာ လာတက်တာ"

"အင်း ကောင်းပါတယ်"

သူ့ကဒ်ပြားလေးကို ဝေမွန်က ထုတ်ပေးလိုက်၏။ ဝေမွန့်ကိုလည်း သူက ပြုံးပြနှုတ်ဆက်လိုက်သေးသည်။ နေဇော်က မျက်နှာချိုသူ တစ်ယောက်ပါပဲ။

"နင်နဲ့သိနေတာလား"

"အင်း ဒီတိုင်း မျက်မှန်းတန်းမိတာပါ။ ငါလုပ်နေတဲ့ မားကတ်မှာ ဈေးလာဝယ်ရင်းနဲ့ မြင်ဖူးသွားတာပါ"

"မသိပါဘူးဟယ် ငါကတော့ ဇာတ်လမ်းတွေဘာတွေများလားလို့ နားထောင်ရတော့မယ်ထင်နေတာ"

"အယ် ပေါက်ပေါက်ရှာရှာ နင်ပဲ တွေးတတ်တယ်"

ဆယ်နာရီခွဲတွင်စသော ထိုအတန်းချိန်က ဆယ့်နှစ်နာရီအတိတွင် ပြီးဆုံးသည်။

"တွေ့ကြဦးမယ်"

"ကျွန်တော် ပြန်လိုက်ပါဦးမယ်"





အပြုံးလေးနှင့် နှုတ်ဆက်သွားပြန်သော နေဇော့်ကြောင့် ဝေမွန်က ကျွန်မကို မျက်စောင်းတထိုးထိုးနှင့် ကြည့်၏။

"ဒါလား၊ မျက်မှန်းတန်းမိရုံဆိုတာ"

"ခြောက် ကဲ ခက်တော့နေပြီ၊ မယုံလည်း မတတ်နိုင်ဘူးဟေ့၊ ကျွန်မတော့ ဗိုက်ဆာပြီ၊ ထမင်းစားတော့မယ်၊ ပြီးရင် ဆေးလည်း သောက်ရဦးမှာ"

"ကြည့်စမ်း ကြည့်စမ်း အတင်းကြီးကိုပဲ မဆီမဆိုင် စကား ဖွဲ့ပစ်တာပါလား"

ဝေမွန့်စကားတွေကို နားထောင်မနေတော့ဘဲ ကိုယ့်ထမင်းချိုင့်လေးကို ကိုယ်ဖွင့်စားနေလိုက်သည်။ မနက်က ဥာဏ်ထက်နှင့်အတူ ကြော်စားခဲ့သော ထမင်းကြော်ပါပဲ။ တစ်ကိုယ်တည်းသမားဘဝတွေက ဒီလိုပါပဲ။ အဆင်ပြေသလို လုပ်လိုက်ရတာတွေက များနေသည်။

ဇွတ်လုပ်မှုကိုလည်း ခံစားရပါရဲ့။ မချက်ချင်ဘဲနဲ့လည်း ဘယ်သူ့အတွက်မှ အပင်ပန်းခံချက်ပေးနေစရာမလို။ ဘာလုပ်ချင်ချင် ဘယ်သူ့ဆီကမှ ခွင့်ပြုချက်လည်း တောင်းစရာမလို။ ဒီလိုမျိုး အကောင်းဘက်က တွေးကြည့်တော့လည်း လောကမှာ ကျွန်မ တစ်ယောက်တည်းဖြစ်နေခြင်းဟာ ကောင်းဖို့အတွက်တွေပါပဲလား။

"တစ်ယောက်တည်း စားလိုက်ရယ်လိုက်နဲ့ နင် စိတ်မှန်သေးရဲ့လား"

"အောင်မာ ငါ့ကိုများ စိတ်မှန်သေးလားဘာလားနဲ့ ငါက



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်နေလို့လဲ''

''မသိပါဘူးအေ ဟိုကောင်လေးရဲ့အပြုံးတွေကိုများ စွဲလမ်းပြီး ပြန်မြင်ယောင်နေတာလားလို့''

''နင်နော် ဝေမွန် မနောက်နဲ့ သိလား''

ကျွန်မက မျက်နှာတင်းတင်းနှင့်ပြောလိုက်တော့လည်း ဝေမွန်က ချက်ချင်းပင် တည်သွားပြီး

''အိုကေ မနောက်တော့ဘူး။ ဒါပေမဲ့ ဒီကောင်လေး တစ်ခုခု တော့ တစ်ခုခုပဲဟ သိလား''

''ကြည့် တွေ့လား''

''နင်နဲ့တော့ ခက်ပြီ၊ ငါ မနောက်ဘူးလေ၊ အတည်ပြောနေ တာ''

''တော်ပြီ နင့်ကိုမပြောတော့ဘူး။ နင့်ဘာသာ ပြောချင်တာသာ ပြောတော့ သိလား''

ထမင်းကို ခပ်မြန်မြန် လက်စသတ်လိုက်ပြီး နောက်တစ်ချိန် စမည့် အတန်းခွဲအတွက် ကဒ်ပြားဝေရန် ပြင်ဆင်ရပြန်သည်။ ထိုအခါမှ ဝေမွန်လည်း အလုပ်များလျက် ပါးစပ်ပိတ်သွားတော့၏။

ဘေးနားမှာ ချစ်သူတစ်ယောက် မားမားမတ်မတ် မရှိသော ဘဝက ဒီလိုပဲလား။ ရှိသမျှလူတွေအားလုံးက အဖြစ်မရှိတဲ့မိန်းမကြီး အဖြစ် စကြနောက်ကြ အထင်သေးနေကြတော့မှာလား။ လက်ဆုပ် လက်ကိုင် ပေါ်ပေါ်ထင်ထင် မပြနိုင်သေးဘဲနဲ့ ကျွန်မမှာ ချစ်သူရှိပါတယ်





လို့လည်း လိုက်ကြေညာမနေချင်တော့ပါ။

အဲဒီလိုမျိုးလေးတွေ ငါ သိပ်စိတ်ညစ်ရတယ် ဉာဏ်ထက်ရေ။

■ ■ ■

''ဒီလိုဆိုတော့ အစ်မက ပင်ပန်းမှာပဲနော်၊ ညဆိုလည်း ဒီမှာ လုပ်ရတယ်၊ မနက်ဆိုလည်း သင်တန်းမှာ လုပ်သေးတယ်ဆိုတော့''

နေဖော်မျက်နှာက တကယ်ပဲ ကိုယ်ချင်းတွေစာနေသလိုမျိုး မှန်မှန်မှိုင်းမှိုင်း။

''ငါးထောင့်နဲ့သုံးရာ''

သူ ယူလာသော ပစ္စည်းတွေရဲ့ တန်ဖိုး။ ထုံးစံအတိုင်း ဘောင်း ဘီအိတ်ကပ်များထဲ သူ့လက်နှစ်ဖက်လုံးမွှေနှောက်ရှာပြန်သည်။

''ဒီတစ်ခါရော အကြွေးထားခဲ့ဦးမှာလား''

''ဟာ မဟုတ်ပါဘူး။ ဒီမှာ ပါပါတယ်''

တစ်ထောင်တန်ခြောက်ရွက်ကို ကျွန်မထံသို့ ခပ်သွက်သွက်ကမ်း ပေးသည်။ ကျွန်မက သူ့ကို ငါးရာတန်တစ်ရွက်နဲ့ နှစ်ရာတန်တစ်ရွက် ပြန်ပေးလိုက်ပြီး ပစ္စည်းများကိုလည်း အိတ်ထဲထည့်ပေးလိုက်သည်။

ပစ္စည်းအိတ်ရော ပိုက်ဆံရော လှမ်းယူပြီးတာတောင် နေဖော်က ကောင်တာနားမှ မခွာသေးပါ။ ကျွန်မ သတိထားပြီး ကြည့်မိတော့မှ သူ့အကြည့်များက ကျွန်မ ရင်ဘတ်နားဆီမှာ။ မျက်နှာတစ်ခုလုံး ထူပူ သွားလျက် စိတ်လည်းတိုသွားရသည်။

''နင် ဘယ်ကြည့်နေတာလဲ မိုက်ရိုင်းလှချည်လား''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အသံကြောင့် ဆိုင်ရှေ့ဘက်မှာ ပစ္စည်းတွေစီနေသော ချစ်မင်း အနားသို့ ရောက်ချလာသည်။

"ကျွန်တော် ဘာကြည့်မိလို့လဲ"

နေဇော့်မျက်နှာက တကယ့်ကို ဘာမှမသိ။ ဘာမှမလုပ်ထားသည့် ကြောင်တောင်တောင် မျက်နှာပေး။

"ဘာဖြစ်လို့လဲ အစ်မ"

"သူ ငါ့ရင်ဘတ်ကို သေချာလာစိုက်ကြည့်နေတယ်"

"ဟာ မင်း ဘယ်လိုကောင်လဲကွ၊ ဆိုင်ထဲဝင်ပြီး စော်ကားလုချည်လား"

ကျွန်မနားမှာ ရပ်နေသော ချစ်မင်းက ချက်ချင်းပင် နေဇော့်နားရောက်သွား၏။ နေဇော်က လက်ကာကာ ခြေကာကာနှင့် အကြောက်အကန်ငြင်းရှာသည်။

"မဟုတ်ပါဘူးဗျာ၊ ရင်ဘတ်ကိုကြည့်တာမဟုတ်ပါဘူး တကယ်ပါ"

"ဒါဆို မင်း ဘာကြည့်တာလဲ"

"ဟို ဟိုလေ ကျွန်တော်က သူ့နာမည်ကဒ်ပြားကို ကြည့်တာပါ၊ နာမည်သိချင်လို့"

"ဟင်"

နေဇော့်အဖြေစကားကြောင့် ကျွန်မရော ချစ်မင်းပါ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လျက် ကြောင်အမ်းသွားသည်။





"မင်းဟာကလည်း နာမည်သိချင်ရင် ပါးစပ်ကမေးပေါ့ကွ၊ ဘာလို့ ကဒ်ပြားကို လိုက်ဖတ်နေတာတုန်း"

"နာမည်မေးတော့ ဒီကတစ်ယောက် တစ်မျိုးထင်သွားမှာစိုးလို့ပါ"

"အေး မင်းခုလိုလုပ်တော့ ပိုပြီးဆိုးဆိုးရွားရွားတွေ ထင်ကုန်ထယ်မဟုတ်လား"

"အဲဒီလို ဖြစ်သွားရင် အစ်မကို တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော့်မှာ အဲဒီလို မိုက်ရိုင်းတဲ့စိတ်ဓာတ်မျိုး မရှိပါဘူးဗျာ"

"မင်းဟာကလည်း"

ကျွန်မ ပြောလိုက်နိုင်တာ ဒီလောက်ပဲ။ ဘာဆက်ပြောလို့ ပြောမှန်းမှ မသိတော့တာ။ ချစ်မင်းကလည်း အနားကနေ ပြန်ထွက်သွားသည်။

"ကျွန်တော့်ကို စိတ်ဆိုးသွားတာလားဟင်"

သူ့လေသံက တိုးတိုးဖွဖွ။ ကျွန်မ ရှက်ရှက်နှင့် ခေါင်းကိုအောက်သို့ပဲ ငုံ့ချထားမိသည်။

"ကျွန်တော် တကယ်တောင်းပန်ပါတယ်ဗျာ၊ အဲဒီလို ဖြစ်သွားဖို့ လုံးဝမရည်ရွယ်ပါဘူး"

"အင်းပါ မင်းသွားတော့လေ"

"ကျွန်တော့်ကို တကယ် စိတ်မဆိုးပါဘူးနော်"

ပြန်မဖြေမချင်း ဆိုင်ထဲကသွားမှာမဟုတ်သော ဂျိကန်ကန်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးလေးကြောင့် ကျွန်မမှာ ခေါင်းကိုသာ အသာညိတ်ပြလိုက်ရသည်။

"စိတ်မဆိုးဘူးဆိုရင် နာမည်ပြောပြလေ၊ ဒါမှမဟုတ် ကျွန်တော့် ဘာသာ ကဒ်ပြားကို ပြန်ကြည့်ပြီး ဖတ်လိုက်ရမလား"

"ဟင်"

ငုံ့ထားသော ခေါင်းလေး ဆတ်ခနဲ မတ်သွားရသည်။ ဘယ်လိုဟာလေးပါလိမ့်။

"သုမေ"

"သုမေ ဟုတ်လား။ နာမည်က တစ်မျိုးပဲနော်၊ ကျေးဇူးတင်တယ် သိလား။ နာမည်ပြောပြလို့"

လှစ်ခနဲ ဆိုင်ပြင်ရောက်သွားသော နေဇော်ကျောပြင်ကို ကျွန်မ အသာလေး လှမ်းကြည့်လိုက်မိသေး၏။ ရင်ဘတ်ထဲက နှလုံးက ခုချိန်ထိ တဒိတ်ဒိတ်နှင့် ခုန်နေတုန်း။ အပျိုဖြန်းလေးတစ်ယောက်လိုလေ။

"ဒီကောင်လေး အစ်မကို လာရိုက်နေတာနဲ့ တူတယ်"

လာပြန်ပြီ နောက်တစ်ယောက်။ ချစ်မင်းစကားကြောင့် စိတ်ထဲကနေ ဝေမွန့်ကို ပြေးမြင်လိုက်ပြီး တွေးလိုက်မိသည်။

ဒါပေမဲ့ ဒီတစ်ခါတော့ ဝေမွန့်ကို ပြန်ပြောသလို တစ်ခွန်းမခံပြန်မပြောနိုင်တော့ပါ။ ဟုတ်တယ်လေ ဒီကောင်လေး လုပ်သွားပုံကလည်း ဟုတ်မှမဟုတ်တာ။ ဘေးလူတွေ တစ်မျိုးမြင်စရာကြီး။

"ငါ့အစ်မကတော့ စွံတယ်ဟော့"





"ချစ်မင်းနော် နင် ငါ့ကို အရှမ်းမစနဲ့"

"ဟင် ဘယ်လိုဖြစ်တာတုန်း၊ ဒါ ဝမ်းသာစရာပါ အစ်မရဲ့၊ သူက အစ်မကိုရိုက်နေတာဆိုရင် ကျွန်တော်တို့ဆိုင်မှာ လာဝယ်နေမှာပဲလေ၊ အမြဲတမ်းဝယ်နေသူတစ်ယောက် ထပ်တိုးတာပေါ့လို့ ဟီး ဟီး"

ချစ်မင်းက မျက်နှာပိုးမသေစွာ ပြောနေပြန်သည်။ ကျွန်မမှာ ခေါင်းတခါခါ လုပ်ရပြန်၏။ ဒီကောင်လေးကြောင့်နဲ့ ကျွန်မမှာ တစ်နေ့လုံး အစခံအနောက်ခံနေရပါရောလားနော်။

■ ■ ■

"ဟေး"

နောက်ဘက်နားမှ ကိုယ့်ကိုလှမ်းခေါ်လိုက်သလိုမို့ ကျွန်မ မသိသောလေး လှည့်ကြည့်လိုက်မိသည်။

ဟင် နေဇော်။

"ခဏလေးစောင့်ပါဦးဗျ"

ကျွန်မကိုမှီလာစေရန် အပြေးတစ်ပိုင်း လှမ်းလာနေသည်။

"ဟူး တော်ပါသေးရဲ့ဗျာ၊ ကျွန်တော်က နောက်ကျနေပြီ ထင်နေတာ"

"ဘာကိုလဲ"

"ပြန်သွားပြီ ထင်နေတာ၊ ဒါတောင် နှိုးစက်ပေးပြီး မနည်းထသလာရတာနော်"

ကျွန်မ မျက်ခုံးလေးတွေ့ စုကျုံ့သွားရ၏။ မသိရင်ဘဲ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အတွက်နဲ့ပဲ သက်သက် သူ အစောကြီးထရသလိုလို။

"ဘာအတွက်နဲ့ မင်းက အစောကြီးထတာတုန်း"

"ပြောပြီးပြီလေ အစ်မ ပြန်သွားမှာစိုးလို့ပါဆို"

"ဟွန့် ဘာဆိုင်လို့တုန်း"

"ကျွန်တော် အစ်မပြန်တဲ့အချိန်ကို မှီအောင်လို့ စောင့်နေတာ

ဗျ"

"ကိစ္စရှိလို့လား"

"အစ်မကို အတူတူပြန်လိုက်ပို့ချင်လို့လေ"

ဖြည်းဖြည်းချင်း လျှောက်နေသော ကျွန်မ ခြေလှမ်းတွေ တုန့်ခနဲ ရပ်တန့်သွားရသည်။ နေဇော်မျက်နှာကိုလည်း စေ့စေ့ကြည့်လိုက်မိ၏။

"ဘာသဘောလဲ"

"ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်ဗျာ၊ အစ်မကို ကျွန်တော် သတိထားစောင့်ကြည့်နေမိတာ ကြာပြီ။ ဆိုင်ကိုလာတိုင်းရော သင်တန်းမှာရောပဲ အစ်မ ကြည့်ရတာ တစ်ယောက်တည်းနဲ့ အဖော်လို အပ်နေသလို ခံစားရတယ်"

"မင်း ဘယ်လိုပြောလိုက်တာလဲ"

"မဟုတ်ပါဘူး အထင်မလွဲပါနဲ့ဗျာ၊ အစ်မက တစ်ယောက်တည်းနဲ့ အရမ်းအထီးကျန်နေတယ်လို့ ကျွန်တော် မြင်မိတာပါ၊ ပြီးတော့ တစ်ခုမေးမယ်နော်"

"ဘာလဲ"





"အစ်မမှာ ရည်းစားလည်း မရှိဘူး မဟုတ်လား"

"ဘာ"

ကျွန်မ စိတ်လည်းတိုမိ ဒေါသလည်း ထွက်သွားမိသည်၊ ဘယ်လို ...ောင်လေးလဲ။ သူထင်ချင်ရာတွေပဲ စွတ်ပြောနေတော့တာပါလား။

"အစ်မ စိတ်ဆိုးသွားတာလား"

"ငါ့မှာရည်းစားရှိတော့ရော ဘာဖြစ်လဲ၊ မရှိတော့ရော ဘာဖြစ် ...ာ်"

"ပြောပြီးပြီလေ ကျွန်တော် ဒီလို ထင်ရတာက အစ်မကိုကြည့် ... သုံးသပ်ကြည့်တာပါ၊ တစ်ယောက်တည်းနဲ့ အရမ်းအထီးကျန်နေတဲ့ ...ပေါက်နေတယ်လေ၊ စက်ရုပ်တစ်ရုပ်လို အချိန်သတ်မှတ်ချက်ကြီးနဲ့ ...ထိုင်နေသလိုပဲ"

"ငါ့မှာ ရည်းစားရှိတယ်၊ ဒီလောက်ဆို ရပြီလား"

ကျွန်မ အဖြေစကားကြောင့် နေဇော်မျက်နှာ အနည်းငယ် ...က်သွားပေမယ့် ဒါကို မပေါ်လွင်အောင် သူ ချက်ချင်းထိန်းလိုက်နိုင်ပါ ...ည်။ အပြုံးတစ်ခုကို အစားထိုးပြီးတော့ပေါ့။

"အစ်မမှာ ရည်းစားရှိတယ်တဲ့လား၊ အင်းလေ ဒီအရွယ်မှာ ...စားရှိတာ မဖြစ်နိုင်တာမျိုးမှ မဟုတ်ဘဲ၊ ဒါပေမဲ့ အစ်မရည်းစားက ...မကို ဂရုမစိုက်ပါဘူး"

"ဟင် မင်း လွန်လာပြီနော်"

"ကျွန်တော် ပြောတာ မှားနေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် ဒေါသကြောင့် လက်သီးများကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။ ခြေလှမ်းများကိုလည်း ရှေ့သို့လှမ်းလိုက်၏။ ခပ်မြန်မြန် လျှောက်ပါသော်လည်း နေဇော်ကတော့ ဘေးကနေ ကပ်လျက်ပါလာမြဲသာ။

"ကျွန်တော် ပြောတာကို ဆုံးအောင် နားထောင်ပါဦး"

"မင်းပြောနေတာတွေက ဘာတွေမှန်းလဲမသိဘူး။ ငါ စိတ်မဝင်စားတော့ဘူး။ လူတစ်ယောက်ကို မဆီမဆိုင် အကဲခတ်နေတာကြီးကတော့ ကောင်းတဲ့အကျင့် မဟုတ်ဘူးနော်"

"အစ်မမှာ ရည်းစားရှိတာ မရှိတာက ကျွန်တော်နဲ့မဆိုင်ပါဘူး။ ကျွန်တော် ပြောချင်တာက ကျွန်တော့်ကို သူငယ်ချင်းတစ်ယောက်အနေနဲ့ လက်ခံပေးဖို့ပါ"

"သူငယ်ချင်း ဟုတ်လား"

"အင်း ဟုတ်တယ်၊ အစ်မမှာ ပြောစရာတွေ စိတ်ညစ်စရာတွေ ရှိရင် ကျွန်တော့်ကို ရင်ဖွင့်ပေါ့"

ကျွန်မမှာ လုပ်ဖော်ကိုင်ဖက်ဆိုတာကလွဲလို့ သူငယ်ချင်းဆိုတာမျိုး မရှိခဲ့တာတော့ အမှန်ပါပဲ။ ကျောင်းတက်တုန်းကတော့ မိန်းကလေးတစ်ယောက်နှစ်ယောက်လောက်နှင့် တွဲခဲ့ဖူးသော်လည်း စစ်မှန်သော ခင်မင်မှုမျိုးမဟုတ်ခဲ့ပါ။

ခုတော့ နေဇော်က သူငယ်ချင်းလုပ်ရအောင် တဲ့။

"ဘယ်လိုလဲ သဘောတူလား"





"ငါ စဉ်းစားမယ်လေ"

"ဟာကွာ သူငယ်ချင်းလုပ်ဖို့ကိုတောင် စဉ်းစားဦးမယ်တဲ့လား။ သူ့ကို ရည်းစားစကားပြောနေတာလည်း မဟုတ်ဘဲနဲ့"

မျက်လုံးကြီးပြူးပြီး ပြောလိုက်သော နေဇော့်အမူအရာကြောင့် ကျွန်မ ရယ်ချလိုက်မိသည်။

"အဲဒီလို ရယ်ပါ၊ အမြဲတမ်း ရယ်နေရင် သိပ်ကောင်းမှာပဲ၊ ကျွန်တော့်သူငယ်ချင်းတွေကို ပျော်နေတာပဲ မြင်ချင်တာဗျ"

"အောင်မာ ဘယ်သူက မင်းသူငယ်ချင်းလုပ်သေးလို့လဲ"

"မနောက်ပါနဲ့ ခုရယ်လိုက်တာက အသိအမှတ်ပြုလိုက်တာပဲ ဆို"

ကျွန်မ ဘာမှမတုံ့ပြန်တော့ဘဲ ဆက်လက်ရယ်နေမိတော့သည်။ နေဇော်ဆိုတဲ့ ကောင်လေးက ကျွန်မကိုပျော်အောင် လုပ်နိုင်တာတော့ သေချာနေပါပြီ။

"အခုအိမ်ထိ လိုက်ပို့မယ်နော်"

"အိမ်ထိတော့ လိုက်မပို့ပါနဲ့၊ လမ်းထိပ်ထိပဲ လိုက်ချင်လိုက် ဆာ"

"မရပါဘူး။ အိမ်ကိုသိအောင်ကို လိုက်ကြည့်ထားဦးမှာ၊ ဘာလဲ အိမ်ကလူကြီးတွေ သိသွားမှာစိုးလို့လား"

"လူကြီးတွေ အင်း ဟုတ်တယ် လူကြီးတွေ သိသွားမှာစိုးလို့"

"ဒါဆိုလည်း လမ်းထိပ်ထိ တူတူသွားမယ်၊ လမ်းထဲရောက်ရင်



www.burmeseclassic.com

အစ်မက ရှေ့ကလျှောက် ကျွန်တော်က နောက်ကနေ အသာလေးလိုက်ကြည့်မယ်လေ''

''ဘာလို့ ငါ့အိမ်ကို ဒီလောက်တောင် သိချင်နေတာတုန်း။ လာလည်ရင်တော့ ငါက မရှိဘူးနော်''

''သိပါတယ် ဒီတိုင်း သိထားချင်ရုံလေးပါ''

ပြောမရသည့်အဆုံး ကျွန်မလည်း ခေါင်းညိတ်လက်ခံလိုက်ရသည်။ လှေကားထဲရောက်တော့မှ သူ ရှိနေသေးလားလို့ မသိမသာ လှည့်ကြည့်မိတော့ ခင်လှမ်းလှမ်းကားအကွယ်လေးကနေ ကျွန်မကို နှုတ်ဆက် လက်လှမ်းပြ၏။

ကျွန်မအိမ်မှာလူကြီးတွေရှိနေသည့်အတွက် နိုးကြောင်နိုးဝှက် လုပ်နေသည့်ပုံမျိုးပါ။ ကျွန်မမှာ ရယ်ချင်စိတ်ကို မြိုသိပ်လျက် ပြန်လက်ပြ လိုက်ရသည်။

ဘယ်လိုကောင်လေးပါလိမ့်။ အတင်းကြီး လာရောနေတာပါ လား။ ဒါပေမဲ့ နေဖော်မျက်နှာပေါ်မှာ မရိုးသားသည့်အရိပ်အယောင်တွေ မတွေ့ရ။ ကောက်ကျစ်တတ်မည့်ပုံစံတွေလည်း တစ်စိုးတစ်စိမျှ မရှိ။

ကျွန်မ ယုံကြည်စွာ ပေါင်းသင်းလို့ရမည့် သူငယ်ချင်းတစ် ယောက် ဖြစ်လာမယ်ဆို ဘယ်လောက်များ ကောင်းလိုက်မလဲနော်။

■ ■ ■

အခုနောက်ပိုင်းဆို နေဖော်က သင်တန်းသို့လာတိုင်း ကျွန်မ အတွက် မုန့်တစ်ခုခု ဝယ်လာတတ်သည်။ တစ်ခါတလေဆို ဝေမှ





အတွက်တောင် စေတနာပိုပိုနှင့် ပိုဝယ်တတ်ခဲ့သေး၏။

ခုလည်း သင်တန်းချိန်မစခင် တော်တော်စောစောတည်းက ရောက်နေပြီး ကျွန်မတို့နှင့်အတူ ဝိုင်းဖွဲ့လျက် စကားလာပြောနေ၏။

''ဆိုင်ကနေ ပြန်လာတာနဲ့ ချက်ချင်းလိုလို သင်တန်းကို ပြန် ပြေးလာရတော့ မပင်ပန်းဘူးလား။ အိပ်ရေးရော ဝရဲ့လား''

''အဲဒါတွေက အရေးမကြီးပါဘူး။ အစ်ကိုက ငွေရှာနိုင်ပြီး အိမ်ပိုင်လေးတစ်လုံးလောက် ဝယ်နိုင်ဖို့ပါပဲ။ ရန်ကုန်မြို့ကြီးမှာ အိမ်ငှား အဝနဲ့ ရေရှည်ဆက်နေရင် မွဲသွားမှာပေါ့''

''ဟိုလေ မသိလို့မေးတာနော် စိတ်မဆိုးနဲ့။ အိမ်ကလူကြီးတွေ ရော ဘာမှမလုပ်ဘူးလား။ အိမ်နဲ့ပတ်သက်တဲ့ စရိတ်စကတွေအားလုံး ကို အစ်မတစ်ယောက်တည်း ရှာနေရတာလား''

နားထောင်သူသက်သက်လုပ်နေသော ဝေမှုန့်မျက်လုံးတွေက ကျွန်မထံသို့ အံ့သြတကြီး ရောက်လာ၏။ ကျွန်မက တစ်ကိုယ်တည်း သားဆိုတာ သိနေတော့ နေဖော်စကားကို အထူးအဆန်းဖြစ်သွားပုံပါပဲ။

''အိမ်ကလူတွေက အသက်ကြီးပြီလေ၊ ဒီတော့ ငါတစ်ယောက် တည်း ရုန်းကန်နေရတာပေါ့ဟာ''

စားပွဲအောက်ကနေ ဝေမှုန့်ပေါင်ကို တစ်ချက်လှမ်းကုတ်လျက် အချက်ပြရသည်။ ဘာရယ်မဟုတ် လိမ်လိုက်မိသောကိစ္စလေးတစ်ခုက ခိုင်းမှ ပေါ်သွားရင် ခင်မင်မှုသံယောဇဉ်တစ်ခုကို စော်ကားသလို ဖြစ်သွားမှာစိုးလို့ပါ။

www.burmeseclassic.com



"အင်းလေ ဒါကတော့ လုပ်ရမှာပဲပေါ့၊ ကျွန်တော်တောင် ဒီသင်တန်းကိုမတက်မဖြစ်လို့ လာတက်ထားရတာ၊ အရင်က လေနေခဲ့တာများတယ်၊ ဘာအလုပ်မှလည်း မယ်မယ်ရရ မလုပ်ချင်ခဲ့ဘူးလေ၊ ခုတော့ မမကိုကြည့်ပြီး ဒီတိုင်းကြီး မနေချင်တော့ဘူး၊ အလုပ်တစ်ခုခုတော့ လုပ်မှဖြစ်မယ်ဆိုတဲ့ အတွေးတွေ ဝင်လာတယ်"

နေဇော်က ကျွန်မကို အစ်မလို့တစ်မျိုး မမလို့တစ်သွယ် ခေါ်ချင်သလို ခေါ်တတ်သူဖြစ်သည်။ အခေါ်အဝေါ်အတွက်တော့ ကျွန်မစောဒက မတက်တော့ပါ။ ကျွန်မထက် နှစ်နှစ်ပဲငယ်တာလေ။ လူကောင်က ထွားတာမို့ မသိရင်တောင် ကျွန်မထက်အကြီးလို့ ထင်ချင်စရာရှိသည်။

"ခုလိုမျိုး ငါ့ကြောင့်နဲ့ နင့်မှာ အသိစိတ်လေးတစ်ခု ဝင်သွားတယ်ဆိုတော့ ဝမ်းသာမိပါတယ်၊ ကဲ သင်တန်းစတော့မယ်၊ ကိုယ့်နေရာကိုယ် ပြန်သွားထိုင်တော့"

"အိုကေ ညနေကျ ဆိုင်လာခဲ့မယ်နော်"

"ဝယ်စရာမရှိဘဲ မလာခဲ့နဲ့၊ ဘာမှဝယ်စရာမရှိတာကိုလည်း လာချင်စိတ်သက်သက်နဲ့ ပိုက်ဆံအလကားသက်သက် လာမဖြုန်းနဲ့ ကြားလား"

"မမက တကယ့်အဘွားကြီးပဲ"

တိုးတိုးလေး ရေရွတ်လျက် ထထွက်သွားသော နေဇော့်ကို ကျွန်မမှာ အသံတိတ်သာ ကျိန်ဆဲလိုက်ရတော့၏။





ညနေကျတော့ သူ တကယ်ရောက်လာပါသည်။ သွားတိုက်ဆေးနဲ့သွားပွတ်တံ လာဝယ်တာပါတဲ့။

"သုံးထောင့်နဲ့ ငါးဆယ်"

"ငါးဆယ် အကြွေးထားခဲ့မယ်၊ နောက်နေ့မှ လာပေးမယ်လေ"

"တမင်အကွက်ဆင်တာမဟုတ်လား"

ကျွန်မက မျက်လုံးလေးထောင့်ကပ်ပြီး မေးလိုက်လျှင် သူက ရယ်ကျဲကျဲနှင့်သွားဖြဲပြ၏။

"ငါးဆယ်လျှော့ပေးလိုက်မယ် ဟုတ်ပြီလား။ အကြွေးမဟုတ်ဘူးနော်၊ နောက်နေ့လာပေးဖို့မလိုဘူး"

နေဇော်ဖြစ်သွားသော မျက်နှာရှုပ်ပုပ်ကိုကြည့်ပြီး ရယ်ချင်စိတ်ကို အောက်နှုတ်ခမ်းများအား ဖိကိုက်လျက် ထိန်းချုပ်ထားလိုက်ရသည်။

"အဲဒါ တမင်ညစ်တာ"

"ဟင် နင်တောင် တမင်ညစ်သေးတာပဲဟာ"

"တော်ပြီ တကယ်တင်းသွားပြီ"

ဘောက်ဆတ်ဆတ်နှင့် ဆိုင်ထဲမှ ထွက်သွားသည်။ သူ ဝယ်ထားသော ပစ္စည်းထုပ်ကိုလည်း ယူမသွား။ ပိုက်ဆံတစ်ထောင်တန်သုံးရွက်ကတော့ ကောင်တာပေါ်တင်လျက်သား။

ကျွန်မ တမင်ပင် လိုက်မပေးဘဲ နေလိုက်သည်။ ဖုန်းထဲသို့နေဇော့ စာတိုလေးတစ်စောင် ပို့လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



''ညဘက်သွားမတိုက်ဘဲ အိပ်မလို့လား' လို့လေ။

ဆယ့်ငါးမိနစ်လောက်နေတော့ ပြန်စာလေးတစ်စောင် ရောက်လာပါသည်။ 'ကိုယ့်ဘာသာ အာပုပ်တာ ခင်ဗျား လာရှူနေရလို့လား' တဲ့။

အသံလေးများထွက်အောင်ပင် ရယ်မောလိုက်မိပါသည်။ ခပ်လှမ်းလှမ်းမှာ ရှိနေသော ချစ်မင်းက လှမ်းကြည့်လိုက်သဖြင့်သာ ကျွန်မ အရှိန်သတ်လိုက်နိုင်ခြင်း ဖြစ်သည်။

မနက်အလုပ်ပြန်တဲ့အချိန် သူနဲ့တွေ့တော့မှပဲ ပေးလိုက်ပါတော့မည်။ မှတ်မှတ်ရရပင် အထုပ်လေးကို ကျွန်မ စလင်းဘတ်အိတ်ထဲသို့ ထည့်ထားလိုက်၏။

သို့သော် ကျွန်မ အထင်လွဲသွားပါသည်။ အရင်ဆို မနက်ဘက် အိမ်ပြန်ချိန်တိုင်း လေကားရင်းလေးကနေ စောင့်ကြိုကာ လမ်းထိပ်ထိ အတူတူပြန်လိုက်ပို့ပေးတတ်သော နေဇော့်အရိပ်အယောင်ကို ဒီမနက်တော့ တစ်စိုးတစ်စိမှပင် မမြင်မတွေ့ရပါ။

ဘာမဟုတ်တာလေးနှင့် နေဇော်က ကျွန်မကို စိတ်ဆိုးသတဲ့လား။ သူ ရှိနေမည်ထင်သည့် အထပ်လေးဆီသို့ ကျွန်မ မော့ကြည့်လိုက်သေးသည်။ တိတ်ဆိတ်နေသော ဝရန်တာမှာ သူ့အင်္ကျီလက်ရှည်လေး တစ်ထည်လှမ်းထားတာကလွဲလို့ ဘာမှရှိမနေပါ။

■ ■ ■

''ပြန်လာပြီလား''

လှေကားရင်းမှာ ရပ်ထားသော ကားတစ်စီးပေါ်ကနေ ဆင်းလာ





လျက် ဉာဏ်ထက် မေးသည်။ သူ့ကိုရုတ်တရက် မြင်လိုက်ရလို့ ကျွန်မ ရင်တုန်သွားမိတာတော့ အမှန်ပါပဲ။ တစ်လမ်းလုံး နေဇော့်အကြောင်း စဉ်းစားရင်း လျှောက်လာတာမို့လည်း ကိုယ့်ဘာသာ လိပ်ပြာမလုံ ဖြစ်သွားမိသေး၏။

အို ဘာဆိုင်လို့လဲ။ နေဇော်က ကျွန်မရဲ့သူငယ်ချင်း။ စရင်းနောက်ရင်းနဲ့ စိတ်ဆိုးကြတာပဲ၊ ဒီအတွက် ကျွန်မ စိတ်မကောင်းဖြစ်ကာ တစ်လမ်းလုံး တွေးလာမိခဲ့တာပဲလေ၊ ဘာကိုလိပ်ပြာမလုံ ဖြစ်နေရမှာလဲ။

''ရောက်နေတာ ကြာပြီလား''

''ဟင့်အင်း မကြာသေးဘူး၊ ခုပဲ မင်းလျှောက်လာနေတာကို ထမ်းထိပ်နားမှာ လှမ်းတွေ့လိုက်လို့ မတက်တော့ဘဲ စောင့်နေတာ''

''သြော် ဟုတ်လား၊ လာလေ''

''အပြင်မှာ တစ်ခုခုသွားစားကြမလား''

''ကျွန်မ နည်းနည်းလောက် နားချင်နေလို့ပါ''

''ကားထဲမှာ နားပေါ့''

ကျွန်မ ငြင်းလို့မရအောင် ဘယ်နည်းနဲ့မဆို သူ ပြောဦးမှာမှန်း သိနေသည်မို့ အသာတကြည်ပင် ကားထဲ ဝင်ထိုင်လိုက်၏။ ဒီမနက်တော့ ကျွန်မ နားနားနေနေလေး နေချင်မိတာ အမှန်ပါပဲ။

သူက ကားကို ကန်တော်ကြီးတစ်ပတ် မောင်းလိုက်၏။

''အထဲဝင်ဦးမလား''

''ဟင့်အင်း မဝင်ချင်ဘူး၊ ဒီတိုင်းပဲ မောင်းပါ၊ ဒါနဲ့လေ ရှင့်



www.burmeseclassic.com

www.burmeseclassic.com



အဲကွန်းကို ပိတ်လိုက်ပါလား၊ ကျွန်မ ပြတင်းမှန်ချချင်လို့ မနက်စောစောလေက လတ်ဆတ်တယ်လေ''

ကျွန်မ တောင်းဆိုသည့်အတိုင်း အဲကွန်းကိုပိတ်လိုက်ကာ မှန်များကိုလည်း ချပေး၏။ ကားမောင်းနေရင်းနှင့် ကျွန်မမျက်နှာကို တစ်ချက်လှမ်းကြည့်သည်။

''မင်းကို ဒီနေ့ကြည့်ရတာ သိပ်ပင်ပန်းနေသလိုပဲ၊ တစ်ရက်လောက် နားလိုက်ပါလား''

''မဖြစ်ပါဘူး၊ နားရက်က နောက်နှစ်ရက်လောက် လိုသေးတယ်''

''ဘာဖြစ်လဲကွာ၊ မင်းတကယ့်နားရက်ကျမှ အစားပြန်ဆင်းပေးလိုက်ပေါ့''

''မဖြစ်ဘူးနဲ့တူပါတယ်၊ ဝေမွန့်ကိုလည်း အားနာတယ်''

''မင်းဟာကလည်းကွာ ဒီလိုနဲ့ပဲ ကျန်းမာရေး ထိခိုက်တော့မယ်၊ ငါပြောသလို လုပ်၊ ဒီနေ့ နားလိုက်တော့၊ ငါလည်း ဒီနေ့နားတယ်၊ တို့နှစ်ယောက် တစ်နေရာရာမှာ အပန်းသွားဖြေကြမယ်လေ''

''တကယ် ရှင် တကယ်အလုပ်နားတယ် ဟုတ်လား''

ကျွန်မမှာ အံ့သြတကြီးနှင့် သူ့မျက်နှာကို ပြုံးတူးပြုံတဲကြည့်လျက် မေးမိသည်။

''ဟော့ကောင် ဘာတွေဒီလောက် ကြည့်နေတာလဲ''

''မယုံနိုင်လို့လေ''





''ကဲပါ ပြောသလိုသာလုပ် ဟုတ်ပြီလား''

ဒီလိုဆိုတော့လည်း ဒီနေ့ကို နားလိုက်ဖို့ ကျွန်မ ဝန်မလေးတော့တာ အမှန်ဖြစ်သည်။ ထူးထူးခြားခြားပင် ဉာဏ်ထက်ကိုယ်တိုင်ကတောင် ဆောင်းဆိုနေခဲ့တာ မဟုတ်လား။ ချက်ချင်းပင် ဝေမွန့်ထံသို့ ဖုန်းခေါ်လိုက်၏။ ဝေမွန့်ကိုတော့ နည်းနည်းလိမ်ရတာပေါ့လေ၊ ခေါင်းတွေကိုက်လွန်းဦး အိပ်ရာထဲမှာပဲ လဲနေပြီပေါ့ ဆိုပြီးလေ။

''လိမ်မာတယ် အဲဒါကြောင့် ချစ်တာ''

ဝေမွန်နဲ့ပြောပြီး ဖုန်းချလိုက်သည်နှင့် သူက ကျွန်မခေါင်းလေးကို တစ်ချက်လှမ်းပုတ်ပြီး ပြောသည်။ ဂီယာတိုင်ကို ပြန်ကိုင်လိုက်သောသူ့လက်တစ်ဖက်ပေါ်သို့ ကျွန်မလက်များဖြင့် အုပ်ကိုင်ထားလိုက်၏။ ဘာ့တော့လည်း ကျွန်မတို့နှစ်ယောက်က တကယ့်ချစ်သူတွေလိုပဲ မဟုတ်လား

''ဘယ်သွားမှာလဲဟင် ဉာဏ်ထက်၊ ကျွန်မ အဝတ်တွေဘာတွေပြန်လဲလိုက်မယ်လေ''

''ပြန်မလဲနဲ့၊ လမ်းမှာဝယ်ပေးမယ်၊ သွားမှာကတော့ ချောင်းသာကို''

''ဘာ ဒီလောက်အဝေးကြီး''

''ဘာမှမဝေးပါဘူးကွာ၊ နေ့ချင်းပြန်လို့တောင် ရပါတယ်''

''ဒါပေမဲ့ ကျွန်မ ညနေလည်း ဆိုင်ပြန်ဝင်ရဦးမှာလေ''

''ဆိုင်ကိုလည်း ဒီနေ့ မေ့ထားလိုက်တော့၊ ဒီတစ်နေ့လုံး မင်း



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲမှာ ဉာဏ်ထက်တစ်ယောက်တည်းကိုပဲ ထည့်ထားလိုက် ကြား လား"

စိတ်ထဲမှာ နည်းနည်းတော့ မတင်မကျ ဖြစ်သွားမိတာအမှန်။

"ဉာဏ်ထက် ရှင် ဒီနေ့မှ ထူးထူးဆန်းဆန်း ဘာတွေဖြစ်နေ တာလဲ၊ ပုံမှန်တော့ မဟုတ်ဘူးနော်"

"ပုံမှန်ပါပဲ၊ မင်းကို ငါက ဘယ်တော့မှ ဂရုမစိုက်ဘူးလို့ အထင် မခံချင်လို့လေ"

"ဟင် ရှင့်ဟာကလည်း ခုမှ ဖြုန်းစားကြီး"

သူက ကားမောင်းနေရင်းနှင့် ရယ်မောနေခဲ့ပါသည်။ ပြည့်လမ်း ပေါ်မှ ရှော့ပင်းမောလ်တစ်ခုမှာ မနက်စာလည်း စားရင်း ကျွန်မအတွက် လိုအပ်သည့်အဝတ်အစားတွေနှင့် ဖိနပ်တို့ကို ဝယ်ပေးသေးသည်။

ခုလိုကျတော့လည်း ကျွန်မကို စိတ်ဆိုးသွားသည့် နေ့ဖော်ထံသို့ အာရုံက နည်းနည်းမှကို မလွင့်ပျံ့တော့ပေ။ ထူးဆန်းပေစွ။

■ ■ ■

## အခန်း (၃)

ဘန်ဂလိုအပြင်ဘက်သို့ ထွက်လိုက်သည်နှင့်၊ ညနေစောင်း နေဝင်ချိန်ရဲ့လှပမှုနောက်ခံနှင့် ပင်လယ်ပြင်ကြီးက ကျွန်မတို့နှစ်ယောက် ကို ဆီးကြိုနေခဲ့သည်။ ဘယ်လောက်တောင် လှပလိုက်သည့်မြင်ကွင်းပါ လိုး။ သောနားမှာ ချစ်တဲ့သူ ရှိနေတော့ ဒီမြင်ကွင်းဟာ ပိုလို့တောင် အဓိပ္ပာယ်ရှိနေပါသေးသည်။

"ရေထဲဆင်းကြရအောင်"

"အို ကျွန်မမှ ရေမကူးတတ်တာ"

"ငါရှိတယ်လေ၊ ဘာကိုကြောက်နေတာလဲ"

"ကြောက်တာပဲပေါ့၊ ပင်လယ်ကြီးက ဒီလောက် အကြီးကြီးကို"

"ဒီလောက် ကြောက်နေရင် လာ"

ကျွန်မ ကိုယ်လုံးလေးကို ဇွေ့ခနဲ ပွေ့ယူလိုက်လျှက် သူက



www.burmeseclassic.com

www.burmeseclassic.com



သဲသောင်ပြင်ဆီ ဆင်းလိုက်သည်။ အပေါ်ပိုင်း ဗလာကျင်းထားသော သူ့ခန္ဓာကိုယ်ဖွံ့ဖြိုးမှုဟာ ယောက်ျားပီသစွာ လှပမှန်း ကျွန်မ ခဏခဏ မြင်ဖူးနေပါလျက် ခုမှလာပြီး ရင်ခုန်သံတွေ ပိုမြန်နေမိသည်။

"ဥက္ကာထက် အောက်ချပေးကွာ၊ သောင်ပြင်မှာလူတွေအများကြီးပဲကို"

"လူတွေများတော့ ဘာဖြစ်လို့လဲ"

"ဟာ ရှင်နော်၊ ကျွန်မ ရှက်လို့ပေါ့"

"မချပေးပါဘူး"

ဥက္ကာထက်သည် ပြောလျှင်ပြောသည့်အတိုင်း ခေါင်းမာတတ်သည့်နည်းတူ ကျွန်မကို တကယ်ပင် မချပေးပါ။

ကျွန်မ ရှက်ရှက်နှင့်ပင် သူ့ရင်ခွင်ထဲမှာ မျက်နှာကိုဖွက်ထားမိတော့သည်။

ရေစပ်နားရောက်တော့မှ သူ့ရဲ့သန်မာသော လက်များဆီကနေ ကျွန်မကို လွှတ်ချပေးလိုက်သည်။ အသက်ကယ်ဘောကွင်းတစ်ခုကို သူက ငှားရမ်းလိုက်ပြီး ကျွန်မကို တက်ထိုင်စေ၏။ သူက အဲဒီဘောကွင်းကို ကိုင်လျက် ရေထဲခပ်ဝေးဝေးထိ ဆွဲသွားသည်။

ကမ်းနဲ့တဖြည်းဖြည်းဝေးလာတော့ ကျွန်မမှာကြောက်လိုက်တာ။ လှိုင်းတွေကလည်း နောက်ကျောဘက်ကနေ တဝုန်းဝုန်းအသံတွေပေးပြီး ဘောကွင်းကို ဝင်ဝင်ဆောင့်နေကြတာ။

"ဥက္ကာထက် ကျွန်မ ကြောက်တယ်၊ သောင်ပြင်ကို ပြန်ရ





ဆောင်နော်၊ ပြန်ရအောင်လို့"

"ဘာဖြစ်လို့လဲ ဒီမှာ ငါတစ်ယောက်လုံး အသေမှာပါနေတာကို"

သူကတော့ ရွှေသို့သာ ဆက်သွားနေ၏။ တစ်ချက်တစ်ချက် ပြင်းပြင်း ရိုက်လိုက်သော လှိုင်းလုံးမျိုးဆိုရင် ကျွန်မ ခန္ဓာကိုယ်လေးက ဘောကွင်းထဲကနေပင် လွင့်ထွက်ပြုတ်ကျသွားတော့မယောင်။

"မရတော့ဘူး ဥက္ကာထက် ကျွန်မ တကယ်ကြောက်နေပြီ၊ ဆောဘူးလို့ ပြန်ရအောင်နော် အ ဂူ ဟူး"

လူက တည်ငြိမ်မှုမရှိတော့ဘဲ လှုပ်လှုပ်ရမ်းရမ်း ဖြစ်နေပြီမို့ လုံးတစ်ချက်ထပ်အရိုက်မှာ ဘောကွင်းထဲကနေ ကျွန်မ လွင့်ကျသွား ဝင်လယ်ရေငန်ကျိုကျိုများကလည်း ပါးစပ်ထဲ အလုံးအရင်းနှင့် ဝင်သည်။ ငန်လိုက်သည့်ဖြစ်ခြင်း။

ရေထဲသို့ လွင့်ကျသွားသော်လည်း ဟိုးအောက်သို့ ရောက်မသွား ဥက္ကာထက်ရဲ့သန်မာသော လက်ချောင်းများက ကျွန်မချိုင်းအောက် ဆွဲမထားလို့ပါပဲ။

"လာ လာ မင်း ဒီလောက်ကြောက်နေရင်လည်း သောင်ပြင်ပဲ ပြန်ကြတာပေါ့"

သူ့ဆွဲခေါ်ရာနောက် အသာအယာမျောလိုက်ရင်းဖြင့် ကျွန်မတို့ ပြန်ရောက်လာကြသည်။ သူက ရေစပ်လေးမှာ ခြေဆင်းလျက် ပန်းပန်း ထိုင်ချပစ်လိုက်၏။ ကျွန်မလည်း ခုမှပင် အသက်ကို သင် ရှူလိုက်ရသည်မို့ အားမရှိတော့သော ခြေထောက်များကို



www.burmeseclassic.com

www.burmeseclassic.com



ဖျောခွေချလျက် သူ့ပေါင်ပေါ်တွင် ခေါင်းတင်လျက် လှဲချပစ်လိုက်သည်။

သက်တောင့်သက်သာနှင့် ကြည့်နေရသော မျက်စိရှေ့မှ မြင်ကွင်းက လှလိုက်တာ။ အဆုံးမရှိကျယ်ပြန့်သော မိုးကုတ်စက်ဝိုင်း ဝေးလံလွန်းသော လှိုင်းသံရေသံများဖြင့် သက်ဝင်လှုပ်ရှားနေသော ပင်လယ်ပြင်ကြီး။

ပင်လယ်ကြီးဟာ ဒီလောက်တောင်ပဲ လှပလွန်းသတဲ့လား။

"အရမ်းလှတာပဲနော်"

"မင်းကိုယ့်ကို ကျေးဇူးတင်နေပြီမဟုတ်လား"

"ဟုတ်ပါတယ်ရှင် ကျေးဇူးအများကြီး တင်ပါတယ်"

"တစ်ခါတလေတော့လည်း ခုလိုမျိုးလေး စိတ်ကိုအနားပေးရတယ်ကွ၊ ကိုယ့်ကိုယ်ကိုယ်မှ မချစ်ရင် ဘယ်သူမှ ပိုချစ်နိုင်မှာမဟုတ်ဘူး"

ဟုတ်တယ်နော်။ လူဆိုတာ ကိုယ့်ကိုယ်ကိုယ်သာလျှင် အချစ်တတ်ကြဆုံးပါပဲ။ ဒါပေမဲ့ ကျွန်မကျတော့ ဘာဖြစ်လို့များ ကိုယ့်ကိုယ်ကိုယ် ဂရုမစိုက်နိုင် ဖြစ်နေခဲ့ရတာလဲ။ ငွေဆိုတာက ကျွန်မအတွက် သိပ်အရေးတကြီး လိုအပ်နေခဲ့ရတာလဲ။

ဒါကတော့ တစ်ယောက်တည်း ရုန်းကန်ရသည့် လူအချင်းချင်းသာ ကိုယ်ချင်းစာနိုင်မှာပါပဲလေ။

"ကဲ မင်းအအေးပတ်နေဦးမယ်၊ ဟိုတယ်ပြန်ရအောင်"

"အင်း လေက နည်းနည်းအေးလာတယ်နော်၊ ဒါပေမဲ့ ကျွန်မ





ပြန်ချင်သေးဘူး"

"ဘာလဲ အလာတုန်းကလိုပဲ ပြန်ခေါ်သွားပေးရမှာလား"

"ဟာ ဉာဏ်ထက်နော်၊ ပြန်မယ် ပြန်မယ် သိလား လူကို အညှိမ်းခြောက်နေတယ်"

"ဟာ ဟော့ စောင့်ဦးလေ၊ ခြေသံ ခက်တော့တာပဲ"

ကျွန်မက ဖိုးဖိုးဖတ်ဖတ်နှင့်ပင် သူ့ထက်တောင် အရင် ရှေ့မှ ခင်သွက်သွက်ထထွက်လာလိုက်တာမို့ သူ အပြေးတစ်ပိုင်းနှင့် လိုက်လာခဲ့သည်။

အမြဲတမ်း ဒီလိုလေးသာ သူနဲ့တူတူ ပျော်ပျော်ရွှင်ရွှင် ရှိနေရမယ်ဆို ဘယ်လောက်တောင်များ ကောင်းလိုက်မလဲနော်။

■ ■ ■

"မင်းရဲ့အချစ်တော်ကြီး အခြေအနေရော ကြားသေးလား"

ရင်ခွင်ထဲမှာ ဖက်ထားရင်းကနေ ဉာဏ်ထက်ထံမှ ထွက်လာသော မေးခွန်းကြောင့် ကျွန်မ နည်းနည်းစိတ်ရှုပ်သွားသည်။

"ကျွန်မ အဲဒီအကြောင်းတွေကို မရှိသလို မေ့ထားလိုက်ပြီလေ"

"မင်းမေ့ထားလို့ ဖြစ်မလားကွ၊ အဲဒီပိုင်ဆိုင်မှုတွေအားလုံးက မင်းနဲ့ဆိုင်တာလေ မင်းပိုင်တာတွေလေ၊ မင်းအဖေက ထားရစ်ခဲ့တဲ့ အမွေတွေလေ"

"တော်ပါတော့ရှင် သူတို့လည်း နေသားကျနေပြီ၊ ကျွန်မလည်း



www.burmeseclassic.com

www.burmeseclassic.com



နေသားကျနေပြီဆိုတာ ရှင်သိရဲ့သားနဲ့''

''တကယ်တော့ မင်းကိုယ်မင်း အလုပ်တွေ တရစပ်ခိုင်းပြီး ခုလို ပင်ပန်းနေတာမျိုးကို ငါ မကြည့်ချင်ဘူး။ အထူးသဖြင့် မင်းရမယ့် ပစ္စည်းဥစ္စာတွေနဲ့ မဆီမဆိုင်လူတွေ ကောင်းစားနေတာကိုလည်း ငါ မမြင်ချင်ဘူး''

''မဆီမဆိုင်တော့ မဟုတ်ပါဘူးလေ၊ သုဇေတော့ ရှိနေတာပဲ''

''မင်းမောင်က ဘာမှသိတာမဟုတ်ဘူး။ မင်းမိထွေးလက်အောက်မှာ လုံးဝကို ချုပ်ကိုင်ခံထားရတာ''

''ဒါလည်း သူတို့သားအမိချင်းကိစ္စပါ''

''မင်းက တကယ်နေနိုင်တယ်ပေါ့လေ''

''နေနိုင်လို့ ကျွန်မ နေနေတာပဲ၊ လုံးဝတောင် မေ့လုနီးပါးပါပဲ ရှင်သာ ခုမှ ဘာထဖြစ်တာတုန်း''

ကျွန်မလေသံက အနည်းငယ် ဘောက်ဆတ်ဆတ်ဖြစ်သွားတာမို့ ဉာဏ်ထက်က သက်ပြင်းကိုချလိုက်ပြီး ကျွန်မမျက်နှာကို သေသေချာချာ ငေးစိုက်ကြည့်သည်။

''မင်းမောင်က အခုလုပ်ငန်းကို စပြီးဦးစီးနေတယ်၊ ဒါပေမဲ့ နောက်ကွယ်က ကြိုးကိုင်ထားတာကတော့ ဒေါ်သဇင်ခက်ပါပဲ၊ ဟိုတစ်နေ့ကပဲ ကိုယ့်ဆီမှာ ရှယ်ယာဝင်ဖို့ ကမ်းလှမ်းလာကြတယ်လေ''

''ဟင် ဟုတ်လား ရှင်အဆင်ပြေမယ်ဆို ကူညီပေးလိုက်ပါနော်''

''မင်းပိုင်ဆိုင်တာတွေကို ဒီမိန်းမကြီးက လက်ဝါးကြီးအုပ်လုထားတာတောင်မှ မင်းက စေတနာထားနေသေးတာလား''

''ဒီမိန်းမကို မဟုတ်ပေမယ့် ကျွန်မမောင်လေး ရှိနေတယ်လေ၊ သူ့အသက်က ခုမှ နှစ်ဆယ်တောင်မပြည့်သေးတာ၊ ဘာကိုကောင်းကောင်းနားလည်ပါ့မလဲ''

''အေးပါ ငါအတတ်နိုင်ဆုံးတော့ ကူညီလိုက်ပါ့မယ်၊ မင်းကိုတော့ တကယ်ပဲ အံ့လည်းသြတယ်၊ ချီးလည်းကျူးပါတယ် သိလား''

သက်ပြင်းလေးတစ်ချက်ကို သူ မသိအောင် ခိုးချလိုက်ရသေးသည်။

''ကဲပါ အဲဒါတွေ မပြောချင်ဘူးကွာ''

''ဒါဆို ဘာလုပ်ချင်လဲ ပြော''

''ပြောမှသိမှာလား''

ကျွန်မက မျက်လုံးလေးထောင့်ကပ်လျက် မှုန့်မှုန့်ဆိုလိုက်လျှင် သူက ကျွန်မကိုယ်လုံးလေးကို ပိုလို့တင်းကျပ်နေအောင် ဖက်ထားလိုက်သည်။

ခုလိုမျိုး ရှားရှားပါးပါး ရလာသော နှစ်ယောက်အတူ ကြည်ကြည်နူးနူး ကုန်ဆုံးရမည့်အချိန်လေးတွေကို စိတ်ညစ်ပူလောင်စရာများကြောင့် မကုန်သွားစေချင်တာတော့ အမှန်ပါပဲ။

ဒီလိုညမျိုးလေးကို ရင်ခုန်သံများဖြင့်သာ အလှဆင်ချင်သည်။ ဆိုလိုက်မောမှုများဖြင့်သာ ပြည့်နှက်နေစေချင်သည်။ တစ်ယောက်ကိုတစ်ယောက် လွတ်ထွက်သွားမှာ စိုးရိမ်စိတ်များဖြင့် ပွေ့ဖက်ထားမြဲထားသာ ဖြစ်နေစေချင်သည်။



www.burmeseclassic.com

အဲဒီဆန္ဒတွေကို သူက ကျွန်မအတွက် ဖြည့်ဆည်းပေးခဲ့ပါသည်။

■ ■ ■

အပြင်မှာ လေပြင်းများတိုက်လျက် အုန်းလက်တို့ရဲ့အချင်းချင်း ရိုက်ခတ်သံများကြောင့် ကျွန်မ ဖြတ်ခနဲ လန့်နိုးသွား၏။ ဘေးနားမှာ သူ မရှိတော့။ စားပွဲပေါ်မှာ တင်ထားသော ဖုန်းလေးကို ထုတ်ကြည့် လိုက်တော့ မနက်လေးနာရီပင် ထိုးနေပြီ။ ဒီအချိန်ကြီး သူ ဘယ်ရောက် သွားပါလိမ့်။

သန့်စင်ခန်းသဲမှာလည်း ရှိမနေပါ။ ညဝတ်အင်္ကျီလက်ပြတ်ပါး ပါးလေးပေါ်ကနေ အနွေးထည်ထူထူတစ်ထည်ထပ်လျက် အပြင်ထွက်ရန် ကျွန်မ ပြင်ဆင်ရသည်။ ဘန်ဂလိုအပြင်ဘက်မှာ မှောင်မည်းနေသော လျက် လေတွေကလည်း တော်တော်ပြင်းပြင်းကို တိုက်ခတ်နေခြင်းဖြစ်၏။ လှိုင်းလုံးတွေ တစ်လုံးပြီးတစ်လုံး သောင်ပြင်မှ ကျောက်ဆောင်များကို လာရိုက်ခတ်သံတွေက ကြောက်မက်ဖွယ်ပင် ကောင်းနေသေးတော့သည်။

လှသူရှင်းလင်းနေသော ကမ်းခြေတွင် ဟိုးရေစပ်နားမှာ မတ် မတ်ရပ်နေသော လူရိပ်တစ်ခု။ အဖြူရောင်ဘောင်းဘီတိုနှင့် ရည်သော အင်္ကျီဆင်စွယ်ရောင်လေးကို ဝတ်ဆင်ထားတာမို့ အမှောင်ထဲမှာ သူ့ ပုံရိပ်က ထင်းနေခြင်းဖြစ်သည်။

ကြည့်စမ်း အလင်းရောင်တောင် မထွက်သေးခင် ဒီလိုအချိန် မျိုးမှာ သူက ကမ်းစပ်ကို ဘာထွက်လုပ်တာတဲ့တုန်း။ ကျွန်မ တဖြည်း ဖြည်းချင်း အနားသို့ တိုးကပ်သွားလိုက်၏။





"ငါ အလုပ်ကိစ္စနဲ့သွားနေရတာလို့ ပြောပြီးပြီမဟုတ်လား။ သောက်ပိုပြီး ဆိုးမလာနဲ့နော်"

သူ ဖုန်းပြောနေတာပဲ။ ဒါလည်း အံ့ဩစရာပါပဲ။ ဒီလိုအချိန်ကြီး မှာ ဘယ်သူနဲ့ ဖုန်းပြောဆိုနေတာလဲ။ ကျွန်မ စိတ်ဝင်စားသွားပါသည်။

"မပြောတတ်ဘူး။ ဒီမနက်လည်း ပြန်ဖြစ်ချင်ပြန်ဖြစ်မယ်"

စကားပြောရင်းတန်းလန်းနှင့် နောက်ဘက်သို့ လှည့်လိုက်သော သူ့မျက်လုံးတွေက သူ့နောက်တည့်တည့်မှာ ရပ်နေသော ကျွန်မကိုမြင် တော့ မြူးကျယ်ဝိုင်းစက်ကုန်သည်။ ဖုန်းကိုလည်း ချက်ချင်းချပစ်လိုက်၏။

"မင်း ဘာထွက်လုပ်တာလဲ၊ ဒီလောက် လေတွေတိုက်နေတာ ကို"

"ရှင်ကရော ဒီအချိန်ကြီး ဘယ်သူနဲ့ ဖုန်းတွေပြောနေတာလဲ"

"ငါ့ဒရိုင်ဘာပါ။ သူ့ကိုပေးထားတဲ့ ကားကို တိုက်လိုက်တယ်တဲ့ လေ။ အဲဒါ ငါ့ဆီ ဖုန်းလှမ်းဆက်နေတာ"

ဘာလို့မှန်းမသိပါဘဲ အဲဒီစကားကို သူ့အကြောင်းပြချက်တစ်ခု အတိုင်းသက်အနေနဲ့သာ ကျွန်မ လက်ခံပေးနိုင်ခဲ့သည်။ ရင်ထဲက သံသယ တွေ ခိုင်လောင်းသံတွေက အပြင်က လှိုင်းသံလေသံတွေထက် ဘာလို့များ ကျယ်လောင်နေရတာပါလိမ့်။

"လာ ပြန်မယ် ဒီလောက်အေးနေတာကို ပြန်အိပ်လိုက်ဦး"

ကျွန်မ လက်တစ်ဖက်ကိုလှမ်းဆွဲလျက် ဘန်ဂလိုဆီ သူ ပြန် လျှောက်လာသည်။ ကျွန်မတို့နှစ်ယောက်ရဲ့စိတ်ပြေလက်ပျောက်ခရီးလေး



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဒီဖုန်းလေးတစ်ခုကြောင့်နဲ့တင် အသက်မပါတော့ဘူးလို့ ဘာလို့များ ကျွန်မ တွေးမိနေရတာလဲ။ ကျွန်မကိုက အသည်းအသန်တွေ ဖြစ်လွန်း နေတာနဲ့တူပါရဲ့။

သူ ပြောပြီးသားပဲလေ။ သူ့ဒရိုင်ဘာလေး အခက်အခဲဖြစ်နေလို့ လှမ်းဆက်သော ဖုန်းပါဆိုတာ။ အဲဒါကို ကျွန်မက ဘာလို့ မယုံသင်္ကာ ဖြစ်နေမိတာလဲ။ ကျွန်မက တကယ့်ကို အဆိုးမြင်ဝါဒီသမားတစ်ယောက် ဖြစ်နေခဲ့တာလား မသိတော့ပါ။

ခုတင်ပေါ် ပြန်ရောက်တော့ သူက ကျွန်မတစ်ကိုယ်လုံး နွေး ထွေးသွားအောင် စောင်လွှမ်းခြုံပေး၏။

"ရှင်ရော ပြန်မအိပ်တော့ဘူးလား"

"အိပ်မှာပါကွာ၊ မင်းကိုအအေးပတ်မှာစိုးလို့ နွေးနွေးထွေးထွေး လုပ်ပေးနေရသေးတယ်လေ"

တွေ့လား။ ကျွန်မချစ်သူက ဘာတွေများ သိသယဝင်စရာ ဖြစ်နေလို့လဲ။ အရင်က ဂရုမစိုက်ခဲ့ရင်နေ ဒီခရီးစဉ်လေးအတွင်းမှာတော့ သူ ကျွန်မကို အတတ်နိုင်ဆုံး ဂရုတစိုက် ကြင်နာပေးခဲ့တာပဲလေ။

ခုနက အဆိုးမြင်သဘောနှင့် လျှောက်တွေးမိခဲ့တာတွေအတွက် စိတ်ထဲကပင် တောင်းပန်လိုက်ပါသည်။

ကျွန်မကို ခွင့်လွှတ်ပါနော်။

■ ■ ■

မနက်စောစော ခြောက်နာရီလောက်မှာ ကျွန်မတို့နှစ်ယောက်





သား ဟိုးခပ်လှမ်းလှမ်းက စေတီလေးဘက်ဆီ လမ်းလျှောက်ထွက်ဖြစ် သည်။ ခရုကောက်နေသော ကလေးငယ်လေးတွေ တုတ်ထိုးထားသော ငါးလယ်စာလိုက်လံရောင်းချနေသည့် ကလေးလူကြီးတွေနှင့် ကမ်းခြေ သည် ဘယ်အချိန်တည်းက အသက်ဝင်လှုပ်ရှားနေခဲ့မှန်းမသိ။

"ပုစွန်ကင် စားရအောင်"

"ဟင် ခုပဲ ဟိုတယ်မှာ မနက်စာ စားလာတာကိုတောင်လေ"

"အို ဘာဖြစ်လဲ တစ်ကောင်နှစ်ကောင်လောက်နဲ့တောင် ဗိုက် ပေါက်သွားပါဘူး"

"ဝိတ်လေးဘာလေးလည်းချဦး။ မင်းကြည့်ရတာ ခုတလော နိုလာသလိုပဲ"

သူက အနီးအနားမှာတွေ့ရသော ပုစွန်ကင်ရောင်းနေသည့် ဈေးသည်ကလေးမလေးတစ်ယောက်ကို လက်ယပ်ခေါ်လိုက်ရင်းက ကျွန်မကို အပြစ်ဆိုသည်။ ဟုတ်တော့လည်း ဟုတ်ပါရဲ့။ ဒီလောက် စနေမနား အလုပ်လုပ်နေတာတောင် ခန္ဓာကိုယ်အလေးချိန်က ငါးပေါင် လောက် တက်လာသည်။

ဒီကိုလာဖို့ ရန်ကုန်က ရှေ့ပင်းမောလ်မှာ ဘောင်းဘီဝယ်တော့ သည်။ ခါးဆိုဒ်တစ်ခုရှေ့တိုးနေခဲ့၏။ အင်း ဝိတ်ချဦးမှပါပဲ။ ဥာဏ်ထက်က နှိုကမှ ကြည့်ကောင်းပြီး သန့်ပြန့်စမတ်ကျနေတတ်သူ။ ဒီလိုလူမျိုးရဲ့ ဘေးနားမှာ တွဲသွားတွဲလာလုပ်ရမည့် ကျွန်မကလည်း လူမြင်ကောင်း သူမြင်ကောင်းမှ သင့်တော်တော့မှာပေါ့။

www.burmeseclassic.com



ကိုယ့်အတွေးနှင့်ကိုယ် ပြုံးလိုက်မိသေးသည်။ ကျွန်မတို့နှစ်ယောက်က ရန်ကုန်မှာ သိပ်တွဲသွားတွဲလာမှုကြတာဆိုတော့လေ ဟင်းဟင်း။

"ဟိတ် ရွှေလေ ဘာလုပ်နေတာလဲ"

"ရှင်ပဲ ရွေးလိုက်တော့၊ နှစ်ကောင် သုံးကောင်လောက်ပေါ့"

လက်ထဲရောက်လာတော့ ပုစွန်ကြီးများကိုကြည့်ပြီး ကျွန်မ ကျေနပ်သွားသည်။ သူက ကျွန်မလက်ထဲမှ ပုစွန်ကင်တစ်ချောင်းကို ဆွဲယူလျက် သာသာလေး ခွာပေး၏။ ဘာလို့များ ခုကျမှ ဥာဏ်ထက် သိပ်ချစ်ဖို့ကောင်းနေရတာလဲ။

ဘာတွေကများ သူ့ကိုပြုစားလိုက်လို့လဲ။ ကျွန်မအပေါ်မှာ ရုတ်တရက်ကြီး ဂရုတွေစိုက်ပြနေတာလေ။ ဘာပဲဖြစ်ဖြစ် ကျွန်မ ပျော်ရွှင်ကျေနပ်နေတာတော့ အမှန်ပဲဖြစ်၏။

"အမှန်အတိုင်း ပြောရရင် ချောင်းသာကနေ ပြန်တောင်မပြန်ချင်ဘူး သိလား"

"လာမယ်ဆိုတုန်းကတော့ ဟိုလိုလို ဒီလိုလို လုပ်နေပြီးတော့ ခုကျ မပြန်ချင်တော့ဘူးတဲ့လား"

"ဟုတ်တယ် ဒီရောက်တော့မှ ရှင်က ဘာတွေဆေးစားမှားပြီး ကျွန်မကို ဂရုတွေစိုက်ပြနေမှန်းမှမသိတာ"

"ဟာ ဟောကောင် မင်းကိုငါက တမင်လုပ်ပြနေတာမှ မဟုတ်တာ"





"ဒါပေမဲ့ အရင်တုန်းကတော့ အချိန်တိုင်းလိုလို ပစ်ချထားခဲ့တာ မဟုတ်လား"

ကျွန်မက နှုတ်ခမ်းစူလျက် မျက်စောင်းထိုးပစ်လိုက်ရင်း ပြောတော့ သူက ကျွန်မ ပခုံးလေးတစ်ဖက်ကို ဆွဲဖက်ရင်း သူ့ရင်ခွင်နားတိုးစေလျက်

"ငါ မအားလို့ပါကွာ၊ မင်းကို ဂရုမစိုက်ချင်ခဲ့တာ မဟုတ်ပါဘူး။ [illegible]မသိသေးတဲ့ငါ့ဘဝတစ်ခု ရှိနေသေးတယ်လေ"

အဲဒီစကားကို သူ ဘာလို့ခဏခဏ ပြောနေရတာလဲ။ ကျွန်မ [illegible]တွက် ပဟေဠိတွေနှင့်ပြည့်နှက်နေသော ထိုစကားကို ကျွန်မ မနှစ်သက်[illegible] ဘာဆိုတာလဲ ပွင့်ပွင့်လင်းလင်း မပြောပြနိုင်သေးပါဘဲ ခုလိုမျိုး[illegible]ကို စိတ်ကသိကအောင့် ဖြစ်စေတာတော့ လွန်ပါသည်။

"ရှင် အမြဲပြောတယ်နော် အဲဒီစကား"

"လာ ဘုရားအရင်ရှိခိုးလိုက်ရအောင်"

ကျွန်မကို စကားအဆက်မခံဘဲ သူက လက်ဆွဲလျက် ထိုင်ချ[illegible]က်သည်။ စေတီလေးတည့်တည့်မှာပေါ့။ ပြီးတော့ လက်အုပ်ချီ မျက်လုံး[illegible]တ်လျက် သူ ငြိမ်သက်တိတ်ဆိတ်သွား၏။

သူ့ကိုကြည့်ရင်း ကျွန်မ သက်ပြင်းချရပြန်ပါပြီ။ သေချာတာက[illegible]တော့ ကျွန်မ ချစ်သူမှာ ကျွန်မကို မသိစေချင်သော လျှို့ဝှက်ချက်ကြီး[illegible]ားမားတစ်ခု ရှိနေပါပြီ။ ကျွန်မ ဘယ်လိုလုပ်ရမလဲ အဲဒီအသိက [illegible]တစ်ကိုယ်လုံးကို ယောက်ယက်ခတ် စိတ်ရှုပ်ထွေးနေတော့တာလေ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှိခိုးတဲ့ဆီ စိတ်မပါနိုင်ဘဲ လက်အုပ်ချီထားလျက် ကျွန်မ အတွေးတွေ ပျံ့လွင့်နေသည်။ ဦးသုံးကြိမ် ဒီတိုင်းချလျက် ခပ်မြန်မြန်ပဲ လက်စသတ်လိုက်သည်။ ငရဲတွေတော့ ကြီးကုန်တော့မှာပါ။

"မင်း မြန်လှချည်လား"

နောက်ထပ် ငါးမိနစ်လောက်နေမှ ဘုရားဝတ်ပြုခြင်း ပြီးဆုံးသော ဉာဏ်ထက်က မထသေးဘဲ တင်ပလ္လင်ခွေ ထိုင်လိုက်ပြီး ကျွန်မကို ပြုံးစမ်းသလို မေးသည်။ ကျွန်မမှာ ဖြေစရာစကားတွေ ပျောက်ဆုံးနေသလို ဆွံ့အနေမိ၏။

"ဟိုတ် ဖြေလေ"

"ဒီလိုပါပဲ ထွေထွေထူးထူး ဆုတောင်းစရာမရှိလို့ပါ"

"ဪ"

ကျွန်မ အဖြေစကားကြောင့် ဒီတစ်ခါ နှုတ်ပိတ်သွားသူက သူ ကိုယ်တိုင်ပါပဲ။

"မင်းက ငါ့ကို စိတ်ခုနေတာလား"

အပြန်လမ်းတစ်လျှောက်လုံးတွင်လည်း နှုတ်ဆိတ်ငြိမ်သက်စွာ ဘေးချင်းယှဉ်လျှောက်လာပြီးတော့ ဘန်ဂလိုအဝင်ဝရောက်တော့မှ မေး လိုက်ခြင်း ဖြစ်သည်။

"ကျွန်မက ရှင့်ကို ဘာစိတ်ခုစရာ ရှိလို့လဲ၊ ဘာလဲ ရှိနေလို့ လား"

"မင်းကိုပြောပြောနေတဲ့ မင်းမသိသေးတဲ့ အကြောင်းဆိုတာ





မင်းသိဖို့ မလိုအပ်လို့ ငါ မပြောပြခဲ့တာ၊ မင်းအတွက် ဘာအကျိုးမှရှိမှာ မဟုတ်လို့ဆိုရင် မင်းနားလည်နိုင်မလား"

"ကျွန်မ နားမလည်ဘူး။ ဒါပေမဲ့ ဘာတတ်နိုင်မှာလဲ၊ နားလည်ပါတယ်လို့ပဲ ပြောရမှာပေါ့"

စိတ်ရှုပ်ထွေးနောက်ကျိလာသည်နှင့် သူ့ကိုပင် မစောင့်နေတော့ဘဲ အခန်းထဲသို့ တန်းဝင်လာခဲ့လိုက်၏။ ဘာတွေဖြစ်ကုန်ပြန်တာလဲ။ ကျော့ရှင်ကြည်နူးနေသော စိတ်တွေဟာ ရန်ကုန်ပြန်ဖို့နီးလာတာနဲ့ တစ်ပြိုင်နက် ရှုပ်ထွေးနောက်ကျိကုန်ပြီ။

ခုတင်ထက်မှာ ဝုန်းခနဲ ပစ်လှဲချလိုက်၏။ မျက်နှာကြက်ဖြူဖြူကို မိနစ်ပေါင်းများစွာ အဓိပ္ပာယ်မဲ့ငေးစိုက်ကြည့်နေမိသည်။ သူ အခန်းထဲသို့ လိုက်ဝင်မလာပါ။ နာရီကို လှမ်းကြည့်မိတော့ မနက်ရှစ်နာရီထိုးနေပြီ။

ကျွန်မ ငေါက်ခနဲ ထထိုင်လိုက်၏။ ဒီလိုနေနေပြီး တန်ဖိုးရှိတဲ့ အချိန်တွေကို မဖြုန်းတီးသင့်ပါဘူးလေ။ ချစ်သူနဲ့အတူတကွ ရှိနေသော အခွင့်အရေးပါးပါး အချိန်လေးတွေကို ကျွန်မရဲ့အဓိပ္ပာယ်မဲ့သော လုပ်ရပ်တွေနဲ့ မကုန်ဆုံးစေသင့်ပါဘူး။

နောက်ဆုံးတော့လည်း စိတ်ကိုလျှော့ချကာ အခန်းပြင်ထွက်ပြီး သူ့ကို ရှာဖွေမိသည်။ ဟိုတယ်ရှေ့မှ မြက်ခင်းပြင်လေးပေါ်တွင် ခြေပစ်လက်ပစ်လှဲအိပ်နေသော သူ။ လက်နှစ်ဖက်ကို ခေါင်းနောက်တွင်ယှက်၊ မျက်နှာမှာမျက်မှန်အနက်ရောင်ကြီး တပ်ထားသောကြောင့် သူ့မျက်လုံးများ



www.burmeseclassic.com

www.burmeseclassic.com



မှိတ်ထားသလား။ ဒါမှမဟုတ် တစ်နေရာရာသို့ ငေးနေသလားဆိုတာတော့ ကျွန်မ မသိရပါ။

သူ လှဲအိပ်နေသော မြက်ခင်းပြင်ဘေးတွင် ကျွန်မ ဖွေ့ခနဲ ထိုင်ချလိုက်ပြီး သူ့မျက်မှန်ကြီးကို ဆွဲချွတ်ပစ်လိုက်၏။ နေရောင်ခြည်က မျက်လုံးများပေါ်သို့ တိုက်ရိုက်ကျသွားသောကြောင့် မျက်နှာကြီးရှုံ့မဲ့လျက် ကျွန်မထံမှ မျက်မှန်ကို ပြန်လုသည်။

"ဟေ့ ဘာလုပ်တာတုန်း။ နေပူနေတာကြီးကို"

"ဒါဆို အခန်းထဲမှာ လာမနေဘဲ ဘာလို့ နေပူကြီးထဲ ထွက်လှဲနေတာတုန်း"

"ဟာ ကမ်းခြေမှာ နေပူစာလှုံနေတာလေ၊ မသိဘူးလား"

"ဟင့်အင်း မသိပါဘူး"

ကျွန်မ တမင်သက်သက်ပင် သူ့ကို ညစ်ပစ်လိုက်သည်။ အတတ်နိုင်ဆုံး ပြုံးရယ်ထားသော ကျွန်မမျက်နှာကြောင့် သူ့ကိုစိတ်ဆိုးနေတာ မဟုတ်မှန်းတော့ သူ သိလောက်ပါတယ်နော်။

"ဟိတ် ဒီကိုလာ"

တင်ပလ္လင်ခွေထိုင်နေသော ကျွန်မ ပေါင်တစ်ဖက်ပေါ်သို့ လက်နှင့်ပုတ်ပြလျက် ခေါ်တော့ သူ့မျက်နှာကို တခြားဘက်သို့ လွှဲသွား၏။

"ဟာ ဒီမှာ လာအိပ်လို့ ပြောနေတယ် မဟုတ်လား"

"အိပ်ချင်ဘူး"

ပါးစပ်က ပြန်ဖြေသော်လည်း မျက်နှာကတော့ ကျွန်မဘက်





လှည့်မလာပါ။ စိတ်မရှည်စွာဖြင့်ပင် သူ့ဦးခေါင်းကို လက်နှစ်ဖက်နှင့် ညှပ်ကိုင်လျက် ဆွဲယူမပြီး ကျွန်မပေါင်ပေါ်တင်ပေးလိုက်သည်။ သူ ပြန်ထယ်မသွားပါ။ မျက်နှာကိုတောင် ကျွန်မဘက်သို့ လှည့်လာသေး၏။

ကြောင်ကလေးတစ်ကောင် ပေါင်ပေါ်တွင် အတင်းတိုးဝင်ခွေအိပ်နေသလိုမျိုး။ သူ့ဆံပင်တိုတိုများကို ကျွန်မ လက်ချောင်းများဖြင့် အသာသပ်ပေးနေမိသည်။

"ဘယ်အချိန်ပြန်ကြမှာလဲဟင်"

"ဘယ်တော့မှ မပြန်တော့ဘဲ နေလိုက်ကြမလား"

မျက်လုံးများကို မဖွင့်ဘဲ ပြောလိုက်သော သူ့စကားကြောင့် ကျွန်မ ရင်ထဲလှိုက်ဖိုသွား၏။ ဒီလိုအခြေအနေမျိုးလေးမှာ ကျွန်မ တစ်ယောက်တည်းပဲ ပြန်ချင်စိတ် ကုန်ခမ်းနေခဲ့တာ မဟုတ်ဘူးမှန်း သိလိုက်ရလို့ပါ။

သူလည်း ကျွန်မလိုပဲ အတူတူရှိနေခွင့်ရသည့် ဒီခရီးစဉ်လေးကို အဆုံးမသတ်ချင်ရှာဘူးကို။

"အဲဒီလိုသာ တကယ်ဖြစ်လာရင် ကျွန်မက အပျော်ဆုံးဖြစ်မလားပဲ"

သူ ဘာမှထပ်မပြောတော့ပါ။ သက်ပြင်းကို ခပ်ရှည်ရှည်ချသည်။ မျက်လုံးမှိတ်ထားသော သူ့မျက်ခုံးတွေကတော့ တွန့်ကျုံ့နေကြ၏။ လုပ်ငန်းတွေအများကြီးကို တစ်ယောက်တည်း ဦးစီးနေရသော သူ့မှာ စိတ်ညစ်စိတ်ရှုပ်စရာတွေ များပြားမှာပါ။ ဒီလိုယောကျ်ားတစ်ယောက်ကို ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



တော်ထားပြီးမှတော့ ကျွန်မကပဲ နားလည်ခွင့်လွှတ်ပေးရမှာပေါ့။

ရန်ကုန်သို့ ပြန်လာသော လမ်းတစ်လျှောက်လုံးမှာ သူ့အမူအရာက တည်ငြိမ်အေးဆေးလျက် ကားကိုပဲ အာရုံထားမောင်းနေသလိုမို့ ကျွန်မပင် စကားများများစားစား မပြောဖြစ်ခဲ့ပါ။ သီချင်းတစ်ပုဒ်ကိုတော့ တိုးတိုးညင်းညင်းလေး ဖွင့်ထားသည်။

Bryan Adams ရဲ့ Please Forgive Me ။

■ ■ ■

ဆိုင်ရှေ့တည့်တည့်ကို ကျွန်မရောက်ချိန်မှာ သီတာက သူ့တာဝန်ပြီးဆုံးပြီမို့ ဆိုင်ထဲမှ ထွက်လာတာနှင့် တန်းတိုးသည်။ သီတာ ပြုံးပြီဆိုတော့ ချစ်မင်းရောက်နေတာ သေချာပါပြီ။ ခုတလော ချစ်မင်းတစ်ယောက် ဆိုင်ကိုစောစောရောက်နေတတ်သည်။ သူ့ကောင်မလေးနှင့် စိတ်ကောက်နေကြတုန်းပဲနဲ့ တူပါရဲ့။

"မနေ့က နေမကောင်းလို့ မလာနိုင်ဘူးဆို"

"ဟုတ်တယ် သီတာရေ၊ ခုတလော ကျန်းမာရေးက သိပ်မကောင်းချင်ဘူး"

"အလုပ်တွေပဲ စွတ်လုပ်မနေနဲ့လေ၊ ကိုယ့်ကိုယ်ကိုယ်လည်း ဂရုစိုက်ရဦးမှာပေါ့"

"အေးပါဟာ"

"အထဲမှာ ကိုချစ်မင်း ရောက်နေပြီ၊ သွားတော့မယ်နော်"

အနားကနေ သီတာ ထွက်သွားတော့ ဆိုင်ထဲဝင်ရန် ပြင်နေ





ည့် ကျွန်မ ခြေလှမ်းများကို တစ်စုံတစ်ယောက်က ရှေ့မှ ပိတ်ကာဆီးလိုက်သည်။

နေဇော်။

မျက်နှာက ပြည့်ပြည့်ဝဝ သနပ်မှုန်မှိုင်းညို့လျက်။

"ဘယ်လိုဖြစ်တာတုန်း"

"အခု ဘယ်ကလာတာလဲ"

"ဘယ်ကလာရမှာလဲ အိမ်ကပေါ့"

သူက နှုတ်ခမ်းများကို တစ်ချက်တွန့်ကွေးလျက် မဲ့ပြုံးပြုံးလိုက်

ည်။ နေပါဦး၊ ဒီကောင်လေးက ကျွန်မကို စိတ်ဆိုးနေတာ မဟုတ်ဘူး၊

သူ့သွားတိုက်ဆေးနဲ့သွားပွတ်တံကို မယူသွားနိုင်ဘဲနဲ့လေ။

သတိတရနှင့်ပင် အိတ်ထဲမှာ ထည့်ထားမိသော အထုပ်လေးကို

တာသိ ထုတ်ပေးလိုက်၏။

"ရော့ ဒီမှာ ဟိုနေ့က မင်းပစ္စည်းတွေ"

"အဲဒါတွေ ဘာလုပ်ရမှာလဲ"

"ဟင်"

သူ့ထံသို့ ကမ်းပေးနေသော အထုပ်လေးကို လက်နှင့်ရိုက်ချ

ပြီး လေသံတွေကလည်း မာထန်နေသည်။ သူ ဘာဖြစ်နေတာလဲ။

နားမလည်နိုင်တော့။

ခုလိုမျိုး ပြုမူတာကတော့ ရိုင်းစိုင်းလွန်းပါသည်။

"မင်း ဘာဖြစ်နေတာလဲ၊ ဘယ်လိုပုံစံနဲ့ ဆက်ဆံလိုက်တာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းလုပ်တာ အကြောင်းပြချက်မရှိဘဲ သိပ်ရိုင်းလွန်းတယ်''

''အကြောင်းပြချက်မရှိဘူး ဟုတ်လား ဟား ဟား ရယ်ချ တယ်ဗျ။ ကျွန်တော့်ကို အရူးလုပ်သွားတာလေ၊ အဲဒါ အကြောင်းပြချ မရှိတာတဲ့လား''

''မင်း ဘာတွေပြောနေတာလဲ မင်းကိုငါက ဘာကိစ္စ အရူ လုပ်ရမှာလဲ''

''ခင်ဗျား မနေ့က အလုပ်မလာဘူး၊ သင်တန်းကိုလည်း နစ်ရက်လောက်ပျက်တယ်၊ ကျွန်တော့်မှာတော့ စိတ်တွေပူလို့ ဖုန်းဆ တော့လည်း ဆက်သွယ်မှုဧရိယာပြင်ပက များနေတယ်၊ ကျွန်တေ ဘယ်လောက်တောင် စိတ်ပူသွားရတယ်ဆိုတာ ခင်ဗျားသိလား ခင်ဗျ သိလားလို့''

ဟင် ဘာတွေလဲ။ ဘာတွေဖြစ်ကုန်တာလဲ။ နေဇော်က ဘာ ကျွန်မကို ဒါတွေလာပြောနေတာလဲ။ ကျွန်မဘာသာ ဘယ်လိုအကြောင်း ပဲ ဘာပဲဖြစ်ဖြစ် သူ ဒီလောက်ထိ ပေါက်ကွဲစရာမှ မလိုတာ။

''ငါ့ဟာငါ ဘယ်လိုအကြောင်းနဲ့ပဲပျက်ပျက် မင်းနဲ့ဘယ် ပတ်သက်လို့လဲ၊ ငါ့ကိုယ်ရေးကိုယ်တာလေ၊ မင်းဒီလောက်ထိ လာပေါ ကွဲပြနေစရာမှ မလိုတာ''

''ဟုတ်ပါတယ် ခင်ဗျားပြောတော့ ခင်ဗျား သိပ်မှန်နေမှာပေ ဒါပေမဲ့ ခင်ဗျားတစ်ယောက်တည်းနေတဲ့ အိမ်မှာ လူကြီးတွေရှိပါတယ် အရူးလုပ်ပြီး လိမ်ထားခဲ့တာကရော၊ ကျွန်တော်ကတော့ ခင်ဗျားအပေါ်





တယ်ကို စစ်မှန်တဲ့သံယောဇဉ်တစ်ခုနဲ့ ခင်ဗျားကတော့ ကျွန်တော့်ကို ဘယ်လိုအဆင့်အတန်းမျိုးမှာမှ နေရာမပေးထားဘူးပဲ''

''မင်းစိတ်တွေ သိပ်လှုပ်ရှားနေပုံပဲ၊ မနက်အလုပ်ပြန်တော့မှ အေးအေးဆေးဆေး စကားပြောကြမယ် ဟုတ်ပြီလား''

''ကျွန်တော် အဲဒီအချိန်ထိ မစောင့်နိုင်ဘူး''

''မစောင့်နိုင်တော့ ငါ ဘာလုပ်ပေးရမလဲ၊ ဘာမှန်းညာမှန်း သိဘဲနဲ့ ငါက ဘာလိုင်းကြီး ပြောခံနေရတာလေ၊ ပြီးတော့ ဒါငါ့အလုပ် ငါ့ဆိုင်ရှေ့မှာ မင်းကို ဒီပုံစံနဲ့ ဘယ်လောက်ထိ စကားရပ်ပြောနေ ဦးမှာလဲ''

''ကောင်းပြီလေ၊ ညဘက် လူပါးတဲ့အချိန် ကျွန်တော် ပြန်လာခဲ့မယ်''

''ဟော့ ဟာ နေဦးလေ''

ပြောပြောဆိုဆို လှည့်ထွက်သွားသော နေဇော့်ခြေလှမ်းတွေက အွက်လက်မြန်ဆန်လွန်းနေသည်။ ကျွန်မကိုယ်တိုင် ဘာဖြစ်လို့ဖြစ်နေမှန်း ခုချိန်ထိ ကောင်းကောင်းနားမလည်နိုင်သေး။

သေချာတာကတော့ အိမ်မှာ ကျွန်မတစ်ယောက်တည်း နေထိုင် သည်ဆိုသည့် အချက်ကို နေဇော် သိရှိသွားပုံပါပဲ၊ ဒီကောင်လေး ဘယ် ညီးနဲ့များ သိသွားတာပါလိမ့်။

ညဦးပိုင်းတစ်ချိန်လုံး ဖနေဇော်ကသာ ကျွန်မအတွေးတွေထဲ ရောက်ရှိနေခဲ့သည်။ ဘယ်လိုမှကို နားလည်ပေးလို့မရနိုင်သေး။ ဟိုတစ်

ရက်က စိတ်ဆိုးသွားတာကို ထားပါတော့။ ဒီနေ့ ပြောဆိုသွားသည့် စကားတွေကတော့ ဟိုတစ်နေ့က စိတ်ဆိုးတာနှင့် တခြားစီပါပဲ။ တစ်ခုခု ကို ပြင်းပြင်းထန်ထန် ခံစားပေါက်ကွဲနေပုံ။

"ကျွန်တော် စကားပြောလို့ရပြီလား"

ကိုယ့်အတွေးနှင့်ကိုယ် စတိုခန်းထဲမှ ထွက်လာသော ကျွန်မ ရှေ့တည့်တည့်သို့ မျက်နှာချင်းဆိုင်ကြီး ရောက်ရှိမေးလိုက်ပါသော နေဇော် ယောင်ယမ်းပြီး နာရီကို လှမ်းကြည့်လိုက်မိသည်။ မနက်နှစ်နာရီခွဲ။

"မင်း မင်း ဒီအချိန်ကြီး ဘာလုပ်တာလဲ"

"ကျွန်တော် ဘယ်လိုမှ အိပ်လို့မပျော်ဘူး။ ပြောချင်တာတွေ မပြောရသေးမချင်း အိပ်လို့လည်း ရမှာမဟုတ်ဘူး"

"မင်း ဘာတွေဖြစ်နေတာလဲကွာ၊ ငါ တကယ်နားမလည်တော့ ဘူး၊ တစ်ချိန်လုံးလည်း စဉ်းစားနေတာပဲ၊ ခေါင်းတွေသာ ပူသွားတယ် အဖြေကတော့ ထွက်မလာဘူး၊ ပြော မင်းဘာတွေဖြစ်နေတာလဲ"

ချစ်မင်းက ကောင်တာပေါ် ခေါင်းမှောက်ကာ မှေးနေသည့်အ ကျွန်မတို့နှစ်ယောက် လွတ်လပ်စွာ စကားပြောဆိုခွင့်ရပါသည်။

"မမ ဘယ်သွားနေခဲ့တာလဲ၊ သင်တန်းမှာရော ကိုချစ်မင်းကို ရော မေးကြည့်တော့လည်း နေလို့မကောင်းလို့ မလာတာလို့ပဲ ပြောကြ တယ်၊ ဖုန်းဆက်တော့လည်း မရဘူး။ ကျွန်တော် သိပ်စိတ်ပူနေခဲ့မိတာ"

သူ့အသံတွေက ညဦးပိုင်းတုန်းကလို ကတုန်ကယင် မဟုတ် တော့ဘဲ တည်ငြိမ်နေသည်။ သူ့စိတ်တွေနည်းနည်းတော့ အနည်ထိုင်





သွားပြီနဲ့ တူပါရဲ့။

"ကျွန်တော် အရဲစွန့်ပြီး မမ အိမ်ကိုတက်လာခဲ့တာ၊ သော့ ခလောက်ကပဲ ကျွန်တော့်ကို ဆီးကြိုနေတယ်လေ၊ ဘေးခန်းကိုမေးကြည့် တော့မှ အဲဒီအိမ်မှာ မမတစ်ယောက်တည်း နေတာမှန်း ကျွန်တော် သိလိုက်ရတာ၊ ဘာလို့ ကျွန်တော့်ကို လိမ်ခဲ့တာလဲ၊ မမ အိမ်မှာ လူကြီး တွေရှိနေတယ်ဆိုတာမျိုး ဘာလို့ ကျွန်တော့်ကိုလိမ်ခဲ့တာလဲ"

ဒါကတော့ ကျွန်မအတွက် အဖြေရကျပ်သည့် မေးခွန်းတစ်ခု ပါပဲ။ စတင်ခင်မင်ကာစက ဘာရယ်မဟုတ်ပြောထားမိသော စကားလေး တစ်ခွန်းက ခုလိုမျိုး ကြီးကြီးကျယ်ကျယ်တွေ သူ ခံစားသွားရလိမ့်မယ်လို့ ကျွန်မ ဘယ်သိပါ့မလဲ။

"မင်းကို လိမ်မယ်ဆိုတဲ့ စိတ်ကြီးတစ်ခုနဲ့ ငါ လုပ်ခဲ့တာ မဟုတ် ဘူး။ မင်းက ငါ့အိမ်မှာ လူကြီးတွေရှိနေတယ်လို့ ထင်နေခဲ့တာကို ငါက ဒီတိုင်း မငြင်းခဲ့ရုံပဲ"

"ဘာလဲ မမ တစ်ယောက်တည်းနေမှန်း သိသွားရင် ကျွန်တော် က အိမ်ပေါ်ထိ တက်လာမှာစိုးလို့လား"

ခနဲ့တဲ့တဲ့ လေသံနှင့်မေးလိုက်သော သူ့အမူအရာက ကျွန်မကို အနေရထိုင်ရ ကျပ်စေတာတော့ အမှန်ပင်။

"ငါ မသိဘူးကွာ၊ ဘာဖြစ်လို့လဲ အခုဘာဖြစ်လို့ အဲဒါကို အကြီးခွင်ကျယ်လုပ်ပြီး ပြဿနာရှာနေတာလဲ"

"ထားပါ မမ အိမ်မှာ တစ်ယောက်တည်းနေတာကို ဖုံးကွယ်

www.burmeseclassic.com



ထားခဲ့တယ်၊ ဒါပေမဲ့ ကျွန်တော်သိချင်တာက သက်သက်တစ်ခုပဲ''

ဘာလဲ။ နေဇော်က ကျွန်မကိုတရားခံစစ်ဆေးသလို လုပ်နေတာပါလား။ စိတ်ထဲမှာတော့ ဖုထစ်သွားရပေမယ့် စိတ်ကိုအတတ်နိုင်ဆုံး ထိန်းချုပ်ထားလိုက်ပါသည်။ အိမ်ကိစ္စမှာ ကျွန်မက သူ့ကိုလိမ်ထားသလို ဖြစ်နေခဲ့တာ မဟုတ်လား။

''မင်းက ဘာသိချင်တာလဲ''

''ဒီရက်မှာ မမ ဘယ်သွားခဲ့တယ်ဆိုတာပဲ''

''အဲဒါကို ငါက မင်းကိုပြောပြနေဖို့ လိုလို့လား''

''ကျွန်တော် အရမ်းသိချင်နေတယ်လေ၊ ဘယ်လိုလုပ်ရမလဲ''

သူ့မျက်ဝန်းမှာ ပူလောင်မှုအရိပ်တွေ စွန်းထင်းနေတာ ဘာလို့များလဲ။ စိတ်မရှည်နိုင်စွာနဲ့ လူတစ်ကိုယ်လုံး လှုပ်လှုပ်ရှားရှား ဖြစ်နေတာကရော ဘာသဘောများလဲ။

''ဟုတ်တယ် ငါချစ်သူနဲ့ အပန်းဖြေခရီးထွက်နေတာ''

မတ်တပ်ရပ်နေသော သူ့ခြေထောက်တွေ ပျော့ခွေလျက် အနီးရှိ ပလတ်စတစ်ထိုင်ခုံရှည်လေးပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ကျသွားသည်။ ခေါင်းက အောက်သို့ ငိုက်စိုက်ကျလျက်။

''ဘယ်ကိုသွားကြတာလဲ''

မနည်းအားယူပြီး ပြောလိုက်ရသလို သူ့အသံမှာ အင်အားတွေ ကုန်ခမ်းချို့နဲ့နေကြသည်။

''ချောင်းသာကို''





''ဒီတော့ မမ နေကောင်းသွားပြီလား''

''လူကို လန်းဆန်းသွားတာပဲ''

နေဇော့်ခေါင်းတွေ တဖြည်းဖြည်းမော့လာသည်။ ကျွန်မကို ကြည့်လိုက်သော မျက်ဝန်းတွေမှာ မျက်ရည်စတွေ၊ နှုတ်ခမ်းများကိုလည်း အားယူပြုံးလိုက်သေး၏။

''မမ ကျေနပ်လာတယ်ဆို ပြီးတာပါပဲ''

လေသံဖျော့လေးနှင့် ပြောလိုက်သော စကားအဆုံးမှာ သူ ...ထဲကနေ ထွက်ခွာသွားခဲ့၏။ သူ့နောက်ကျောပြင်ကို ကြည့်ပြီး ကျွန်မ ...ထဲမှာ အမျိုးအမည်မသိသော ခံစားချက်သိမ့်သိမ့်လေးတစ်ခုက ဖြတ် ...ပီးဆင်းနေခဲ့သည်။

ဘယ်လိုကြီးလဲ။ ဝမ်းနည်းသလိုလို သူ့ကိုကြည့်ပြီး ကိုယ်ကပဲ ...ချင်ရသလိုလို ကျွန်မကပဲ နေဇော့်အပေါ်မှာ အမှားကြီးတစ်ခုခု ...လွန်မိသည့် တရားခံတစ်ယောက်လို။

အို ဘာဆိုင်လို့လဲ၊ ငါ့ချစ်သူနဲ့ ငါဟာငါ ခရီးတိုလေးသွားဖြစ် ...တာ ဘယ်သူ့ကိုအပြစ်ကျူးလွန်တာမို့လို့လဲ။ ငါက ဘာတွေများ မှား ...မို့လဲ။

■ ■ ■

''နှင့်ကိုသူ သိပ်စိတ်ပူနေတာ၊ အဲဒီရက်တွေမှာ သင်တန်းကို ...တာလည်း စိတ်ပါလို့မဟုတ်လောက်ဘူး။ နှင့်ကိုလာလာရှာတာပဲ၊ ...ကိုလည်းမတွေ့ ဖုန်းကလည်းဆက်တိုင်း အဆင်မပြေဆိုတော့ သူ



www.burmeseclassic.com

www.burmeseclassic.com



တော်တော်လေး ယောက်ယက်ခတ်နေခဲ့တာ''

ဝေမှုန်က ကျွန်မကို တွေ့သည်နှင့် နေဇော်အကြောင်း ဖော သည်ဆီးချသည်။ သူ ဘာလို့များ ခုလိုမျိုး ပြင်းပြင်းထန်ထန် ဖြစ်သွား ရတာလဲ။ ကျွန်မဘာသာ ကျွန်မ ဘာဖြစ်ဖြစ် သူ ဒီလောက်ထိ လို ခံစားစရာ ဘာလိုလို့လဲ။

''ငါထင်တာတော့ နေဇော်က နင့်ကို စိတ်ဝင်စားနေပုံပဲ။ အ ပွင့်ပွင့်လင်းလင်း ပြောရရင် စိတ်ဝင်စားတယ်ဆိုတာထက် သူ နင့် ချစ်နေပြီလို့ ငါ ထင်တယ်''

''ဟာ နင်ကလည်း''

ဝေမှုန့်ရဲ့ထင်မြင်ချက်က ကြီးမားပြင်းထန်လွန်းသည်။ ကျွ လည်း အရင်တုန်းကလို မစနဲ့ မနောက်နဲ့ဟု တားမြစ်ရလောက်အော အင်အားကုန်ခမ်းနေခဲ့သည်။ နေဇော်ဟာ တကယ်ကိုပဲ ကျွန်မအတွက် ခံစားနေရပြီလား။

ကျွန်မကိုချစ်နေတယ်တဲ့လား။ ဆိုင်ထဲကနေ ထွက်ခွာသွာ သော သူ့ပုံရိပ်လေးကို မျက်လုံးထဲမှာ ပြန်မြင်ယောင်လာမိသည်။ အ ပုံရိပ်လေးကြောင့် ကျွန်မ စိတ်နှလုံးထဲမှာ တစ်မျိုးတစ်မည် ခံစားခဲ့ရ လည်း အကြိမ်ကြိမ်ပါပဲ။

''နင် ဘယ်လိုလုပ်မှာလဲ''

ဝေမှုန်က ကျွန်မ ဆုံးဖြတ်ချက်ကို သိချင်နေပုံနှင့် တတွ တွတ်လိုက်မေးနေသည်။ ကျွန်မကတော့ စာသင်နေပြီဖြစ်သော သင်တ





ခန်းမထဲကိုသာ အာရုံတွေ ရောက်နေမိ၏။

နေဇော် မလာပါ။ သက်ပြင်းလေးကို ခိုးခိုးချဖြစ်နေတာ ဘယ် နှစ်ကြိမ်မြောက်မှန်းပင် မသိနိုင်တော့။

''ဖြေလေဟာ အကယ်၍များ နေဇော်က နင့်ကိုဖွင့်ပြောလာ ခဲ့ရင် နင် ဘယ်လိုလုပ်မှာလဲလို့''

ဒီမေးခွန်းကို ဒီထက်ပိုပြီး ကျွန်မ ရှောင်ပုန်းလို့မရတော့မှန်း ခိုစားမိလိုက်သည့်နောက်မှာ ဝေမှုန့်ကို မျက်နှာချင်းဆိုင်လိုက်၏။

''နေဇော်က ငါ့ကို တကယ်ပဲ ချစ်နေခဲ့ပြီဆိုရင်တောင် ဖွင့်ပြော မှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါ့မှာ ချစ်သူရှိတာကို သူ သိနေ လို့ပဲ''

''ဘာ ဘယ်လို သုမေ နင်ဘယ်လိုပြောလိုက်တာလဲ''

''ဟုတ်တယ် ဝေမှုန်၊ ငါ့မှာ ချစ်သူရှိတယ်၊ သူက အလုပ်အရမ်း များတဲ့သူမို့ တော်ရုံတန်ရုံ ငါ့ကို အချိန်မပေးနိုင်ဘူး။ ငါနဲ့လည်း ဆက်ဆံ ရေးက အေးအိအေးစက်လို့ ပြောရင်ရနိုင်တယ်၊ ဒါကြောင့်မို့လည်း ငါ့မှာ ချစ်သူတစ်ယောက်ရှိနေကြောင်းကိုတောင် ငါ ဘယ်သူ့ကိုမှ အသိမပေး ခဲ့ဘူး''

''နေဇော်က ဒါကို သိသွားပြီးပြီပေါ့''

''ဟုတ်တယ် သူ သိတယ်၊ ပထမတော့ ငါ နောက်နေတာလို့ သူ ထင်ရင်ထင်နေမှာပေါ့''

''ငါ စိတ်ညစ်လိုက်တာဟာ၊ ဒီလိုသာဆို နေဇော် သနားပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်''

ဝေမွန်က သူ့အတွေးနှင့်သူ ပြောလိုက်သောစကားမို့ ကျွန်မ စောဒကတက်မနေတော့ပါ။ ကျွန်မဘက်က ဘာအမှားမှ ကျူးလွန်ထားခြင်းမရှိတာမို့ အရာရာကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရဲပါသည်။

သို့သော် နေဇော် သင်တန်းမလာသည့်ကိစ္စကတော့ ကျွန်မအတွက် စိတ်အနှောင့်အယှက် ဖြစ်နေစေခဲ့တာ အမှန်ပါပဲ။ ကျွန်မဘက်က စတင်ပြီးလည်း ဖုန်းဆက်ချင်စိတ် မရှိခဲ့။ ဒီဖုန်းနံပါတ်လေးကို တစ်ချက်လောက် နှိပ်လိုက်ရမှာ ကျွန်မ တွန့်ဆုတ်နေမိသည်။

အိမ်အပြန်လမ်းတစ်လျှောက်လုံး ခြေလှမ်းများကို အေးအေးလူလူ လျှောက်လှမ်းလာရင်း နေဇော့်အကြောင်းတွေကို တွေးနေမိပါလျက်နဲ့ ဖုန်းကိုတော့ လုံးဝမဆက်မိလိုက်ဖို့ ကိုယ့်ဘာသာ ဆုံးဖြတ်ထားခဲ့၏။

ကျွန်မတို့ ရပ်ကွက်ထဲမှာရှိသော ဈေးဝယ်စင်တာတစ်ခုရှေ့တွင် ကျွန်မ ခြေလှမ်းရပ်လိုက်၏။ ဒီညနေကို ဆိုင်သွားစရာ မလိုပါ။ ကျွန်မ၏ နားရက်ဖြစ်သည်။

စင်တာထဲမှ ယောက်ျားလေး အသုံးအဆောင်များနှင့် ပတ်သက်သော ဆိုင်ခန်းများကို ကျွန်မ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် လိုက်ကြည့်သည်။ ဘယ်ပစ္စည်းက ဉာဏ်ထက်နဲ့ အလိုက်ဖက်ဆုံးလဲဆိုတာ ကျွန်မမှာ ဇဝေဇဝါ။ နောက်သုံးရက်ဆိုရင်ပဲ သူ့ရဲ့သုံးဆယ်ပြည့်မွေးနေ့ရှိသည်။ ခုထိ မွေးနေ့လက်ဆောင် ဘာပေးရမလဲ သေသေချာချာ မဆုံး ဖြတ်နိုင်သေး။





ဈေးပေါသော ပစ္စည်းအသုံးအဆောင်များကို သူ သုံးလေ့သုံးထ ရှိတာတော့ ကျွန်မ ကောင်းကောင်းသိပါသည်။ သူ နှစ်သက်သော အမှတ်တံဆိပ်များထဲသို့ ကျွန်မ မရဲတရဲ ဝင်ကြည့်မိသည်။ ကျွန်မ သတ်နိုင်သော ငွေကြေးနှင့် နောက်ဆုံးပေါ် ဘဲ့ဒ်ဗိုင်းကိုမှ မရနိုင်တာ သေချာပါသည်။

နောက်ဆုံးတော့ ကျွန်မစိတ်ကို ဆုံးဖြတ်လိုက်ကာ ပလက်တီနမ် ဆက်စွပ်လေးတစ်ကွင်း ဝယ်ပေးဖြစ်သွားသည်။ ကျွန်မ စုဆောင်းထားသော ပိုက်ဆံနှင့် လောက်ငပြီး သူနဲ့လည်း လိုက်ဖက်မည်ထင်သော ဆက်စွပ်ဒီဇိုင်းလေးတစ်ခုကို ကျွန်မ ရွေးချယ်လိုက်၏။

သူ နှစ်သက်မှာပါလေ။

■ ■ ■

ညနေပိုင်းတစ်ပိုင်းလုံး အနားရနေတာမို့ ကျွန်မ အေးအေးလူလူ ပင် အိမ်နောက်ဖေး ဝင်ချက်ပြုတ်နေလိုက်သည်။ နေဇော့်ကိုတော့ သတိရနေသေး၏။ သင်တန်းကိုတောင် ရောက်မလာတာ ကျွန်မကြောင့်များလား။ ဒီလိုမျိုး ကလေးဆန်နေမယ်ဆိုရင်တော့ ကျွန်မ ဘယ်လိုနည်းနဲ့ သူ နားလည်အောင် ကြိုးစားပေးနိုင်မှာလဲ။

ကျွန်မကို ချစ်နေခဲ့တယ်ဆိုရင်လည်း ဒါ သူ့အမှားပါပဲ။ သူနဲ့ တွေ့တည်းက ကျွန်မမှာ ရည်းစားရှိကြောင်း ဖွင့်ပြောပြခဲ့တာပဲလေ။

အမဲသားကို အချိန်ပေးပြီး သေချာပြုတ်ထားလိုက်သည်။ ဒါဆို



www.burmeseclassic.com

www.burmeseclassic.com



သုံးရက်လောက်တော့ အသာလေးစားလို့ရသည်လေ၊ ပြီးတော့ ရှောက်သီး
သုပ်ချဉ်ချဉ်စပ်စပ်လေး သုတ်လိုက်သည်၊ အရည်သောက်ကိုတော့ ပဲကြီး
ဟင်းခပ်ပျစ်ပျစ်လေး တည်လိုက်၏။

အားလုံးချက်ပြုတ်ပြီးစီးသွားတော့ ရေမိုးချိုး အဝတ်အစားလဲ
သည်။ ဒီလိုဆိုတော့လည်း သိပ်အားလွန်းပြီး တစ်ခုခုလိုနေသလိုလို
တောင် ဖြစ်နေသေးတော့။ ကျွန်မ ဘဝက အလုပ်နဲ့ကိုယ်နဲ့ မပြတ်သွား
လာနေရတာကို နေသားကျနေခဲ့ပြီးပြီပဲလေ။

တစ်ကိုယ်တည်း ဝရန်တာထွက်ထိုင်ရင်း စာတစ်အုပ်ဖတ်ရန်
ကြိုးစားလိုက်၏။ နှစ်မျက်နှာ သုံးမျက်နှာလောက် ဖတ်ပြီးသွားသော်
လည်း၊ အာရုံတွေက စာအုပ်ထဲလည်း ရှာနဝင်စားလို့မရ။ အတွေးတွေက
ဟိုဟိုဒီဒီ ပျံ့နှံ့နေသည်။

ဥာဏ်ထက်ဆီ ဖုန်းဆက်ဖို့ ကြိုးစားလိုက်သေး၏။ ချောင်းသာ
က ပြန်လာပြီး လမ်းခွဲလိုက်တည်းက ဖုန်းလေးတစ်ချက်လောက်တောင်
မပြောဖြစ်သေးဘူးလေ။ သို့သော် နာရီကိုကြည့်လိုက်တော့ ခြောက်နာရီ
တောင် မထိုးသေးသည်မို့ ဖုန်းဆက်မည့်အစီအစဉ်ကို ကိုယ့်ဘာသာ
ပြန်ဖျက်လိုက်ရသည်၊ ဒီအချိန်ဆို သူ့အလုပ် မပြီးသေးပါ။

"ဟူး ဒီလိုကျတော့လည်း ပျင်းစရာကောင်းလိုက်တာနော်"

အရင်က ဆိုင်နားရက် ညနေပိုင်းတွေဆို နေဇော် ရောက်လာ
တတ်ပြီး ကျွန်မနှင့်အတူ ဟိုနားဒီနား လျှောက်သွားရင်း တစ်ခုခုစား
သောက်ကြသည်။ ခုတော့ ကျွန်မရဲ့နားရက်က တိတ်ဆိတ်လှချည်လား





…တ်သေးပါဘူးလေ နေဇော်ဆိုတာ မရှိခင်တုန်းက ကျွန်မရဲ့အနားယူ
…ချိန်တွေကို ဘယ်လိုများ ဖြတ်သန်းခဲ့တာပါလိမ့်။

စာအုပ်ဖတ်မည်။ ရုပ်ရှင်ဇာတ်ကားများ ထိုင်ကြည့်မည်။ အိပ်
…တ်အနားယူမည်။ ဖုန်းတစ်လုံးနှင့်ဂိမ်းကစားမည်။ အခုတော့ အဲဒီဟာ
…တွေ တစ်ခုမှ မလုပ်ချင်ပါဘဲ စိတ်ထဲမှာ ဟာတာတာ ဖြစ်နေရသည်။

နေဇော့်ဆီကို ဖုန်းဆက်ဖို့ ကြိုးစားလိုက်သေး၏။ လက်များက
…လေးကို ကောက်ကိုင်မိပြီးသွားပြီ။ မှတ်ထားသော သူ့နာမည်လေးနား
…မှာ တစ်ဝဲလည်လည် ဖြစ်ပြီးသွားပြီ။ သို့သော် ကိုယ့်ဆုံးဖြတ်ချက်နှင့်ကိုယ်
…ဖုန်းကို ဘေးနားပြန်ချထားလိုက်၏။

ဘာလို့များ ဆက်နေမှာလဲ။ ဒီလိုတွေ လုပ်နေတော့မှ သူ့ကို
…လင့်ချက်တွေ ထပ်ပေးတယ်လို့ ထင်သွားရင် မခက်လား။

တော်ပါပြီလေ၊ ဘာမှလုပ်ဖို့ စိတ်မပါမယ့်တူတူ ဘုရားထိုင်ရှိခိုး
…နေတာပဲ ကောင်းမည်။ ဒီလိုနဲ့ပဲ ဘုရားစင်ရှေ့မှာ ပုဆစ်တုပ်ထိုင်လိုက်
…ရင်း . . . ။

■ ■ ■

"ဟင် ဘယ်အချိန်တောင် ရှိသွားပြီလဲ"

အလန့်တကြားနှင့် နာရီကိုကြည့်မိတော့ ရှစ်နာရီတောင်ခွဲနေ
… ညက ပျင်းပျင်းနှင့်ပင် အိပ်ရာထဲလှဲနေရင်း အိပ်ပျော်သွားခြင်းကြောင့်
…ရီလည်း နှိုးစက်မပေးလိုက်မိ။

ရေမိုးချိုး ခပ်သွက်သွက် ပြင်ဆင်ပြီး ထမင်းချိုင့် သည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သင်တန်းသို့ အပြေးတစ်ပိုင်းလာနေရသည့်ကြားထဲက နေဇော်ကို သတိရလိုက်သေး၏။ ဒီနေ့ရော သူ သင်တန်းလာပါ့မလား။

ကျွန်မခေါင်းရိုးရှိမ်းပူပန်မှု မှန်ကန်သွားပါသည်။ ဒီနေ့လည်း သင်တန်းသို့ နေဇော် ရောက်မလာပါ။

"ငါတော့ စိတ်ပူတယ် သုမေ"

"အင်း"

ကျွန်မရဲ့ 'အင်း'က လေးလေးပင်ပင် သံရှည်ဆွဲလျက်။ ကျွန်မကို သူအရွဲ့တိုက်နေတာလား။ သင်တန်းကို နှစ်ရက်ဆက်ပျက်ကွက်တာ ဟာ သူ့အတွက် သင်ခန်းစာနှစ်ခုလောက် လွတ်သွားပြီ။ အဲဒီ သင်ခန်းစာ နှစ်ခုဟာ နှစ်လပြတ်သင်တန်းတစ်ခုအတွက် ဘယ်လောက်တောင် အရေးကြီးသလဲဆိုတာ သူ မတွေးမိဘူးတဲ့လား။

"သူ တမင်လုပ်နေတာပဲ၊ သေချာတယ် ဝေမွန်"

"ဘာပဲဖြစ်ဖြစ်ပေါ့ဟာ နင်ဖုန်းလေးဘာလေးဆက်ပြီး သတင်း မေးကြည့်ပါဦး"

"ငါ မလုပ်ချင်ဘူး"

"ဘာဖြစ်လို့လဲ နင်တို့က သူငယ်ချင်းတွေလေ၊ သူ ဒီလောက် ပျောက်နေတာ နင်အကျိုးအကြောင်းလောက်တော့ ဖုန်းဆက်ပြီး စုံစမ်း သင့်တာပေါ့"

ဝေမွန်မမြင်အောင် ကျွန်မ နှုတ်ခမ်းတစ်ချက်မဲ့လိုက်မိသည်။ ကျွန်မတို့နှစ်ယောက်က သူငယ်ချင်းတွေဆိုရင် သူ ဘာလို့များ အချိုး





…ပြတဲ့၊ စကားမျိုးတွေ လာပြောသွားရတာတဲ့လဲ။ နှစ်ဦးလုံးအတွက် …ကျိုးမဖြစ်စေမည့် စကားမျိုးတွေလေ။ သူ မပြောသင့်ဘူးမဟုတ်လား။

"ဆက်လိုက်ပါဟာ နော် သုမေ၊ နင်ကလည်း ဒီလောက်ထိ တော့ မလုပ်သင့်ပါဘူး"

"ဩော် ခက်ပြီ ငါက ဘာလုပ်နေလို့လဲ"

"မသိတော့ဘူးဟာ၊ နင်တို့နှစ်ယောက်က တကယ့်ကို တစ် ယောက်တစ်မျိုး။ ဒါပေမဲ့ ဖုန်းလေးဘာလေးတော့ ဆက်ကြည့်လိုက်ပါဟာ"

နောက်ဆုံးတော့လည်း ဝေမွန်ပစ်မှတ်က ဒီကို ရောက်လာတာ ပဲ။

"တော်ပြီ ငါ ထမင်းစားတော့မယ်"

ကျွန်မက ထမင်းချိုင့်လေးကို ဆွဲယူဖွင့်လိုက်တော့ ဝေမွန်က …ျက်နှာကို ရှုံ့ကာတွန့်ကာနှင့်

"စား စား တစ်ခုခု မပြောချင်တော့ဘူးဆို ထမင်းပဲ ဖွင့်စား နေတော့၊ နင့်ကို တကယ်ပဲ မပြောချင်တော့ဘူး"

ဝေမွန် ထထွက်သွားတော့မှ မစားချင်ဘဲ အတင်းစားနေရ သော ထမင်းချိုင့်ထဲကနေ မျက်နှာခွာလိုက်မိသည်။ နေဇော်တစ်ယောက် …ာမှာဖြစ်နေတာပါလိမ့်။

ညနေဘက် ဆိုင်သို့လည်း သူ ရောက်မလာပါ။

"ချစ်မင်းရေ နေဇော့်ကို တွေ့မိသေးလား"

"မတွေ့ဘူး အစ်မ၊ ဘာဖြစ်လို့လဲ အကြွေးယူထားပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဟာ ဒီတိုင်းပဲ မမြင်တာကြာလို့ မေးတာပါ"

ချစ်မင်းက ကျွန်မကို မယုံသင်္ကာမျက်လုံးများနှင့် လှမ်းကြည့်လိုက်သေးသည်။ ကျွန်မပုံစံက သူ့ကိုစိတ်ပူနေမှန်း သိပ်သိသာနေပြီလား။ မဖြစ်သေးပါဘူး ဒီကောင်လေးနဲ့ပတ်သက်ပြီး ဘာမှထုတ်မမေးမိအောင် ကြိုးစားရပါမည်။

■ ■ ■

# အခန်း (၄)

"ဟား လှလှချည်လား အစ်မ"

ဥာဏ်ထက်အတွက် ဝယ်ထားသော လက်စွပ်လေးကို ကျွန်မ ထုတ်ကြည့်မိနေတုန်း ချစ်မင်းက အနားရောက်လာပြီး နှိုးမွှမ်းလိုက်ခြင်း။

"လှရမယ်လေ ငါကိုယ်တိုင် သေသေချာချာကြည့်ပြီး ရွေးလာတာ"

"ဒါ မိန်းကလေးပုံတော့ မဟုတ်ဘူးနော်၊ ဘယ်သူ့အတွက်လဲ ဗျာ"

ချစ်မင်းရဲ့ တရားခံဖမ်းသလို ပြောလိုက်သော မျက်နှာအမူအရာကြောင့် ကျွန်မ ရှက်ရယ်ရယ်လိုက်မိသည်။

"ငါ့ချစ်သူအတွက်ပါ"

"ဩော် အဲဒီအစ်မချစ်သူဆိုတာကို ကျွန်တော်တို့လည်း တစ်ခါ

www.burmeseclassic.com



မှ မတွေ့ဖူးဘူးနော်၊ သူက တကယ့်ကိုပဲ တော်တော်အလုပ်များနေတာလား''

''ဆိုပါတော့ဟာ ငါနဲ့တောင် သိပ်မတွေ့ဖြစ်ပါဘူးဆိုနေမှ သူ့အခြေအနေနဲ့ ငါ့အခြေအနေက တခြားစီပါလေး သူက အရာရာပြည့်စုံတယ်''

''သိပ်ပြည့်စုံနေတဲ့ ယောက်ျားမျိုးဆိုရင်လည်း အစ်မရေ သိပ်မလွှတ်ထားနဲ့နော်၊ ကိုယ့်လူက မပါရင်တောင် ဒီခေတ်မှာ မိန်းမဆိုးတွေက သိပ်များတာ''

ချစ်မင်းစကားကြောင့်ပင် ကျွန်မရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားရ၏။ ဉာဏ်ထက်လို ငွေကြေးပြည့်စုံချမ်းသာသော လုပ်ငန်းရှင်ယောက်ျားတစ်ယောက်၊ ရုပ်ရည်သန့်သန့်ပြန့်ပြန့်နှင့် နေတတ်ထိုင်တတ်သော ခပ်ကျကျ ယောက်ျားတစ်ယောက် အသက်အရွယ်လေးကလည်း သုံးဆယ်သာရှိသေးသော၊ ရေမှာတက်လမ်းများဖြင့် ပြည့်နှက်နေသော ယောက်ျားတစ်ယောက်ကို လိုချင်တပ်မက်ကြသော မိန်းမတွေ ပေါမှပေါပဲဖြစ်မှာ

အဲဒီထဲကမှ ကျွန်မလို ဘာမှမဟုတ်တဲ့ မိန်းမတစ်ယောက်ကို ဉာဏ်ထက်က ရွေးချယ်ခဲ့တယ်ဆိုတာ စစ်မှန်သော စိတ်တစ်ခုမှ ဟုတ်ပါ့မလား။ ကျွန်မကို အချိန်မပေးနိုင်ခဲ့သော နေ့ရက်တွေအချိန်တွေ သူဟာ တကယ်ပဲ အလုပ်များနေခဲ့တာလား။ တခြားမိန်းကလေးများအတွက် အချိန်တွေ ခွဲဝေပေးနေရလို့လား။

ကျွန်မရဲ့အဆိုးမြင်တတ်သော စိတ်ကလေးက ခေါင်းထောင်





ထလာသည်၊ အတွေးတွေကလည်း တစ်ခုမှ စိတ်ချမ်းသာစရာမရှိတော့။

''ကိုယ့်ချစ်သူက သိပ်အနေအထိုင်မှန်လို့ ဝင်မတိုးခဲ့ရင်တောင် ကိုယ့်ချစ်သူယောက်ျားလေးဆီ လာတိုးမယ့် မိန်းမဆိုးတွေ အများကြီးပဲရှိတယ် အစ်မရဲ့၊ အခုခေတ်ကြီးက သိပ်ကြောက်ဖို့ကောင်းတယ်''

ချစ်မင်းပြောနေသော စကားတွေကလည်း ဟုတ်နေမှန်နေပြန်တော့ ကျွန်မ တစ်ခါမှ မတွေးခဲ့ဖူးသော အရာတွေက ခေါင်းထဲမှာပြည့်နှက်လာသည်။ ထိတ်လန့်လာသည်။ တွေးပူလာမိသည်။ ကျွန်မ ဘယ်လောက်များ ညံ့ဖျင်းလိုက်သလဲနော်။ သူများကပြောမှ ဒီလိုအတွေးမျိုးဝင်လာပြီး ကိုယ့်ချစ်သူကိုယ် စိတ်ပူရမှန်း သိတယ်ဆိုတာလေ။

မနက်ဖြန်တော့ ဉာဏ်ထက်မွေးနေ့မို့ သူနဲ့တွေ့ခွင့်ရအောင် ကျွန်မ ကြိုးစားရပါလိမ့်မည်။ ဒီလူက သူ့မွေးနေ့တောင်မှပဲ သူ မှတ်မိပါ့မလား။ ကျွန်မရဲ့မွေးနေ့လက်ဆောင်လေးကိုရော သူ သဘောကျပါ့မလား။

ဒီလက်စွပ်လေးကို သူ့လက်ကလေးမှာ ကျွန်မကိုယ်တိုင် စွပ်ပေးမည်။ တိုက်တိုက်ဆိုင်ဆိုင် မနက်ဖြန် တနင်္ဂနွေနေ့မို့ သင်တန်းပိတ်သည်။ ကျွန်မအတွက် တစ်နေ့လုံး အချိန်ကောင်းကောင်းရနေသည်။ မနက်ဖြန်တစ်ရက်တော့ သူ့ကို ကျွန်မနှင့်သာ အချိန်ဖြုန်းစေရမည်။ ဒီလောက် အခွင့်အရေးလေးတော့ ကျွန်မ ရသင့်တယ်မဟုတ်လား။

မနက် အိမ်ပြန်ရောက်တာနှင့် ရေမိုးချိုးလိုက်ပြီး လှလှလေး ပြင်ဆင်လိုက်သည်။ မွေးနေ့လက်ဆောင်လေးကိုလည်း အိတ်လှလှလေး

www.burmeseclassic.com

www.burmeseclassic.com



ထဲ ပြောင်းထည့်ရန် စလင်းဘတ်ကို လှမ်းယူလိုက်၏။

"ဟင် ငါ့လက်စွပ်ဘူး ဘယ်ရောက်သွားပြီလဲ"

ကျွန်မ မျက်စိများ ပြာဝေသွားသည်။ ခေါင်းလည်း မူးနောက်သွား၏။ ချက်ချင်းပင် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရသည်။ ဘယ်မှာများ ကျကျန်ခဲ့ပါလိမ့်။ ဒါမှမဟုတ် ညက ချစ်မင်းနဲ့စကားပြောရင်း

"ဟာ ဟုတ်တာပေါ့။ ငါ ကောင်တာအံဆွဲထဲမှာ ကျန်ခဲ့တာပဲ"

တိုက်ခန်းလှေကားထစ်များကို အပြေးအလွှားဆင်းရင်း ဆိုင်ဘက်ဆီ ဦးတည်လိုက်သည်။ သီတာတွေပြီး သိမ်းထားပေးရင် ကောင်းပါရဲ့။ အင်းလေ ကောင်တာနောက်က အံဆွဲထဲကိုတော့ ဘယ်အပြင်လူမှ ရှာရှာဖွေဖွေ လုပ်နေမှာ မဟုတ်ပါ။

"ဟင်"

အပြေးတစ်ပိုင်းသွားနေသော ကျွန်မ ခြေလှမ်းများက ဆိုင်သို့ မရောက်ခင်မှာပဲ ရှေ့တည့်တည့်မှပိတ်ကာ ရပ်လိုက်သော ခြေတစ်စုံကြောင့် တုန့်ခနဲ ရပ်သွားရ၏။ ဒီခြေချောင်းရှည်ရှည်လေးများကို ကျွန်မ မှတ်မိပါသည်။

ခေါင်းကိုမော့မကြည့်မိခင်မှာပဲ ကျွန်မဦးခေါင်းထဲမှာ နာမည်တစ်ခုက ဖြတ်သန်းသွားခဲ့ပြီးပြီ။ နေဇော်။

"မမ ဒါလေးရှာနေတာလား"

"ဟင် မင်းဘယ်က ရတာလဲ"





နေဇော့်လက်ထဲမှာ ကျွန်မ လက်စွပ်ဘူးလေး။ ဒါက ဘယ်လိုဖြစ်ရတာလဲ။

"မသီတာ ပေးလိုက်တာပါ၊ မမ ကျန်ခဲ့တာတဲ့၊ ဒီနေ့ မမချစ်သူမွေးနေ့အတွက် လက်ဆောင်ပေးဖို့ ဝယ်ထားတာဆို၊ ကိုချစ်မင်းက မမ လာယူလိမ့်မယ်ဆိုပြီး မှာသွားတာတဲ့၊ ကျွန်တော်က ယူသွားပေးလိုက်မယ်ဆိုပြီး"

ကျွန်မ သူ့စကားကို အဆုံးမခံဘဲ လက်စွပ်ဘူးလေးကို ဆတ်ခနဲ ဆွဲယူလိုက်သည်။

"ဖြည်းဖြည်းလုပ်ပါ မမရယ်၊ ကျွန်တော်ကလည်း ယူမထားပါ[illegible] တကူးတကကို လိုက်ပေးတာပါ"

"ကျေးဇူးပဲ"

ကျွန်မ သူ့ကိုကျောခိုင်းလိုက်၏။

"ကျွန်တော့်ကို စိတ်ဆိုးနေတာလား"

ဘာလို့မှန်းမသိပါဘဲ အဲဒီမေးခွန်းကို ကျွန်မ သိပ်မုန်းမိသွား[illegible]ည်။ ချက်ချင်းပင် သူနှင့်မျက်နှာချင်း ပြန်ဆိုင်လိုက်၏။

"နေပါဦး မောင်ရေ၊ မင်းကို ငါက ဘာလို့ စိတ်ဆိုးရမှာလဲ၊ [illegible]ကသာ ငါ့ကို မဆီမဆိုင်တဲ့အကြောင်းတရားတွေ ချပြပြီး ကလေး[illegible]ဆန် စိတ်ကောက်နေခဲ့တာ မဟုတ်လား"

"ကျွန်တော်က ကလေးဆန်တယ်တဲ့လား"

"ကလေးဆန်တာပေါ့၊ သင်တန်းကိုရော ဆိုင်ကိုရော မင်း



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းမှ ရောက်မလာတာ ဘာအတွက်လဲ ဘာသဘောလဲ ကလေးတွေ စိတ်ကောက်သလိုမျိုး ငါ့ကိုဆက်ဆံနေတာ မဟုတ်လား"

"မမက ကျွန်တော့်ကို စိတ်ပူနေတာလား"

"ငါက မင်းလို ကလေးကလား အပြုအမူမျိုးတွေကို လိုက်ခံစားပြီး စိတ်ပူပေးနေလိမ့်မယ်များ မင်းထင်နေတာလား"

"မထင်ပါဘူးဗျာ"

သူ့အသံက တိုးတိတ်ညင်သာသွားသည်။ သူက ကျွန်မကို သူ ပျောက်နေခြင်းအတွက် စိတ်ပူနေစေချင်တာမဟုတ်လား။ ကျွန်မ သိတာပေါ့။

ကျွန်မ သူ့ကို ဂရုမစိုက်တဲ့ လှည့်ထွက်ခဲ့လိုက်သည်။ အိတ်ထဲမှ ဖုန်းလေးကိုထုတ်ပြီး ဉာဏ်ထက်ဆီ လှမ်းဆက်လိုက်၏။

"ဟယ်လို"

"ဟုတ်ကဲ့ ပြောပါရှင်"

တစ်ဖက်မှ ပြန်ဖြေလိုက်သံက မိန်းကလေးတစ်ယောက်၏အသံ။ လှမ်းနေသော ခြေလှမ်းများ ရပ်တန့်သွားလျက် အာခေါင်တွေ ချက်ချင်းပင် ခြောက်ကပ်သွားသည်။

"ဟိုလေ ဒါက ကိုဉာဏ်ထက်ရဲ့ဖုန်းလား မသိဘူးရှင့်"

"ဉာဏ်ထက် မရှိဘူး ညီမရေ။ သူ ဖုန်းထားသွားတယ်"

ကျွန်မကို ကောင်းကောင်းမွန်မွန် ပြန်ဖြေနေခြင်းအတွက်တောင် ကျွန်မက ကျေးဇူးပြန်တင်နေမိရပါသည်။





"သူ ဘယ်သွားတာလဲ မသိဘူး"

"သူ့မိသားစုနဲ့ နေ့လယ်စာ ထွက်စားတယ်"

ကျွန်မ နည်းနည်းတော့ အံ့ဩသွားပါသည်။ ဉာဏ်ထက်က ငြိုတည်းသောသား။ သက်ရှိထင်ရှားရှိနေသော အမေကလည်း ဖြတ်ထားသောကြောင့် အိပ်ရာထဲမှာပဲ အချိန်ကုန်ဆုံးနေရတာလေ။ ယ်ကမိသားစုနဲ့ သူက နေ့လယ်စာထွက်စားရတာလဲ။

"အစ်မက ဘယ်သူလဲ မသိဘူးရှင့်"

"သူ့အစ်မဝမ်းကွဲပါ။ ညီမကရော ကိစ္စရှိလို့လား။ အစ်မ ဘာပြောပေးလိုက်ရမလဲ"

"သူ့မွေးနေ့မို့လို့ ဖုန်းလှမ်းဆက်လိုက်တာပါ။ သူ့သူငယ်ချင်းပါ အစ်မ"

"အေး အေး အစ်မ ပြောပေးမယ်နော်။ သူ့သားလေးကို စားကျွေးလိုက်ပိုမယ်ဆိုရင်တော့ ကြာလိမ့်မယ်နဲ့တူတယ်"

"ရှင်"

နှလုံးသားဟာ နံရိုးတွေကို ဖောက်ထွက်လျက် အပြင်ဘက်ဆီ ခုန်ထွက်ကျသွားမတတ်ပါပဲ။ မိုက်ခနဲ ဖြစ်သွားသော ကိုယ်ကို နောက်ဘက် တစ်ခုခုမှီထိန်းထားလိုက်ခြင်းကြောင့်သာ ပလက်ဖောင်းပေါ် ပြိုလဲ သွားခြင်း ဖြစ်သည်။

"မမ ဘာဖြစ်လို့လဲ"

ပြူးပြူးပျာပျာနှင့် မေးလိုက်သော နေဇော်အသံး ကျွန်မကို



www.burmeseclassic.com

www.burmeseclassic.com



ပြုံလဲကျမသွားအောင် ထိန်းထားပေးလိုက်တာလည်း သူပါပဲ။

"ဟို သစ်ပင်အောက်သွားမယ်၊ ငါ့မျက်လုံးတွေ အရမ်းပြာ နေလို့"

နေဖော့်ရဲ့ဖေးမပေးမှုနှင့် သစ်ပင်အောက်ခုံတန်းလေးတွင် ကျွန်မ ထိုင်လိုက်သည်။ ခုချိန်ထိ ကျွန်မအာရုံတွေကို စုစည်းလို့မရသေး ကြားလိုက်ရသော စကားတွေက ဘာအဓိပ္ပာယ်တွေလဲ။ ကျွန်မ နားကြား မှားတာရော မဖြစ်နိုင်ဘူးလား။

ဉာဏ်ထက်ရဲ့မိသားစုဆိုတာ သူ ပြောပြော်နေသော ကျွန် မသိသေးပါဘူးဆိုသည့် သူ့ဘဝအကြောင်းလား။ ခေါင်းထဲမှာ အတွေး ပေါင်းများစွာ စီဝေနေသည်။

"ဘာဖြစ်တယ်ဆိုတာ ကျွန်တော့်ကို ပြောပြဦးလေ၊ မမ ဒီလို ကြီးဖြစ်နေတာ ကျွန်တော်စိတ်ပူလို့ သေတော့မယ်"

"မဖြစ်ဘူး ငါလိုက်သွားမှပဲ၊ ငါ သူ့ဆီ လိုက်သွားမှဖြစ်မယ်"

ရုတ်ခနဲ အထမှာ လူက မိုက်ခနဲ ယိုင်ကျသွားသည်။ နေဖော်က အောက်ကနေ ဆီးထိန်းလိုက်သောကြောင့် သူ့ရင်ခွင်ထဲတည့်တည့် ပြုတ် ကျသွားခြင်း။

"မမ ဘာဖြစ်တယ်ဆိုတာကို ကျွန်တော့်ကိုပြောပါဦး။ ကျွန်တော် တကယ် စိတ်ပူနေပြီ"

သူ့ရင်ခွင်ထဲကနေ ပြန်ရုန်းထွက်ဖို့ကို သတိမရသေးဘဲ ကျွန် ငိုကြွေးလိုက်မိသည်။ အိပ်မက်လား တကယ်လား ဘာကိုမှ သည်းသည်





ကွဲကွဲ ကျွန်မ မသိတော့။ ရင်ထဲမှာ ဘာမှမရှိတော့သလို လစ်ဟာနေ လျက် ခေါင်းထဲမှာတော့ ပြည့်ကျပ်လေးလံရှုပ်ထွေးနေသည်။

ဘာစကားတစ်ခွန်းမှ မပြောနိုင်ဘဲ နေဖော့်ရင်ခွင်ထဲမှာ ကျွန်မ ရှိုက်တမ်း ငိုရှိုက်နေမိသည်။ ကျွန်မရဲ့ပခုံးစွန်းလေးတစ်ဖက်ကို သူ ထွေးပွေ့ပေးထားသော အထိအတွေ့ကို ကျွန်မ ခံစားလို့ရနေပေမယ့် ငြင်းဆန်နိုင်သည့်အင်အားမျိုး ကျွန်မမှာမရှိပါ။

ခုချိန်ခဏမှာ နေဖော်ဟာ ကျွန်မအတွက် အားကိုးတကြီး ငို ကြွေးနိုင်မယ့် ရင်ခွင်တစ်ခုကိုပေးနိုင်သူတစ်ဦး ဖြစ်နေခဲ့သည်လေ။

မိနစ်အတော်ကြာ ငိုကြွေးလို့ဝတော့မှ သူ့ရင်ခွင်တွင်း ဝှက်ထား သော ကျွန်မ မျက်နှာကို သူ့လက်များဖြင့် မော့ယူလိုက်၏။

"မမချစ်သူနဲ့ ဘာဖြစ်ကြလို့လဲဟင်၊ ကျွန်တော် နားထောင် ပေးမယ်၊ ပြောပြပါနော်၊ ရင်ထဲမှာပေါ့သွားတာပေါ့"

ပါးပြင်ပေါ်က မျက်ရည်စီးကြောင်းများကို သူ့လက်မဖြင့် ပွတ် သုတ်ပေးသည်။ နူးညံ့နွေးထွေးနေသော သူ့မျက်နှာနှင့်လေသံတို့က ကျွန်မ ရင်ထဲက ဖောပန်းမှုတွေကို သက်သာရာမရစေနိုင်တာတော့ ကျွန်မ လွှမ်းပါဘူးနော်။

"ငါ သူ့ဆီ လိုက်သွားချင်တယ်"

"မမသွားရင် ကျွန်တော် လိုက်ခဲ့ပေးမှာပေါ့၊ ဒါပေမဲ့ ဘာအ တွက်နဲ့လဲ မမ၊ ကျွန်တော့်ကို အကျိုးအကြောင်း နည်းနည်းတော့ ရှင်းပြ သင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သက်ပြင်းကို လေးတွဲစွာချလိုက်သည်။ ငိုကြွေးရလွန်းသောကြောင့် ရှိုက်ငင်နေမိသော ခန္ဓာကိုယ်က တစ်ချက်တစ်ချက် တုန်ယင်သွားကြ၏။

"သူ့မွေးနေ့အတွက် သူ့မိသားစုနဲ့ နေ့လယ်စာ သွားစားကြတယ်တဲ့"

"အဲဒါ ဘာဖြစ်လို့လဲ မမ"

နေဇော့်အတွက်ကတော့ ကျွန်မ ပြောလိုက်သော စကားက ဘာများထူးဆန်းမှာမို့လဲနော်။

"သူ့သားလေးကို ကစားကွင်းလိုက်ပို့ရမှာမို့ နည်းနည်းကြာမယ် တဲ့"

"ဗျာ"

ဒီတစ်ခါ မျက်လုံးများပြူးကျယ်လျက် ပါးစပ်အဟောင်းသားပွင့်ဟသွားတာ နေဇော်ပေါ့။

"ဘာသဘောလဲ သူပြောချင်တာက"

ဘာအဓိပ္ပာယ်ဆိုတာကို သိသော်လည်း နှုတ်က ထုတ်ဖော်ပြဖို့ ခက်ခဲနေသူလို နေဇော့်ပါးစပ်တွေ ဆွံ့အသွား၏။ ကျွန်မ ပါးပြင်ပေါ်သို့ မျက်ရည်တွေ စီးကျလာပြန်သည်။

"ဟုတ်ရော ဟုတ်ရဲ့လား မမရဲ့၊ တစ်ယောက်ယောက်က တမင်သက်သက် ပြောလိုက်တာရော မဖြစ်နိုင်ဘူးလား"

"ငါ မသိတော့ဘူး၊ ဒါကြောင့် သူ့ဆီလိုက်သွားမှဖြစ်မယ်လို့





ပြောနေတာပေါ့"

"ကောင်းပြီ မမ၊ သူ့ဆီလိုက်သွားချင်တာကို ကျွန်တော် မတားတော့ပါဘူး။ ဒါပေမဲ့ မမ တစ်ယောက်တည်းတော့ မသွားရဘူး။ ကျွန်တော်ပါ လိုက်ခဲ့မယ်၊ ပြီးတော့ ဒီငိုထားတဲ့မျက်နှာကြီးနဲ့ မသွားရဘူး၊ အိမ်ပြန်ပြီး ပြင်ပြင်ဆင်ဆင်လေး လုပ်လိုက်ဦး"

သူ့စကားကြောင့် ကျွန်မ စိတ်တိုသွားမိသည်။

"ငါက အခုလိုအနေအထားမျိုးမှာ ဘယ်လိုစိတ်နဲ့ အလှပြန်ပြင်နိုင်မှာလဲ"

"မဟုတ်သေးဘူး ခုလိုမျိုးမို့လို့ကို မမက လှလှပပလေးနဲ့ သွားရမှာ၊ အမှန်ကို ဂဃနဏမသိရသေးခင်မှာတောင် မမ ဒီလိုပုံစံမျိုးနဲ့ ရောက်သွားရင် ပိုရှုံးတာပေါ့၊ သွား ကျွန်တော်ပြောတာ နားထောင်ပြီး အိမ်ပေါ်ပြန်တက်ပြီး ပြင်ဆင်လိုက်နော်"

ကျွန်မကို တွဲလျက် သူက လှေကားအောက်ထိ လိုက်လာခဲ့သည်။ လှေကားပေါ်သို့ လိုက်မတက်တဲ့ ခြေလှမ်းများကို သူက ရပ်တန့်လိုက်၏။

"လိုက်ခဲ့လေ"

"မမ အဆင်မပြေမှာစိုးလို့ပါ"

ကျွန်မ ဘာမှထပ်မပြောတော့ဘဲ မျက်မှောင်ကျုံ့ပြီး ကြည့်လိုက်မှ သူ ချက်ချင်းပင် နောက်ကနေ လိုက်ပါလာ၏။ နေဇော်သာ ကျွန်မအတွက် သူငယ်ချင်းကောင်းတစ်ယောက်ပါပဲနော်။



www.burmeseclassic.com

"ဒီမှာ ခဏထိုင်စောင့်နော်"

အိမ်ရှေ့ခန်းမှာ နေရာပေးပြီး ကျွန်မက နောက်ဖေးဘက် ဝင်လာခဲ့သည်။ မျက်နှာကိုသစ်ချပစ်လိုက်ပြီး မိတ်ကပ်ကို အစမှ ပြင် လိုက်သည်။ ဉာဏ်ထက် နှစ်သက်သော ပန်းဆီရောင် နှုတ်ခမ်းနီလေးကို ခပ်ရွှဲရွှဲလေး ဆိုးထားလိုက်သည်။

"ကဲ သွားရအောင်"

နေဇော်က အလှပြင်ဆင်ပြီး ထွက်လာသော ကျွန်မကို ခြေဆုံး ခေါင်းဆုံးကြည့်ပြီး မသိမသာလေး အံ့ဩဟန်ပြသည်။

"မမက နှုတ်ခမ်းနီဆိုးလိုက်တော့ ပိုတောင်လှသေးတယ်"

"ဒါက သူကြိုက်တဲ့အရောင်လေ"

ဒီလိုကျတော့လည်း သူ့မျက်နှာက အနည်းငယ်ပျက်ယွင်းသွား ပြန်သည်။

"အကယ်၍ ဒီကိစ္စတွေက တကယ်သာဆို ငါ ဘယ်လိုရင်ဆိုင် ရမလဲ နေဇော်"

အငှားကားလေးပေါ်မှာ ငြိမ်သက်စွာ ထိုင်နေရင်းမှ ကျွန်မ မတည်ငြိမ်နိုင်စွာ ထုတ်မေးမိသည်။ သူက သက်ပြင်းတစ်ချက်ချလိုက်[illegible]

"မမက ဘယ်လိုရင်ဆိုင်ချင်တာလဲ၊ တည်တည်ငြိမ်ငြိမ်နဲ့လား၊ လှုပ်လှုပ်ရှားရှားလား"

"ငါ မသိဘူး"

"အခြေအနေကို ကြည့်ကြတာပေါ့လေ"





ကျွန်မတို့ငှားလာသော ကားလေး ဉာဏ်ထက်တို့ရပ်ကွက်ထဲကို ဝင်လိုက်ချိန်မှာပဲ ကျွန်မဖုန်းလေးကလည်း မြည်လာသည်။ တိုက်တိုက် ဆိုင်ဆိုင် ဉာဏ်ထက်ဆီကပါပဲ။ အသက်ကို ပြင်းပြင်းတစ်ချက်ရှူလျက် [illegible]ဖြေသည့် ခလုတ်လေးကို ထိလိုက်သည်။

"ဟယ်လို"

"မင်း ဘယ်ရောက်နေလဲ သုမေ"

"တိုက်တိုက်ဆိုင်ဆိုင်ပဲ သိလား၊ ကျွန်မ အခုပဲ ရှင်တို့ရပ်ကွက် [illegible] ရောက်လာတာ"

"ဟင် ဘယ်လိုဖြစ်ပြီးတော့လဲ"

"ဒီနေ့ ရှင့်မွေးနေ့လေ၊ ဘာလဲ ကိုယ့်မွေးနေ့ကိုယ်မေ့နေတာ [illegible]"

ကျွန်မက တုန်ချင်နေသော အသံကို ထိန်းသိမ်းလျက် သူ့ကို [illegible]သောသောလေး ပြောလိုက်တော့မှ သူကလည်း တစ်ချက်ရယ်မော [illegible]ပြီး

"မေ့တော့ မမေ့ပါဘူးကွာ၊ မင်း ဒီထိလိုက်လာလိမ့်မယ်လို့ [illegible]င်ထားမိတာပါ"

"ရှင့်ကို အံ့ဩသွားစေချင်လို့လေ၊ ကဲပါ လမ်းထိပ်က သစ်သီး [illegible]ညည်ဆိုင်လေးမှာ စောင့်နေမယ် အခုထွက်ခဲ့နော်"

အသံတွေကို မတုန်ယင်အောင် မနည်းထိန်းထားနိုင်ခဲ့သော် [illegible] လက်ဖျားလေးတွေ အေးစက်လှုပ်ခါနေတာကိုတော့ ကျွန်မ မထိန်း



www.burmeseclassic.com

www.burmeseclassic.com



သိမ်းနိုင်ခဲ့ပါ။

"အို"

ကျွန်မရဲ့ချွေးစေးများဖြင့် စွတ်စိုနေသော လက်ချောင်းလေးများကို နေဇော်က ဖျတ်ခနဲ ဆွဲယူလျက် သူ့လက်များဖြင့် နွေးထွေးအောင် ပွတ်တိုက်ပေး၏။ ဘာမှန်းမသိသော နှစ်သိမ့်ကျေနပ်မှုတစ်ခုက ရင်မှာ နွေးခနဲ ဖြစ်သွားသည်။

"ဟိုရှေ့က အအေးဆိုင်လေးနားမှာပဲ ရပ်လိုက်ပါနော်"

ကားခရှင်းပေးပြီး ဆိုင်လေး၏ထောင့်ကျကျ စားပွဲလေးတစ်ခုတွင် ကျွန်မတို့နှစ်ယောက် နေရာယူထားလိုက်၏။ ခဏ ခဏ တုန်ယင်ချင်နေသော ကျွန်မ လက်ချောင်းများကို နေဇော်က သူ့လက်များဖြင့် အုပ်ကိုင်လျက် စားပွဲအောက်တွင် ဖွက်ပေးထားသည်။

ခုချိန်မှာတော့ နေဇော့်ကို ကျေးဇူးတင်မိတာ အမှန်ပါပဲ။

ဆယ့်ငါးမိနစ်လောက် ကျွန်မတို့ စောင့်လိုက်ရပြီးနောက်မှာတော့ ခြေလှမ်းကျဲကျဲများဖြင့် လှမ်းလာနေသော ဉာဏ်ထက်ကို ခပ်ဝေးဝေးမှာ လှမ်းတွေ့လိုက်ရသည်။ နေဇော် ဆုပ်ကိုင်ထားသော ကျွန်မလက်ချောင်းများကို ဆတ်ခနဲ ဆွဲယူထုတ်လိုက်မိ၏။ နွေးထွေးမှုတွေအစား လက်များတွေပြန်လည်အေးစက်ကာ ချွေးစေးတွေ ပျံလာပြန်သည်။

ဉာဏ်ထက်က စားပွဲနားရောက်လာတော့ တစ်ခါမှ မမြင်ဖူးသော နေဇော့်ကို သေချာအကဲခတ်နေသည်။ နေဇော်ကလည်း ထို့နည်းလည်းကောင်းပါပဲ။ ယောကျ်ားနှစ်ယောက်ရဲ့တစ်ယောက်ကိုတစ်ယောက်





ကြည့်နေသော အကြည့်များထဲမှာ အဓိပ္ပာယ်တစ်ခုခု ဖျော်ဝင်နေသလိုပါပဲ။

"တစ်နေရာရာ သွားရအောင်လေ၊ ဒီအအေးဆိုင်လေးမှာပဲ ထိုင်တော့မလို့လား"

သူကတော့ သူ့ထုံးစံအတိုင်း၊ လမ်းဘေးဆိုင်မှာ ထိုင်ရတာကို အလိုမကျနိုင်စွာ ပြောသည်။ အင်းလေ လမ်းဘေးဆိုင်ဆိုတာထက် သူ့ရုပ်ကွက်ထိပ်က ဆိုင်မို့လို့ ကျွန်မနဲ့အတူယှဉ်တွဲပြီး မထိုင်ချင်တာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

"ဒီဆိုင်က ဖျော်ရည်တွေကောင်းတယ်လို့ သတင်းက ထွက်နေတော့ ကျွန်မသောက်ချင်လို့ပါ၊ ထောပတ်သီးဖျော်ရည်မှာထားတယ် ရှင်ရော ဘာသောက်ဦးမလဲ"

"ထောပတ်သီးဖျော်ရည်တဲ့ ဝိတ်ချလေး ဘာလေးထိန်းပါဆိုတာကို စကားနားမထောင်ဘူးနော်"

သူကြည့်ရတာ ပုံမှန်ပါပဲ။ ကျွန်မနဲ့သူ့ကြားမှာ ဘာတစ်ခုမှ ထူးထူးခြားခြား ဖြစ်ပျက်ထားခြင်းမရှိသလို။ ခုနက သူ့ဖုန်းကို ကျွန်မခေါ်ထားတာ သူမတွေ့ဘူးလား။ မတွေ့တာတော့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါ။

"ကျွန်မ ဖုန်းခေါ်ထားသေးတယ်၊ ရှင်အပြင်သွားနေတယ်လို့ ပြောတယ်၊ အဲဒီအမျိုးသမီးက ဘယ်သူလဲ"

"ကိုယ့်အမေရဲ့တူမပါ၊ အိမ်မှာ ခဏလာနေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့လေ အဲဒီ ရှင့်အစ်မက ကျွန်မကို ပြောတော့ ရှင့်မိသားစု နဲ့အတူ နေ့လယ်စာသွားစားတယ်တဲ့"

"ဟုတ်လား သူက အဲဒီအတိုင်းပြောလား ဟင်း ဟင်း"

ကျွန်မ အားတင်းကာ ပြောလိုက်ရသော စကားအဆုံးမှာ သူက ရယ်မောလိုက်၏။ ကျွန်မစကားတွေက ဘာမှမဟုတ်သည့် ဟာသ တစ်ခုလိုပါပဲ။

"ရှင် ဘာရယ်လိုက်တာလဲ သူပြောတဲ့စကားတွေက အဲဒါ အပြည့်အစုံမဟုတ်သေးဘူး"

"အင်း ပြောပါဦး"

"ရှင့်သားလေးကို ကစားကွင်းလိုက်ပို့ရဦးမှာမို့ အိမ်ပြန်နောက် ကျမယ်လို့ ပြောသေးတယ်"

"ဟား ဟား ဟား မင်းကွာ တကယ်ပဲ ကိုယ့်ကို စားလို့ စား လိုက်မှန်းတောင် မသိဘူးလား"

သူ့ရဲ့ပေါ့ပေါ့ပါးပါး ပြောလိုက်သော စကားတွေရဲ့နောက်မှာ ကျွန်မနဲ့နေဇော်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြ သည်။ ဘာကိုမှ နားမလည်နိုင်တော့သလိုပေါ့။

"ရှင် ဘာလို့ ရယ်နေတာလဲ၊ ဒါ ရယ်စရာမှမဟုတ်တာ"

"နေပါဦး ငါ မေးမယ်၊ မင်းအခု ဒီထိရောက်လာတာ ဒီကိစ္စ ကြောင့် မဟုတ်လား"

"လုံးဝမဟုတ်ဘူးဆို ကျွန်မ လိမ်တာပဲ၊ ဒါပေမဲ့ ရှင့်အစ်





မ်ကြဲဆိုတဲ့ မိန်းမက ကျွန်မကို ဘာမှန်းတောင်မသိဘဲနဲ့ ခုလိုမျိုး ာလိုင်းကြီး စကလွှတ်လိုက်တယ်ဆိုတာက ဖြစ်ရောဖြစ်နိုင်ရဲ့လား"

"အိမ်မှာ လုပ်စရာကိစ္စလေးတွေ ရှိနေတာကို ကိုယ်က မနက် ည်းက အပြင်ထွက်သွားလို့ စိတ်ဆိုးနေတာလေ"

"ဒါဆို ရှင်ကရော ဖုန်းတောင်မေ့ခဲ့ပြီး ဘယ်သွားတာလဲ"

"သူငယ်ချင်းတစ်ယောက်နဲ့ နေ့လယ်စာသွားစားတာပါကွာ၊ င်းကလည်း အမေးအမြန်းတွေ ထူလိုက်တာ၊ ဒါနဲ့ ကိုယ့်ကို မိတ်ဆက် ဦးလေ မင်းသူငယ်ချင်းလား"

သူက နေဇော့်ကို မေးငေါ့ပြပြီး စကားစသည်။ အင်းလေ ားလမ်းကြောင်း ပြောင်းလိုက်တယ်ဆိုတာက ပိုမှန်မယ်နဲ့တူပါရဲ့။

"ဟုတ်တယ် ကျွန်မသူငယ်ချင်း နေဇော်တဲ့ နေဇော် ဒါကတော့ င် ကြားဖူးနေတဲ့ ငါ့ချစ်သူ ဉာဏ်ထက်"

"တွေ့ရတာ ဝမ်းသာပါတယ်"

ဉာဏ်ထက်က လက်တစ်ဖက်ကမ်းပေး၏။ နေဇော်ကလည်း ပြုံးလေးဖြင့် အပြန်အလှန် လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

"မွေးနေ့လက်ဆောင်တွေ ဘာတွေ မပေးတော့ဘူးလား"

ဒီတစ်နေ့လုံးအတွက် လုံလောက်သော စိတ်အနှောင့်အယှက် ကို ရရှိပြီးပြီမို့ ဘယ်လိုနည်းနဲ့မှ ကျွန်မစိတ်တွေ အပြည့်အဝ မပျော်ရွှင် တော့ဘူးဆိုပေမယ့် အိတ်ထဲမှ လက်စွပ်ဘူးလေးကိုတော့ ဟန်ဆောင် ပြုံးလေးများဖြင့် ကျွန်မ ထုတ်ပေးလိုက်ပါသည်။



www.burmeseclassic.com

"သဘောကျရဲ့လား"

သူက ဘူးလေးကို ဖြည်းညင်းစွာ ဖွင့်လိုက်ပြီး အထဲမှ လက်စွပ်လေးကိုမြင်တော့ သူ့နှုတ်ခမ်းထက်က အပြုံးတွေ အရောင်လက်သွား၏။

"မိုက်လှချည်လား၊ ဒါ မင်းကိုယ်တိုင် ရွေးလာတာလား"

"ရှင့်အတွက်ကို ကျွန်မကိုယ်တိုင်မရွေးလို့ ဘယ်သူ့ကို ရွေးခိုင်းနေရဦးမှာလဲ"

သူ့လက်သူကြွယ်တွင် ကျွန်မကိုယ်တိုင် ဝတ်ပေးချင်ခဲ့တာ မယ့် ခုချိန်မှာ ကျွန်မ စိတ်မပါနိုင်ဖြစ်နေရသည်။ သူကိုယ်တိုင်ယူစွပ်လိုက်တာကိုသာ ဒီတိုင်း ထိုင်ကြည့်နေမိ၏။ လက်စွပ်လေးက သူ့လက်ချောင်းဖြူဖြူသွယ်သွယ်များပေါ်တွင် လိုက်ဖက်တင့်တယ်လွန်းနေသည်။

"ဒီလက်စွပ်က အစ်ကိုနဲ့သိပ်လိုက်ပါတယ်၊ သူက လိုက်မလိုက်ပါ့မလားဆိုပြီး တစ်လမ်းလုံး ကျွန်တော့်ကိုတတွတ်တွတ် ပြောနေတာလေ"

"ကျွန်တော် ကြိုက်ပါတယ်ဗျာ၊ ခင်ဗျားသူငယ်ချင်းက ကျွန်တော့်အကြိုက်ကို ရွေးတဲ့နေရာမှာ သိပ်တော်ပါတယ်"

သူတို့နှစ်ယောက် လေပေးဖြောင့်နေတာကိုကြည့်ပြီး ကျွန်မမှာ ဝမ်းသာရမှာလား ဝမ်းနည်းရမှာလား ဝေခွဲမရနိုင် ဖြစ်နေမိ၏။ ခုအခြေအနေက ဘယ်လိုမျိုးကြီးလဲ။ ကျွန်မကတော့ ဒီလောက်ကြီးမားသော ကိစ္စကြီးကို ဉာဏ်ထက်က ပေါ့ပျော့စွာ ဖြေရှင်းသွားတာကို ဘယ်လိုမှ လက်မခံနိုင်။ စိတ်ထဲမှာလည်း ဒုံးဒုံးချပြီး ယုံကြည်လို့မရအောင် ဖြစ်





မိသည်။

နေဇော်ရော ဒါကို ရိပ်မိပါ့မလား။

"လောလောဆယ် ကိုယ် အိမ်မှာ မေမေနဲ့အတူနေပေးရလို့ ...ယ် ညကျရင် မင်းဆီလာခဲ့မယ်လေ အိမ်ကိုပဲ"

သူက အဲဒီစကားကို ပေါ့ပါးစွာ ပြောလိုက်တာဆိုပေမယ့် ကျွန်မမှာတော့ နေဇော့်ကို မျက်နှာပူစွာ လှမ်းကြည့်လိုက်မိသည်။ သူ ...ကို လာခဲ့မယ်ဆိုတဲ့စကားကို နေဇော်လည်း ကြားလိုက်မှာ မှန်ပေမယ့် ...အေးကိုသာ ငုံ့သောက်ရင်း မကြားချင်ယောင်ဆောင်နေပေးသည့် ...တွက် ကျေးဇူးထပ်တင်မိသွားပြန်သည်။

"ဒါဆို ရှင်က အခုပြန်တော့မှာလား"

"အင်းပေါ့ ညလာမယ်လေကွာ၊ ကိုယ်မှန်းဆက်လိုက်မယ်နော် ...ပြီလား။ ဟိုကိစ္စကိုလည်း စိတ်ထဲက ထုတ်ထားလိုက်တော့ ကြား ..."

"ညမှ တွေ့ရမှာပေါ့နော်"

"ကြည့် ကလေးလိုပဲ ရစ်ဦးမလို့လား၊ ကိုယ် အဲအေးဖိုးတွေ ...သွားမယ်နော်၊ ပြန်လိုက်မပို့နိုင်လို့ စိတ်ကောက်မနေနဲ့ဦး၊ သွားဦးမယ် ...ကိုနေဇော်"

နေဇော်ကိုလည်း တရင်းတနှီးနှုတ်ဆက်ကာ သူ ထထွက်သွား ...သည်။ တစ်စက်မှ မသောက်ရသေးသော ကျွန်မ အအေးခွက်ကို ပိုက် ...ချောင်းလေးဖြင့် အဓိပ္ပာယ်မဲ့စွာ မွှေနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ဘယ်လိုသဘောရလဲ နေဇော်"

"အမှန်ကိုပြောရရင် စိတ်မဆိုးနဲ့နော်"

"ဆိုးစရာလားဟာ"

"သူလိမ်နေတာလို့ ကျွန်တော် ထင်တယ်"

ကျွန်မနာကျင်စွာ တစ်ချက်ပြုံးလိုက်မိသည်။ နေဇော့် ထင်မြင်ချက်က ကျွန်မထင်မြင်ချက်နဲ့ တစ်ထပ်တည်းပဲလေ။

"ငါ ဘာဆက်လုပ်ရမလဲ"

"ကျွန်တော် စုံစမ်းပေးမယ်လေ"

"ဘယ်လိုနည်းနဲ့လဲ"

"အဓိကက သတင်းမှန်ရဖို့ပဲ မဟုတ်လား။ ကဲပါ ခုတော့ ကျွန်တော်တို့ပြန်ကြတာပေါ့"

ချစ်ခြင်းမေတ္တာနဲ့ပတ်သက်ရင် ကျွန်မက ဘယ်တော့မှ [illegible] မကောင်းတတ်တာ ဘာလို့များပါလိမ့်။ ငါးရာနှစ်ဆယ့်ရှစ်မေတ္တာပဲ ကြည့်မလား။ တစ်ထောင့်ငါးရာမေတ္တာကိုပဲ ကြည့်မလား။ ကျွန်မအတွက် [illegible] လိုအပ်သည့် စစ်မှန်သော လုံခြုံနွေးထွေးမှုကို မပေးနိုင်ကြ။

ဝဲတက်လာသော မျက်ရည်များကို မျက်တောင်များဖြင့် [illegible] ခတ်ထိန်းသိမ်းလိုက်ရသည်။ ဒီလို လှလှပပခြယ်သထားသော မျက်[illegible] လေးအတိုင်း ညဘက် ဥာဏ်ထက်လာရင် ပြန်နိုင်ရဦးမှာလေ။ မျက်[illegible] များဖြင့် ငိုကြွေးမိရင် ဒီလိုလှပသော ပြင်ဆင်ခြယ်သမှုမျိုးကို နေ[illegible] တစ်ကြိမ် ထပ်လုပ်ဖို့ ကျွန်မမှ စိတ်မပါတော့ဘဲ။





"အိမ်လိုက်ခဲ့ဦးမလား"

"ဘာအတွက်လဲ"

ကျွန်မ၏ရှုးနှမ်းသော မေးခွန်းကို သူက မဆိုင်းမတွပင် မေးခွန်းဖြင့် ပိတ်ပင်ပစ်လိုက်သည်။ ဟုတ်ပါရဲ့ ဘာအတွက်နဲ့ ကျွန်မက သူ့ကို အိမ်ပေါ်ထပ်ခေါ်နေတာလဲ။ ခုချိန်က ကျွန်မတစ်ယောက်တည်း စိတ်ထဲရှိသမျှ တစ်ယောက်တည်း ငြိမ်ငြိမ်လေး ခံစားတွေးတောနေရမှာ မဟုတ်လား။ ညကျ သူ ရောက်လာရင် ဘယ်လိုစကားလုံးတွေနဲ့ ဘယ်လို အပြုအမူတွေနဲ့ ဆီးကြိုနှုတ်ဆက်ရမလဲဆိုတာကိုလေ။

"ငါ နင့်ဆီ ဖုန်းဆက်လိုက်ပါ့မယ်"

နေဇော်က ပြုံးလျက် ခေါင်းညိတ်ပြသည်။

"မမ"

"ပြော"

"ခုလိုဖြစ်သွားလို့သာ ကျွန်တော်နဲ့အရင်လို ဆက်ဆံရေးမျိုး [illegible]တောနော်"

"အောင်မာ ငါက ဘာမှမဖြစ်ပါဘူးနော်၊ မင်းကသာ တစ်[illegible]တော်တည်း ဘာတွေဖြစ်လို့ ဖြစ်နေမှန်းမသိတာ"

"အိုကေ အခုမဖြစ်တော့ဘူး။ ကျွန်တော် အတတ်နိုင်ဆုံးနဲ့ [illegible]ဆုံးအဖြေရှာပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်၊ ဒီနေ့အတွက်ရောပေါ့"

လက်ပြနှုတ်ဆက် ထွက်ခွာသွားသော နေဇော့်ကို မျက်စိတစ်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးကြည့်ပြီးမှသာ ကျွန်မ လှေကားပေါ်တက်ခဲ့၏။ ဒီနေ့အတွက် နေဇော်သာမရှိခဲ့ရင် လမ်းလယ်ခေါင်မှာ ကျွန်မတစ်ယောက်တည်း အရှက်ကွဲအကျိုးနည်း ဖြစ်ရတော့မလို့။

အံ့သြထူးဆန်းတာ တစ်ခုကတော့ အိမ်ပေါ်ပြန်ရောက်လို့ အိပ်ရာထက်မှာ လဲလျောင်းရင်း ဟိုဟိုဒီဒီတွေ လျှောက်စဉ်းစားလျက်က ကျွန်မ နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့ခြင်းပါပဲ။ ကိုယ့်ကိုယ်ကိုယ် နိ ချောက်ချားစရာအဖြစ်ကြီးကြောင့် အိပ်လို့တောင် မပျော်နိုင်လောက်ဘူးလို့ ထင်နေခဲ့မိတာလေ။

ကျွန်မ နိုးထလာချိန်မှာတော့ အိပ်ရာဘေးမှာ ကုလားထိုင်လေးတွင်ထိုင်လျက် စီးကရက်ထိုင်သောက်နေသော ဉာဏ်ထက်ကို တွေ့လိုက်ရသည်။ ဘယ်အချိန်တည်းက သူ ရောက်နေသည်လဲ မသိပါ။

“ရှင်ဘယ်တုန်းက ရောက်နေတာလဲ”

“နာရီဝက်လောက်တော့ ရှိပြီ”

“ဒါများ နှိုးလိုက်ရောပေါ့”

“မင်းအိပ်ပျော်နေတာကို ထိုင်ကြည့်ချင်လို့ပါ”

သူ့စကားကြောင့် ကျွန်မ ရှက်စနိုးလေး ပြုံးလိုက်မိရင်း မသေမသပ်ဖြစ်နေသော အဝတ်အစားများကို ဆန့်ဆန့်ပြန့်ပြန့် ဖြစ်စေရန် ပြုပြင်လိုက်သည်။

“ကျွန်မ ဟောက်သေးလား”

“အင်း နားငြီးလောက်အောင်တော့ မဟုတ်ပါဘူး”



“ဟွန့် ရှက်စရာကြီး”

“ကိုယ်တို့နှစ်ယောက်မှာ ရှက်တာတွေဘာတွေ လိုလို့လား”

“အို ရှင်ကလည်း ကျွန်မက မိန်းကလေးပဲ လိုတာပေါ့။ အဲဒါ့အပြင် ရှင်က ကျွန်မချစ်သူလေ၊ ဘယ်မိန်းကလေးမဆို ကိုယ့်ချစ်သူ ယောကျ်ားလေးရှေ့မှာ လှချင်ပချင်ကြတာပဲပေါ့”

အိပ်ရာက နိုးနိုးချင်းမှာ ကျွန်မသည် မနက်ဘက်က ဖြစ်ပျက်ခဲ့တာများကို ချက်ချင်းသတိဝင်မလာသေးဘဲ သူ့အပေါ် အရင်လို ကြည်နူးပျော်ရွှင်စွာ ဆက်ဆံနေမိသေး၏။ အဖြစ်မှန်ကြီးက ခေါင်းထဲကို ဝင်ရောက်လာချိန်မှာတော့ ကျွန်မထံမှ ကြည်နူးမှုတွေ ရုတ်တရက် ဆိတ်သုဉ်းကုန်ကြသည်။

“ဟိတ် ဘာတွေငိုင်သွားတာလဲ”

“အင်း ဘာမှမဟုတ်ပါဘူး၊ အိပ်ရာနိုးနိုးချင်းဆိုတော့ စိတ်သိပ်မကြည်လို့ပါ”

“လုပ်လေ ငါလည်း ဗိုက်ဆာနေပြီ၊ ညစာသွားစားရအောင်”

မျက်နှာကို ပေါင်ဒါလေးနည်းနည်းဖို့ပြီး အဝတ်အစားတစ်စုံ လဲလှယ်လိုက်သည်။ သူကြိုက်တယ်လို့ပြောဖူးသော အနက်ရောင်ခွဲသား အင်္ကျီရှည်လေးကို အောက်က စတော့ကင်အနက်ရောင်လေးနှင့် တွဲဝတ်လိုက်သည်။

“အို့ တစ်ကိုယ်လုံး မည်းနက်လို့ပါလား”

“ရှင်က အနက်ရောင်ကြိုက်တာမဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်တာပေါ့။ ခုရော ဘာပြောနေလို့လဲ"

"ဒါဆို သွားမယ်လေ"

ကန်ပတ်လမ်းပေါ်မှာရှိသော စားသောက်ဆိုင်တစ်ခုစီ သူက ကားကိုဦးတည်မောင်းလိုက်၏။ ဆိုင်ထဲမှာထိုင်ဖြစ်တော့လည်း သူ့စိတ်ကြိုက် ဟင်းလျာများကို မှာယူလိုက်ပြီး

"မင်းပေးတဲ့ လက်ဆောင်လေးကို ကိုယ်အမြတ်တနိုး ထားမှာပါ"

"ကျေးဇူးတင်ပါတယ်"

မှာယူထားသော အစားအသောက်တွေကများလျက် ကျွန်မမှာ မနည်းဝင်အောင် စားနေရသည်။ ဒါကို သူ သတိထားမိပုံပါပဲ။

"ဟိတ် ဘာလဲ ငါပြောလိုက်လို့ စိတ်လျှော့ပြီး အစားလျှော့စားနေတာလား။ အားရပါးရစားပါကွ မင်းကိုစားစေချင်လို့ တမင်အများကြီး မှာထားတာကို"

"ကျွန်မ ရင်ပြည့်နေသလို ဖြစ်နေလို့ပါ"

ကျွန်မရဲ့လိမ်လည်မှုကို သူ ရိပ်မိသလား၊ မရိပ်မိဘူးလား ကျွန်မ မသိ။ အကြောင်းပြချက်တစ်ခုအနေနှင့်တော့ လုံလောက်ခဲ့ပါသည်။ သူ ကျွန်မကို အတင်းအကျပ် မစားခိုင်းတော့

"မင်းကိုကြည့်ရတာ မနက်က ဖုန်းထဲကကိစ္စကို မယုံသေးသလိုပဲ၊ အစ်မကို ငါ ပြောပစ်လိုက်တယ်"

"ဟယ် ဘာလို့ ကိုယ့်ထက်အကြီးကို ပြန်ပြောလိုက်တာလဲ"





"ပြန်ပြောတာမဟုတ်ပါဘူး။ ကိုယ့် ကိုယ်ရေးကိုယ်တာကို ဝင်စွက်ဖက်ဖို့ပဲ ပြောလိုက်တာပါ၊ မင်းသိပါတယ် ဉာဏ်ထက်က မရိုင်းပါဘူး"

ဆိုင်ထဲက ထွက်လာတော့ သူက ရန်ကုန်မြို့ကို ကားပတ်မောင်းသည်။ ပြည်လမ်းပေါ်တက်လိုက်သည်နှင့် ကျွန်မ စိတ်တွေက အင်းလျားကန်ပေါင်ပေါ် လမ်းလျှောက်ချင်စိတ် ဖြစ်ပေါ်လာတာနှင့်

"ကန်ပေါင်မှာ လမ်းလျှောက်ရအောင်"

"အင်း ကောင်းသားပဲ"

ကားအားလျှော့ရပ်ပြီး ကန်ပေါင်ကို လမ်းတစ်ပတ်လျှောက်ပြီးချိန်မှာ အတွဲတစ်တွဲထသွားသော ထိုင်ခုံတန်းလေးတစ်ခုမှာ ကျွန်မတို့နှစ်ယောက် နေရာရ၏။

လမ်းလျှောက်နေသည့်တစ်လျှောက်လုံးရော ခုနေရာလေးမှာ ထိုင်နေသည့် ပြီးခဲ့သောဆယ်မိနစ်လုံးမှာရော သူရယ် ကျွန်မရယ် စကားမပြောဖြစ်ကြပါ။ သေးချင်းကပ်ရှိနေသော လူသားနှစ်ယောက်ရဲ့စိတ်တွေထဲမှာ အတွေးတွေကိုယ်စီနှင့် ငြိမ်သက်နေမိကြသည်။

"မင်းဘာတွေ တွေးနေတာလဲ"

တိတ်ဆိတ်မှုကို စတင်ဖြိုခွဲလိုက်သူက ဉာဏ်ထက်။

ဇော့ရမ်းတိုက်ခတ်နေသော လေကြောင့် လွင့်ပါနေသော ဆံပင်များကို ကျွန်မက တစ်ဖက်တွင် သိမ်းယူလျက် သူ့ဘက်သို့ လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဟိုဒီဒီပါပဲ"

"ဒါနဲ့ နေ့လယ်ကပါလာတဲ့ မင်းသူငယ်ချင်းအကြောင်း ငါ့ကို တစ်ခါမှ မပြောဖူးဘူးနော်"

"အင်း ဟုတ်တယ်၊ စကားမစပ်မိလို့ ဖြစ်မှာပါ။ သူက ကျွန်မတို့ဆိုင်ဘေးတိုက်မှာ နေတာလေ၊ မနက်ပိုင်းလုပ်တဲ့ သင်တန်းမှာလည်း တက်နေတယ်၊ ခဏခဏ ဆုံဖြစ်ရာကနေ ခင်မင်သွားတဲ့သဘောပါ"

"မင်းတို့ကို ကြည့်ရတာ တော်တော်လေးတောင် ရင်းနှီးကျွမ်းဝင်နေတဲ့ပုံမျိုးပါ"

နေပါဦး အခု သူက ကျွန်မနဲ့နေဇော်ကို ဖွပ်ဖွဲ့ချင်နေတာလား။ ဒါမှမဟုတ် သဝန်တိုနေတာလား။

"ဘာဖြစ်လို့ အဲဒီလို ပြောတာလဲ"

"မင်းမှာ သူငယ်ချင်းဆိုလို့ မယ်မယ်ရရ ငါ မမြင်ဖူးခဲ့တာ"

"အင်း ဒါနဲ့ပဲ ကျွန်မက သူငယ်ချင်းတစ်ယောက်ကို ရင်းနှီးကျွမ်းဝင်စွာ ခင်မင်ပတ်သက်ခွင့်မရှိတော့ဘူးလား၊"

"ငါ အဲဒီလို မဆိုလိုပါဘူး။ နေဇော့်ပုံကြည့်ရတာ ခင်ဖို့ကောင်းပါတယ်။ ဒါပေမဲ့ မင်းကို သတိပေးချင်တာက ဘယ်ယောက်ျားလေးကိုမှ အလွယ်တကူနဲ့ မယုံပါနဲ့"

ဒီစကားက နေဇော့်အတွက်မှ ဟုတ်ရဲ့လားရှင်။ ကိုယ့်ကိုယ်ကိုယ်အတွက် ပြန်ပြီးသတိပေးနေတာမျိုးများလား။

"ခုလို သတိပေးတာ ကျေးဇူးကြီးလှပါတယ်"





"လှောင်တာလား"

"ခြော် ခက်ပြီ၊ မလှောင်ပါဘူးရှင်၊ ကျွန်မက ရှင့်ကိုလှောင်ရဲရာလား"

သူ သက်ပြင်းခိုးလေးတစ်ချ ချလိုက်တာ ကျွန်မ မြင်မြင်အောင် မြင်လိုက်သေး၏။ ဒီနောက်တော့ နှစ်ဦးစလုံး ပြန်လည်တိတ်ဆိတ်သွားပြန်သည်။

အင်းလျားရဲ့ရေပြင်ကျယ်ကျယ်မှာ လေတိုက်လိုက်တိုင်း လှိုင်းကြပ်ခွပ်လေးတွေက ကန်စပ်ကို လာရောက်ရိုက်ခတ်နေကြသည်၊ ကောင်းကင်ပေါ်က မပြည့်တပြည့် လမင်းကြီးရဲ့အရိပ်ကလည်း ကန်ထက်မှာ လှပတင့်တယ်စွာ။ ဒီလို အလှအပတွေကို ကဗျာဆန်စွာ မခံစားနိုင်သူ ကျွန်မ ရင်ထဲမှာတော့ ပူလောင်လွန်းလှပါ၏။

"ခြော် ဒါနဲ့ သုဇာရဲ့ရှယ်ယာကမ်းလှမ်းချက်ကို ကိုယ် လက်ခံပေးလိုက်တယ်၊ ပမာဏမများပေမယ့် သူ့ဒီဇိုင်းလေးတွေက ဈေးကွက်ထဲ တိုးနိုင်လိမ့်မယ်လို့ ကိုယ်ယုံကြည်လို့ရတယ်၊ အရည်အချင်းကို မကြည့်ရင်တော့ သူထည့်တဲ့ ပမာဏက ကိုယ့်ကုမ္ပဏီမပြောနဲ့ ကိုယ့်ထက်အဆင့်သုံးဆင့်လောက်နိမ့်တဲ့ နေရာမျိုးမှာတောင် ရှယ်ယာဝင်နိုင်ဖို့ တော်တော်စဉ်းစားကြည့်ဦးမှာပါ"

"ကျေးဇူးတင်ပါတယ်"

ဒါကတော့ ကျွန်မ- တကယ်ကျေးဇူးတင်မိခြင်း ဖြစ်သည်။ သေပေမဆုံးခင် ထားသွားခဲ့သော စည်းစိမ်တွေအားလုံးကို ပေါ်သဖင်နှယ်



www.burmeseclassic.com

www.burmeseclassic.com



က လက်ဝါးကြီးအုပ်ကာ ကျွန်မကိုတော့ ငွေသိန်းနှစ်ဆယ်နှင့် အိမ်ပေါ်မှ အပြီးနှင်ချခဲ့ခြင်းဖြစ်၏။ ဒါလွန်ခဲ့တဲ့ ဘယ်နှနှစ်ကပါလိမ့်။ သုဇေ အသက်ဆယ်နှစ်လောက်သာ ရှိပါဦးမည်။

အဖေတူ အမေကွဲ မောင်လေးဖြစ်သော်လည်း ကျွန်မအတွက် ချစ်ခင်သံယောဇဉ်ဖြစ်ခဲ့ရသော မောင်လေးပါပဲ။ မိထွေးကို မကြည့်ချင် မမြင်ချင်ပေမယ့် မောင်လေးကိုတော့ အောင်မြင်ဖြစ်ထွန်းစေချင်သည်။ ခုလိုမျိုး လုပ်ငန်းတွေဘာတွေ ထူထောင်လျက် ဦးစီးပြီး လုပ်ကိုင်နေပြီဆိုတော့ ရင့်ကျက်နေသော လူရွယ်လေးတစ်ယောက် ဖြစ်နေခဲ့ပြီပဲ။ ကျွန်မ ဝမ်းသာရပါသည်။

"မင်းမောင်ကို မတွေ့ချင်ဘူးလား"

"တွေ့တော့ တွေ့ချင်ပေမယ့် သူက ကျွန်မကို မှတ်မိပါတော့မလား"

"မှတ်မိချင်မှလည်း မှတ်မိမှာပေါ့၊ ငါကလည်း ငါတို့နှစ်ယောက် ပတ်သက်မှုကို ထုတ်မပြောထားဘူးလေ"

ဘယ်ထုတ်ပြောရဲပါ့မလဲ။ ရှင့်မှာ အဲဒီလိုမျိုး လူရှေ့သူရှေ့ ချပြရဲလောက်တဲ့ သတ္တိမျိုးမရှိဘူးမဟုတ်လား။

"မင်း ဒီဥစ္စာတွေကို ဒေါ်သဖင်နွယ်လက်ထဲမှာပဲ ထားတော့မှာလား။ ဒီအတွက် နည်းနည်းမှတောင် မကြိုးစားတော့ဘူးလား"

"လောလောဆယ်တော့ ကျွန်မ မောင်လေးနဲ့ကျွန်မ ပြိုင်မလုချင်ပါဘူး။ သူ့ဘာသာ ရှေ့ဆက်လျှောက်ရမယ့်လမ်းလေး ဖြောင့်ဖြူးနေ





တာကို ကျွန်မကအနှောင့်အယှက်တစ်ခု ဖြစ်ပေးရမှာလား"

"သုဇေက ဦးစီးနေတယ်ဆိုပေမယ့် တကယ်တမ်း နောက်ကွယ်မှာ ချုပ်ကိုင်ထားတာက ဘယ်သူဆိုတာ မင်းသိနေတာပဲလေ"

ကျွန်မရဲ့အမွေတွေကိုစွန့် ပတ်သက်ရင်တော့ ဉာဏ်ထက်ဟာ တကယ့်စိတ်ရင်းအမှန်နဲ့ ကရုဏာဒေါသဖြစ်နေခဲ့တာမှန်း ကျွန်မ လက်ခံပေးနိုင်ပါသည်။ ကျွန်မဘဝအကြောင်းကို သူ့ထံမှာ ရင်ဖွင့်မိခဲ့တုန်းကတည်းက ဒေါ်သဖင်နွယ်တို့ ခြေရာကို သူပဲလိုက်ကောက်ပေးခဲ့ခြင်းဖြစ်သည်။

ကျွန်မက စိတ်လျှော့ကာ လွှတ်ပေးထားလိုက်၍သာ သူလည်း မခံချိမခံသာနှင့် ကြည့်နေရခြင်း။

"ဖြစ်နိုင်ရင်လေ မင်းကို ဒီလိုမျိုး အလုပ်တွေ နေ့မအားညအားလုပ်ပြီး ပင်ပန်းနေတာမျိုးကို မကြည့်ရက်တော့ဘူး။ ကိုယ်မင်းကို လက်ထပ်ချင်တယ်၊ ကိုယ်ခုလိုမျိုး အနေအထားမှာ ပြောလိုက်တာ မင်းအတွက်တော့ အံ့ဩချင်လည်း အံ့ဩနေမယ်၊ အထာမကျဘူးလို့တွေးရင်လည်း တွေးမှာပေါ့၊ ဒါပေမဲ့ ကိုယ် အခုပြောတဲ့စကားက တကယ့်ကို စိတ်ရင်းအမှန်ပါ"

ဒီနေ့မနက်က ကြားသိခဲ့ရသော အဖြစ်အပျက်ကြီးတစ်ခုသာ မရှိခဲ့ဘူးဆိုရင် သူ့ဆီက ဒီစကားကို ကြားသည့်အချိန်မှာ အပျော်ဆုံးလူက ကျွန်မသာလျှင် ဖြစ်ပါလိမ့်မည်။ ပျော်လွန်းလို့ ရုပ်ရှင်ပွဲထဲကအတိုင်း ထခုန်မြူးတူးမိမလားပင် မသိ။



www.burmeseclassic.com

www.burmeseclassic.com



ခဏချိန်မှာတော့ ဒီစကားကို ကြားလိုက်ရတာ နားထဲကို သံရည်ပူနှင့်လောင်းချလိုက်သလိုပင်။ မိန်းမတွေကလေးတွေ ရှိနေလျက်သားနှင့် ကျွန်မကို လက်ထပ်ချင်တယ်ဆိုတော့ ကျွန်မရဲ့အဆင့်အတန်းကို သူ ဘယ်လိုများ သတ်မှတ်ထားပါလိမ့်။

ကျွန်မ သိချင်လွန်းလှသည်။

"အကယ်၍ ကျွန်မတို့နှစ်ယောက် လက်ထပ်မယ်ဆိုရင် ဘယ်လိုပုံစံမျိုး မင်္ဂလာအခမ်းအနားကျင်းပမှာလဲဟင်"

ကျွန်မရဲ့သွေးတိုးစမ်းသော မေးခွန်းကြောင့် သူ့မျက်နှာ အနည်းငယ်ပျက်ယွင်းသွားပါသည်။ သို့သော် ချက်ချင်းပင် ပြန်ထိန်းလိုက်ရင်း

"မင်းက ခမ်းခမ်းနားနားတွေ ဟိုတယ်မှာ လုပ်တာမျိုးကို သဘောကျတာလား"

"ရှင့်လို အဆင့်အတန်းနဲ့ဆိုရင် ဒီလိုမျိုးတွေလုပ်မှ လူရှိန်မှာပေါ့ မဟုတ်ဘူးလား၊ ကျွန်မလုပ်ချင်တာ မလုပ်ချင်တာက အဓိက မကျပါဘူးလေ"

"ကိုယ်တို့တွေ ထူးခြားသွားအောင် ဘယ်သူမှမပါတဲ့ နှစ်ယောက်တည်းမင်္ဂလာပွဲလေးလုပ်ရင် ပိုမကောင်းဘူးလား"

ဒီစကားတွေအားလုံးဟာ အဖြစ်မှန်ကြီးတစ်ခုကို မရိပ်စားမိခင်တုန်းကတော့ ကျွန်မအတွက် ရင်ခုန်စိတ်လှုပ်ရှားစရာ အကောင်းဆုံးစကားလုံးတွေ ဖြစ်နေခဲ့မှာပါ။ ခုတော့ စိတ်ပျက်မှုရဲ့နောက်ဆက်တွဲအဖြစ် ရွံရှာမှုပါ တွဲလျက်ပါနေခဲ့ပြီ။





"ရှင့်ကိုလေ တကယ့်စိတ်ရင်းအမှန်နဲ့ ဖြေစေချင်တဲ့စကားတစ်ခွန်းရှိနေတယ်"

"အင်း မေးလေ"

ကျွန်မက လေးနက်စွာမေးလိုက်သော မေးခွန်းကို သူကလည်း ကျွန်မမျက်လုံးများထဲထိ ထိုးထွင်းကြည့်ရင်း လက်ခံလိုက်ပါသည်။ ဒီမျက်ဝန်းတွေရဲ့လေးနက်မှုကို ကျွန်မ တစ်ခါလောက်တော့ ထပ်ယုံလို့ရနိုင်ဘူးလားဟင်။

"ကျွန်မကို တကယ်ပဲ ချစ်ခဲ့တာလား"

ဒီမေးခွန်းလို့ သူ ထင်မထားတာ သေချာပါသည်။ ပြုံးရွှင်သွားသော သူ့မျက်ဝန်းတွေက ကြည်နူးမှုတွေနဲ့ လိုက်ဖြာသွားတာ ကျွန်မ သတိထားလိုက်မိပါ၏။

"ကိုယ် မင်းကို တကယ်ပဲ သိပ်ချစ်ခဲ့ပါတယ်၊ မင်းယုံနိုင်မလားတော့ မသိပေမယ့် ကိုယ့်ဘဝမှာ မနက်အိပ်ရာနိုးနိုးချင်း မျက်လုံးနှစ်လုံးဖွင့်တဲ့အချိန်မှာ ပထမဆုံး သတိရမိတာ မင်းဖြစ်နေခဲ့ဖူးတယ် အကြိမ်ကြိမ်ပါပဲ"

ဒီစကားတွေကို ကျွန်မ ယုံချင်ပါသည်။ နောက်ဆုံးအနေနဲ့ ကျွန်မ ယုံလိုက်ချင်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ကျွန်မ ပျက်ကွက်ထားသော ရက်တွေများနေသည့်အတွက် ဒီတစ်ခါတော့ တစ်ပတ်တစ်ခါရသည့် ကျွန်မရဲ့နားရက်မှာ ချစ်မင်းကို နားစေလိုက်သည်။ သူ့ကိုယ်ပိုင်နားရက်ရော ကျွန်မအစားရသည့်နားရက် ရောပါဆိုတော့ ချစ်မင်းက ကျေးဇူးတင်နေသေး၏။

"မမတစ်ယောက်တည်းမှန်းသိလို့ ကျွန်တော် လာကူညီတာ"

ညနေပိုင်း ကျွန်မ အလုပ်ချိန်စတာနှင့် နေဇော်က ရောက်လာ ကာ ကျွန်မနှင့်အတူ ကူညီလုပ်ကိုင်ပေးတော့သည်။

"မင်းအိမ်က မင်းလုပ်ချင်တိုင်းလုပ်နေတာတွေ ဘာမှမပြော ဘူးလား"

"အိမ်မှာက လေးလေးတစ်ယောက်ပဲ ရှိတာကို၊ သူကလည်း သူ့ဟာသူ အငြိမ်၊ ကျွန်တော် မဟုတ်တာမလုပ်မှန်းလည်း သူသိတယ်





ဒယ်ဒီနဲ့မာမီကတော့ ဖုန်းနဲ့ပဲပေါ့၊ သူတို့ကလည်း ကျွန်တော့်ကို ဟိုကို လိုက်လာစေချင်နေတာ၊ ကျွန်တော်ကသာ ပေကပ်ပြီး မြန်မာပြည်ကို မခွဲနိုင်ဖြစ်နေတာလေ"

မြန်မာပြည်ကို မခွဲနိုင်ဖြစ်တာလား၊ လူတစ်ဦးတစ်ယောက် အပေါ်မှာ မခွဲနိုင်မခွာရက်ဖြစ်နေတာလားလို့ ကျွန်မဘက်ကစပြီး မ မေးလိုက်သင့်ပါဘူးနော်၊ ဒါပေမဲ့လည်း နေဇော့်ရင်ထဲက စိတ်နှလုံးသားလေး ကို ကျွန်မ ထိုးထွင်းမြင်နေရပါသည်။

အသစ်ရောက်လာသော အချိုရည်ဘူးများကို နှစ်ယောက်အတူ စီနေရင်းနှင့်မှ နေဇော်က စကားစလာ၏။

"ဟိုဟာလေ မမ"

သူက ချက်ချင်းမပြောသေး။ ကျွန်မမျက်နှာကို အကဲခတ်သလို မျက်တောင်မခတ်တမ်း ကြည့်နေသေးသည်။ သူ ဘယ်အကြောင်းအရာ ကို ဦးတည်ပြီးပြောမယ်ဆိုတာ သိနေပေမယ့် လှုပ်ရှားတုန်ယင်သွားသော စိတ်ကို အတတ်နိုင်ဆုံး ဖုံးကွယ်ရင်း အချိုရည်ဘူးများကိုသာ ဆက်စီနေ လိုက်သည်။

"ပြောစရာရှိ ပြောလေ၊ ဘာတွေထိုင်ကြည့်နေတာလဲ၊ ဘာလဲ ဒီ သိပ်လှနေလို့လား"

"ဟုတ်တယ် မမက ကျွန်တော့်မျက်လုံးထဲမှာတော့ သိပ်လှ တယ်"

ကျွန်မရဲ့အရှုံတိုက်မေးခွန်းကို သူက အတည်ပေါက်ကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြေနေတော့လည်း မခက်လှနော်။

"ကဲပါ စကားတွေက ဘေးချော်ကုန်ပြီ၊ လိုရင်းကိုပြော"

"အဲဒီ အချိုရည်ဘူးတွေ စီနေတာကို ခဏရပ်ပြီး ကျွန်တော့်ကို ကြည့်ပါဦး"

ဖယ်ဆက်သလို လုပ်နေသော ကျွန်မလက်များက သူက အားမလိုအားမရ ဆွဲယူလိုက်လျှက် သူနှင့်မျက်နှာချင်းဆိုင်စေလိုက်သည်။ ကျွန်မ သက်ပြင်းမောလေး ချမိ၏။

"ကျွန်တော် ပြောမယ့်စကားအတွက် မမ စိတ်ထဲမှာ ဒဏ်ရာကြီးကြီးမားမားတွေ မရစေချင်တာတော့ အမှန်ပါပဲ"

"နေဇော် မင်း ဒီနေ့ ဘာဖြစ်နေတာလဲ၊ ပြောစရာရှိ လိုရင်းကို မြန်မြန်ပြောပါဆိုတာ ဟိုဝေ့ဒီပတ်နဲ့ ဘယ်လိုဖြစ်နေတာတုန်း"

"ကျွန်တော် စုံစမ်းပြီးခဲ့ပြီ မမ"

"အင်း အဖြေက ဘာတဲ့လဲ၊ ငါတို့ထင်ထားတဲ့အတိုင်းပဲလား"

တည်ငြိမ်ချင်ယောင်ဆောင်ပြီး မေးလိုက်ရပေမယ့် ကျွန်မရင်ထဲမှာ ပင်လယ်ပြင်မုန်တိုင်းထန်သလို လှိုင်းလုံးတွေ တစ်လုံးပြီးတစ်လုံး ပြေးဝင်ဆောင့်နေကြသည်။

ဦးခေါင်းကို မသိမသာလေး ဖြည်းညင်းစွာ ညိတ်ပြလိုက်ခြင်းဆိုပေမယ့် ကျွန်မအတွက်တော့ နေဇော်ရဲ့အဲဒီအပြုအမူလေးဟာ ကမ္ဘာကြီးတစ်ခုလုံး ပျက်ယွင်းသွားစေခဲ့သလိုပါပဲ။ သို့သော် ကျွန်မ အားတင်းပြီး ပြုံးပြလိုက်သည်။ ဘာကိုမှ မမှုသည့် မျက်နှာထားမျိုးနှင့်ပေါ့။





"သူတို့နှစ်ယောက်က မိဘတွေသဘောတူလို့ လက်ထပ်ထားတာမျိုး မဟုတ်ဘူး မမ၊ ဆယ်ကျော်သက်အရွယ်တည်းက ချစ်ခဲ့ကြတဲ့ ငယ်ချစ်တွေတဲ့၊ လက်ထပ်ပြီးနောက်ပိုင်း နှစ်ဖက်မိသားစုသိပ်အဆင်မပြေဘို့ သူတို့ဆက်ဆံရေးကလည်း အေးတိအေးစက်ပဲတဲ့၊ သားလေးတစ်ယောက်မွေးပြီးနောက်ပိုင်း ဒီကလေးကြောင့်သာ သူတို့နှစ်ယောက် ခုချိန်ထိ တွတူရှိနေကြတာမျိုးလို့တောင် ပတ်ဝန်းကျင်က ထင်ကြေးပေးနေကြတာလေ"

ငယ်ချစ်တွေတဲ့လား။ အချစ်ဦး ရည်းစားဦးဆိုတော့ သူ သိပ်ချစ်ခဲ့မှာပဲနော်။ အဲဒီအချိန်တုန်းက ကျွန်မဆိုတဲ့ မိန်းမတစ်ယောက်က ဘယ်နေရာမှာများ ဘယ်ချောင်မှာများ သွားကပ်နေပါလိမ့်၊ ဘယ်သူ့ကိုမှ အပြစ်မပြောချင်တော့သည့်အတွက် ကိုယ့်ကိုယ်ကိုယ်နှင့် ကိုယ့်ကံတရားကိုသာ အပြစ်ဖို့လိုက်ဖို့ပဲ ရှိတော့တာ မဟုတ်လား။

"မမ ဘာဆက်လုပ်မှာလဲ"

"ငါ ဘာဆက်လုပ်ရမလဲ ငါမသိတော့ဘူး၊ ဟိုတစ်နေ့ကဆို ငါ့ကို လက်ထပ်ချင်တယ်လို့တောင် သူ ဖွင့်ပြောခဲ့သေးတယ်"

"ဒါကို မမက ကျေနပ်နေတာလား။ ခုချိန်မှာ သူ့ဇနီးနဲ့သူနဲ့က အရားဝင်ပေါင်းသင်းနေထိုင်နေတာနော်၊ မမကို လက်ထပ်မယ်ဆိုတာ ဘယ်လိုစိတ်သဘောမျိုးနဲ့ သူပြောထွက်တာလဲ၊ ဘာလဲ ဒုတိယဇနီးအနေနဲ့လား"

"မယားငယ်လို့ မင်းပြောချင်နေတာလား၊ ပြောလိုက်စမ်းပါ



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးလှလှလေးတွေ မင်းရွေးချယ်သုံးနှုန်းနေစရာ မလိုပါဘူး။ သူ့ကို လက်ထပ်ထပ် မထပ်ထပ် ငါ့ဘဝက အခုလည်း မယားငယ်ဖြစ်နေရပြီပဲလေ၊ ဝက်ဖြစ်နေမှတော့ ငါက မစင်ကြောက်နေရမှာလား။ စကားလုံး အလှအပတွေက ဒီအချိန်မှာ အရေးမကြီးတော့ပါဘူး။ ငါ့ကို ဒီလိုဖြစ် အောင် သူ လုပ်ခဲ့ပြီပဲ''

ပြောနေရင်းတန်းလန်းနှင့် ဘယ်အချိန်တည်းက ပြည့်လျှံအိုင် ထွန်းနေမှန်းမသိသော မျက်ရည်စက်တွေက ပါးပြင်ပေါ် ဖိုးဖိုးပေါက်ပေါက် ကျဆင်းလာသည်။

''မငိုပါနဲ့ကွာ မမငိုနေရင် ကျွန်တော် တကယ်စိတ်ဆင်းရဲတယ်''

သူ့လက်များဖြင့် ကျွန်မ ပါးပြင်ပေါ်မှ မျက်ရည်စက်များကို သုတ်ဖယ်ပေးဖို့ သူ ကြိုးစားသည်။ ကျွန်မဘဝက တကယ့်ကိုပဲ အမည်း စက်ကြီးတစ်ခု စွန်းထင်းခဲ့ရပြီ။ ကျွန်မချစ်ခင်မြတ်နိုးခဲ့သော ယောက်ျား ဆီကနေ ကျွန်မအတွက် သတ်မှတ်ပေးလိုက်တဲ့ တန်ဖိုးတစ်ခုက မယား ငယ်တဲ့လား။ ကျွန်မက ဒီလိုအနေအထားမျိုးနဲ့ပဲ ထိုက်တန်တဲ့မိန်းမ တစ်ယောက်လား။ ကျွန်မကို ဒီထက်ပိုပြီး သူ တန်ဖိုးမထားနိုင်တော့ဘူး တဲ့လား။

အရူးတစ်ယောက်လိုပင် သွေးရူးသွေးတန်းနှင့် ကျွန်မ လျှောက် တွေးနေမိသည်။ ခေါင်းကြီးတစ်ခုလုံးပြည့်ကျပ် ပေါက်ကွဲတော့မတတ် နှလုံးသားတွေဆိုတာ ရင်ဘတ်ထဲမှာ တစ်စစီကြေမွကွဲအက်ကုန်ကြ ဖြစ်လာမယ်မှန်း ကြိုတွေးထားခဲ့ပြီး ဖြစ်သော်လည်း ခုလိုမျိုး သေချာ





သေချာစွာ သိလိုက်ရချိန်မှာတော့ ကျွန်မသည် လက်မခံနိုင်ဖြစ်ရပြန်သည်။

ကျွန်မလည်း သာမန်မိန်းကလေးတွေလိုပဲ ကိုယ့်ချစ်သူနှင့် ဘင့်တယ်လှပစွာ လက်ထပ်ချင်သည်။ ချစ်သူကပေးသော တန်ဖိုးတစ်ခု နှင့် ဂုဏ်ရှိစွာ နေထိုင်ချင်သည်။ ဘဝတစ်လျှောက်လုံး ပေါ်ပေါ်ထင်ထင် နှင့် ကိုယ့်ချစ်သူလက်ကိုသာ တွဲလျှောက်သွားချင်သည်။

ခုတော့ ကျွန်မ အိပ်မက်တွေ ဘယ်မှာလဲ၊ ကျွန်မ သိပ်ချစ်သော ယောက်ျားတစ်ယောက်ကပဲ ကျွန်မအိပ်မက်တွေကို ရိုက်ချိုးဖျက်ဆီးပစ် ခဲ့ပြီလေ။

''ငါ တကယ့်ကို ဆုပ်လည်းစူး စားလည်းရူးဖြစ်နေပြီ နေဇော် ရဲ့ နင်သိရဲ့လား ငါ့ရင်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ နင်ကိုယ်ချင်း စာနိုင်မှာမဟုတ်ပါဘူး''

ငိုသံတွေ ရောနှက်လျက် ကျွန်မရဲ့ဗလုံးဗထွေး စကားတွေကို နေဇော် ဘယ်လိုနားလည်ပေးနိုင်ပါ့မလဲ၊ မိန်းမတစ်ယောက်ရဲ့ စုတ်ပြတ် သွားတဲ့ ဂုဏ်သိက္ခာတစ်ခုကို ယောက်ျားတစ်ယောက်က ဘယ်လိုနည်းနဲ့မှ ကိုယ်ချင်းစာမပေးနိုင်ပါဘူးလေ။

''ဒီမှာ ကျွန်တော် ပြောတာကို နားထောင်ဦး မမ၊ ကျွန်တော် မမကို ကောင်းကောင်းကြီး နားလည်တယ်''

ဟင့်အင်း မင်းလိမ်တာပါ။

ထိုစကားကို နှုတ်ကထုတ်မပြောလိုက်နိုင်သော်လည်း ကျွန်မ ရှိုက်သံများကတော့ လှောင်ပြောင်ပြုံးများဖြင့် စိုလက်သွားမှာ သေချာ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

"မမ ကျွန်တော် ပြောတာကိုမယုံဘူးမဟုတ်လား"

"ယုံချင်စရာ ရှိလို့လား။ ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကို ဒီလိုကိစ္စနဲ့ပတ်သက်ပြီး ကိုယ်ချင်းစာနားလည်ပေးနိုင်ပါတယ်ဆိုတာ ဘယ်နားမှာမှ ယုံချင်စရာမရှိဘူး နေဖော်၊ ခုချိန်မှာတော့ မင်း ငါ့ကိုသနားနေမှာပေါ့၊ ဒါပေမဲ့ နောင်တစ်ချိန်ကျရင် ငါ့အဖြစ်အပျက်ကို မင်းဟားတိုက်ရယ်ချင်လည်း ရယ်နေမှာပဲလေ၊ နုံလွန်းအလွန်းတဲ့ မိန်းမတစ်ယောက်အဖြစ်နဲ့ပေါ့"

"မမ မှားနေပြီဗျ။ ကျွန်တော် ဘယ်တော့မှ မမ အနာဖြစ်ခဲ့တာတွေအတွက် ရယ်နေမှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူတိုင်းဟာ အချစ်နဲ့တွေ့သွားရင် မမလိုပဲ နုံအထုံထိုင်းလွန်းသွားတယ်လေ၊ မမကို ရယ်လိုက်မိရင် ကျွန်တော့်ကိုယ်ကျွန်တော်လည်း ပြန်ရယ်နေမိသလို ဖြစ်နေမှာပေါ့။ ကျွန်တော်ကတော့ ကျွန်တော့်စိတ်ခံစားချက်တစ်ခုကို အချိန်တွေ ဘယ်လောက်ကြာသွားသွား မလှောင်ဘူး မရယ်ဘူး ဟုတ်ပြီလား"

ခေါင်းတွေရှုပ်ထွေး မူးနောက်နေသည့် ခုလိုအချိန်မျိုးမှာ နေဖော့်စကားတွေရဲ့ အဓိပ္ပာယ်အပြည့်အဝကို ကျွန်မ နားမလည်ပေးနိုင်ခဲ့တာ အမှန်ပါပဲ။

"မမသာ အချိန်မီ ရုန်းထွက်နိုင်ရင် ရပါပြီ"

"ဟား ဟား အခုအနေအထားကို မင်းက ငါအချိန်မီသေးတယ်လို့ ပြောချင်နေတာလား"





ကျွန်မသည် ကိုယ့်ကိုယ်ကိုယ် နာကျင်စွာပင် ရယ်မောပစ်လိုက်ချက် မေးခွန်းပြန်ထုတ်မိသည်။

နေဖော့်အပြောစကားကြောင့် ကျွန်မ ရယ်မောလိုစိတ်တွေပျောက်ဆုံးလျက်ငြိမ်သက်သွားရပြန်သည်။ ခုချိန်မှာတော့ ကျွန်မသည် ငိုလိုက်ရယ်လိုက်နှင့် တကယ့်အရူးမတစ်ယောက်လို ဖြစ်နေမှာပါ။

"ပြောလေ မမ၊ ပြင်ဆင်ဖို့ မမမှာ ခွန်အားတွေရှိတယ် မဟုတ်လား"

ကျွန်မ ပခုံးစွန်းများကို ကိုင်လှုပ်လျက် အားမလိုအားမရဖြစ်နေသော နေဖော့်နားကနေ ကျွန်မ အားတင်းလျက် မတ်တပ်ထရပ်လိုက်သည်။

ကျွန်မ ပခုံးစွန်းများကိုကိုင်လှုပ်လျက် အားမလိုအားမရစွာဖြစ်နေသော နေဖော့်နားကနေ ကျွန်မ အားတင်းလျက် မတ်တပ်ထရပ်လိုက်သည်။

"ခုလောလောဆယ်တော့ ငါ့မှာ ဘာအင်အားမှ မရှိတော့ဘူး နေဖော်၊ ငါ့ဦးနှောက်တွေကို ခဏလောက် အနားပေးမှရတော့မယ် ငါ အိပ်စက်အနားယူပါရစေ"

တစ်ကိုယ်တည်းပြောသလို တီးတိုးရေရွတ်နေမိသော ထိုစကားတွေကို နေဖော် ကြားမှာပါနော်။ ကျွန်မတစ်ယောက်တည်း လွတ်လပ်စွာ ငိုကြွေးချင်သေးသည်။ ငိုကြွေးချင်သေးသည်။ စဉ်းစားချင်သေးသည်။ နာကျင်ချင်သေးသည်။ ကျွန်မရဲ့ဆိုးရွားလွန်းသော ကံကြမ္မာကို ဘယ်သူ့

www.burmeseclassic.com



ပယောဂမှမပါပါဘဲ ပြစ်တင်ဆဲဆိုချင်သေးသည်။

လူက နုံးချိစွာ ခွေခေါက်လဲကျချင်နေပေမယ့် စိတ်တွေကတော့ ပြင်းထန်စွာ ပေါက်ကွဲပစ်ချင်နေ၏။

"ငါက မင်းခွင့်လွှတ်မှုနဲ့ ထိုက်တန်လား။ မထိုက်တန်ဘူးလားဆို တာထက် သေချာတာကတော့ ငါမှားသွားခဲ့တယ်"

ကောင်တာမှ ထိုင်ခုံလေးတွင် ညှိုးလျော်နွမ်းလျစွာ ထိုင်လိုက် ရုံရှိသေး ကျွန်မဖုန်းထဲသို့ စာတိုလေးတစ်စောင် ဝင်လာခဲ့ခြင်းဖြစ်သည်။ ဉာဏ်ထက်ဆီမှ။

ဒီစာကို ဘာသဘောနဲ့ သူ ပို့လိုက်တာလဲ။ သူ ကျွန်မဆီမှာ ဝန်ခံလိုက်တာလား။ ဆက်ပြီး လိမ်ညာဖို့ စိတ်ကူး သူ့မှာမရှိတော့ဘူး လား။ အဖြစ်မှန်တွေကို ကျွန်မ သိသွားသည့်အချိန်ကိုက်မှာပဲ ရောက် ရှိလာသော ဒီစာသည် တစ်ခုခုတော့ ထူးဆန်းနေပါ၏။

မျက်လုံးများကို ဟိုဟိုဒီဒီ ဝေ့လိုက်မိလျှင် ဆိုင်ရှေ့မှ အခုပဲ ထွက်ခွာသွားသော အနက်ရောင်ကားလေးတစ်စီး။ နောက်မီးလေးကို မှုန်ပျပျသာ တွေ့မိလိုက်ပေမယ့် ဉာဏ်ထက် ဒီကိုလာသွားတာ ကျွန်မ သိလိုက်ပါပြီ။ နေဇော်နဲ့ကျွန်မတို့ ပြောနေကြသော စကားများကိုလည်း သူ သေချာပေါက် ကြားသွားပါလိမ့်မည်။

ကျွန်မ သွေးရူးသွေးတန်းနှင့် ဆိုင်ပြင်သို့ ပြေးထွက်ခဲ့မိ၏။ ဟိုးအဝေးကြီးမှာ ပျောက်ကွယ်သွားတော့မယ့် ကားလေးကို ကျွန်မ မမီနိုင်တော့ဘူးဆိုတာတော့ သိပါရဲ့။ ဒါဆို ဘာဖြစ်လို့များ ဆိုင်ပြင်ထဲ



ကျွန်မ ပြေးထွက်ခဲ့မိတာလဲ။

"မမ ဘာဖြစ်တာလဲ"

ကျွန်မနောက်သို့ ချက်ချင်းရောက်လာပြီး နေဇော်က စိုးရိမ် တကြီး မေးသည်။ ကျွန်မ ပါးပြင်ပေါ် မျက်ရည်တွေ ကျလာပြန်ပြီ။

စိတ်တွေဆင်းရဲလိုက်တာ။

"သူ လာသွားတယ် နေဇော်"

"ဘယ်သူလဲ ဉာဏ်ထက်လား"

ဆိုင်ထဲသို့ လေးပင်သော ခြေလှမ်းများဖြင့် ကျွန်မ ပြန်ဝင်ခဲ့ လိုက်သည်။ ခုံတစ်လုံးပေါ်မှာ အားအင်ချိနဲ့စွာ မတ်တပ်ရပ်နေနိုင်ဖို့ မစွမ်းနိုင်တော့စွာ ထိုင်ချလိုက်မိ၏။

"အမှန်တွေကို မမ သိသွားပြီဆိုတာ သူ သိသွားမှာပေါ့"

"သူ သိသွားပါတယ်၊ ငါ့ကို စာပို့ထားတယ်"

"ဒါဆိုလည်း ကောင်းတာပဲလေ၊ မမဘက်က သူ့ကို ပိုပြီး စိတ်ဖြတ်နိုင်သွားတာပေါ့"

နေဇော် ကျွန်မကို ကိုယ်ချင်းစာနားလည်ပေးနိုင်တယ်ဆိုတာ ဟုတ်ရောဟုတ်ရဲ့လား ဒါမှမဟုတ် ကျွန်မကပဲ အတွေးတွေ ကြီးနေမိတာ လား။ သူ့ကိုအပြီးအပိုင် စိတ်ဖြတ်တောက်ပစ်လိုက်သင့်တယ်ဆိုတာတော့ မှန်ပါရဲ့။ ဒါပေမဲ့ နှစ်နဲ့ချီပြီး စောင့်စားချစ်ခင်လာခဲ့ရတာ အရာရာကို သူ့အတွက် ပေးအပ်ထားခဲ့တာ၊ အဲဒီလို စိတ်တစ်ခုကို ဘယ်လိုလုပ်ပြီး ချက်ချင်းကြီး ဖြတ်တောက်ပစ်နိုင်ပါ့မလဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် သူများအိမ်ထောင်ရေးကို ဖျက်လိုဖျက်ဆီး လုပ်လို ခဲ့သော ဆန္ဒမရှိသည့်အပြင် ကျွန်မကိုယ်တိုင်လည်း တိတ်တိတ်ပုန်းအတွဲ ခံရသော မိန်းမတစ်ယောက် မဖြစ်ချင်ခဲ့တာ အတိအကျပဲလေ။ ကျွန်မဟာ ဉာဏ်ထက်အပေါ်ကို ငွေမက်လို့ ရည်ရွယ်ချက်ရှိရှိ ချဉ်းကပ်ခဲ့တာမျိုး လည်း မဟုတ်။ တခြားဘယ်လိုဆိုးရွားယုတ်ညံ့သော နည်းလမ်းတွေနဲ့မှ လည်း ဖက်တွယ်ထားခဲ့ခြင်း မရှိ။

ဖြူစင်စွာ ချစ်ခင်ခဲ့ပြီး ရိုးသားစွာ အလိမ်ခံလိုက်ရသော ကျွန်မ အတွက် နောက်ဆုံးရလဒ်က ရင်တွေကွဲအက်ကြေမွပြီး နာကျင်ရခြင်းတွေ တနင့်တပိုးနှင့် အပြီးအပိုင် စွန့်ခွာပေးလိုက်ရခြင်းတဲ့လား။

ဒါဟာ ဘယ်လိုတရားမမျှတမှုမျိုးလဲ လောကကြီးရယ်။

■ ■ ■

"ကျွန်မ လုံးဝ လက်မခံနိုင်ဘူး။ မျက်နှာချင်းဆိုင် စကားပြော ရအောင် ဉာဏ်ထက်"

ဒီစာတိုလေးကို ပို့ပြီးသည့်နောက်မှာ ကျွန်မ မှန်တယ်မှားတယ် ဆိုတာထက် စိတ်ခံစားချက်အတိုင်းလုပ်ဆောင်လိုက်ရတာကိုသာ ကျွန်မ အားရသာနေခဲ့သည်။

"မမ ဘာလုပ်ဦးမလို့လဲ၊ ပြီးတာတွေ ပြီးပါစေတော့ မျက်နှာ ချင်းဆိုင်တွေ့ပြီး မမ သိက္ခာကို ထပ်အပွန်းပဲ့ခံဦးမလို့လား"

သင်တန်းမစသေးခင်အချိန်မို့ ကျွန်မတို့နောက်နားဆီ ရောက် လာသော နေဇော်က ကျွန်မပို့လိုက်သော စာလေးကိုလည်း ကောင်း





ကောင်းတွေ့လိုက်ပုံပါပဲ။

"ငါ့သိက္ခာ ဟုတ်လား၊ သူနဲ့ပတ်သက်ပြီး ငါ့မှာသိက္ခာဆိုတာ ရှိသေးလို့လား"

သင်တန်းခန်းမထဲမှာ ကျောင်းသူတွေများပြားနေသည့်အပြင် အနားမှာ ရှိနေသော ဝေမွန်ပါ မကြားနိုင်စေရန် ကျွန်မက အသံခပ် အုပ်အုပ်နှင့်ပြောလိုက်ရ၏။

"ရှိတာပေါ့ မမရဲ့၊ မမ မမှားခဲ့ဘူးလေ၊ မမက အလိမ်ခံလိုက် ရတာပဲလေ၊ မမမှာ ကိုယ့်လိပ်ပြာကိုယ်လုံစွာနဲ့ နေနိုင်တဲ့အခွင့်အရေး ရှိသေးတယ်လေ"

"အဲဒါကို ငါဘာလုပ်ရမလဲ၊ ငါထားခဲ့တဲ့ သစ္စာတွေ မေတ္တာတွေ သေးအပ်မှုတွေက ခုတော့ ဘာမှအရေးမကြီးသလို မြောင်းထဲလွှင့်ပစ်ခံ ရတော့မယ့်အနေအထားမှာ ကိုယ့်လိပ်ပြာကိုယ်လုံပြီး ဘာလုပ်ရမှာလဲ"

"တကယ်တော့ ကျွန်တော် ဒီစကားမပြောချင်ပေမယ့် မမ လည်း ညံ့ခဲ့တာပဲလေ"

"အေး မင်းသိအောင် ငါတစ်ခုပြောလိုက်မယ်၊ ငါညံ့ဖျင်းခဲ့တာ မဟုတ်ဘူး။ သူ့ကို ငါ့လိုပဲ ရိုးသားလိမ့်မယ်လို့ မျှော်လင့်ခဲ့တာ၊ ယုံကြည် ခဲ့တာ"

ကျွန်မအသံ အနည်းငယ်ကျယ်သွားသည်မို့ ဝေမွန်က တစ်ချက် လှည့်ကြည့်သည်။ ဘာတွေဖြစ်နေတာလဲဆိုသည့်သဘော မေးသည်ပြတ်။ ကျွန်မမှာ အပြုံးလေးနှင့် ခေါင်းခါလိမ်လည်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းသွားတော့ ငါ ဒီနေရာမှာ မင်းနဲ့ဒီစကားတွေ မပြောချင်ဘူး"

အနားကနေ သူ ထထွက်သွားသည်။ နေဇော် ပြောတာတွေက ကျွန်မ တကယ်လုပ်သင့်တာတွေလည်း ဖြစ်နေနိုင်ပါသည်။ ဒါပေမဲ့ ကျွန်မစိတ်ထဲမှာ မကျေနပ်ဘူးလေ။ ကျွန်မသိပ်ချစ်ခဲ့ရသော ယောကျ်ားကို ခုလိုမျိုး ချက်ချင်းကြီး စွန့်လွှတ်ပစ်လိုက်ဖို့ဆိုတာ လွယ်ကူသော အခြေအနေတစ်ရပ်မှ မဟုတ်တာ။

ညနေ သင်တန်းဆင်းချိန်တွင် သူ့ကားလေးကို သင်တန်းအောက်မှာ ရပ်ထားတာ တွေ့လိုက်ရ၏။ တစ်ခါမှ ခုလိုမျိုး သင်တန်းထိ လိုက်လာဖူးခြင်း မရှိခဲ့သော လူက ခုတော့လည်း ကြိုတင်စောင့်စားလို့ပါလား။

ကားတံခါးကိုမှီပြီး ခပ်လျှော့လျှော့ ရပ်နေရင်းကနေ ကျွန်မ ဆင်းလာတာမြင်တော့ သူက လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"ဘယ်သူလဲ မိုက်လှချည်လား"

လက်တို့ပြီး ခပ်တိုးတိုးမေးသော ဝေမွန့်မေးခွန်းကို ခုချိန်မှာတော့ ယဲ့ယဲ့လေး ပြုံးပြပြီး တုန့်ပြန်ရုံကလွဲလို့ ဘာမှလည်း မတတ်နိုင်ခဲ့ပါ။ နင်တို့ကို ခေါ်လာပြီး မိတ်ဆက်ပေးမယ်လို့ ပြောထားတဲ့ ငါ့ချစ်သူဆိုတာလေလို့လည်း ကြွားဝါဖို့ အခွင့်အရေး ကျွန်မမှာမရှိတော့။

ဝေမွန်ထွက်သွားတော့မှ ကျွန်မ ကားပေါ်သို့ တက်လိုက်သည်။ သူက ဘာစကားတစ်ခွန်းမှ မပြောဘဲ ကားကိုသာ ညင်သာစွာ မောင်း





နေ၏။ ဘယ်ကိုဦးတည်နေမှန်းလည်း ကျွန်မ မသိ၊ သူကိုယ်တိုင်လည်း ဘယ်ကိုမောင်းလို့ မောင်းနေမှန်းတောင် သူ့ဘာသာ သိပုံမပေါ်။

"အေးအေးဆေးဆေး စကားပြောလို့ရမယ့် နေရာတစ်ခုကို မောင်းလိုက်ပါ"

ကျွန်မက သတိပေးလျှင် သူ့ရဲ့ဦးတည်ရာက ကန်တော်ကြီးထဲသို့ ဖြစ်သွားခဲ့၏။ ကန်စပ်လေးနားမှာ ကားကိုခေါင်းထိုးရပ်လိုက်ရင်း နောက်မှီတွင် စိတ်ပျက်အားလျော့စွာ မှီချလိုက်သည့် သူ့ပုံက ကျွန်မ ပြောမည့်စကားတွေကို တားဆီးပိတ်ပင်လိုက်သလိုပါပဲ။

"ကျွန်မကို အဖြစ်မှန်တွေ ရှင်ကိုယ်တိုင် ပြောပြလိမ့်မယ်လို့ မျှော်လင့်ပါတယ်"

ကျွန်မပါးစပ်က စကားလုံးတွေ ဒီလို ယဉ်ယဉ်ကျေးကျေးလေး ထွက်သွားခဲ့သည်တဲ့လား။ တကယ်ဆို ကျွန်မ အော်ဟစ်ပေါက်ကွဲလျက် သူ့တစ်ကိုယ်လုံးကို ရစရာမရှိအောင် ကုတ်ခြစ်ထိုးဖွဲ့ပစ်လိုက်ရမှာလေ။

"မင်းသိပြီးသွားပြီပဲ၊ မင်းသိထားခဲ့တာ အမှန်တွေပဲ ငါ မှားခဲ့တယ်"

"ရှင် ဒီလိုလေး တစ်ခွန်းပြောလိုက်တာနဲ့ ပြီးသွားရောလား ဉာဏ်ထက်"

"ဒါဆို ငါ ဘာလုပ်ပေးရမလဲ"

ဒီလိုဆိုပြန်တော့လည်း ကျွန်မမှာ ပြောစရာစကားမရှိ။

"ရှင်နဲ့ကျွန်မတို့နှစ်ယောက် ပတ်သက်ခဲ့တဲ့ အတိုင်းအတာတစ်



www.burmeseclassic.com

www.burmeseclassic.com



ရက နုလိုမျိုး ရှင်ပြတ်တောက်ပစ်ချင်တိုင်း ပြတ်တောက်ပစ်လို့ မရနိုင်ဘူးဆိုတာ မသိဘူးလား''

ပြောနေရင်းတန်းလန်းနှင့် ပါးပေါ်သို့ မျက်ရည်တို့ စီးဆင်းကျလာပြန်သည်။ ဒီရက်ပိုင်း ကျွန်မ အငိုသိပ်လွယ်နေပါလား။

''မင်းဘာလို့ ငိုနေတာလဲ၊ ငါ ငိုတာကို သိပ်မုန်းတယ်''

''ရှင်မုန်းတယ်ဆိုတိုင်း ကျွန်မက မငိုရတော့ဘူးလား။ ဒီလို အခြေအနေမျိုးမှာ ငိုတာတောင် ကျွန်မစိတ်ကြိုက် ငိုလို့မရဘူးလားဟင် ဉာဏ်ထက်''

''ဟာကွာ''

ကားစတီယာရင်ကို လက်သီးနှင့်အားရပါးရ ထိုးချပစ်လိုက်သော သူ့အပြုအမူကြောင့် ကျွန်မ ကြောင်ငေးသွားမိသည်။ ဖြူဝင်းသော မျက်နှာတစ်ပြင်လုံးဟာ နီရဲတွတ်လျက် နဖူးစပ်ကနေ ချွေးသီးတွေ ကြွေကျလာ၏။ အဲကွန်းကြောင့် စိမ့်အေးနေသော ကားအခန်းလေးထဲမှာ ကျွန်မတို့နှစ်ယောက်စလုံး ချွေးတွေ ပျံနေကြပါသည်။

''မင်းဘာလို့ ငိုနေတာလဲ၊ တကယ်ဆို ငါ့ကို ပိုးစိုးပက်စက် ပြောပစ်ရမှာ၊ ရိုက်နက်ထိုးကြိတ်ပစ်လိုက်ရမှာကွ''

ဒေါသတွေနှင့် သူ အော်ဟစ်ပါသည်။ ကျွန်မက သူ့အော်ဟစ်လေ ရှိုက်ကြီးတငင် ငိုကြွေးမိလေသာ ဖြစ်သည်။

ဒီအခြေအနေကို ကျွန်မ ဖန်တီးယူခဲ့တာ မဟုတ်ဘူးလေ။ ဒီ အခြေအနေအတွက် ကျွန်မမှာ ပြင်ဆင်ထားတာလည်း ဘာမှမရှိ။ ငို





ကြွေးရုံကလွဲလို့ ကျွန်မ ဘာများတတ်နိုင်မှာလဲ။

အေးစိမ့်နေသော ကားထဲမှာ ကားစတီယာရင်ကို လက်သီးနှင့် ဆက်ခါဆက်ခါ ဆောင့်ထိုးနေသော သူ့ထံမှ အသံရယ် ကျွန်မရဲ့ရှိုက်ငင် ငိုကြွေးနေမိသော အသံရယ်ကသာ မိနစ်ပေါင်းများစွာ လွှမ်းမိုးလျက်ရှိ၏။

''ငါ ဘာလုပ်ရမလဲ ငါဘာလုပ်ရမလဲ သူ့မေ''

လက်ဝါးနှင့်မျက်နှာကိုအုပ်ကာ သူ ငိုကြွေးသည်။ ငိုတာကို သိပ်မုန်းသော ပြတ်သားခိုင်မာသည့် ယောကျ်ားတစ်ယောက်က ကျွန်မ ရှေ့မှာ သည်းထန်စွာ ငိုကြွေးနေသောအခါ ထိုယောကျ်ားဟာလည်း ကျွန်မ သိပ်ချစ်မြတ်နိုးရသူတစ်ယောက် ဖြစ်နေသောအခါ နူးညံ့သော အညံ့ခံချင်သော ကျွန်မနှလုံးသားတွေသည် အရည်ပျော်ကာ တစိမ့်စိမ့် ယိုဆင်းကုန်၏။

''ကျွန်မရော ဘာဆက်လုပ်ရမလဲ၊ ရှင်ပြောလေ ကျွန်မ ဘာ ဆက်လုပ်ရမလဲ ဉာဏ်ထက်ရဲ့၊ ရှင်မရှိရင် ကျွန်မ မနေနိုင်ဘူး''

လက်အဆစ်နေရာများတွင် သွေးစို့နေပြီဖြစ်သော သူ့လက် ချောင်းလေးများကို ကျွန်မ ဆွဲယူလိုက်၏။ သူ့မျက်နှာတစ်ခုလုံးလည်း ချွေးတွေလား၊ မျက်ရည်တွေလား ခွဲခြားလို့မရအောင် စိုရွှဲနစ်နေကြသည်။

မျက်ရည်တို့ဖြင့် စိုနစ်နေသော ကျွန်မပါးပြင်နှင့်သူ့ပါးကို ပူး ကပ်ထားလိုက်မိ၏။ ကျွန်မတို့နှစ်ယောက်ရဲ့ မျက်ရည်တွေ ရောနှောစီး ဆင်းကုန်ကြပြီနဲ့ တူရဲ့။

မိန်းမတစ်ယောက်ငိုတာ သူတကယ်ချစ်လို့ဖြစ်ပြီး ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဒိုတာကတော့ သူ တကယ်ဆုံးရှုံးရတော့မှာမို့လို့ ဖြစ်တယ်တဲ့။

ကျွန်မတို့နှစ်ယောက်အဖြစ်နဲ့များ ထိုစကားက တိုက်ဆိုင်နေခဲ့ပြီလား။

"ကိုယ်မင်းကို အလွယ်တကူနဲ့ လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူးကွာ ငါ ဘယ်လိုလုပ်ရမလဲ"

"ကျွန်မလေ ကျွန်မလည်း ရှင်နဲ့မခွဲနိုင်ဘူး။ လူ့လောကအလယ်မှာ သိက္ခာမဲ့တဲ့လုပ်ရပ်မျိုးတွေကိုလည်း ကျွန်မသိလျက်နဲ့ ထပ်မကျူးလွန်ချင်တော့ဘူး။ ဘယ်လိုလုပ်ရမလဲ ဥာဏ်ထက်ရယ် ကျွန်မကိုကယ်ပါဦး"

"ငါမှားတာပါကွာ၊ ငါက မကောင်းတဲ့ကောင်ကြီးပါ၊ မင်းဒီလိုတွေဖြစ်အောင်လည်း ငါပဲကျူးလွန်ခဲ့တာ၊ ငါ့ကိုမုန်းပစ်လိုက်ပါတော့"

ကျွန်မက သားရဲတွင်းထဲကို ခုန်ဆင်းချနေသော သိုးငယ်လေးတစ်ကောင်လား။ သေချာတာကတော့ လောကရဲ့တံတွေးခွက်ထဲမှာ အလိုက်သင့်မျောပါဖို့ ကျွန်မမှာ မှားယွင်းတဲ့သတ္တိတွေ ရှိနေခဲ့ပါသည်။

■ ■ ■

"မင်းအလုပ်ထွက်လိုက်တော့"

ရင်ခွင်ထဲမှာ ကျွန်မကိုပွေ့ဖက်ထားရင်းကနေ သူက ပြတ်သားစွာ ဆိုသည်။

"ဘယ်အလုပ်ကို ပြောနေတာလဲ"





"ဖြစ်နိုင်ရင် နှစ်ခုလုံးပဲ"

"ဟွန်း ဒါဆို ကျွန်မက ဘာနဲ့ထမင်းစားရမှာလဲ၊ ကျွန်မ လုပ်အားလေးနဲ့ ကိုယ်ပိုင်အိမ်လေးတစ်လုံးလောက်တော့ ပိုင်ချင်သေးတာပဲ"

ကျွန်မ စောဒကတက်မိလျှင် သူက ကျွန်မနှုတ်ခမ်းများပေါ် လက်ညှိုးလေး တင်လိုက်ပြီး

"ငါပြောတဲ့အတိုင်း လုပ်ပါ"

"အမိန့်ပေးနေတာလား"

"ဟုတ်တယ် အမိန့်ပေးနေတာ"

"မဖြစ်နိုင်ပါဘူးကွယ်၊ ကျွန်မက အလုပ်မရှိအကိုင်မရှိနဲ့ ဘာလုပ်နေရမှာလဲ"

"မင်းဒီလောက်ပြောရခက်လား"

"ကျွန်မ ခေါင်းမာတာ ခုလောက်ဆို ရှင်သဘောပေါက်သင့်ပါတယ်"

"ဒီမှာ ကိုယ့်ကိုကြည့်စမ်း"

ရင်ခွင်ထဲ အလိုက်သင့်မှီလျောထိုင်နေသော ကျွန်မကို သူက ပခုံးနှစ်ဖက်ကနေ ဆွဲကိုင်လျက် သူနှင့်မျက်နှာချင်းဆိုင်စေလိုက်သည်။ သူ့မျက်ဝန်းတွေက ယောကျ်ားဆန်စွာ ပြတ်သားလှပါရှင်။ နေဇော့်မျက်ဝန်းတွေလို နူးညံ့နွေးထွေးမှုတွေကိုတော့ တစ်ခါတစ်ရံမှသာ ကျွန်မ တွေ့ရတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါ တာဝန်ယူချင်တယ်"

"ဘယ်လိုနည်းနဲ့လဲ ဥာဏ်ထက်"

"မင်း ခုလိုမျိုး ပင်ပင်ပန်းပန်းလုပ်နေရတာမျိုးတွေ ငါ မကြည့်ချင်တော့ဘူး"

"ရှင့်ကို ပြန်လက်ခံလိုက်ပြီးနောက်မှာ ကျွန်မရဲ့သိက္ခာတွေ မာနတွေအားလုံးကို စွန့်လွှတ်ခဲ့ရပြီးပြီ၊ ဒီထက် ကျွန်မက ကိုယ့်ဝင်ငွေလေးနဲ့ကိုယ် ရပ်တည်နေတာကိုပါ ရှင့်ရဲ့လက်ဝေခံအဖြစ်နဲ့ ပြောင်းလဲနေပေးရမယ်ပေါ့ ဟုတ်လား"

ကျွန်မ စကားသံတွေမှာ ရှိစုမဲ့စု ချန်ထားခဲ့ရသော မာနရဲ့ အပိုင်းအစလေးတွေ ပါသွားတာ သေချာပါသည်။ ပြောင်းလဲသွားသော သူ့အကြည့်တွေက မယုံကြည်နိုင်ခြင်းတွေ။

"မင်းက ခုထိ ငါ့ကိုအားကိုးချင်စိတ် မရှိသေးဘူးလား သုမေ"

"ရှင့်ကို အားမကိုးချင်ဘူး ဟုတ်လား ဘယ်လိုစိတ်မျိုးနဲ့များ ဒီစကားကို ပြောထွက်လိုက်တာလဲ၊ ရှင့်တစ်ယောက်တည်းကိုပဲ ဘဝတစ်ခုလုံးစာ အားကိုးတွယ်တာချင်ခဲ့တာ"

"မင်းအခု အဲဒီလို အခွင့်အရေးမျိုး ရနေပြီလေ"

"ဟင့်အင်း ကျွန်မလိုချင်ခဲ့တာ ကျွန်မတစ်ယောက်တည်းအတွက် သီးသန့်အားကိုးနိုင်မယ့်ယောက်ျားတစ်ယောက်အဖြစ်ပါ၊ တစ်နဲ့တစ်ယောက်နဲ့ မျှဝေခံစားပြီးမှ မဟုတ်ဘူးလေ"

"ကျစ်"





စိတ်တစ်ချက်သပ်လျက် သူ ကျွန်မကို မျက်နှာလွှဲသွားသည်။

"မဖြစ်နိုင်တော့ဘူး မဟုတ်လားဟင်"

"ဒါကြီးကို ငါ ဘယ်လိုပြုပြင်ပေးရမလဲ၊ ငါတို့ကြားမှာ သားသားတစ်ယောက်ရှိနေခဲ့တယ်လေ၊ ဒီကလေးမျက်နှာနဲ့ ငါ သည်းခံနေရတာပဲ"

ကလေးမျက်နှာဆိုတာ ရှင့်ရဲ့အကြောင်းပြချက်တစ်ခုသက်သက်ပဲ မဟုတ်ဘူးလား။ ရှင့်ရဲ့ငယ်ချစ်ဦး မိန်းမတစ်ယောက်ကို စွန့်ပစ်လိုက်ရမှာ ရှင်မဝံ့ရဲဘူး ဖြစ်နေတယ်လို့သာ ဝန်ခံလိုက်ပါတော့လား။

"မင်းဘာတွေများ တွေးနေတာလဲကွာ"

တစ်စုံတစ်ခုကို ကျွန်မ နာနာကျင်ကျင် တွေးမိလိုက်တိုင်း ကျွန်မရဲ့နှုတ်ခမ်းလေးတွေထက်မှာ မဲ့ပြုံးတစ်ခုက အလိုလို ထင်ဟပ်ပြီး တာကို သူ တွေ့ရှိတွေးတောမိသွားပုံပါပဲ။

"သာမန်ထက်ပိုတာမျိုးတွေတော့ ကျွန်မ ဘယ်တုန်းကမှ မတွေးပါဘူး။ ဒီအိမ်ထောင်ရေးကို ရှင်ဘာလို့မစွန့်လွှတ်နိုင်တာလဲဆိုတဲ့ [illegible]ြံ့အချက်လေးတွေလောက်ပဲ သွားတွေးမိတာပါ၊ ရှင့်ရဲ့အချစ်ဦးဆို တော့ အလွယ်တကူနဲ့ ရှင် ဘယ်ကွဲကွာနိုင်ပါ့မလဲ"

"ဟာကွာ မဟုတ်ဘူးကွ၊ မင်းမှားနေပြီ"

"ကျွန်မ ဘာတွေများမှားသလဲ၊ ရှင်ထောက်ပြပါဦး"

"ဒီအိမ်ထောင်ရေးကို ငါထူထောင်ခဲ့တယ်၊ ဒါပေမဲ့ ငါ့ထင်သလို ပျော်ရွှင်ကြည်နူးခဲ့ရတဲ့ အချိန်တွေက ခဏတာလေးပါပဲ၊ သူစိမ်းလူ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် ပေါင်းဖက်တဲ့နေရာမှာ အဲဒီလူနှစ်ယောက်တည်းနဲ့တင် ပြီးဆုံးသွားတာ မဟုတ်ဘူး။ နှစ်ဖက်အသိုင်းအဝိုင်းက လူပေါင်းမြောက်မြားစွာပါဝင်လာပြီ၊ ငါတို့နှစ်ယောက်ရဲ့ကြည်နူးစရာအချိန်တွေကို ပျောက်ဆုံးနေခဲ့တာ သားလေးတစ်သက်ရှိနေပြီကွ''

အသက်ခုနစ်နှစ်အရွယ် သားလေးတစ်သက်ဆိုတော့ သူတို့နှစ်ယောက်ကြားက ဆက်ဆံရေးတွေ အေးစက်နေခဲ့တာ အတော်ကြာခဲ့ပြီပေါ့နော်၊ သူ့စကားသာ အမှန်ဖြစ်ခဲ့မယ်ဆိုရင်လေ။

''မင်းဆီမှာ ပြန်ရှာတွေ့ခဲ့တဲ့ ငါ့ရင်ခုန်သံတွေကို ဝီဝီပြင်ပြင် အသက်သွင်းချင်ခဲ့တယ်၊ ဒါပေမဲ့ ငါ့မှာလည်း မင်းမသိသေးတဲ့ ဘာဆိုတာကြီးအတွက် ငါ့သားအတွက် အရာရာကို ပြန်ငဲ့နေရသေးတယ်လေ ငွေဆိုတာ အိမ်ထောင်ရေးတစ်ခုမှာ သိပ်အရေးပါလာခဲ့တယ်၊ ကွာရှင်းချင်ရင် ငွေပေါင်းများစွာ ပုံပေးရမယ့်အပြင် ငါ့သားကိုပါ ထည့်ပေးလိုက်ရမှာ၊ ငွေက အရေးမကြီးပါဘူး။ ဒါပေမဲ့ သားကတော့ ငါ့အတွက် အရေးတကြီးပဲလေ''

''ဒီလိုဆို ရှင့်ရဲ့အငယ်အနှောင်းအနေနဲ့ပဲ ကျွန်မ ဘဝတစ်လျှောက်လုံး သိမ်ငယ်နေရမှာပေါ့နော်''

အိပ်ရာထက်ကနေ သူ ရုတ်ခနဲ ထထွက်သွားသည်၊ အဝတ်ဗီရိုမှာ လွှားထားသော မျက်နှာသုတ်ပဝါကြီးကို လှမ်းဆွဲယူလျက် ရေချိုးခန်းထဲ ဝင်သွား၏။ ကျွန်မရဲ့မေးခွန်းအတွက် သူ့မှာ ဖြေစရာစကား မရှိခဲ့ဘူးလား။





မျက်ရည်တို့ ကျရပြန်ပြီ။ ကျွန်မကိုယ်တိုင် မိုက်မဲစွာ ရွေးချယ်ထားသောလမ်းတစ်ခုကို ကျွန်မကိုယ်တိုင်ပဲ အခဲမကြေဖြစ်နေမိပြန်ပြီ။ ကျွန်မ ရှုံးသွားရမှာ။

ရုတ်တရက်ကြီး နေဖော့်ကို သတိရလာမိသည်။ ဒီကောင်လေး ကျွန်မကို ချောင်နေပြန်ပြီ။ ကျွန်မကိုယ်တိုင်ကလည်း သူ့ကို ချောင်နေမိတာပါပဲလေ။

''နှစ်ခုလုံးမဟုတ်တောင် ညဘက်ဆင်းနေတဲ့အလုပ်ကိုတော့ မင်း ထွက်လိုက်ပါ''

မပြန်ခင် သူ ပေးသွားသောအမိန့်ပါ။ မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ကျွန်မ အသံကုန်အော်ဟစ်ပစ်လိုက်သည်။

ကျွန်မက ကိုယ့်ဒုက္ခတွင်းကို ကိုယ်ကိုယ်တိုင်တူးခဲ့သူပဲ မဟုတ်လား။

■ ■ ■

''ဘာဖြစ်လို့ အလုပ်ထွက်မှာလဲဗျာ၊ ဒီမှာ လုပ်ရတာ မပျော်လို့လား''

ဒီညဟာ ကျွန်မအနေနဲ့ နောက်ဆုံးအလုပ်ဆင်းပေးသည့်ညပဲဖြစ်ကြောင်း ချစ်မင်းကို ပြောပြလိုက်တော့ မျက်နှာငယ်လေးနှင့် မေးလာသော မေးခွန်းကိုလည်း ကျွန်မမှာ စိတ်မကောင်းစွာနှင့်ပင် ပြန်ဖြေရပါသေး၏။

''မဟုတ်ပါဘူးဟာ၊ နင်တို့ပြောသလိုပဲ ငါ့ကျန်းမာရေးငါ ဂရု



www.burmeseclassic.com

www.burmeseclassic.com



စိုက်လိုက်တဲ့ သဘောပါ''

''အင်းလေ ဒါကတော့ ဟုတ်ပါတယ်၊ ကျွန်တော်တို့ကို မေ့မသွားနဲ့ဦးဗျူ ဖုန်းလေးဘာလေးဆက်''

နေဇော်များ လာမလားလို့ မျှော်မိသေးပေမယ့် ပေါ်မလာပြန်ပါ။ ဒီကောင်လေး ပျောက်နေတာ တစ်လလောက်ပင် ရှိနေပြီ။

''နေဇော်ရော လာတာတွေ့သေးလား ချစ်မင်း''

''ဟုတ်တယ်ဗျ ခုတလော ဒီကောင်ပျောက်နေတယ်၊ ကျွန်တော်လည်း မတွေ့မိဘူး။ နောက်ဆုံးတွေ့လိုက်တုန်းကတော့ သူ့ အလုပ်တစ်ခုခု လုပ်မှဖြစ်တော့မယ်လို့ ပြောနေတာပဲ၊ မဟုတ်ရင် သူ့စိတ်တွေ လေလွင့်လွန်းလို့တဲ့လေ''

''ခြော် ဟုတ်လား၊ မင်းကို ဒီလိုပဲ ပြောတယ်လား''

''အင်း ဟုတ်တယ် အစ်မ''

သူက ဘာတွေလုပ်မှာတဲ့လဲ၊ စိတ်တွေလေလွင့်နေတယ်ဆိုတာကရော ဘာသဘောလဲ။ ကျွန်မရဲ့ကိစ္စတွေကို လိုက်လုပ်ပေးနေရတာ သူ့စိတ်တွေ လေလွင့်စေတဲ့ အဓိကအချက်လား။

မနက်အလုပ်ဆင်းခါနီး ဆိုင်လေးကို တစ်ချက်လှည့်ပတ်ကြည့်လိုက်သေးသည်။ ဘာပဲဖြစ်ဖြစ် တစ်နှစ်ကျော်လောက် ကျွန်မနှင့်အတူ ရှိနေပေးခဲ့တာ မဟုတ်လား။ သူ့စကားတွေကို မလွန်ဆန်ချင်၍သာ အလုပ်ထွက်လိုက်ရသည်။ တကယ်တမ်းက ဒီအလုပ်လေးကိုလည်း ကျွန်မ သံယောဇဉ်ဖြစ်နေခဲ့တာပါပဲ။





ကျွန်မ ရွေးချယ်ထားသောလမ်းကို ဘာပဲဖြစ်ဖြစ် ဆက်လျှောက်နိုင်ဖို့ အင်အားတွေလည်း ကျွန်မဘာသာ မွေးမြူယူရမှာပဲလေ။ ဒီလိုသူကျင့်ဝတ်နဲ့မညီညွတ်တဲ့ နေရာတစ်ခုကို ကျွန်မ လက်မလွှတ်နိုင်မှတော့ ဒါတွေကို ရင်ဆိုင်ဖို့ အင်အားကိုလည်း ဘယ်သူတစ်ဦးတစ်ယောက်ဆီကမှ မျှော်လင့်နေလို့ မဖြစ်တာ နားလည်ပါသည်။

ဒါပေမဲ့ ကျွန်မ နေဇော့်ကိုတော့ သတိတရဖြစ်နေမိသည်။ ကျွန်မရဲ့နာကျင်မှုတွေကို ရင်ဖွင့်ခွင့်ပေးခဲ့သူမဟုတ်လား။ ကျွန်မနားမှာ အတတ်နိုင်ဆုံး ရှိနေပေးဖို့ ကြိုးစားဖူးခဲ့သူမဟုတ်လား။ ခုတော့ သူ ဘယ်များရောက်နေတာပါလိမ့်။ အရင်လိုမျိုး မထင်မှတ်ထားသော အခြေအနေတစ်ခုမှာ သူ ပြန်ပေါ်လာဦးမှာလား။ သူမရှိတော့ ကျွန်မဘဝကြီးက ခြောက်သွေ့ငြိုးငွေ့စရာကြီး ဖြစ်နေခဲ့သည်။

''ဘယ်လိုလဲ ကိုယ် မင်းကိုပြောထားတာ လုပ်ပြီးပြီလား''

''မနေ့ကပဲ ထွက်လိုက်ပြီ''

''မင်းက ကိုယ့်စကားဆို သိပ်နားထောင်တယ်နော်၊ ဒါကြောင့်လည်း မင်းကိုချစ်ရတာ''

ကျွန်မ ဦးခေါင်းလေးကိုပုတ်ကာ ဆံပင်များကို ဖွရှုပ်ပစ်လိုက်သော သူ့အပြုအမူက ကလေးတစ်ယောက်ကို စနောက်နေသလိုမျိုးပါပဲ။ ကျွန်မရင်ထဲမှာ အချိန်တိုင်း နာကျင်ခံစားနေရသည့်အပြစ်ကြီးတစ်ခုကို သူ မမြင်နိုင်တော့ဘူးလား။

သူများအိမ်ထောင်ရေးကို ဝင်နှောင့်ယှက်သည့် လူမျိုးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



လူ့ပတ်ဝန်းကျင်ကလည်း မကြိုက်၊ ဘုရားလည်းမကြိုက်သော ပြစ်မှုကြီး မဟုတ်လား။ အို ဘာတတ်နိုင်မှာလဲ၊ ကျွန်မကိုယ်တိုင် ရွေးချယ်ထား ခဲ့တာပဲလေ။ သူတစ်ဦးတည်းရဲ့အပြစ်မှ မဟုတ်တာ။

"မင်းဘဏ်အကောင့်ထဲ လတိုင်း ငါပိုက်ဆံဖြည့်ပေးမယ်၊ သင်တန်းမှာကတော့ မင်းအလုပ်မရှိလို့မနေနိုင်ဘူးဆို ဆက်လုပ်ပေါ့"

"ရှင် တာဝန်ယူမယ်ဆိုတာ ဒီလိုပုံစံလားဟင်"

"မင်း ပင်ပင်ပန်းပန်းနဲ့ ငွေရှာနေတာကို ငါ မကြည့်ချင်ဘူး လေ၊ ဒါကြောင့် မင်းရဲ့စားစရိတ် နေစရိတ်တွေကို ငါ တာဝန်ယူလိုက် တာပဲ"

"မဟုတ်သေးဘူးကွာ၊ ကျွန်မ လိုချင်တဲ့ တာဝန်ယူမှုဆိုတာကို ရှင် ကောင်းကောင်းနားမလည်ဘူးပဲ"

"ငါ နားမလည်တာမဟုတ်ဘူးလို့ မင်းကိုပြောပြီးပြီပဲ၊ ငါ့မှာ ဘယ်လိုအနေအထားတွေကြောင့် သည်းခံပြီးနေနေရပါတယ်ဆိုတာလည်း မင်းကိုချပြပြီးပြီ၊ မင်းကပါ ငါ့ကိုစိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ကွာ"

ကုလားထိုင်ပေါ်မှာ ဝုန်းခနဲ ထိုင်ချလျက် ခေါင်းငိုက်စိုက်ချပြီး လက်များဖြင့် မျက်နှာပေါ်အုပ်ကာထားသည်။ အသက်ကိုပြင်းပြင်းရှူ လိုက်ထုတ်လိုက်နှင့် သူ့ပုံစံက ကျွန်မထက်ပင် ပိုလို့တောင် စိတ်ဖိစီးမှု များပြားနေသည့်ပုံစံမျိုး။

ဒီတော့လည်း ကျွန်မကပဲ ပြန်ပြီးနှစ်သိမ့်မှုပြန်ပေးရဦးမယ့် အနေအထားပါ။



သူ့ရှေ့တည့်တည့်တွင် ဒူးထောက်ထိုင်ချလျက် အောက်ငုံ့နေ သော သူ့မျက်နှာကို လက်များဖြင့်ပင့်မယူလိုက်၏။ သူ့ဦးခေါင်းဟာ ကျွန်မလက်များထဲမှာ ပျော့ခွေအားအင်ချို့နဲ့နေ၏။ ကြည့်ပါဦး ကျွန်မဟာ ဘယ်လောက်တောင်များ ညှို့ဖျင်းလိုက်သည့် မိန်းမပါလိမ့်။ ကျွန်မဘဝ ကို အမည်းစက်တစ်ခုဖြစ်အောင် လုပ်ဆောင်ခဲ့သည့် ယောကျ်ားတစ် ယောက်ကို ကျွန်မကပင် ပြန်ပြီး အားပေးနှစ်သိမ့်ဖို့ ကြိုးစားနေမိပြီလေ။

"ကျွန်မက ရှင့်ကို စိတ်မဆင်းရဲစေချင်ပါဘူး။ အဲဒါကိုတော့ ရှင်ယုံပေးရလိမ့်မယ်"

သူ့နဖူးပြင်ကို နှုတ်ခမ်းများဖြင့် ဖွဖွတစ်ချက် နမ်းလိုက်သည်။ ကျွန်မကို ခါးကနေသိုင်းဖက်လျက် သူ့ရင်ခွင်တွင်း ဆွဲသွင်းထားလိုက် သော လှုပ်ရှားမှုက မြန်ဆန်လွန်းသောကြောင့် ကျွန်မပင် လန့်ဖျပ်သွား ရပါသည်။

"ဟိတ် အားမရှိတော့သလို နွမ်းခွေနေတဲ့သူက ချက်ချင်း ဘယ် လိုဖြစ်သွားပြန်တာတုန်း"

"မင်း ငါ့ကို စိတ်မဆင်းရဲစေချင်ဘူးဆိုတာ ယုံစေချင်ရင် သက်သေပြလေ"

"ဟင် ဘယ်လိုသက်သေပြရမှာလဲ"

သူ့နှုတ်ခမ်းထူထူများကို ရှေ့သို့စူထားလျက် မေးငေါ့ပြနေပုံ ကြောင့် ကျွန်မမှာ မထိန်းနိုင်စွာ ရယ်မောမိလိုက်သေးသည်။

"ဘာလဲ မပေးချင်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com

"မပေးချင်ပါဘူး"

"တကယ်လား"

ကျွန်မ ခါးကိုသိုင်းဖက်ထားသော လက်များအား သူ ဖြည်ချလိုက်သည်။ စိတ်ဆိုးသွားတာပေါ့လေ။ အဲဒီလိုပုံစံကြီးနဲ့ သူနဲ့လည်းမလိုက်ဘဲများ။ ကျွန်မ ထပ်မံရယ်မောလိုက်မိတော့ သူ ထထွက်သွားပါတော့သည်။

"ဟာ နေပါဦးဟ"

သူ့နောက်ကနေ အပြေးလိုက်သွားလျက် နောက်ဘက်ကနေ ခါးကိုသိုင်းဖက်ပြီး သူ့ကျောပြင်မှာ ကျွန်မမျက်နှာအပ်ထားလိုက်မိသည်။ မျက်လုံးများကို မှိတ်ထားလိုက်ပြီး စည်းချက်ညီညီ ခုန်လှုပ်နေသော သူ့နှလုံးခုန်သံကို နားထောင်နေမိ၏။

"ဘာလုပ်နေတာတုန်း"

"ရှင့်ရင်ခုန်သံကို နားထောင်နေတာ"

သူက ဖြတ်ခနဲ ကျွန်မနှင့်မျက်နှာချင်းဆိုင်လှည့်လိုက်ပြီး ကျွန်မကို သူ့ရင်ခွင်ထဲမှာ တင်းကျပ်နေအောင် ဖက်ထားလိုက်၏။

"ရင်ခုန်သံကို ဒီလိုနားထောင်ဗျ ဒါမှ ရှင်းရှင်းလင်းလင်းကြားရမှာ"

သေချာပါသည်၊ ကျွန်မ သူ့ကို သိပ်ချစ်နေတာပါ။ ဘယ်သူတွေ ဘယ်လိုပဲ သဘောထားထားပေါ့။

■ ■ ■



## အခန်း (၆)

"သုဓေကို ကိုယ်တို့ဆီမှာပဲ ရုံးလာထိုင်နိုင်ပြီး လုပ်ငန်းပူးပေါင်းမလားလို့ တွေးမိတယ်၊ ကိုယ်တို့ဆီက ဖိနပ်ကြီးပဲ သီးသန့်လုပ်နေတဲ့နေရာမှာ သုတို့ရဲ့အဝတ်အထည်လိုင်းကိုပါ ပူးပေါင်းလိုက်ရင် ပိုအဆင်ပြေမလားလို့လေ"

လုပ်ငန်းအုပ်ချုပ်မှုအပိုင်း ဘာဘာညာညာတွေကို ကျွန်မ နားမလည်ပေမယ့် ဦးဇော်ထက်တို့ကုမ္ပဏီက မောင်လေးတို့လုပ်ငန်းနှင့် ပူးပေါင်းလိုက်ရင် နှစ်ဦးနှစ်ဖက်လုံး အဆင်ပြေမယ်လို့ ကျွန်မထင်နေမိသည်။ သုဓေတို့အတွက်ကတော့ အမြတ်အစွန်းပိုထွက်မှာပေါ့လေ။

"ကျွန်မက အဲဒါတွေတော့ သိပ်နားမလည်ပါဘူး။ ဒါပေမဲ့ ရှင်ဒီလိုစဉ်းစားမိတယ်ဆိုတည်းက ဆိုးဆိုးရွားရွားတစ်ခုခု မဟုတ်ဘူးလို့တော့ ထင်တာပဲလေ"

"ဆိုးရွားစရာလားကွ၊ ဘယ်တုန်းက မင်းမောင်အပေါ်မှာ ဝါ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းကြံခဲ့ဖူးလို့လဲ''

''အင်းပါ အဲဒီအတွက်လည်း ကျေးဇူးတင်ပါတယ်၊ ဒါနဲ့သေ ကျွန်မတို့နှစ်ယောက်ရဲ့ပတ်သက်မှုကို သုဇေ မသိပါစေနဲ့နော်''

သူက ကျွန်မပခုံးလေးကို ဖွဖွဖက်ထားလိုက်ပြီး

''ကိုယ်နားလည်ပါတယ်''

''ဒီလိုဆို ရှင်တို့နှစ်ယောက်က ကုမ္ပဏီတစ်ခုတည်းမှာ တူတူ လုပ်နိုင်တော့မှာပေါ့နော်''

''အင်းပေါ့ သုဇေက တော်ပါတယ်၊ သူ့အနေအထားကို ကိုယ် သေချာကြည့်ပြီးတော့မှလည်း ဒီဆုံးဖြတ်ချက်ကို ချလိုက်တာပါ''

ကျွန်မချစ်ရသူနဲ့ မောင်လေးနဲ့က လုပ်ငန်းတူတွေ အတူတကွ ပူးပေါင်းပြီးလုပ်ကိုင်ကြမှာဆိုတော့ ဘာလို့မှန်းမသိပါဘဲ ကျွန်မ ဝမ်းသာ နေမိသည်။

အင်းလေ ကျွန်မကသာ ဝမ်းသာနေတာပါ။ သုဇေက ခုချိန် ကျွန်မကို မြင်ရင်တောင် မှတ်မိပါ့မလားမသိ။ ငယ်ငယ်တုန်းကဆို ဒေါ် သဖင်နွယ်နဲ့ဖေဖေတို့ ရန်ဖြစ်ကြတိုင်း သုဇေလေးက ကျွန်မအခန်းထဲမှာ ပဲ လာနေကာ တိတ်တိတ်လေး ငိုနေတတ်၏။ ဒီကလေး အငိုတိတ် အောင် ကျွန်မကပဲ တတ်သမျှမှတ်သမျှလေးနဲ့ ချော့မော့ပေးခဲ့ရတာ။

မိန်းကလေးဆန်ဆန် ချောချောမောမောလေးနဲ့ ကောင်လေးက အခုရော ဘယ်လိုပုံစံအနေအထားမျိုးတွေနဲ့ ကြီးပြင်းလာတာပါလိမ့် ငယ်ရုပ်မပျောက်သေးဘူးဆိုရင်တော့ မိန်းမချောချောသော ထိုကောင်လေး





သည် မိန်းကလေးတော်တော်များများကို ဆွဲဆောင်နေသော ယောက်ျား တစ်ယောက် ဖြစ်နေမှာပါ။

ကျွန်မရဲ့တောင်းဆိုမှုကြောင့် နောက်ရက်များမှာ ဉာဏ်ထက်က သုဇေပုံကို ဓာတ်ပုံရိုက်ယူလာပေးခဲ့သည်။ ကျွန်မ ထင်ထားသည့်အတိုင်း ပါပဲ။ အမေတူသား သုဇေဟာ နုတ်ခမ်းပါးပါး မျက်ဝန်းနက်နက်နဲ့ မောက်ကျကျလေး ကြီးပြင်းလာခဲ့တာပါ။ သားဖြစ်သူကိုတော့ ဒေါ်သဖင် နွယ် ဖူးဖူးမှုတ်ချစ်ခင်ပုံပါပဲ။

''ဘယ်လိုလဲ မင်းမောင်လေးပုံ မြင်လိုက်ရလို့ စိတ်ချမ်းသာ သွားပြီလား''

''သူက သူ့အမေနဲ့တူတာလေ၊ ကျွန်မကတော့ အဖေနဲ့တူတော့ သူ့လို မချောဘူး''

''ဩော် တကယ်အရေးကြီးတာကိုမှ ကိုယ်မေ့နေလိုက်တာ''

ဉာဏ်ထက်က သူ့နဖူးသူ ခပ်ဖြည်းဖြည်းရိုက်ကာ ညည်းတွား လိုက်သည်။

''မင်းသူငယ်ချင်းကောင်လေးလေ နေဇော်''

''ဟင် နေဇော် နေဇော် ဘာဖြစ်လို့လဲ''

ကျွန်မသည် နေဇော့်နာမည်ကြားတာနှင့် ဟန်မဆောင်နိုင်စွာပင် ပျာပျာသလဲ မေးလိုက်မိသည်။ သူက ကျွန်မကို မျက်စောင်းကြီးခဲလှသော အကြည်ကြည့်ကြည့်လိုက်ပြီး

''ဒီလောက်ထိ ပြူးပြူးပျာပျာ ဖြစ်သွားမယ်မှန်းသိရင် မပြော



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး''

''ဟာကွာ ရှင်ကလည်း နေဇော်နဲ့ကျွန်မက ရိုးရိုးသားသားပါ''

''အင်းလေ မင်းကတော့ ရိုးသားမှာပေါ့၊ ဒါပေမဲ့ ယောကျ်ား ချင်းသိပါတယ်ကွာ၊ ဒီကောင်လေး မင်းအပေါ်မှာမရိုးသားပါဘူး''

''မရိုးသားဘူးဆိုတာ ဘယ်လိုအနေအထားမျိုးကို ပြောတာလဲ''

''သူ မင်းအပေါ်မှာ ချစ်နေတာ ငါသိတာပေါ့၊ ဘာဖြစ်လို့လဲ ဆိုတော့ လူတစ်ယောက်က စကားလုံးတွေနဲ့သာ လိမ်လည်လို့ရမယ် သူ့မျက်လုံးတွေကိုတော့ ဘယ်တော့မှ မလိမ်နိုင်ဘူးလေ''

''ကဲပါ နေဇော် ဘာဖြစ်တယ်ဆိုတာကို အရင်ပြောပါဦး''

''သူက အခု သုဖေနဲ့တူတူ ကိုယ်တို့ကုမ္ပဏီကို ပါလာတာနော် အလုပ်တွဲလုပ်နေတဲ့ပုံပဲ''

''ရှင်''

ကျွန်မ တကယ်မျက်လုံးလေးများ ပြူးကျယ်သွားသည်ထိ အံ့ဩ သွားမိသည်။ နေဇော်က အခုသုဖေနဲ့အလုပ်တွဲလုပ်နေတယ် ဟုတ်လား သုဖေကို ကျွန်မ မောင်လေးမှန်းတော့ သူ သိလိမ့်မည်မထင်ပါ။

''ဒါဆို ရှင်တို့သုံးယောက်လုံးက အဆောက်အဦးတစ်ခုတည်းမှာ အလုပ်အတူလုပ်နေကြတာပေါ့လေ၊ ရှင့်ကိုတွေ့တော့ နေဇော် ဘာပြော သေးလဲ''

''သူက ကိုယ့်ကို နည်းနည်းမှ မကြည်လင်ပုံပါပဲ၊ ဒါပေမဲ့





ထုပ်ငန်းခွင်ထဲမှာတော့ ဘာမှမပြောပါဘူး၊ အလုပ်လည်း ကြိုးစားရှာ သားပဲ၊ ကိုယ် ဟိုနေ့က ယူကြည့်တော့ သူ့ဒီဇိုင်းတွေထဲမှာ တော်တော် နိုတ်တာတွေ ပါတယ်၊ အဲဒါလေးတွေကိုပဲ ဒီနှစ်ကူး စပါယ်ရှယ်ဒီဇိုင်း အနေနဲ့ ထုတ်မလားလို့တောင် ကိုယ် စိတ်ကူးနေတာ''

ဉာဏ်ထက်ကို ကျွန်မ သဘောကျမိသည့်အချက်ထဲမှာ ကိုယ် နေကိုယ်တာနှင့်အလုပ်ကို မရောထွေးတတ်တာလည်း တစ်ခုအပါအဝင် ပါပဲ၊ အလုပ်ကို အမြဲလေးလေးနက်နက် လုပ်တတ်သလို ဆုံးဖြတ်ချက် တွေကိုလည်း ပြတ်ပြတ်သားသား မှန်ကန်စွာ ချမှတ်နိုင်သည့် ယောကျ်ား တစ်ယောက်ဟာ ကျွန်မဘဝကို အမည်းစက်စွန်းထင်းစေခဲ့သူဆိုတာ။

''ဟူး''

''ဘာတွေ သက်ပြင်းချနေပြန်ပြီလဲ''

နှုတ်ကနေ ရုတ်တရက် ထွက်ကျသွားသော ခပ်တိုးတိုး သက် ပြင်းချသံကို သူက သတိထားမိစွာ မေးမြန်းနေသေးသည်။

''ဒီလိုပါပဲကွယ်၊ ကျွန်မလည်း တိုးတက်ရာတိုးတက်ကြောင်း အလုပ်ပြောင်းလုပ်ရင် ကောင်းမလားလို့ပါ၊ ဒါပေမဲ့လည်း ကိုယ်က ဘွဲ့ အေးတစ်ခု ရထားတာကလွဲရင် တခြားအပြင်သင်တန်းဆင်းဘာညာတွေ မရှိဘူးလေ''

''ဟုတ်တယ် ကိုယ်အစိက ဆွေးနွေးချင်တဲ့ထဲမှာ အဲဒါလည်း ပါတယ်၊ မင်းကို အလုပ်မလုပ်စေချင်ဘူးဆိုတာ ဒီလို ပင်ပန်းပြီး ဘာမှ တိုးတက်တဲ့အလုပ်မျိုးတွေ မလုပ်စေချင်တာ၊ ကိုယ့်ကုမ္ပဏီမှာ ခေါ်ထား



www.burmeseclassic.com

www.burmeseclassic.com



ဖို့ကလည်း''

သူ စကားမဆက်နိုင်တော့ဘဲ နှုတ်ဆိတ်သွားသည်။ မဖြစ်နိုင်တဲ့ အခြေအနေတစ်ခုကို ဘာလို့များ စကားစဖော်နေသေးတာလဲကွယ်။ ရှင့်လုပ်ငန်းထဲမှာ ကျွန်မက အတူတူလက်တွဲလာလုပ်ခဲ့ရင် ကျွန်မတို့နှစ်ယောက်လုံးရဲ့ လူသိမခံနိုင်တဲ့ ဇာတ်လမ်းက အနေးနဲ့အမြန် ပေါ်သွားမှာမဟုတ်လား။

''ကိုယ်တစ်ခု စဉ်းစားမိတာတော့ ရှိတယ်၊ မင်းကို အထည်ဆိုင်လေးတစ်ဆိုင်လောက် ဖွင့်ပေးမယ်ကွာ၊ အဲဒီမှာ သုဇာရဲ့ဒီဇိုင်းတွေကို သီးသန့်တင်မယ်ကွာ၊ ကိုယ်တို့ကုမ္ပဏီရဲ့လက်ခွဲပေါ့''

''ရှင်''

ဘာပြောလို့ပြောရမှန်းပင် မသိတော့အောင် ကျွန်မ ဆွံ့အသွားခဲ့သည်။ ဉာဏ်ထက် ဘာတွေများတွေးနေတာလဲ။

''ရှင်ဒီလောက်ထိ စဉ်းစားထားတာလား''

''ဟုတ်တယ် ကိုယ်မင်းကို အဆင့်အတန်းမြင့်မြင့် ထားချင်တယ်''

''တကယ်တမ်း အဆင့်တန်းမြင့်မြင့်ထားချင်ရင် ကျွန်မကို ဒီလိုမျိုးခိုးကြောင်ခိုးဝှက်တွဲနေတာမျိုးကစပြီး ပြင်ဆင်ရမယ်နဲ့တူတယ်''

''မင်းက အကောင်းပြောနေရင်းကနေ ဖောက်လာပြီ''

''ဘာပြောတယ် ဉာဏ်ထက်၊ ဖောက်လာတယ် ဟုတ်လား ကျွန်မ မဖောက်ပါဘူး။ အကောင်းပြောနေတာပါပဲ၊ ချစ်တုန်းမှန်းစကား





ပြောရတယ်တဲ့လေ၊ ရှင်လည်း သဘောပေါက်မှာပါ''

''ဒါပေမဲ့ကွာ မင်းကို ငါပြောခဲ့ဖူးတာတွေ မင်းဘယ်လိုများ သဘောပေါက်လိုက်သလဲ''

''ရှင့်ရဲ့အဆင်မပြေတဲ့ အိမ်ထောင်တစ်ခုကို တစ်သက်လုံး ဒီတိုင်းပဲ စိတ်ဆင်းရဲခံနေနေတော့မှာလား၊ ဒီဘက်မှာလည်း ကျွန်မက တစ်ဘဝလုံး တိတ်တိတ်ပုန်း လူမြင်မခံဝံ့တဲ့ အနေအထားတစ်ခုနဲ့ နိမ့်ကျစွာ နေနေရမှာလား၊ ရှင်က အလုပ်ကိစ္စနဲ့ပတ်သက်လာရင် ပြတ်ပြတ်သားသား၊ ဆုံးဖြတ်ချက်တွေနဲ့ လုပ်ငန်းတိုးတက်အောင် လုပ်နိုင်ပေမယ့် ဒီကိစ္စမှာတော့ ရှင်တွေဝေလွန်းတယ်''

ကျွန်မ ပြောချင်တာတွေကို ဒေါသသံမပါစေဘဲ အေးဆေးတည်ငြိမ်စွာ ပြောပြတော့ သူ ငြိမ်သက်စွာ နားထောင်ပေးနေပါသည်။

''နောက်တစ်ခုက ကျွန်မ ရှင့်ဆီကနေ တကယ်လိုအပ်တာ ငွေကြေးမဟုတ်ဘူး ဉာဏ်ထက်ရဲ့၊ ရှင်ပေးမယ့် တန်ဖိုးတစ်ခု၊ လူ့အဆင့်အတန်းမှာ ဝင်တိုးနိုင်တဲ့ အနေအထားတစ်ခု၊ ကျွန်မက ရှင့်ပစ္စည်းဥစ္စာတွေကိုမက်မောလို့ ရှင်အိမ်ထောင်သည်မှန်းသိသိလျက်နဲ့ အတင်းဝင်တိုးခဲ့တာမဟုတ်ဘူးလေ''

''ငါ သိပါတယ်''

''ဒါဆိုရင် ကျွန်မဘက်ကိုလည်း နည်းနည်းလောက် ထည့်စဉ်းစားပေးပါဦးနော်၊ ရှင့်ဘဝကို သိသွားပြီးတဲ့နောက်မှာတောင် ရှင့်အနားမှာ ခုလိုမျိုး ရှိနေခဲ့တာ ဘာကြောင့်လဲ ရှင်သိပါတယ်၊ ရှင့်ကိုသိပ်ချစ်



www.burmeseclassic.com

www.burmeseclassic.com



လွန်းလို့ ကျွန်မကိုယ်ကျွန်မ စတေးခံပြီး ခုထိ ရှိနေပေးခဲ့တာပါ''

''ကိုယ်အားလုံးနားလည်ပါတယ်ကွာ၊ ကိုယ် ကြိုးစားပါ့မယ် အချိန်တော့ ပေးရမယ်နော်''

နောက်ဆုံးတော့ ကျွန်မလိုချင်တဲ့ စကားလုံးတွေ သူ့နှုတ်က ထွက်လာခဲ့ပြီ။ ဝမ်းသာကြည်နူးမှုကို မဖုံးကွယ်နိုင်စွာပင် ကျွန်မ သူ့ လည်ပင်းကို ကလေးတစ်ယောက်လို ဖက်တွယ်ပစ်လိုက်၏။

''တစ်ခုတော့ ရှိတယ်နော်၊ သူ့မှာ ဘာအပြစ်မှမရှိတဲ့ ပလီ ကြီးတော့ ကိုယ်ကွာရှင်းခွင့်တောင်းလို့ မရဘူး''

သက်ပြင်းလေး နှိုးရှိုက်မိပေမယ့် ဒီလောက်အနေအထားနဲ့တင် ကျွန်မ ကျေနပ်နေပါပြီလေ။

■ ■ ■

ဒီနေ့ မနက်စောစောတည်းက ဥာဏ်ထက်က ကျွန်မကို ကား နဲ့လာခေါ်ကာ သူ လျာထားသော ဆိုင်နေရာလေးကို သွားကြည့်ဖြစ်သည်။ အချက်အချာကျသော လူကုံထံရပ်ကွက်ထဲမှာရှိသည့် ကွန်ဒိုတစ်ခုရဲ့ မြေညီထပ်အခန်းကျယ်ကြီး။

''ဒီအနေအထားက ဖက်ရှင်ဆိုင်တစ်ဆိုင် လုံလုံလောက် လောက် ဖွင့်လို့ရနိုင်ပါတယ်၊ အဝတ်အထည်တွေ၊ ဖိနပ်တွေ ဖန်စီ အသုံးအဆောင်လေးတွေ တင်မယ်၊ ဒါပေမဲ့ လူတန်းစားမရွေးအတွက် ဖွင့်တဲ့ဆိုင်မျိုးတော့ မဟုတ်ဘူးပေါ့၊ လူလတ်တန်းစားကနေစပြီး သုံးစွဲ နိုင်မယ့် ပစ္စည်းလေးတွေ တင်မယ်၊ ကိုယ်ကတော့ ခုတည်းက အားလုံး



ဲ့ စိတ်ကူးနဲ့နေရာချပြီးနေပြီ၊ ဒါပေမဲ့ မင်းအတွက်ဖွင့်ပေးတဲ့ဆိုင်ဆို တော့ မင်းအိုင်ဒီယာနဲ့မင်းလည်း စိတ်ကြိုက်လုပ်ပါ၊ လိုတာရှိရင် ကိုယ့် ကိုပြော''

အခန်းတွင်းအပြင်အဆင်တွေ ဘာမှမလုပ်ရသေးတာတောင် ောက်ပြောင်သားနားနေသော အခန်းကြီးက ကျွန်မစိတ်ကို တော် ောက်လေး ဆွဲဆောင်နိုင်နေပါသည်။ ပထမတော့ သူ့ငွေတွေမက်လို့ဟု ထင်မခံချင်သောကြောင့် အတင်းငြင်းရန် ပြင်ဆင်ထားခဲ့တာ၊ ခုလိုမျိုး ူတွေ့ဒူးတွေ့ ကြုံလိုက်ရတော့ လွယ်လွယ်နဲ့ငြင်းရန်ခက်ခဲသည့် အနေ အထားကြီးပါလား။

ကျွန်မလည်း တစ်ခါလောက်တော့ ကိုယ့်တိုးတက်ကြီးပွားရာ ည်းကြောင်းပေါ် တက်လျှောက်လှမ်းကြည့်ချင်လာ၏။

''ဟိတ် ပြောလေ ဘယ်လိုလဲ သဘောကျရဲ့လားလို့''

ကိုယ့်အတွေးနှင့်ကိုယ် မျောလွင့်နေတာနှင့် သူ ပြောနေတာ တားကိုတောင် ကျွန်မမှာ ချက်ချင်းမကြားလိုက်နိုင်။

''သဘောကျပါတယ်၊ ဒါပေမဲ့ ဒီလောက် ကြီးကျယ်ခမ်းနားတဲ့ ိုင်တစ်ဆိုင်ကို အုပ်ချုပ်နိုင်တဲ့အရည်အချင်းမျိုး ကျွန်မမှာရှိမှရှိပါ့မလား ို့ စိုးရိမ်မိတယ်''

''အားလုံးက လုပ်ရင်းနဲ့ တက်သွားမှာပဲလေ၊ လုပ်ကြည့်ပါ ိုယ်ကတော့ အလုပ်နဲ့ပတ်သက်ရင် အားပေးတယ်၊ တစ်ခုခု မှားသွား ာလည်း မစိုးရိမ်နဲ့၊ ကိုယ်တစ်ယောက်လုံး ရှိတယ်၊ ဒါဟာ အမှားမှန်း

www.burmeseclassic.com

www.burmeseclassic.com



သိသွားရင် နောက်မလုပ်မိတော့ဘူးပေါ့ မဟုတ်လား''

အလုပ်နဲ့ပတ်သက်ပြီး စိတ်ပါဝင်စားစွာ စကားပြောနေတဲ့အချိန်ဟာ ယောကျ်ားတစ်ယောက်ရဲ့ဆွဲဆောင်မှုအရှိဆုံးအချိန်ပဲ တဲ့၊ အဲဒီစကားကို ဒီနေ့တော့ ကျွန်မ လက်ခံလိုက်ရပါသည်။

သူ့ကုမ္ပဏီဝန်ထမ်း မိန်းကလေးတွေရှေ့မှာလည်း ဒီလိုစကားတွေ အပြုအမူတွေ မကြာခဏ လုပ်မိပြောမိနေမှာပါ။ ဘယ်လောက်များ သဝန်တိုစရာကောင်းလိုက်ပါသလဲ။

''ကြည့် ခုလည်း ကိုယ်ပြောတာ မကြားလိုက်ဘူးမဟုတ်လား ခုနတည်းက အတွေးတွေက ကိုယ့်ဆီမှာမရှိဘဲ ဘယ်တွေရောက်နေတာလဲ ပြော''

''ဆောရီးကွာ ကျွန်မ သိပ်သဘောကျလို့ ပျော်နေတာလေ ရှင်ဘာပြောလိုက်တာလဲ''

''နောက်နေ့ကစပြီး အတွင်းပိုင်းပြင်ဆင်မှုတွေ စမယ်၊ မင်း ကိုယ်တိုင်လာပြီး စိတ်ကြိုက်ပြင်ဆင်ချင် ပြင်ဆင်ပေါ့၊ သူတို့ကို ချထားတဲ့ ပုံစံရှိပြီးပေမယ့် မင်းလိုတာတွေလည်း ထပ်ထည့်ပေါ့''

''ရှင့်ကို တကယ်ကျေးဇူးတင်ပါတယ်''

ဒီစကားကို ကျွန်မ ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲ ပြောလိုက်တယ်ဆိုတာတော့ သူ နားလည်မှာပါနော်။

■ ■ ■

သင်တန်းကနေလည်း အလုပ်ထွက်လိုက်ပြီမို့ ကျွန်မအတွက်





တော့ တစ်နေ့တစ်နေ့ ဒီကွန်ဒိုအခန်းမှာသာ အချိန်ကုန်နေရတာက များသည်။ သူ အပ်ထားသည့်အင်ဂျင်နီယာဆွဲပေးထားသော ဒီဇိုင်းကတင် အားလုံးနီးပါး ပြည့်စုံနေပြီမို့ ကျွန်မအတွက် အထူးတလည် ပြင်ဆင်စရာ ဘာညီးမရှိခဲ့ပါ။

ကျွမ်းကျင်သည့် အလုပ်သမားများနှင့် ခပ်မြန်မြန်လုပ်ဆောင်လိုက်တော့ သုံးရက်အတွင်းမှာတင် အတွင်းပိုင်းပြင်ဆင်မှုတွေ အားလုံး ပြီးစီးသွားခဲ့သည်။ ဆေးရောင်စုံများဖြင့် ခြယ်သထားပြီး အသက်အရွယ်တွေ့ အမျိုးသမီးတိုင်း အဆင်ပြေစေရန် ရည်ရွယ်ပြီး လုပ်ထားတာမို့ ဆိုင်လေးက ချစ်စဖွယ် ဂုဏ်ကျက်သရေများဖြင့် ပြည့်နှက်နေသလိုပါပဲ။

အားလုံး ပြီးစီးသွားသည့်နေ့တွင် သူ ရောက်လာခဲ့သည်။

''ဘယ်လိုလဲ မင်းသဘောကျလား''

''အတိုင်းထက်အလွန်ပဲပေါ့''

ကျွန်မက သူ့လက်မောင်းကို တွဲရင်းပြီး ခပ်နွဲ့နွဲ့လေး ပြောလိုက်သည်။ သူက ကျွန်မခါးလေးကိုဖက်လျက် ဆိုင်ကိုတစ်ပတ် ပတ်ကြည့်သည်။ ကျွန်မမျက်လုံးထဲမှာတော့ လိုအပ်ချက်မရှိသော အပြင်အဆင်ပါပဲ။

''အဝတ်တွေက ခုမှ စင်ကာပူစက်ရုံကို ဒီဇိုင်းပို့ပြီး ချုပ်နိုင်းထားတာဆိုတော့ အနည်းဆုံးတော့ နောက်တစ်ပတ်လောက် ကြာဦးမယ် ဆိုင်ဖွင့်နိုင်ဖို့လေ''

''အင်း ကျွန်မလည်း ပြင်ဆင်ချိန်ရတာပေါ့''

''အင်း ဟုတ်တယ်၊ မင်းရဲ့ဒီဇိုင်းကို အရင်ဆုံး ပြင်ပေးရမှာ၊



www.burmeseclassic.com

ဖက်ရှင်ဆိုင်မန်နေဂျာတစ်ယောက်က ဒီပုံနဲ့တော့ မဖြစ်သေးပါဘူး''

နာမည်ကြီးဝတ်စုံတွေ ထည့်ထားသော အိတ်များဖြင့် ကျွန်မ လက်နှစ်ဖက်လုံး ပြည့်သွားတော့မှ သူက တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် စိတ်ကြိုက်ဝယ်ယူနေခြင်းကို ရပ်တန့်လိုက်သည်။ ကျွန်မ ကိုယ်ပေါ်မှာ လည်း အစိမ်းရောင်နုနု ဂါဝန်တိုလေးတစ်ထည် သူ့စိတ်တိုင်းကျ ဝတ်ဆင်ပေးထားရသေးသည်လေ။

''ခုပဲ အိမ်ပြန်တော့မှာကို နမြောစရာကြီးကွာ၊ အခုချက်ချင်း ထုတ်ဝတ်လိုက်ရတာ''

ကျွန်မက ညည်းပြောလေး ပြောမိရင် သူက ကျွန်မ နဖူးလေး ကို မနာအောင် ခပ်ဖွဖွထုလိုက်ရင်း

''ကိစ္စရှိလို့ပေါ့ကွ''

''ဟွန့် ဘာကိစ္စတုန်း''

''ကိုယ်တို့နဲ့တူတူ ညစာစားဖို့ ဧည့်သည်နှစ်ယောက်ဖိတ်ထား တယ်''

''ဘယ်သူတွေလဲ''

''လုပ်ငန်းထဲက လူတွေပါ၊ နောက်ဆို မင်းနဲ့လည်း လက်တွဲ လုပ်ရမှာမို့ တစ်ခါတည်း ရင်းနှီးသွားစေချင်တဲ့သဘော''

''အာ ရှင်က ကြိုကြိုတင်တင်တော့ မပြောဘူး''

''ထမင်းလေး တစ်ခါလောက် တူတူစားတာကို ဘာတွေကြို တင်ပြောရမှာလဲကွာ၊ စိတ်ကိုလျှော့ထား မင်းကို ဝန်ထုပ်ဝန်ပိုးဖြစ်စေမယ့်





သူ မပါဘူးဆိုတာတော့ ကိုယ် အာမခံတယ်''

ဟိုတယ်ကြီးတစ်ခုရဲ့ အောက်ဆုံးထပ်မှာ ဖွင့်ထားသော ဂျပန် စားသောက်ဆိုင်လေးမှာ သူ့အတွင်းရေးမှူးက ဘိုကင်ယူပေးထားသည်။

ဆိုင်ထဲမဝင်ခင် ကျွန်မနား တိုးတိုးကပ်ပြောသေး၏။

''ညစာအများကြီး မစားနဲ့နော်၊ ဝိတ်တွေစွတ်တက်လာရင် ...တော့မှာစိုးလို့''တဲ့၊ ကျွန်မ မျက်စောင်းလည်းထိုးလျက် သူ့ဗိုက်ခေါက် ...ကိုလည်း ဆွဲလိမ်ပစ်လိုက်မိသည်။

မှတ်ထား။

ကျွန်မတို့ထက်အရင် ရောက်နေသော အမျိုးသားနှစ်ယောက် ...က ဝင်ပေါက်ကို ကျောပေးထိုင်နေခဲ့၏။ ဟင် ဒီဘက်ကတစ်ယောက်ကို ကျွန်မ ရင်းနှီးလိုက်တာ။

''နေဇော်''

မျက်နှာချင်းဆိုင်မိလိုက်ချိန်မှာပဲ ကျွန်မနှုတ်က နာမည်တစ်ခု ...ရင်းနှီးနွေးထွေးစွာ ထွက်ကျသွားရသည်။ သူကတော့ တည်ငြိမ်စွာပင် ...ပြုံးလေးတစ်ခု ပြန်ပေး၏။ နွေးနွေးထွေးထွေးပါပဲ။ အို နေပါဦး ဒီ ...ဘက်ကကောင်လေးက သုဇေ သုဇေ မဟုတ်ဘူးလား။

ကျွန်မ အံ့သြလွန်းစွာနှင့် ဥာဏ်ထက်မျက်နှာကို ဖြတ်ခနဲ ...ကြည့်မိသည်။ သူလုပ်လိုက်တဲ့ကိစ္စတစ်ခု အောင်မြင်ဖြစ်မြောက် ...သွားပုံနှင့် မခို့တရို့ ပြုံးနေပုံက အသည်းယားစရာ ကောင်းလိုက်တာ။

''ဒါ ကိုယ်တို့ကုမ္ပဏီနဲ့လက်တွဲပြီးလုပ်နေတဲ့ ရိုက်ရယ်သဇင်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ရှင်ဒီဇိုင်းကုမ္ပဏီက ဒီဇိုင်နာနှစ်ယောက်၊ ဒီဘက်က တစ်ယောက်က မင်းသိပါတယ်၊ သူငယ်ချင်းချင်း ပြန်တွေ့ခွင့်ရအောင် ကိုယ်က တမင် ဖန်တီးပေးလိုက်တာပါ''

နေဇော်ကို မျက်စပစ်ပြရင်း သူက ရင်းနှီးစွာပြောသည်။

''ဒီဘက်က တစ်ယောက်ကတော့ ရိုင်ယယ်သဇင်ရဲ့ဒါရိုက်တာ သုဇေ တဲ့''

ကျွန်မ မောင်လေးက ကျွန်မနှင့်ခြားနားစွာပင် ဖြူဖြူချော ချောလေး။ ခါတ်ပုံထဲမှာထက်တောင် အပြင်မှာ ပိုကြည့်ကောင်းနေခဲ့ သေးသည်။

''ဒါကတော့ မင်းတို့အဝတ်တွေကိုတင်မယ့် ဆိုင်မန်နေဂျာ သုမေ တဲ့''

''ဗျာ''

ကျွန်မ ထင်ထားသည့်အတိုင်းပါပဲ။ သုမေ ဆိုတဲ့ နာမည်ကို ကြားလိုက်တာနဲ့တင် ကောင်လေးရဲ့အမူအရာတွေက ချက်ချင်းပြောင်းလဲ သွားသည်။ ကျွန်မကို ငေးစိုက်ကြည့်နေသော မျက်ဝန်းတွေက ကျွန်မ ခန္ဓာကိုယ်ကိုတောင် ထုပ်ချင်းဖောက်သွားတော့မလား ထင်ရသည်။

''မမသု မမသုလား''

မဝံ့မရဲလေး ထွက်လာသော အသံက တိတ်ဆိတ်သော အခန်း ထဲမှာတော့ ခပ်ကျယ်ကျယ်ပါပဲ။ တကယ့်ကို ငယ်စဉ်ကခေါ်သံလေး အတိုင်း ကျွန်မ အားရပါးရပြုံးကာ ခေါင်းကို အကြိမ်ပေါင်းများစွာ





ညိတ်နေခဲ့မိ၏။ ပါးပြင်ပေါ်မှာလည်း ဘယ်အချိန်တည်းက စီးကျလာမှန်း မသိသော ဝမ်းသာသည့် မျက်ရည်တွေ။

''ဇေလေး''

''မမသု''

''ဒါ ကျွန်မရဲ့မောင်လေးလေ''

''ဟာ ဟုတ်လား၊ ကျွန်တော် လုံးဝမသိဘူးဗျာ၊ ဒါဆို ဒီမောင် နှမရဲ့နောက်ကွယ်မှာ စိတ်ဝင်စားစရာ ဇာတ်လမ်းတစ်ပုဒ်တောင် ရှိနေ ဆယ်နဲ့တူတယ်''

ဉာဏ်ထက်က ခုမှပဲ သူသိရသလိုပုံစံ ဟန်ဆောင်နေပေမယ့် နေဇော်ကတော့ တကယ့်ကို အံ့ဩတကြီးဖြစ်သွားခဲ့ပုံပါပဲ။

''အခု မမသု ဘယ်မှာနေနေလဲဟင်''

''ဟော့ ဟော့ စိတ်တော့မရှိပါနဲ့နော်၊ နောက်မှ အလွမ်းသယ်ကြ မှာ စားစရာတွေကရောက်နေပြီ စားကြသောက်ကြဦးလေ''

ဉာဏ်ထက်က ကျွန်မနဲ့သုဇေတို့ရဲ့ စကားစကို ကြားဖြတ်ပစ် လိုက်၏။ သုဇေကို မြင်မြင်လိုက်ချင်းမှာ ဒီစားပွဲကို စီစဉ်ခဲ့သည့် ဉာဏ် ထက်အား စိတ်ဆိုးချင်ခဲ့ပေမယ့် ခုလိုမျိုး မောင်လေးထံမှ အသိအမှတ်ပြု ခြင်းခံရကို ရလိုက်ပြန်တော့လည်း သူ့ကို ကျေးဇူးတင်မိပြန်၏။

စားသောက်ပြီးစီးသွားတော့ ကျွန်မကပင် စကားစလိုက်ပါသည်။

''မောင်လေး မမသု အိမ်ကို လိုက်ခဲ့ပါလား''

''အင်း လိုက်ခဲ့မယ်၊ ကိုနေဇော်လည်း လိုက်ခဲ့လေ၊ မမသုနဲ့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေဆို ကျွန်တော် စောစောက မသိတာ နာတယ်ဗျာ”

သုဇေရဲ့ဖိတ်ခေါ်မှုကို နေဇော် လက်ခံပါ့မလား။ ကျွန်မကို ကျွန်မရဲ့နိမ့်ကျယုတ်ညံ့တဲ့ ရွေးချယ်မှုကို မနှစ်မြို့စွာနဲ့ ထွက်ခွာသွားခဲ့သည့် သူငယ်ချင်းကလေ။

“လိုက်သွားလိုက်ပါ ကိုနေဇော်၊ ခင်ဗျားတို့သူငယ်ချင်းနှစ်ယောက်နဲ့ဆို ကျွန်တော် သူ့ကို စိတ်ချစွာနဲ့ ပြန်လိုက်မပို့တော့ဘူးနော်”

ဦးဏ်ထက်ရဲ့အလိုက်သိတတ်မှုကို ကျွန်မ ကျေးဇူးတင်စွာမင် ပြုံးကြည့်လိုက်မိ၏။-တကယ်ဆို ဒီယောက်ျားကို တခြားသူတွေထက်အရင် ကျွန်မ ဆုံတွေ့ချစ်ခင်ခွင့် ရခဲ့ရမှာနော်။ အဲဒီလိုသာဆို ကျွန်မဘဝမှာ ပျော်ရွှင်ကြည်နူးမှုတွေနဲ့ပဲ ပြည့်နှက်နေတော့မှာ။

ဟိုတယ်ထဲမှာ ပြန်ထွက်တော့ သုဇေနဲ့နေဇော် မမြင်အောင် သူက ကျွန်မကို ခပ်မြန်မြန် တစ်ချက်နမ်းသေး၏။ ပြီးမှ

“ညကျရင် ဖုန်းဆက်မယ်နော်၊ အဲဒီကျမှ အဝနမ်းဦးမယ်”

သူ့စကားတွေကို ကျွန်မမှာ ကြည်နူးချင်ပါလျက် အချုပ်အနှောင်ထဲကနေ ပျော်ရွှင်နေရသလိုသာ ခံစားရသည်။ အဲဒီ သူဖုန်းဆက်မယ်ဆိုတဲ့ ညဘက်ဟာ သူတစ်ယောက်တည်း ရှိနေသော ညဘက်မှ မဟုတ်တာ။ သူ့ဘေးတွင် ကျွန်မမဟုတ်သော တခြားအမျိုးသမီးတစ်ယောက် ရှိနေနိုင်သော ညဘက်လေ။

ကျွန်မ မမြင်ရသော နောက်ကွယ်မှာ ဘယ်လိုတွေဖြစ်နေတယ် ဆိုတာ ကျွန်မ မသိနိုင်ဘူးလေ။ သူ့စကားတွေကို ယုံကြည်ချင်ရု





တောင် သံသယဆိုတဲ့ ခေါင်းလောင်းကြီးက ရင်ဘတ်ထဲမှာ ခဏခဏ သံထမြည်နေတာ။

“မမသု တက်လေ”

ကားမောင်းသူနေရာမှာ သုဇေ ဘေးမှာ နေဇော်။ ကျွန်မ နောက်ခန်းတွင် တက်ထိုင်လိုက်ပါသည်။

“ဘယ်ကိုမောင်းရမလဲ မမသု”

“ငါ့အိမ်ကို ပြောပြလိုက်လေ နေဇော်”

နှုတ်ဆိတ်ကာ နေနိုင်လွန်းသည့် နေဇော့်ကို ကျွန်မ အမြင်ကပ်စွာပင် ပြောလိုက်သည်။ မျက်မှောင်ကြီးကျုံ့လျက် ကျွန်မကို တစ်ချက်ငဲ့စောင်းကြည့်လိုက်ပြီးမှ ကျွန်မလိပ်စာကို သုဇေထံပြောပြ၏။

“အိမ်မှာတော့ မင်းတို့ကို ဧည့်ခံဖို့ မယ်မယ်ရရ မရှိဘူးကွာ၊ ကော်ဖီသောက်ကြမလား”

“ဟာ မလုပ်နဲ့ မမသု၊ ဒီတိုင်းပဲ စကားပြောကြရအောင်ပါ၊ ကျွန်တော် မမသု ထွက်သွားပြီးတော့ အခွင့်သင့်ရင်သင့်သလို လိုက်ရှာခဲ့သေးတယ်၊ ဒါပေမဲ့ ကလေးတစ်ယောက်က ဘယ်လောက်များ ရှာနိုင်မှာတဲ့လဲဗျာ”

ဖေလေးက သူ့ရင်ထဲမှာ သိမ်းထားရတာ ကြာပြီဖြစ်သော စကားတွေကို ချက်ချင်းပင် ထုတ်ပြောရှာ၏။

“မောင်လေး မေမေရော နေကောင်းရဲ့လား”

“ကောင်းပါတယ် မမသု”



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေအကြောင်းကိုတော့ သုဖေ သိပ်ပြောချင်ပုံမရပါ။ ကျွန်မကို မျက်နှာပူနေဟန်ရှိ၏။

"ဒါနဲ့ ကိုနေဇော်နဲ့မမက ဘယ်လိုသိနေကြတာလဲ၊ ပြီးတော့ မမနဲ့ကိုဥာဏ်ထက်နဲ့ကရော"

ဥာဏ်ထက်နဲ့ကျွန်မရဲ့ ပတ်သက်မှုကို သုဖေ စိတ်ဝင်တစား ရှိနေပုံပါပဲ။ အင်းလေ ဖြစ်သင့်တဲ့ကိစ္စပဲမဟုတ်လား။

"နေဇော် မင်းပါးစပ်က ဘာလို့ ဒီလောက်ထိ ပိတ်ခနေတာတုန်း မင်းနဲ့ငါနဲ့ ဘယ်လိုစခင်တာလဲ ပြောပြလိုက်လေ"

"ဟုတ်တယ် ကိုနေဇော် ဘာဖြစ်နေတာလဲ၊ ထူးထူးဆန်းဆန်း ငြိမ်နေပါလား"

ဘေးနားတွင် ငြိမ်သက်စွာ ထိုင်နေရင်းကမှ နေဇော် သက်ပြင်း ကိုချပြီး ခါးကိုမတ်မတ်ပြင်ထိုင်လိုက်၏။

"သုဖေ ကိုယ့်ကို မင်းအစ်မနဲ့ စကားပြောဖို့ အချိန်နည်းနည်း ပေးကွာ"

"ဗျာ သြော် အင်း"

သုဖေ ကြောင်တောင်တောင် ဖြစ်နေတုန်းမှာပဲ နေဇော်က နောက်ဖေးဘက်သို့ ထထွက်သွား၏။

"မောင်လေး ခဏထိုင်နေဦးနော်"

နောက်ဖေးထမင်းစားပွဲတွင် ငုတ်တုတ်ထိုင်လျက် ကျွန်မကို ငေးကြည့်နေသော နေဇော်။





"မင်း ဘယ်တွေပျောက်နေတာလဲ နေဇော်"

"ခင်ဗျားကို ကျွန်တော် မထင်ထားဘူးဗျာ"

ကျွန်မ မေးခွန်းနှင့် သူ့အဖြေက ဘာမှသက်ဆိုင်မှုမရှိခဲ့ပါ။ အသံတွေက မာထန်လျက် ကျွန်မကို ရွံရှာသလိုကြည့်နေသော သူ့ အကြည့်တွေက ရင်ထဲကို ဆစ်ခနဲ နာကျင်သွားစေ၏။

"နောက်ဆုံးတော့လည်း ငွေအတွက်နဲ့ ခင်ဗျားရဲ့သိက္ခာတွေကို ချရောင်းလိုက်ပြီကိုး"

"မင်း ဘယ်လိုပြောလိုက်တယ်"

သူ့ရဲ့ စွပ်စွဲချက်က ကျွန်မရင်အစုံကို အက်ဆစ်နဲ့လောင်းလိုက် သလိုပဲ ပူလောင်မြိုက်သွားရပါသည်။

"အချိန်မီသေးတယ် အမြန်ဆုံး ရုန်းထွက်ပါလို့ ပြောခဲ့တဲ့ ကျွန်တော့်စကားက ခင်ဗျားအတွက် ကလေးကလား အရေးမစိုက်စရာ ဖြစ်ခဲ့တာပေါ့၊ ခံစားခွင့်တွေ အများကြီးနဲ့ နာမည်ပျက်တစ်လုံးကို ခင်ဗျား ခင်တွယ်နေလိမ့်မယ်လို့ ကျွန်တော် မထင်ထားခဲ့ဘူး"

"မင်းမှားနေပြီ နေဇော်"

"ကျွန်တော် မှားတယ် ဟုတ်လား၊ ဘယ်နေရာမှာမှား မှားခဲ့ မယ်ဆိုတာ ခင်ဗျားပဲ ရှင်းပြပါဦး"

နေဇော့်ရဲ့ခနဲ့တဲ့တဲ့ မျက်နှာပေးဟာ ကျွန်မအတွက် ကုတ်ဆွဲ ဆီခွင်စရာကောင်းလောက်အောင် စိတ်ရှုပ်ထွေးစေ၏။

"သူနဲ့ငါ တကယ်ချစ်နေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမျိုးလဲ သူ့မိန်းမနဲ့ အတူတူနေခွင့်မရတာတွေ ခင်ဗျား ဆီကနေ ခံစားခွင့်ရနေလို့လား"

"ဟင် နင် နင် ငါ့ကိုစော်ကားလိုက်တာ"

ရက်စိတ်ကြောင့် မျက်နှာတစ်ခုလုံး ထူပူသွားလျက် ကျွန်မ လက်တစ်ဖက်ကလည်း လေထဲမြောက်တက်သွားသည်။ ကိုယ့်စိတ်ကိုယ် မထိန်းနိုင်ခင်မှာပဲ နေဇော့်ကို စိတ်ရှိလက်ရှိ ရိုက်ချပစ်လိုက်ဖို့ ကျွန်မ ကြိုးစားနေမိပြီ။

သို့သော် ထိုလက်များက နေဇော့်ပါးပြင်ပေါ်သို့ မကျရောက်ခင် မှာပင် လမ်းတစ်ဝက်မှာပဲ ဖမ်းချုပ်ထားခြင်း ခံလိုက်ရ၏။

"အခု မမက ကျွန်တော့်ကို ရိုက်မယ်ပေါ့ ဟုတ်လား"

ဆို့နင့်ကြေကွဲစွာပြောလိုက်သော နေဇော့်စကားအဆုံး ကျွန်မ အသိစိတ်ပြန်ဝင်လာခဲ့၏။ သူ့ပါးပြင်မှာ မျက်ရည်တွေပါလာ

"ဆောရီး နေဇော် မမ မရည်ရွယ်ခဲ့ပါဘူး။ မဟုတ်တူး တကယ် တမ်းက မင်းကိုရိုက်ဖို့မှ မဟုတ်တာ၊ မင်းနဲ့တာမှမဆိုင်ဘူး ငါ တောင်း ပန်ပါတယ်"

ကျွန်မ ကြမ်းပြင်ပေါ် ဆောင့်ကြောင့်ထိုင်ချလျက် မျက်နှာ လက်ဝါးနှင့်အုပ်လျက် ရှိုက်ကြီးတငင် ငိုချပစ်လိုက်မိသည်။ ဝရန်တာ ကျန်ခဲ့သော သုဇောကတော့ ကျွန်မတို့နှစ်ယောက်ရဲ့ စကားအရေးအ ပွဲလေးကို သိလိုက်မည် မထင်ပါ။

ငိုကြွေးနေသော ကျွန်မကို ဒီတိုင်းထားခဲ့လျက် နေဇော်





သွားခဲ့သည်။ အိမ်ရှေ့မှာ သုဇော ရှိနေတာမို့ ရွဲနစ်နေသော မျက်ရည် များကို ခပ်မြန်မြန်သုတ်လျက် ကျွန်မလည်း လိုက်ထွက်လာခဲ့ရပါသည်။

"ဘာတွေပြောနေကြတာလဲလို့ မစပ်စုတော့ပါဘူးနော်"

သုဇောက ကျွန်မတို့နှစ်ယောက်ကို ရယ်ကျဲကျဲနှင့်ကြည့်ရင်း ဆိုသည်။ သူက နေဇော်နှင့်ကျွန်မကို တစ်မျိုးတစ်မည်ထင်သွားပုံပါပဲ။

သူ ဖြတ်သန်းခဲ့သော ဘဝက ရိုးရှင်းစွာပါပဲ။ ဆယ်တန်းအောင် ပြီး ဂျပန်မှုဒီဇိုင်းသင်တန်းကျောင်းတစ်ခုတွင် ပညာသွားသင်ခဲ့သည်။ ပြန်လာတော့ ဒေါ်သဇင်နွယ်ရဲ့စီမံပေးမှုဖြင့် ရိုင်ရယ်သဇင်ဖက်ရှင်ဆိုင်ကြီး ဒီဇိုင်းကုမ္ပဏီတစ်ခု ထောင်သည်။ နောက်တော့ စီးပွားရေးလောကမှာ အောင်မြင်နေသည့် ဉာဏ်ထက်ကိုရအောင် ချဉ်းကပ်ခဲ့သည်။ ဒီလောက် ပဲ။

ကျွန်မရဲ့ဘဝဇာတ်ကြောင်းကို သိထားခဲ့သော ဉာဏ်ထက်က သူ့နာမည်ကြားသည်နှင့် ကျွန်မမောင်လေးမှန်း သိနေခဲ့တာကိုတော့ ပြောပြမနေတော့ပါ။ ဒါတွေက လိုမှမလိုတာလေ။ ဉာဏ်ထက်က သူ့ ဆီမှာ ရှယ်ယာဝင်ခွင့်ပေးခဲ့တာကစလို့ ခုလိုမျိုး လုပ်ငန်းပူးပေါင်း တာထိ သုဇောရဲ့ကြိုးစားမှုကြောင့် ဖြစ်လာခဲ့တာတွေပါပဲ။

ကျွန်မကြောင့်မှ မဟုတ်တာ။

"ပြန်ကြတော့လေ ဆယ်နာရီတောင် ထိုးတော့မယ်"

"ဟုတ် မမ၊ ဒါနဲ့ မမကို ကျွန်တော် မေးစရာရှိတယ်"

ဒီစကားကို ပြောတဲ့အချိန်မှာ သုဇော့ပုံစံက မဝံ့မရဲ။



www.burmeseclassic.com

www.burmeseclassic.com



"မေးလေ မောင်လေး"

နေဇော်ကို တစ်ချက်လှမ်းကြည့်လိုက်သောအကြည့်မှာ ကျွန်မ
နှင့်နှစ်ယောက်တည်း ပြောချင်တယ်ဆိုသော အဓိပ္ပာယ်တွေ ပါနေသည်။
ဒါကို နေဇော်ကလည်း သဘောပေါက်ပါရဲ့ လှေကားကို ရှေ့မှဆင်းနှင့်

"ပြော ဇေလေး"

"မမသုနဲ့ ကိုဉာဏ်ထက်က ဘယ်လိုပတ်သက်နေတာလဲဟင်"

မေးခွန်းက ကျွန်မကို ကြောင်အမ်းသွားစေပေမယ့် တစ်ချိန်
ချိန်မှာ ကျွန်မ ရင်ဆိုင်ရမည့်အရာတစ်ခုပါပဲ။ ကျွန်မ၏မောင်လေးတစ်
ယောက်အနေနဲ့လည်း မေးသင့်သောမေးခွန်းပါ။

"ဘာဖြစ်လို့လဲ ဇေ"

"ကျွန်တော်က တစ်ခုခုအမှားအယွင်းတွေ ဖြစ်နေမှာစိုးလို့ပါ"

စကားကို ထိန်းပြောနေသော သုဇေရဲ့လိမ္မာပါးနပ်မှုကိုတော့
ကျွန်မ ချီးကျူးပါ၏။ ကျွန်မ သဘောတကျပင် ပြုံးရယ်လိုက်သည်။

"မင်းစိုးရိမ်တာကို မမသု နားလည်ပါတယ်၊ ဒါပေမဲ့ အာရုံထဲ
ထည့်မထားပါနဲ့၊ အချိန်တန်ရင် မမဘာသာ ဖြေရှင်းနိုင်ပါတယ်"

တစ်ခုခုထပ်ပြောရန် အားယူပြီးမှ မပြောတော့ဘဲ သက်ပြင်း
တစ်ချက်ကိုသာ သူ ချလိုက်သည်။

"မမသုက ကျွန်တော့်ထက်စာရင် အရာရာကို ပိုနားလည်မှာ
ပါလေ၊ ဒါဆို ကျွန်တော် ပြန်တော့မယ်"

တစ်ယောက်ဖုန်းနံပါတ်တစ်ယောက် လဲလှယ်ယူထားရင်း





ကို ကျွန်မ နှုတ်ဆက်လိုက်သည်။ ဝရန်တာကနေ ထွက်ကြည့်လက်
မှ မနည်းဟန်ဆောင်ထိန်းထားရသော တုန်ယင်နေသည့် စိတ်ကို
လိုက်နိုင်သည်။

ကျွန်မအားမှာ အမြဲရှိနေပေးတတ်ခဲ့သော နေဇော်ဟာ ခုတော့
ကျွန်မကို တကယ်ပဲ နာနာကျင်ကျင်နှင့် မုန်းတီးနေပြီနဲ့ တူတယ်။
ကျွန်မကို နားလည်ပေးနိုင်ပါသည်ဆိုသော ယောကျ်ားတစ်ယောက်က
တော့လည်း လူ့ကျင့်ဝတ်တစ်ခုဆိုတာကိုတော့ လွန်ဆန်ပြီး နားလည်
ပေးနိုင်တော့ဘူးလေ ကိုယ်ချင်းစာမပေးနိုင်တော့ဘူးလေ။

ကျွန်မ လိုအပ်နေခဲ့သော သူငယ်ချင်းတစ်ယောက်အဖြစ် သူ
ယ်တော့မှ ပြန်မလာတော့ဘူးနဲ့ တူပါရဲ့။

■ ■ ■

ကျွန်မမှာ ကိုယ်ပိုင်အလုပ်လေးတစ်ခု ရှိတော့မည်ဆိုသည့်
နှင့် အဝတ်အထည်များ ရောက်ရှိလာမည်ကို စောင့်ဆိုင်းနေရသော
တ်သည် ဘာမှမကြာလိုက်။ တက်ကြွရွှင်လန်းစွာ နေ့ရက်တွေကို
တ်နေရင်းနှင့် ခပ်မြန်မြန်ပင် ရောက်ရှိလာခဲ့သည်။

မနက်ဖြန်ဆိုရင် ကျွန်မရဲ့ဆိုင်လေး ဖွင့်ပွဲလုပ်မည်။ ဖွင့်ပွဲနေ့မှာ
ဆိုပြီး ဉာဏ်ထက် ကိုယ်တိုင်ရွေးပေးထားသော ဂါဝန်လေးက
လေးမှာ ကျောက်များဖြင့် ခါးပတ်ပုံစံညှိနှောင်ထားပြီး အောက်
ကို ပြေပြေလေး ဝဲကျသွားသော ဒူးဖုံးဂါဝန်လေး။ ဆိုင်ရဲ့ထရိ
ရောင်လေးနှင့် လိုက်ဖက်သော တော်ဝင်ဆန်သည့် ခရမ်းရောင်။



www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်လေးကလည်း သူကိုယ်တိုင်ပဲ လိုက်ရွေးပေးထားသည့် ခရမ်းနုရောင် ကြိုးသိုင်းအမြင့်လေး။

ဆိုင်ဖွင့်ပွဲ ကိုးနာရီမတိုင်ခင်မှာ အားလုံးပြင်ဆင်ပြီးစီးနေစေ ရန် သူ့အသိ အလှပြင်ဆိုင်မှာလည်း ဘိုကင်လုပ်ပေးထားသေးသည်။ ဒီလို ဂရုစိုက်တတ်လွန်းသော ယောကျ်ားတစ်ယောက်ကို ရထားသည့် အမျိုးသမီးသည် ဘာလို့များ ထိုယောကျ်ားအပေါ်မှာ နားလည်မှု ပြည့် ပြည့်ဝဝ မပေးနိုင်ခဲ့တာလဲ။

အို သူမနဲ့အဆင်မပြေလို့လည်း ကျွန်မဆီ ရောက်လာတာပေါ့။ အဆင်ပြေနေရင် ကျွန်မဆိုတဲ့ မိန်းမက ခုချိန် ဘယ်ချောင်ကပ်နေရမယ် တောင် မသိ။

တစ်ခါတစ်ခါတော့လည်း အဲဒီလို ညစ်နွမ်းသော စိတ်လေးတွေ ဝင်မိပါရဲ့။ ကျွန်မလည်း အလုံးစုံပြည့်ဝနားလည်ပေးနိုင်သော တရား ပေါက်နေသည့် ပုဂ္ဂိုလ်မှ မဟုတ်တာ။ သဝန်တိုတတ် အတ္တကြီးတတ် တစ်ခါတလေ တစ်ကိုယ်ကောင်းဆန်တတ်သည့် သာမန်မိန်းမတစ်ဦးပါပဲ။

အတွေးကောင်းနေဆဲ ဖုန်းသံမြည်လာသောကြောင့် ကျွန်မ လန့်ဖျပ်သွားသည်။ နာရီကိုကြည့်လိုက်တော့ ဆယ်နာရီပင်ခွဲကျော်နေပြီ။

''ဟင် နေဖော်ပဲ''

နာမည်နှင့်တကွ မှတ်ထားသော နံပါတ်လေး။ ကျွန်မရဲ့အတ္တ စိတ်တစ်ခုနှင့် လုံးဝအဆက်အသွယ်မလုပ်ဘဲ ပစ်ထားခဲ့မိသော နံပါတ် လေး။ ဟိုတစ်နေ့ညက ကျွန်မကို ပေါက်ကွဲသွားသော နံပါတ်လေး





ဆိုင်ရမလား မကိုင်ရဘူးလား။ မဝေခွဲနိုင်ဘဲရှိနေပြီးမှ နောက်ဆုံးကိုင် ဖြစ်သွားခဲ့သည်။

''ဟယ်လို''

''ကျွန်တော် ပြောစရာရှိတယ်။ မမ ဆင်းလာခဲ့မလား။ ကျွန်တော် ဆက်ခဲ့ရမလား''

''သဘောကတော့ ဒီည လူချင်းတွေ့ပြီး မပြောရင် မရတော့ ဘူးပေါ့''

''ဟုတ်တယ်''

''ကောင်းပြီလေ ငါဆင်းလာပါ့မယ်''

ဖုန်းမချခင် ကြားလိုက်ရသော လှောင်ရယ်သံတိုးတိုးလေးဟာ ကျွန်မကို အထင်လွဲသွားပုံပါပဲ။ သူ့ကို အိမ်ပေါ်တက်မလာစေချင်လို့လို့ ဆင်ကောင်းထင်သွားနိုင်ပါသည်။ တကယ်တော့ ကျွန်မ စိတ်ပြေလက် ပျောက် လမ်းလျှောက်ချင်လို့ ဆင်းလာဖို့ ပြောလိုက်ခြင်း ဖြစ်၏။

အိမ်နားက သစ်ပင်လေးကိုမှီရပ်နေသော သူ့ပုံစံက အေးအေး ဆေးဆေးပါပဲ။ ကျွန်မ နည်းနည်းစိတ်သက်သာရာရသွားသည်။

''အိပ်နေပြီလား''

''မအိပ်သေးပါဘူး၊ မင်းဖုန်းဆက်တော့ ငါလည်း လမ်းလေး ဘာလေးလျှောက်ချင်တာနဲ့ ဆင်းလာမယ်လို့ ပြောလိုက်တာ''

မရည်ရွယ်ထားပါဘဲ ဒီကောင်လေးကို ကျွန်မ ရှင်းပြသွား သည်။ သူက ခပ်တိုးတိုး ရယ်မောလိုက်ပြီး

www.burmeseclassic.com



"ရပါတယ် ဘယ်လိုအကြောင်းပြချက်နဲ့ပဲဖြစ်ဖြစ်ပါ၊ ကျွန်တော့်နဲ့ စကားပြောခွင့်ပေးတာ ကျေးဇူးတင်ပါတယ်"

"မင်း ငါ့အပေါ်ကို အမြင်စောင်းနေတာ နားလည်ပါတယ်၊ ဒါပေမဲ့ ငါကတော့ မင်းကို အရင်လို သူငယ်ချင်းတစ်ယောက်အဖြစ် ခင်မင်တွယ်တာနေတုန်းပါပဲ"

ဘေးချင်းယှဉ်လျှောက်နေရင်းကနေ သူက ကျွန်မကို ခုမှ မြင်ဖူးသူတစ်ယောက်လို လှမ်းကြည့်သည်။

"ငါ တကယ်ပြောနေတာ နေဇော်၊ မင်းမရှိတော့ ငါတော်တော် လေး အထီးကျန်ခဲ့ရသေးတယ်"

"ဒါကြောင့် ဖုန်းလေးတစ်ချက်တောင် မဆက်တာပေါ့နော်၊ ပြီးတော့ မမ အထီးကျန်ခဲ့ရတယ်ဆိုတာကို ကျွန်တော်ကတော့ မယုံပါဘူး"

"ငါက မှားနေတဲ့လူလေ၊ မင်းကို ဖုန်းစဆက်ဖို့ ငါ မဝံ့ရဲခဲ့ဘူး"

"ကိုယ့်ကိုယ်ကိုယ် မှားမှန်းသိလျက်နဲ့ မပြင်တာ လူမိုက်ဗျ သိလား"

ဒီတစ်ခါတော့ သူ့မျက်နှာကို ကျွန်မ လှမ်းကြည့်လိုက်မိသည်။ သူက ကျွန်မကို ကြည့်မနေပါ။

"မနက်ဖြန်ဆိုရင် သူနဲ့ပတ်သက်တာ မပတ်သက်တာကို အပထား ဒီကမ္ဘာကြီးရဲ့ဆိုင်ခွဲတစ်ခုမှာ မမ မန်နေဂျာဖြစ်တော့မယ်၊ ဒီလိုဆိုရင် မီဒီယာလောကထဲမှာလည်း သုမေဆိုတဲ့ နာမည်တစ်လုံးကို သိသင့်သ





လောက် သိသွားတော့ ... ...ာက်မှာမှ လူသိရှင်ကြား ဖြစ်လာမယ့် ကိစ္စတွေကို မမ ခံနိုင်သေးလား"

ခုချိန်ထိ ကျွန်မကို လိုက်လံပူပန်ပေးနေသေးသော နေဇော့်ကို စိတ်ထဲကနေ လှိုက်လှိုက်... ...ပဲ ကျေးဇူးတင်လိုက်မိသည်။

"ငါ့အဖြစ်တွေကို ငါ ခံမှာပါ"

"သူကရော မမကို ဒီတိုင်းပဲ ထားသွားတော့မှာလား"

"သူတို့ကြားမှာရှိနေတဲ့ သားလေးကြောင့် သူ မပြတ်သားနိုင်ဘူးဖြစ်နေတယ်၊ ပြီးတော့ နှစ်ဖက်မိဘတွေ အဆင်မပြေတော့ရာက တစ်စတစ်စ ဆိုးလာတဲ့ အိမ်ထောင်ရေးမှာ ဟိုတက်လှူကို ကြီးကြီးမားမား ချပြစရာ အမှားလည်းမရှိဘူးလေ၊ ဒါကြောင့် သူ ကွာရှင်းချင်ရင်တောင် ခက်ခဲတဲ့အနေအထားမျိုးကြီး ဖြစ်နေတယ်၊ သူ့သားလေးကို လက်လွှတ် ဆုံးရှုံးလိုက်ရမှာလည်း သူ ကြောက်နေတယ်လေ"

တစ်ခါက ကျွန်မ မူးမိုက်လဲကျမလိုဖြစ်သွားတုန်း အတူထိုင်ဖူးခဲ့သည့် သစ်ပင်အောက်က ခုံလေးမှာ နှစ်ဦးသားလုံး မတိုင်ပင်ထားပါဘဲ ထိုင်လိုက်မိကြသည်။

"တစ်ဖက်လူရဲ့ အပြစ်ဟုတ်လား"

"ငါလည်း သိပ်တော့ နားမလည်ပါဘူး၊ ကွာရှင်းခွင့်ဒီတိုင်း တောင်းတာထက် ဒီလိုဒီလို အဖြစ်မျိုးတွေကြောင့် ပေါင်းသင်းဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့လို့ပါဆိုပြီး လျှောက်ရင် ပိုမြန်တယ်လို့ ပြောတာပဲ၊ မဟုတ်လို့တစ်ဖက်က မကွာပေးရင် ဘာမှမတတ်နိုင်တဲ့အနေအထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့လေ"

"သြော်"

ကျွန်မတို့နှစ်ယောက်လုံး ဘာမှဆက်မပြောဖြစ်ကြတော့ဘဲ ကောင်းကင်ထက်မှာ ဝိုင်းဝိုင်းစက်စက်သာနေသော လမင်းကြီးကိုသာ ငေးမော့ကြည့်နေမိသည်။ လမင်းကြီးရဲ့အလင်းရောင်လို အေးမြမှုတွေ ကျွန်မရင်ထဲမှာ ရှိမနေတာတော့ သေချာပါသည်။

"ဘာပဲဖြစ်ဖြစ် မမကိုချီးကျူးပါတယ်၊ ဒီလိုလမ်းကိုမှ ရွေးချယ်ပြီး လျှောက်ရဲတဲ့ မမအချစ်ကိုရောပေါ့"

ကျွန်မကို လှေကားအောက်ထိ လိုက်ပို့ပေးသွားပြီး သူ လှည့်ပြန်သွားသည်။ ကျောခိုင်းထွက်ခဲ့သော လူနှစ်ဦးစလုံးရဲ့ခြေလှမ်းတွေ လေးလံနေတာတော့ တစ်ယောက်ကိုတစ်ယောက် လှည့်ကြည့်စရာမလိုဘဲ သိနေကြပါပြီ။

■ ■ ■

## အခန်း (၇)

မနက်ခပ်စောစောထဲက အလှပြင်ဆိုင်ကို ဉာဏ်ထက်ပဲလိုက်ပို့ ထိုင်စောင့်လျက် ဆိုင်ဖွင့်ပွဲရှိရာဆီထိ ကျွန်မတို့နှစ်ယောက် တူတူလာခဲ့ လိုက်သည်။ ကြိုတင်ရောက်နှင့်နေသော ကုမ္ပဏီတာဝန်ရှိသူတချို့နှင့် ဖိတ်ကြားထားသော ဧည့်သည်များ။ ဒီဆိုင်အတွက် အသစ်ခန့်အပ်ထား သော ဝန်ထမ်းမိန်းကလေးများကလည်း ကျွန်မတို့နှစ်ယောက်ကိုသာ စူးစူးစိုက်စိုက် ငေးမောနေကြသည်။

အလှအပတွေလည်း ပြင်ဆင်လျက် အားလုံးရဲ့အကြည့်[illegible] ကလည်း ကျွန်မဆီရောက်နေတယ်ဆိုတာ မကြည့်ဘဲလည်း [illegible] တာမို့ စိတ်အိုက်လာမိသည်။ ကျွန်မတို့ရောက်ပြီး သိပ်[illegible] နေဇော်နှင့်သုဇေတို့ နှစ်ယောက်အတူ ရောက်လာသည်။ [illegible] မီဒီယာများ။



www.burmeseclassic.com

www.burmeseclassic.com



နာရီကို လှမ်းကြည့်လိုက်တော့ ကိုးနာရီထိုးရန် ငါးမိနစ်သာ လိုတော့၏။ ရင်ထဲက စိုးရိမ်မှုနှင့်အတူ တုန်ယင်မောဟိုက်နေသည်။ ဉာဏ်ထက်က သူ ဖိတ်ထားသော လုပ်ငန်းရှင်တစ်ဦးနှင့် စကားရပ်ပြော နေသည်။

ကျွန်မမှာသာ ရှေ့ဘက်ခန်းမဆီသို့ မထွက်ရဲသေးဘဲ ဟိုနောက် ဘက်က ချောင်လေးမှာ ခဏတာငြိမ်ငြိမ်လေး ရပ်နေမိ၏။ တစ်ခါမှ အခုလိုမျိုး လူတွေအများကြီးရှေ့မှာ ကိုယ်က အဓိကနေရာကနေ အားလုံး ရဲ့အာရုံစူးစိုက်မှုမျိုး မခံခဲ့ရဖူးတော့ ကတုန်ကယင်နှင့် တုန်လှုပ်နေမိ ခြင်းမျိုးပါ။

ကျွန်မ ဖြစ်နေတာကို သတိထားမိပုံရသော နေဇော်က ချွေးစေး ပျံပြီး အေးစက်နေသော ကျွန်မရဲ့လက်လေးများကို သူ့လက်များဖြင့် ထွေးဆုပ်ပေးထားလိုက်၏။ အနားသို့ ဖြတ်ခနဲရောက်လာကာ လျှပ်မြန် စွာလှုပ်ရှားလိုက်သော အပြုအမူမို့ ကျွန်မ ဘာဖြစ်သွားမှန်းပင် မသိလိုက်။

ရင်ထဲမှာ နွေးထွေးစွာ လှိုက်ဖိုသွားသော ခံစားချက်တစ်ခုနှင့် အတူ နေဇော့်မျက်နှာကို တဒင်္ဂ မင်သက်စွာ ငေးကြည့်နေမိသည်။ ဉာဏ်ထက်ရဲ့မွေးနေ့တုန်းကလည်း ကျွန်မကို ထိုသို့ပင် နှစ်သိမ့်ပေးခဲ့ဖူး သေးသည်လေ။

"ဘာကြည့်နေတာလဲ ဒီနေ့ ကျွန်တော် အရမ်းသားနားနေလို့ မဟုတ်လား"

ကျွန်မမျက်နှာကိုမကြည့်ဘဲ လက်လေးများကို ထွေးဆုပ်ပေး





လိုက် သူ့နှုတ်ခမ်းနားထိကပ်ကာ အာငွေ့ပေးလိုက်နှင့် အလုပ်များနေ လျက်က ပြောင်ချော်ချော်စကားကို သူ ပြောထွက်လိုက်သေးသည်။

အင်းလေ ကြိုက်တော့လည်း ဟုတ်ပါရဲ့။ နက်ပြာရောင်ကုတ် ရယ် လည်ပင်းမှာ ပန်းနုရောင်နက်ခ်တိုင်ရယ် စမတ်ကျကျ ချုပ်ရုပ်နေ သော နက်ပြာရောင်စတိုင်ပင်ရယ်နှင့် နေဇော့်ပုံစံက ဒီနေ့သားနားနေ တာတော့ အမှန်ပါပဲ။

"ဟိတ် ဘာလုပ်နေကြတာလဲ"

ဘယ်ကဘယ်လိုရောက်လာမှန်းမသိသော သုဇာက အနားမှာ ပေါ်လာပြီး ကျွန်မတို့ကို လှမ်းလိုက်သည်။ သူလည်း အယောင်ယောင် အမှားမှားနှင့် ထွေးဆုပ်ထားသော ကျွန်မလက်လေးများကို လွှတ်ချလိုက် ၏။ နွေးထွေးမှုလေး ပျောက်ကွယ်သွားသည့်အတွက် ကျွန်မ နည်းနည်း တော့ ဝမ်းနည်းသွားမိသည်။

"လာလေ သွားကြရအောင်၊ ဖဲကြိုးဖြတ်တော့မှာဗျ"

အလယ်မှာ ဉာဏ်ထက်ကနေပြီး ကျွန်မရယ် နေဇော်နဲ့သုဇာ ရယ်က တစ်ဖက်စီမှာ။ ကတ်ကြေးကိုင်ထားသောလက် တုန်ယင်ချင်နေ တာကို မနည်းအားတင်းညှပ်ချလိုက်ရ၏။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတို့ရဲ့ ဆိုင်ဖွင့်ပွဲလေး အကြမ်းဖျင်းတော့ ပြီးစီးခဲ့ပြီပေါ့။

မီဒီယာတွေက ကျွန်မတို့လေးယောက်စလုံးကို တစ်ရှည်းစီ အင်တာဗျူး၏။ ဉာဏ်ထက်အတွက်ကတော့ ရိုးနေပြီမို့ သဘောသောင့် သက်သာပဲဆိုပေမယ့် ကျွန်မမှာ ဒူးတုန်ရပြန်သည်။ ဒီလိုအခမ်းအနား

www.burmeseclassic.com



မျိုးတွေနဲ့ အသားကျအောင် ကျွန်မ လေ့ကျင့်ရဦးမှာပါ။

အားလုံးပြီးစီးသွားတော့ စိတ်မောမောနှင့်ပင် အခန်းထောင့်မှ ဆိုဖာခုံပေါ် ကျွန်မ ပစ်ထိုင်ချလိုက်၏။ အနားသို့ သုဇေ ရောက်လာပြီး

"ခုလိုမျိုး မမသုနဲ့တူတူ အလုပ်တွဲလုပ်ရလိမ့်မယ်လို့ အိပ်မက်ထဲမှာတောင် မမက်ခဲ့ဖူးဘူးဗျာ၊ တကယ်ပါ ကျွန်တော် သိပ်ဝမ်းသာနေတယ်"

"မမလည်း တူတူပါပဲလေ၊ ဒါနဲ့ မောင်လေးမေမေ မပါလာဘူးလား"

"မေမေက ဒီရက်ပိုင်း ကျန်းမာရေးသိပ်မကောင်းချင်ဘူး၊ လူကြီးရောဂါပဲ ဆိုပါစို့ ဆေးသွားစစ်ပြန်တော့လည်း ဘာရောဂါမှ မယ်မယ်ရရ မရှိဘဲ တရှောင်ရှောင်နဲ့"

"အခုအနားမှာပြုစုဖို့ ဘယ်သူ့ခေါ်ထားတုန်း"

"နယ်က မေမေ့အမျိုးတစ်ယောက်ကို ခေါ်ထားလိုက်တယ်လေ"

"ဩော် အင်း ကောင်းပါတယ်"

မကောင်းတတ်လို့သာ မေးနေရပေမယ့် ဒေါ်သဇင်နွယ်ကိုတော့ စိတ်ထဲအသည်းထဲကကို သနားစိတ်မဝင်မိတာ အမှန်ပါ။

သုဇေနဲ့ကျွန်မတို့ စကားကောင်းနေကြစဉ်မှာပဲ ဘယ်လိုမှ မထင်မှတ်ထားသော အဖြစ်အပျက်က စတင်လာခဲ့ခြင်း ဖြစ်သည်။

ဆိုင်ထဲသို့ ခပ်တည်တည်တန်းတန်းဝင်လာသော အမျိုးသမီး





တစ်ယောက်။ ဝတ်စားထားပုံက အထက်တန်းယဉ်ကျေးမှုနှင့် မွေးရာပါ ဖက်လှဲတကင်း ရှိခဲ့ပုံပါပဲ။ ဆိုင်ထဲသို့ ဈေးဝယ်လာသော ဝယ်သူပုံစံမျိုးလည်း မဟုတ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ သူမမျက်လုံးတွေက ဆိုင်ထဲမှာရှိသော အမျိုးသမီးစုံလင်လှသည့် ဒီဇိုင်းစုံအဆင်စုံ အဝတ်အထည်များဆီမှာ မဟုတ်ပါဘဲ လူတစ်ဦးတစ်ယောက်ဆီသို့သာ ဦးတည်နေလို့ပေါ့။

ဉာဏ်ထက်။ ဆိုင်ဝင်ပေါက်ကို နောက်ကျောပေးရပ်ကာ ဝန်ထမ်းမိန်းကလေးများနှင့် စကားပြောနေသော သူကတော့ သူ့နောက်ကျောဘက်ဆီမှ အမျိုးသမီးကို မမြင်သေးပါ။

ချက်ချင်းပင် ကျွန်မရင်ထဲမှာ အန္တရာယ်အချက်ပေးခေါင်းလောင်းသံတွေ မြည်ဟီးသွားသည်။ ဒီအမျိုးသမီး ဘယ်သူဖြစ်မယ်ဆိုတာ ကျွန်မ ခန့်မှန်းလို့ရသွားပါပြီ။ ထိုခန့်မှန်းလိုက်နိုင်မှုနှင့်အတူ ထိုင်နေရာကနေ လူက အလိုလို မတ်တပ်ရပ်ပြီး ဉာဏ်ထက်ဆီ အပြေးတစ်ပိုင်းလှမ်းမိလျက်သား ဖြစ်သွားသည်။

သို့သော် ကျွန်မ ခြေလှမ်းများ လမ်းတစ်ဝက်မှာပင် နောက်ကျသွားပါ၏။

"မောင်"

ညသံသည်တွေပါးသွားပြီမို့ အတန်ငယ်တိတ်ဆိတ်နေသော အခန်းထဲမှာ အမျိုးသမီးရဲ့အသံက အားလုံးရဲ့နားထဲဆီ ပီပီပြင်ပြင်ခင်ရောက်သွားသည်။ နောက်ကျောပေးထားသော ဉာဏ်ထက်ရဲ့ခန္ဓာကိုယ်တောင် ဆတ်ခနဲ တုန်သွားသလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘာလာလုပ်တာလဲ"

ထိုအမျိုးသမီးနှင့် မျက်နှာချင်းဆိုင်လိုက်မိသည်နှင့် ဉာဏ်ထက်ရဲ့အကြည့်တွေက ကျွန်မထံသို့ ပထမဦးစွာ ရောက်ရှိလာကြသည်။ အချို့ အနေတစ်ခုကို ရိပ်စားမိလိုက်သော ကျွန်မဟာ ဒီနေရာမှာ ဆက်ရှိနေရမလား တခြားတစ်နေရာရာကိုပဲ ရှောင်ပေးလိုက်ရတော့မလား။ ရင်ထဲမှာတော့ မီးတောင်တွေ တစ်လုံးပြီးတစ်လုံး ပေါက်ကွဲနေပါပြီ။

ကြံရာမရ ဖြစ်နေသော ကျွန်မအနားသို့ အပြေးရောက်လာ နေဖော်ပါပဲ။ လူက မတ်မတ်ရပ်နေသော်လည်း ဒူးတွေကတော့ တုန်ယင် နေကြသည်။ ကျွန်မရဲ့ပခုံးတစ်ဖက်ကို အသာမွေ့ယူပြီး အနီးရှိခုံတစ်ခု မှာ ထိုင်စေ၏။

"ဘယ်ကိုမှ မကြည့်နေနဲ့ မမ၊ ကျွန်တော့်ကိုပဲ ကြည့်နေပါနော်"

ကျွန်မနှင့်မျက်နှာချင်းဆိုင်တွင်ထိုင်လျက် ကျွန်မ လက်နှစ်ဖက် လုံးကို အုပ်ကိုင်ဆုပ်ပေးထားသော သူ့အကြည့်တွေကိုလည်း ကျွန်မ မျက်လုံးများဆီမှာပဲ စူးစိုက်စွာ တည်နေစေ၏။ ကျွန်မ မြင်နေရသော သူ့မျက်ဝန်းတွေမှာ နာကျင်ခြင်းတွေ ပြည့်နှက်နေသည်။ သူက ဘာကို နာကျင်စွာ ခံစားနေတာလဲ။

"ဒီမှာ ဆိုင်သစ်ဖွင့်လိုက်တာကို ဝတီတောင် မသိလိုက်ရပါလား မောင်"

"မင်းကိုငါ့အလုပ်ကိစ္စတွေကအစ အရေးတယူလုပ်ပြီး ပြောပြ နေရမှာလား၊ စကားကို ဆင်ခြင်ပြီးပြောစမ်းပါ"





အသံကြိတ်ကြိတ်နှင့် ပြောလိုက်ပေမယ့်လည်း ဉာဏ်ထက်ရဲ့ အနီးအပါးကို ရောက်နေသော ကျွန်မနဲ့နေဖော်ကတော့ ကောင်းကောင်း ကြားနေရပါသည်။

"အလုပ်ကိစ္စကတော့ ထားပါ ဝတီ ဝင်စွက်ဖက်ဖို့ မရှိပါဘူး၊ ဒါပေမဲ့ ဝတီနဲ့ဆိုင်တာကိုတော့ ဝတီ စွက်ဖက်ရမှာပဲ"

"မင်းဘာတွေလာပြောနေတာလဲ၊ အေးအေးဆေးဆေး အိမ် ပြန်လိုက်ရင် ကောင်းလိမ့်မယ်နော်"

"ဒီဆိုင်ကို မောင်က မိန်းမတစ်ယောက်အတွက် ဖွင့်ပေးခဲ့တာဆို အဲဒါ ဟုတ်လား"

"မင်းကိုငါ ပြန်တော့လို့ ပြောနေတယ်နော်"

ဉာဏ်ထက်အသံ နည်းနည်းကျယ်လာပါပြီ။

"ဝတီ သိချင်တာကို မောင် ပြောပြဦးလေ၊ ဒါဆိုအေးအေး ဆေးဆေးပဲ ပြန်မှာပါ"

"မင်းသိချင်တာတွေ ငါ ဘာမှမပြောပြနိုင်ဘူး"

"ဟင်း ဟင်း ဒီလိုလား မောင်၊ ဟိုမှာ ထိုင်နေတဲ့မိန်းမလား သူ့အတွက် မောင် ဒီဆိုင်ကို ဖွင့်ပေးခဲ့တာလား"

ဝတီဆိုသော ဉာဏ်ထက်ရဲ့အမျိုးသမီးအသံက ပိုကျယ်လာ လျက် ကျွန်မဆီသို့ ဦးတည်လျှောက်လာနေသော ခြေသံတွေကိုလည်း ကြားလိုက်ရသည်။ ကျွန်မအကြည့်တွေကို နေဖော့်ဆီမှာပဲ ပို့မထားနိုင် တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သွက်လက်သော ခြေလှမ်းများဖြင့် စက္ကန့်ပိုင်းအတွင်း ကျွန်မနားရောက်လာသော ဝတီနှင့်ဉာဏ်ထက်။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ဝတီ မင်းကိုငါ ကောင်းကောင်းပြောနေတာ မရဘူးလား"

"ကျွန်မနာမည် သုမေပါ"

"မင်းက ဘာအရည်အချင်းတွေရှိလို့ ဒီလိုကြီးကျယ်ခမ်းနားတဲ့ ဆိုင်ကြီးမှာ မန်နေဂျာရာထူးရထားတာလဲ၊ ငါထင်တာတော့ မင်းမှာရှိတဲ့ အရည်အချင်းက မန်နေဂျာတစ်ယောက်ရဲ့အရည်အချင်းတော့ မဖြစ်နိုင်ပါဘူး။ သူများယောကျ်ား ကြောင်တောင်နှိုက်ရဲတဲ့ အရည်အချင်းပဲ ဖြစ်မယ်နဲ့တူတယ်"

"ရှင်"

"ဖြန်း"

လူကြားထဲမှာ ကျွန်မကို မျက်နှာတည့်တည့်ကြည့်ကာ ထိုနှက်ပြောဆိုလိုက်သော စကားက တကယ့်ကို နာကျင်ခံခက်စရာပါပဲ၊ ကျွန်မက စိတ်နှလုံးနာကျင်သွားခဲ့ပြီး ထိုဝတီဆိုသည့် မိန်းမကတော့ အသားတွေနာကျင်သွားရမှာ ကျိန်းသေပါသည်။

ဉာဏ်ထက်ရဲ့ ပြင်းထန်မြန်ဆန်လွန်းသော လက်ဝါးချက်က ထိုမိန်းမရဲ့ပါးပြင်ထက်ကို အညှာအတာမဲ့စွာ ကျရောက်သွားခဲ့ပြီလေ။

"နင် နင်ဘာယ်လိုလုပ်လိုက်တာလဲ၊ ငါ့ကို လူကြားထဲမှာ နင်က ကိုယ်ထိလက်ရောက် စော်ကားတယ် ဟုတ်လား"





ခုနကလို မောင်တွေ ဝတီတွေ မဟုတ်တော့ဘဲ နင်တွေငါတွေနှင့် ပေါက်ကွဲသံစကားလုံးတွေ ထွက်ကျလာပါပြီ။

"နင့်ရဲ့တိတ်တိတ်ပုန်းဖို့နေရတဲ့ဟာမအတွက် နင်က ငါ့ကို အရှက်ခွဲတယ် ဟုတ်လား။ ဒီလို မိမဆုံးမ ဖမဆုံးမ အောက်တန်းစားမ တစ်ယောက်အတွက် နင် ငါ့ကိုရိုက်တယ် ဟုတ်လား"

"မင်း ဟာကွာ"

သူ့လက်တစ်ဖက်က ထပ်မြောက်တက်သွားပြန်သည်။ ဒီတစ်ခါတော့ ထိုမြောက်တက်သွားသော လက်ကို ကျွန်မ အချိန်မီ တားဆီးလိုက်နိုင်ပါ၏။

"တော်ပါတော့ တော်ကြပါတော့ ကျွန်မ တောင်းပန်ပါတယ်ရှင် တော်ကြပါတော့"

"နှစ်ယောက်လုံး အနေအထိုင်လေးတွေ ဆင်ခြင်လိုက်ကြရင် ကောင်းမယ်နဲ့တူတယ်"

"တောက်"

ပြောပြီးတာနှင့် ဆိုင်ပြင်ထွက်သွားသော မိန်းမကိုကြည့်ပြီး ဉာဏ်ထက်က တက်တစ်ချက်ပြင်းပြင်းခေါက်လိုက်သည်။ ကျောခိုင်းလှည့်ထွက်မသွားခင်မှာ ကျွန်မကို စိုက်ကြည့်သွားသော ထိုမိန်းမရဲ့မျက်လုံးတွေထဲမှာ မီးတောက်တွေ အလျှံညီးညီး တောက်လောင်နေသလိုပဲ ပူလောင်လွန်းနေသည်။

အသားဖြူဖြူ နှာတံပေါ်ပေါ် နှုတ်ခမ်းထွေးထွေးလေးနှင့် လှပ



www.burmeseclassic.com

www.burmeseclassic.com



သော မိန်းမတစ်ယောက်သည် ခရိုနိုမှာတော့ ဉာဏ်ထက်ကို မခွဲခေါင် နိုင်တော့ဘူးဆိုတာ တကယ်ရော ဟုတ်ပါ့မလား။ လွန်ခဲ့တဲ့ ခုနစ်နှစ် လောက်တည်းက ကလေးတစ်ယောက် မွေးဖွားထားခဲ့ဖူးသော ထိုမိန်းမရဲ့ ခန္ဓာကိုယ်ဟာ မယ်ပြိုင်ပွဲဝင်လို့ရနိုင်လောက်သေးသည်ထိ လှပကျော့ရှင်း လွန်းနေပြန်သည်။

ဒီအလှအပတွေကို ယစ်မူးပြီး ချစ်ခင်လက်ထပ်ထားခဲ့သော မိန်းမတစ်ယောက်ကို ညတိုင်းဘေးမှာထားပြီး နှစ်နှစ်ချီ မပြစ်မှားခဲ့ဘူးဆို တာ ဟုတ်ရောဟုတ်ပါ့မလား။

"ကိုယ် အနူးအညွတ် တောင်းပန်ပါတယ်"

"ရပါတယ် ကျွန်မက ဒီလိုအဖြစ်မျိုးတွေ တစ်နေ့နေ့မှာ ဖြစ် မယ်ဆိုတာလောက်တော့ ကြိုခန့်မှန်းထားခဲ့သင့်တာပဲလေ"

အသံတွေကို မတုန်ယင်အောင် ထိန်းချုပ်ထားသော်လည်း ဟန်ဆောင်ထားရသော ကျွန်မ အမူအရာတွေက သိပ်ကိုပေါ်လွင်နေမှာ ပါ။ ပထမဆုံးဆိုင်စမွင့်သော နေ့မှာတင် ဝန်ထမ်းမိန်းကလေးတွေရှေ့မှာ ခုလိုမျိုး အရှက်ကွဲခဲ့ရတဲ့ပုံစံက ဘယ်လောက်တောင်များ သိက္ခာတွေ ကျဆင်းရပါသလဲ။

"လာ"

ကျွန်မ လက်တစ်ဖက်ကို အတင်းဆောင့်ဆွဲခေါ်ကာ နောက် ဘက်အခန်းလေးဆီ သူ သွားသည်။ အတွင်းမှ တံခါးလော့ချပစ်လိုက် ပြီး ကျွန်မနှင့်မျက်နှာချင်းဆိုင်တွင် သူ ဒူးထောက်ထိုင်ချလိုက်သည်။





"ကိုယ့်ကို ခွင့်လွှတ်ပါကွာ"

"ရှင်နဲ့မဆိုင်ပါဘူး၊ ကျွန်မက ဒီပိုက်ကွန်ထဲကို တိုးဝင်ခဲ့တဲ့ ငါးပါ"

သူ့ကို ဆွဲထူလိုက်ရင်း ကျွန်မ တိုးသက်စွာဝန်ခံမိသည်။

"ဒီလိုဖြစ်လာမယ်ဆိုတာတွေ ကျွန်မ ကြိုတွေးထားသင့်ပါတယ်၊ ကျွန်မက သူများရဲ့ခင်ပွန်းကို ခိုးယူပေါင်းသင်းနေတဲ့ မိန်းမလေး၊ လင် ခိုးမလေ ဒီလောက်တော့ အပြောခံရသင့်ပါတယ်"

"မင်း အဲဒီလိုတွေ ထပ်မပြောနဲ့တော့နော်"

"ဘာဖြစ်လို့လဲ ဉာဏ်ထက်၊ ကျွန်မက အမှန်တွေပဲ ပြောနေတာ လေ"

"မင်းပြောတဲ့အမှန်တွေရဲ့အစက ငါ့အမှားတွေနဲ့လေ၊ မင်းကိုယ် မင်း ဒီလိုတွေပြောလေ ငါ့ကိုယ်ငါ ခွင့်မလွှတ်နိုင်လေပဲကွ"

သူ့စိတ်သူ မထိန်းသိမ်းနိုင်စွာ ဆိုဖာခုံကို ဝုန်းခနဲ ထိုးသည်။ ကျွန်မစိတ်ညစ်လိုက်တာ။ ကိုယ့်တန်ဖိုးကို ကိုယ့်ဘာသာ နှိမ့်ချသတ်မှတ် လျက် သူ့နားမှာ ရိုးရိုးစိတ်တစ်ခုတည်းနှင့် ရပ်တည်နေခဲ့သော ကျွန်မရဲ့ ဆုံးဖြတ်ချက်တွေက ကျွန်မချစ်သော သူ့ကိုပါ အခက်အခဲတွေကြားမှာ နာကျင်နေစေခဲ့ပြီလား။

"ကျွန်မ ထွက်သွားပေးရမလားဟင်"

"ဘယ်ကိုလဲ မင်းက ဘယ်ကိုထွက်သွားမှာလဲ"

ကျွန်မ ပခုံးနှစ်ဖက်ကို ဆောင့်ဆွဲကိုင်လှုပ်လျက် သူ မေးရှုး



www.burmeseclassic.com

www.burmeseclassic.com



သွေးတန်း အော်ဟစ်သည်။ ကျွန်မ ဟန်ဆောင်ထိန်းချုပ်ထားရသော မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျဆင်းလာပါပြီ။

"ဒီလိုပဲ ရှင်နဲ့ အဝေးဆုံးကိုပေါ့"

"မင်းထွက်သွားနိုင်လို့လား၊ ငါကတော့ ခွင့်မပြုနိုင်ဘူး၊ ခုလို အနေအထားမှာ မင်းက ငါ့ကိုတစ်ယောက်တည်း ထားသွားမယ်ဆိုတဲ့ အတွေးဝင်လာတာ မင်းသိပ်တစ်ကိုယ်ကောင်းဆန်လွန်းတယ်"

ထွက်သွားတော့မယ်လို့ ပြောတဲ့ ကျွန်မက တစ်ကိုယ်ကောင်းဆန်တာလား။ ကျွန်မကို ထွက်သွားခွင့်မပြုနိုင်တဲ့ သူကိုယ်တိုင်က တစ်ကိုယ်ကောင်းဆန်တာလား။ ကျွန်မတို့နှစ်ယောက်မှာ ဘယ်သူက တကယ်ပဲ တစ်ကိုယ်ကောင်းဆန်တာလဲကွယ်။

■ ■ ■

ကျွန်မ ပန်းလေးကို ဖေးမလျက် နောက်ဘက်အခန်းထဲကနေ သူ ထွက်လာချိန်မှာ ဝန်ထမ်းမိန်းကလေးသုံးယောက်လုံးကလည်း ကိုယ့်တာဝန်ကိုယ် ထမ်းဆောင်လျက်။ ဝယ်သူအမျိုးသမီးကြီးနှစ်ယောက်နှင့် ချာတိတ်မလေးနှစ်ယောက် ပစ္စည်းတွေကို လှည့်လည်ကြည့်ရှုနေသည်။ နေဇော်ကိုတော့ ခုနက ဆိုဖာခုံလေးမှာ ထိုင်နေတုန်း အနေအထားနှင့်ပင် တွေ့လိုက်ရ၏။

"ဖေလေးရော"

"ကျွန်တော် သူ့ကိုမတွေ့လို့ ဖုန်းဆက်တော့ စက်ပိတ်ထားတယ်လို့ပဲ ဖြေနေတယ်"





"ဘယ်လို"

"ဟုတ်တယ် မမ၊ ခုနက ရန်းရင်းဆန်ခတ်ဖြစ်ချိန်မှာ သူ ထွက်သွားတာနဲ့တူတယ်"

"ဟင်"

သူ့ဖေးမမှုဖြင့် ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ရင်း ဆိုင်ရှေ့ပြန်ထွက်လာနိုင်ခဲ့သော ကျွန်မသည် နေဇော်စကားတွေ ကြားလိုက်ချိန်မှာ ခေါင်းထဲက ပိုလို့တောင် မူးနောက်ကုန်သလိုပါပဲ။

"စိတ်မပူပါနဲ့ မမ၊ ကျွန်တော်လိုက်ရှာပါ့မယ်"

"ကူညီပါဦးဗျာ ခုချိန်မှာ သူဖေကို ကျွန်တော့်ထက် ကိုနေဇော်လိုက်ရှာတာက ပိုသင့်တော်မှာမို့ပါ"

ဉာဏ်ထက်ကို တုန့်ပြန်စကားမဆိုဘဲ နေဇော် ဆိုင်ထဲမှ ထွက်သွားသည်။

"သူလည်း ကိုယ့်ကို စကားမပြောချင်တော့ဘူးပဲ"

မချိုပြုံးလေးတစ်ခုနှင့်အတူ ထွက်ကျလာသော စကား။

"အားလုံးက သိကြပါတယ်ကွာ၊ ကိုယ် မှားခဲ့တာပါ"

"ထားလိုက်တော့ ဉာဏ်ထက်၊ ဒီနေ့တော့ ဆိုင်ထဲမှာ ရှိနေတဲ့အချိန် ဒီလိုစကားတွေ ထပ်မပြောနဲ့တော့"

"အိုကေလေ"

"ရှင်ကုမ္ပဏီသွားမှာ မဟုတ်လား၊ သွားတော့လေ"

"မင်းတစ်ယောက်တည်း ဖြစ်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်ဝန်းမှာ စိုးရိမ်စိတ်မချရိပ်တွေ။

''ဘာလို့ မဖြစ်ရမှာလဲရှင်၊ ကျွန်မက ဒီဆိုင်ရဲ့မန်နေဂျာပါ''

ကျွန်မက ပြုံးရယ်လျက် လက်မထောင်ပြလျှင် သူက ကျွန်မ နဖူးလေးကို ဖြတ်ခနဲ နမ်းပစ်လိုက်သည်။ ကျွန်မ ရင်ခုန်ထိတ်လန့်သွား၏။

''ဟင် ဘယ်လိုလုပ်လိုက်တာလဲ၊ ဝန်ထမ်းတွေရော ဝယ်သူတွေရော ရှိနေတာကို''

''မမြင်ပါဘူးကွာ ဒီလောက်တော့ ကိုယ်ကျွမ်းပါတယ်''

စိတ်ဆိုးချင်ယောင်ဆောင်လျက် ကျွန်မက ရှက်မျက်စောင်းလေး ထိုးလိုက်သည်။

''ညနေကျ ကိုယ်လာကြိုမယ်နော်''

''ရပါတယ် ကျွန်မဘာသာ ပြန်ပါ့မယ်''

''မရပါဘူး ကိုယ်လာကြိုမယ်၊ စောင့်နေ ဟုတ်ပြီလား''

ဆိုင်ထဲက ထွက်သွားတော့ သူ့ခြေလှမ်းများက ပုံမှန်ပါပဲ။ လုပ်ငန်းခွင်ထဲ ပြန်ရောက်သွားတာနှင့် သူက တခြားကိုယ်ရေးကိုယ်တာတွေ အားလုံးမေ့ပစ်လျက် အလုပ်ကိုသာ အာရုံထားနိုင်သော အညှော် အချင်းကောင်းကို ပိုင်ဆိုင်ထားသူဖြစ်သည်။

ကျွန်မမှာသာ မျက်နှာကို ပြုံးထားပါလျက် ရင်ထဲမှာ ယောက်ယက်ခတ် ပူလောင်နေတာ။ သူဖေ ဒီကောင်လေး ဘယ်ထွက်သွားလိုက်တာလဲ။ ကျွန်မရဲ့ ရုပ်ပျက်ဆင်းပျက် သိက္ခာကျဆင်းခဲ့ရသောအဖြစ်ကြီး





ကို သူတပ်အပ်မြင်တွေ့လိုက်ပြီးနောက်မှာ။

ညနေ အိမ်ပြန်ချိန်ထိ သူဖေကို စိတ်ပူနေစိတ်အား ထိန်းချုပ်ထားနိုင်ခဲ့သော်လည်း ဉာဏ်ထက်ကားလေး ဆိုင်ရှေ့ထိုးရပ်လာချိန်မှာတော့ ကျွန်မ ဟန်မဆောင်နိုင်တော့ပါ။

''ပြန်ဖို့ အဆင်သင့်ပဲလား''

''ဟိုလေ ဉာဏ်ထက် ကျွန်မ နေ့ဖော့်ဆီ ဖုန်းဆက်တော့လည်း သူ့ဖုန်းပါ ပိတ်ထားတယ်ဆိုပြီး ဖြေနေတယ်၊ ထွက်သွားတဲ့သူရော လိုက်ရှာတဲ့သူပါ အဆက်အသွယ်ပြတ်နေပြီ ဘယ်လိုလုပ်ရင်ကောင်းမလဲ ဟင်''

''ကိုယ်တို့ ခဏလောက် စောင့်ကြည့်ရအောင်လေ၊ ဘာမှဆိုးဆိုးရွားရွား မဖြစ်လောက်ပါဘူးနော်၊ မင်းစိတ်ကိုနည်းနည်းလျှော့ထားလိုက်''

စိတ်ကိုနည်းနည်းလျှော့ထားလိုက်လို့ သူက လွယ်ကူစွာ ပြောနိုင်ပေမယ့် ကျွန်မမှာတော့ အိမ်ပြန်လမ်းတစ်လျှောက်လုံး စိတ်မအေးနိုင်အောင် ဖြစ်နေမိသည်။ ဒါကို ရိပ်စားမိသော သူက အိမ်မပြန်သေးဘဲ ကျွန်မအိမ်ခန်းထဲထိ လိုက်တက်လာပေး၏။

''မင်းဒီလိုပုံစံနဲ့ကွာ မဖြစ်သေးပါဘူး၊ သွား ရေမိုးချိုးပြီး ခဏနားနေလိုက်၊ ကိုယ်ဒီမှာစောင့်နေပေးမယ်''

''ရှင် ဖြစ်လို့လား''

''ဘာမဖြစ်စရာရှိလို့လဲ''

''ရှင့်အိမ်မှာလည်း ဖြေရှင်းစရာတွေ ရှိနေဦးမှာမဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့မဝံ့မရဲအပြောကြောင့် သူ ပထမတော့ ကြောင်တောင်တောင် ဖြစ်သွားသေးသည်။ နောက်မှ မျက်နှာကြီးရဲတက်လာပြီး

''မင်း ငါ့ကို ဘာသဘောနဲ့ ဒီလိုပြောလိုက်တာလဲ၊ ဘာမှမြေရှင်းစရာ မရှိဘူးကွ၊ ဖြေရှင်းဖို့လိုအပ်မှတော့ မင်းဘေးနားမှာ ခုလိုမျိုး ရှိနေပေးမှာတောင် မဟုတ်ဘူး၊ မင်းနားလည်ထားဖို့တစ်ခုက မင်းကိုငါ ဘဝအမှန်ဖုံးကွယ်ပြီး အပိုင်သိမ်းမိခဲ့တာကလွဲရင် ကျန်တဲ့ ငါ့ခံစားချက်တွေက တစ်ခုမှ မှားယွင်းနေတာ မပါဘူး၊ အားလုံး အစစ်တွေချည်းပဲ''

''ကျွန်မ မမြင်နိုင်ဘူးလေ၊ ရှင့်သားလေးရဲ့အမေ ရှင်နဲ့တစ်အိမ်တည်းမှာရှိနေတဲ့ အမျိုးသမီးက ဒီလောက်လှပကျော့ရှင်းပြီး ဆွဲဆောင်မှုရှိနေမှန်း ကျွန်မ မသိခဲ့ဘူးလေ၊ ဒီလိုမိန်းမရဲ့တရားဝင်လင်ယောကျ်ားတစ်ယောက်အဖြစ် ရှိနေသေးတဲ့ ရှင်တို့နှစ်ယောက် ကျွန်မနောက်ကွယ်မှာ ဘာတွေတယ်လိုဖြစ်နေမှန်းဆိုတာ ကျွန်မ သိနိုင်တာမှ မဟုတ်တာ''

ကျွန်မတို့နှစ်ယောက်ဟာ ကိုယ့်အတ္တတွေနဲ့ကိုယ် ပူလောင်စွာ ပေါက်ကွဲသွားမိကြသည်။

''မင်း ငါ့ကိုစော်ကားလှချည်လား''

''ကျွန်မ မှားသွားသလား''

''မင်းအကြီးကြီး မှားတာပေါ့၊ ငါတို့နှစ်ယောက် အိမ်တစ်လုံးထဲမှာနေပြီး အိပ်ရာခွဲအိပ်ခဲ့တာတောင် ငါ့သားတစ်သက်ရှိနေပြီကွ''

''ဒါတွေ ကျွန်မ မြင်ရတာမှမဟုတ်တာ''

''ဟာကွာ တောက်''





သူ စိတ်ဆိုးဒေါသထွက်စွာ ကျွန်မကို ကျောခိုင်းပစ်လိုက်၏။ မတတ်နိုင်ပါ ကျွန်မ ရင်ထဲမှာ မတင်မကျဖြစ်နေသည့် အစိုင်အခဲကြီးကို သူနဲ့တည့်တည့်မဖြေရှင်းဘဲ ကျွန်မ ဘယ်လိုနေနိုင်မှာလဲ။

ကျွန်မကို သူက ကျောခိုင်းလျက် ကျွန်မက သူ့ကျောပြင်ကို ငေးမောလျက် နှစ်ယောက်သား မိနစ်တော်တော်ကြာ ငြိမ်သက်ရပ်ဆိုင်းနေမိကြသည်။ ကျွန်မ သက်ပြင်းလေးချလျက် စိတ်ကိုလျှော့ချပစ်လိုက်သည်။ အင်းလေ သူတို့နှစ်ယောက်ဟာ လူသိရှင်ကြားပေါင်းဖက်ခဲ့ကြတဲ့ လင်မယား။ ကျွန်မဆိုတာကတော့ ဘယ်သူမှမသိအောင် ခိုးကြောင်ခိုးဝှက် သူ့ကိုချစ်ရသည့်မိန်းမတစ်ယောက်။ ဒီလောက်တော့ နာကျင်ရမှာပေါ့လေ။

အိပ်ခန်းထဲဝင်ရန် ကျွန်မ ခြေလှမ်းများအရွေ့။ ဖြတ်ခနဲ သူ ကျွန်မနှင့်မျက်နှာချင်းပြန်ဆိုင်လိုက်ပြီး

''မင်း အခု ငါ့ကိုသဝန်တိုနေတာလား''

သူ့လေသံက ထူးဆန်းလိုက်တာ။ ခုနက ပေါက်ကွဲအော်ဟစ်ထားခဲ့ကြတာတွေ ဘာမှမဟုတ်တော့သလိုပါပဲ။ ရွှင်မြူးရိပ်လေးတောင် ရောစွက်နေသေးသည်။

''မေးနေတယ်လေ မင်း ငါ့ကိုသဝန်တိုနေတာလားလို့''

သူ မေးတာကို ကျွန်မ မဖြေပါ။ သူ့မျက်နှာကို ခပ်တည်တည်သာ ကြည့်နေလိုက်၏။ သူ့နှုတ်ခမ်းများ တဖြည်းဖြည်း ပြုံးလာသလိုပါပဲ။ ခြေသုံးလှမ်းစာလောက် လှမ်းနေသော ကျွန်မတို့နှစ်ယောက်ကြားက



www.burmeseclassic.com

www.burmeseclassic.com



အကျှာအဝေးကို ခြေတစ်လှမ်းတည်းနှင့် အရောက်လာကာ ကျွန်မကို ဖွေ့ခနဲ ပွေ့ချီလိုက်သည်။

"ဟုတ်ပါတယ် ကိုယ့်ကို သဝန်တိုနေတာပါ၊ ကိုယ် သိတာပေါ့"

သူ့လက်များထဲမှာ ကလေးငယ်လေးတစ်ယောက်လို ပေါ့ပါးစွာ ပါလာသော ကျွန်မခန္ဓာကိုယ်ထဲက နှလုံးသားလေးဟာ ဒီအပြုအမူတွေကြောင့်နဲ့ပဲ ခဏခဏ အရည်ပျော်နေခဲ့ရတာပါ။

အိပ်ရာထက်မှာ ကျွန်မကို ဖြည်းညင်းစွာ ချပေးလိုက်ပြီး မျက်နှာပေါ် ဝဲကျနေသော ဆံစလေးများကို သူ့လက်များဖြင့် အသာအယာသပ်တင်ပေးလျက်

"မင်း ကိုယ့်ကို ဘယ်တုန်းကမှ သဝန်မတိုခဲ့ဘူးလို့ ထင်နေတာ ခု မင်းသဝန်တိုနေတာပေါ့နော် ကိုယ် ကျေနပ်တယ် သိလား"

"နေပါ မယုံရပါဘူး"

"အဲဒီလိုတွေ ထပ်မပြောနဲ့တော့ကွာ၊ မင်းကို ကိုယ့်ဘဝနောက်ကြောင်းတွေ လိမ်ခဲ့မိတာကလွဲရင် ကျန်တာတွေ ကိုယ်တစ်ခုမှ မလိမ်မညာခဲ့ဘူး"

သူ့စကားတွေမှာ မျောပါသွားလိုက်၊ ကျွန်မရဲ့အတွေးချောက်ချားမှုများဖြင့် ပူလောင်လှုပ်ရှားလိုက်၊ ဒီလူကို ချစ်ရတာ ကျွန်မ ရူးမှာပါပဲ။

■ ■ ■

"မင်းတော်သင့်ပြီ သုဇေ"





တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်ရင်း သုဇေ မျက်လုံးတွေ မှေးစင်းကာ ခေါင်းက စားပွဲပေါ် မှောက်ကျတော့မည်။

"တကယ်တော့ မေမေ့ကြောင့် မမသုက ဒီလိုအခြေအနေမျိုး ရောက်ရတာဗျ"

ဝလုံးဝတွေးနှင့် ပြောပြနေသော သူတို့မိသားစုနောက်ကြောင်းတွေကို နေဇော်ခမျာ နှစ်နာရီနီးပါးမျှကြာအောင် နားထောင်ရသည်။ သုဇေ စိတ်ညစ်ရင် လာထိုင်တတ်သော မီနီဘားလေးတစ်ခုမှာ ရှာတွေ့ခဲ့ချိန်တည်းက တော်တော်မူးနေခဲ့ပြီမို့ နေဇော်က ဘေးကနေ ဝင်ထိန်းရုံကလွဲလို့ မတတ်နိုင်ခဲ့ပါ။

"မေမေသာ မမသုကို နှင်မချခဲ့ရင် ဒီလိုမျိုးတွေ ဖြစ်ချင်မှ ဖြစ်မှာ"

မဟုတ်ဘူးကွ။ ဒါက မင်းမမသုကိုယ်တိုင် ရွေးချယ်ခဲ့တဲ့ဘဝပဲလို့ နေဇော်စိတ်ထဲကနေ နာကျင်စွာအော်ဟစ်လိုက်မိသည်။

"သောက်လေ ကိုနေဇော်လည်း သောက်သင့်တယ်၊ ရက်ပိုင်းလေးပဲဆိုပေမယ့် ကိုနေဇော်ရဲ့ မမသုအပေါ်ထားတဲ့ စိတ်တစ်ခုကို ကျွန်တော် သိပါတယ်၊ ဆိုတော့ကာ ခင်ဗျားလည်း သောက်သင့်တယ် ရော့ သောက်"

ခွက်တစ်လုံးထဲမှာကာ အရက်ပြင်းများကို လောင်းထည့်လျက် နေဇော့်ရှေ့ ထိုးပေးသည်။ ပထမတော့မသောက်တော့မလို့ပါပဲ။ နောက်ခဏတော့ ကျွန်တော်လည်း လွှတ်မြောက်ချင်သွားသည်။ ဒီလို ပူလောင်



www.burmeseclassic.com

နာကျင်မှုတွေကနေလေ။

တစ်ခွက်လုံးအပြည့် ရေမရောထားသော အရက်ပြင်းများကို တစ်ကျိုက်တည်းနှင့် မော့ချပစ်လိုက်သည်။ လည်ချောင်းထဲမှာ ပူဆင်းသွားတာ ယမကာတွေလား ကျွန်တော့်နာကျင်ခြင်းတွေလား သိပ်မကွဲပြားပါ။

"မင်းတို့နှစ်ယောက်ကို ကိုယ်စောင့်ကြည့်နေတာ"

အနားသို့ရောက်လာသော အဆင့်မြင့်မွှေးရနံ့တစ်ခုနှင့် စကားသံ မာထန်ထန်။ စားပွဲပေါ်ခေါင်းမှောက်နေပြီဖြစ်သော သုဓောကတော့ ဘာမှမသိ။ ကျွန်တော်ကတော့ ကြောင်တောင်တောင်နှင့်ပင် မျက်လုံးများကို ဖွင့်ဝဲရာပြီး ထိုအသံလာရာဆီ ကြည့်လိုက်၏။

ဟင် ဒီမျက်နှာ။

"ကိုယ့်ကိုမှတ်မိမယ်လို့ ထင်တယ်၊ တွေ့ခဲ့တာ နာရီပိုင်းလေးပဲ ရှိသေးတာ မဟုတ်လား"

"သိပ်မှတ်မိတာပေါ့ဗျာ အဟွန့်"

"မင်းက သူ့မောင်ဆိုတာလား"

မဟုတ်ဘူးလို့ ကျွန်တော် မဖြေလိုက်မိပါ။

"ငါ့ယောက်ျားကို အစ်မက ချဉ်းကပ်ပြီး မောင်ဖြစ်သူက ကမ္ဘာကြီးကိုပါ ဝင်လာသေးတယ်၊ မင်းတို့နည်းနည်းမှ မရှက်တတ်ကြဘူးလားဟင်"

ဒီအမျိုးသမီးလည်း မူးယစ်နေပြီဆိုတာ သူမဆီမှရသော မွှေးရနံ့





ထဲ ရောပါနေသည့် အနံ့စူးစူးအရ ကျွန်တော် သိလိုက်ပါသည်။ အင်း ကျွန်တော်လည်း ရီဝေဝေပါပဲ။

"အဲဒီတော့ ခင်ဗျားက ဘာဖြစ်ချင်တာလဲ"

"မင်းတို့လို ယုတ်ညံ့တဲ့မိသားစုက ပေါက်ဖွားလာတဲ့ဟာတွေကို ငါ့ယောက်ျားနဲ့ဆက်မပတ်သက်ဖို့ ငါ လာပြောတာ"

"မလုပ်နိုင်ဘူးဆိုရင်ရော"

"အေးပေါ့ မင်းတို့လိုလူတွေအတွက်ကတော့ ပါးစပ်ကနေ တားမြစ်နေရုံလောက်နဲ့ ဘယ်လက်လျှော့ချင်ကြပါ့မလဲ၊ ပြော ဘယ်လောက်ပေးရမလဲ"

ကျွန်တော့်စိတ်ထဲမှာ ထောင်းခနဲ ဖြစ်သွားသည်။ ဒီမိန်းမက ဘာလဲ။ မယောင်ရာဆီလာလူးနေတာပဲ။

"ပြောလေ ကြိုက်သလောက် ပမာဏပြောနော်၊ မင်းအစ်မကို ထိုးကျွေးပြီးတော့မှ ရလာတဲ့ငွေနဲ့ ငါ့ကိုအေးအေးဆေးဆေး ပြောလိုက်ပြီး ကိုယ့်အစ်မကိုယ် ထိန်းသိမ်းလိုက်ရင် ရလာမယ့်ငွေ ဘယ်ဟာက ပိုအကျိုးအမြတ်ရှိမယ်လို့ မင်းထင်လဲ"

"ခင်ဗျား စော်ကားလှချည်လားဗျ"

နောက်ကျိနေသော စိတ်နှင့်အတူ မတ်တပ်ရပ်နေသော ထိုအမျိုးသမီး၏ ပခုံးကို ကျွန်တော် အားနှင့်တွန်းထုတ်ပစ်လိုက်သည်။

အင်း သိပ်တော့ မခေလှပါ။ သူမကိုယ်သူမ ပြန်ထိန်းလိုက်ရင်း အနီးမှာရှိသော အရက်ဖန်ခွက်ပိုင်းလေးနှင့် ကျွန်တော့်ကို ကောက်ယူ

www.burmeseclassic.com



ထုပစ်လိုက်တာ နဖူးမှာ ကျိုန်းစပ်ခြင်းနှင့်အတူ မျက်နှာတစ်ပြင်လုံး သွေးရောင်လွှမ်းသွား၏။

ယမကာတန်ခိုးနဲ့ မူးယစ်နေတာတွေ ပျောက်ကုန်ကာ ဒဏ်ရာကြောင့် မူးဝေကိုက်ခဲခြင်းတွေ အစားထိုးဝင်ရောက်လာသည်။ အနာကို စမ်းကြည့်တော့ လက်မှာသွေးများသာ ပေကျံကုန်၏။

သူမ ချာခနဲ လှည့်ထွက်သွားသည်။ ဒါလည်း ကျွန်တော် နောက်ဆုံးမှုန်ဝါးဝါးမြင်လိုက်ရခြင်းပါ။

■ ■ ■

ကျွန်မနှင့်ဉာဏ်ထက်တို့ ဆေးရုံကိုရောက်ချိန်မှာ သူ့နဖူးကို ချုပ်ပြီးသား ဖြစ်နေပြီ။

"နေဇော် နင် နင်ဘာဖြစ်သွားသေးလဲ"

ဉာဏ်ထက်ကိုပင် မစောင့်နိုင်ဘဲ ရှေ့ကနေ ကျွန်မ အပြေးလှမ်းသွားမိသည်။

"ဘယ်လိုဖြစ်တာလဲ မမရယ်၊ ကျွန်တော် မသေနိုင်ပါဘူး။ ကိုးချက်လောက် ချုပ်ရတာပါ"

သူ့ဒဏ်ရာကိုကြည့်ပြီး ကျွန်မမှာ ဘာမှထပ်မပြောနိုင်တော့ဘဲ မျက်ရည်တွေသာ ကျလာ၏။

"သူဇော်ကိုလည်း စိတ်မပူနဲ့ သိလား၊ မူးပြီးမှောက်နေလို့ စားပွဲထိုးလေးတွေက ကားငှားပြီး လိုက်ပို့လိုက်တယ်တဲ့"

နေဇော်က ဘာမှမဖြစ်သလို ပြောနေပေမယ့် ကျွန်မမှာတော့





ရင်ထဲမှာ အပြင်းအထန် နာကျင်နေရ၏။

"ကိုယ့်ကို အိမ်ကလူတွေ လှမ်းဖုန်းဆက်လို့ သိပြီးပါပြီ၊ ဒီမိန်းမအတွက် ကိုယ်ကပဲ တောင်းပန်ပါတယ် ကိုနေဇော်"

ဉာဏ်ထက်မျက်နှာကို တစ်ချက်မှမကြည့်သလို ဘာတုန့်ပြန်စကားမှလည်း မပြောဘဲ ကျွန်မကိုသာ နေဇော် ကြည့်နေခဲ့၏။

"နင် နာနေသေးလား"

"အသားကြီးကို အပ်နဲ့ချုပ်တာပဲဗျာ၊ မနာဘူးဆိုရင် လိမ်တာပေါ့၊ ဒါပေမဲ့ ကျွန်တော့်အတွက် အေးဆေးပါ"

"ငါ့ကြောင့်ပါဟာ အားလုံးက ငါ့မှားယွင်းမှုတွေကြောင့် ခံရတာပါ"

"မပြောနဲ့တော့ အဲဒါတွေ ကျွန်တော် မကြားချင်တော့ဘူး"

"ငါ ငါ"

"ကျစ် မပြောပါနဲ့တော့ဆိုဗျာ"

ကျွန်မကြောင့်နဲ့ လူတစ်ဖက်သား နာကျင်ရပြီ။ သူဇော်လည်း တော်တော်စိတ်ထိခိုက်သွားလို့သာ ခုလိုအရက်တွေ အမူးသောက်ဖြစ်ခဲ့တာနေမှာ။ ခုမှ ပြန်တွေ့သော မောင်လေးကို ကျွန်မက ဘယ်လိုမိန်းမစားပါဆိုပြီး ချပြခဲ့သလို ဖြစ်နေပြီ။

"မင်းခဏလောက် အပြင်ထွက်ပေးပါလား၊ ကိုယ် နေဇော့်ကို စကားလေးနည်းနည်းပြောချင်လို့"

ခပ်လှမ်းလှမ်းမှာသာ ရပ်နေခဲ့သော ဉာဏ်ထက်ရဲ့ပေါင်းဆို



www.burmeseclassic.com

www.burmeseclassic.com



မှုကြောင့် ကျွန်မ အလိုက်သိစွာပင် ဆေးရုံကော်ရစ်ဒါဘက် လျှောက်လာခဲ့လိုက်သည်။

နေဇော်ကို သူ ဘာပြောမလို့များပါလိမ့်။

"အခုလို ဖြစ်သွားတာကို ကျွန်တော် လုံးဝ စိတ်မကောင်းပါဘူး ကိုနေဇော်၊ အားလုံးက ကျွန်တော် စတင်ခဲ့တဲ့အမှားတွေပါ"

"ထားလိုက်ပါ ဖြစ်တာတွေက ဖြစ်နေပြီပဲ"

နေဇော်က ဉာဏ်ထက် မျက်နှာကိုမကြည့်။ အဝေးသို့ကြည့်လျက် ဆိုသည်။

"နောက်တစ်ခုက ကိုနေဇော် ထင်နေသလို ခင်ဗျားသူငယ်ချင်းကို ကျွန်တော်က တစ်သက်လုံး ဒီလိုဘဝမျိုးနဲ့ နေစေမှာမဟုတ်ပါဘူး။ ခုချိန်မှာ မလှဲသာမရှောင်သာ ဖြစ်နေလွန်းလို့သာ သည်းခံနေခိုင်းထားတာပါ။ ကျွန်တော် သူ့ကို သိပ်ချစ်ပါတယ်၊ ကျွန်တော် ရုန်းထွက်ချင်တဲ့ ဘဝထဲကနေ အမြန်ဆုံး ရုန်းထွက်နိုင်ဖို့ ခုဆို အားလုံးတောင် အဆင်သင့်ဖြစ်နေပါပြီ၊ ကျွန်တော် အဲဒီစကားလေးတွေ ပြောပြချင်နေခဲ့တာပါ။ ကျွန်တော် မမှားဘူး မဟုတ်ဘူး ကျွန်တော် မှားခဲ့တယ်၊ ဒါပေမဲ့ ကျွန်တော့်ကို ပြင်ဆင်ခွင့်လေး ပေးစေချင်တာပါ"

"တကယ်တော့ ကျွန်တော်လည်း သူ့အပေါ်မှာ ဒီလောက်ထိ ဝင်မစွက်ဖက်ခဲ့သင့်ပါဘူး။ သူ့ရွေးချယ်မှုက သူ့ဘဝပဲလေ၊ ကျွန်တော်နဲ့ မဆိုင်ပါဘူး"

"ဒီလိုတော့ မပြောပါနဲ့ သူက ခင်ဗျားကို တကယ်သံယောဇဉ်





ရှိပါတယ်၊ အရင်လိုပဲ သူ့ကိုဆက်ပြီး ဂရုစိုက်စောင့်ရှောက်ပေးစေချင်ပါတယ်၊ တစ်ခါတလေ ကျွန်တော် မမြင်နိုင်တဲ့ သူ့နာကျင်မှုတွေကိုတောင် ခင်ဗျားက နှစ်သိမ့်ပေးနိုင်ခဲ့တာ မဟုတ်လား"

ဉာဏ်ထက် စကားအဆုံးမှာ သူတို့နှစ်ယောက် တစ်ယောက်မျက်လုံးတွေထဲကို တစ်ယောက်နက်ရှိုင်းစွာ စူးစိုက်ကြည့်နေမိသည်။ တစ်ယောက်ရင်ထဲကို တစ်ယောက် မြင်နိုင်လောက်သည်ထိပေါ့။

■ ■ ■

"ဆိုင်မသွားခင် မင်းဆီခဏဝင်လာမလို့ ဘာစားချင်လဲ ဝယ်ခဲ့မယ်"

"ရပါတယ် ကိုယ့်ဘာသာ အေးဆေးသွားပါ"

သူ့အသံက အေးတိအေးစက်။ ဒီတစ်လလုံး သူနဲ့အတူနေတဲ့ ဦးလေးက အလုပ်ကိစ္စနဲ့ နယ်ကိုသွားနေတာမို့ သူ့အိမ်မှာတစ်ယောက်တည်း။ ကျွန်မ စိတ်ပူမိတာ မဆန်းပါဘူးနော်။

"မင်းတစ်ယောက်တည်းလေ ဘယ်လိုလုပ်မှာလဲ"

"ကျွန်တော်က ခြေတွေလက်တွေကျိုးတာ မဟုတ်ပါဘူးဗျာ ဆေးကွဲတာပါ၊ စားချင်ရင် အပြင်ထွက်စားမယ်"

"မင်း မဟုတ်သေးပါဘူး၊ ဆေးရုံမှာ ဉာဏ်ထက်နဲ့စကားပြောပြီးတည်းက အချိုးတွေပြောင်းနေတယ်၊ ပြောစမ်း အဲဒီတစ်ယောက်ကကို ဘာတွေပြောလိုက်တာလဲ၊ မဖြစ်သေးပါဘူး ငါကိုယ်တိုင် လာခဲ့မယ် မင်းစောင့်နေ"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးပြင်ဆင်ပြီးစီးနေပြီမို့ ဖုန်းချပြီးသည်နှင့် ကျွန်မ အိမ်အောက်ဆင်းခဲ့လိုက်သည်။ သူကြိုက်တဲ့ဆိုင်ကနေ ကြက်ကြော်တွေလည်း ဝယ်ခဲ့လိုက်၏။ ဘာပဲဖြစ်ဖြစ် ကျွန်မကြောင့်နဲ့ အနာတရဖြစ်သွားသူတစ်ယောက်ကို ဒီလောက်တော့ ကျွန်မ ဂရုစိုက်သင့်တာပဲ မဟုတ်လား။

တံခါးကို စေ့ရုံသာစေ့ထားတာမို့ အသာတွန်းဖွင့်ဝင်လိုက်ရုံနှင့် သူ့အိပ်ခန်းထဲကို ကျွန်မ ရောက်ရှိသွားသည်။ အိပ်ရာပေါ်မှာ ဘယ်သူမှ မနေပါ။

"နေဇော်ရေ"

ကျွန်မ အသံခပ်အုပ်အုပ်ပြုလိုက်လျှင် နောက်ဖေးဘက်ကနေ သူ ထွက်လာပြီး

"မလာပါနဲ့လို့ ပြောတာကို"

"မလာလို့ရမလား မင်းအထဲရာကို ငါမကြည့်ပေးလို့ ဘယ်သူကြည့်ပေးမှာလဲ၊ ပြီးတော့ ဒီမှာ မင်းကြိုက်တဲ့ ကြက်ကြော်တွေ ဝယ်လာခဲ့တယ်"

ကြက်ကြော်ဆိုတော့ သူ နည်းနည်းစိတ်ဝင်စားသွားပုံနှင့် ကျွန်မနား ရောက်လာ၏။ အနားရောက်လာသော သူ့ဆံပင်များကို ကျွန်မ ကိုင်ဖွပစ်လိုက်သည်။

"ဘာလုပ်တာလဲ မမ"

ကျွန်မကိုကြည့်လိုက်သည့်အကြည့်တွေထဲမှာ ကြည်နူးပျော်ရွှင်မှုတွေ အတိုင်းသားပျော်ဝင်နေတာ သတိထားလိုက်မိ၏။ ဟိုးအရင်က





ကျွန်မနဲ့စတင်ခင်မင်ခဲ့သည့် နေဇော်ကို ပြန်မြင်လိုက်ရသလိုပါပဲ။ ကျွန်မလည်း ဝမ်းသာသွားမိသည်။

"မမလည်း စားလေ"

ကြက်ပေါင်တစ်ချောင်းကို အားရပါးရကိုက်နေရင်းမှ သူက ကြက်ကြော်ဘူးကို ကျွန်မရှေ့ထိုးပေးသည်။

"မစားတော့ပါဘူး မင်းမဝမှာစိုးလို့"

"ဘာလို့မဝရမှာလဲ၊ ဒီလောက်အများကြီးကို ဟွန်းမသိရင်ခက်မယ်၊ မန်နေဂျာမမဖြစ်သွားပြီဆိုတော့ ပိုက်ဆံကို စိတ်ကြိုက်သုံးနေတာပေါ့လေ"

"ဟယ် အဲဒီလို မဟုတ်ပါဘူး၊ မင်းအတွက်မို့လို့ ငါ့မှာ စေတနာပိုသွားတာပါနော်"

ကျွန်မစကားအဆုံးမှာ ကြက်ကြော်စားနေတာကို ရပ်လိုက်ပြီး ကျွန်မကို ငေးစိုက်ကြည့်သည်။ သူ့အကြည့်တွေမှာ အမြဲတမ်းလိုလို နွေးထွေးမှုလေးတွေ ပါဝင်နေတတ်တာ နှစ်သက်စရာကောင်းလိုက်တာ။

"ဘာတွေကြည့်နေတာတုန်း"

"မမက အမြဲတမ်းလှနေတယ်ဗျ။ ကျွန်တော့်မျက်လုံးထဲမှာ"

"ဟဲ့ ကောင်လေး၊ ဘာတွေပြောနေတာလဲ"

သူ့စကားကြောင့် ကျွန်မမှာ မနေတတ်မထိုင်တတ် ဖြစ်သွားရသည်။ ရင်ထဲမှာ လှိုက်ခနဲ ဖြစ်သွားလျက် ရှက်သလိုလို ရွံ့သလိုလို။

"စား စားပြီးရင် ငါလည်းသွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမ နောက်ကျနေရင် သွားလေ ဆိုင်က ဖွင့်ကာစဆိုတော့ နောက်ကျလို့မကောင်းဘူး မဟုတ်လား"

"အင်း ဒါဆို ငါ သွားတော့မယ်"

ဘာလို့များ ဒီစကားလေးပြောတာကို အသံတွေက တုန်နေရတာလဲ၊ လှေကားကို မြန်မြန်ပြေးဆင်းပြီး တက္ကစီတစ်စီးတားလိုက်၏ ကျွန်မရောက်သွားတော့ ကျွန်မထက်အရင် ရောက်နှင့်နေတာ ဉာဏ်ထက်၊

"မင်းနောက်ကျတယ်"

"ဆောရီးပဲရှင် ကျွန်မ နေဇော်ကို ဝင်ကြည့်နေသေးလို့ပါ"

"သူ့အိမ်ထိလား"

"အင်းပေါ့"

ဉာဏ်ထက် မျက်နှာ အနည်းငယ်ပျက်ယွင်းသွား၏။ အချိန်မီ ပြုံးလိုက်သော်လည်း ကျွန်မကတော့ သူ့မျက်နှာအပြောင်းအလဲကို စက္ကန့်တိုင်းသတိထားမိနေတာပါပဲ။

"သက်သာရဲ့လား၊ ကိုယ်လိုက်ကြည့်ဖို့ လိုသေးလား"

"သက်သာပါတယ်၊ ရှင်လိုက်မကြည့်ပါနဲ့တော့၊ မျက်နှာပူစရာကောင်းတယ် မဟုတ်လား"

ကျွန်မကို ရင်ခွင်ထဲမှာ ဆွဲဖက်ထားလိုက်ပြီး နောက်ကျောလေးကို အသာပွတ်သပ်ပေးလိုက်ရင်း

"ကိုယ့်ကို အဲဒါမျိုးတွေကအစ လိုက်တွေးပေးတဲ့အတွက် မင်း





ကို ကျေးဇူးတင်ပါတယ်"

မွှေးပျံ့ပြီး ဆွဲဆောင်မှုရှိလှသော အနံ့တစ်ခုက သူ့ရင်ခွင်ထဲ ကနေ မထွက်ခွာချင်အောင် ကျွန်မကို စွမ်းဆောင်ထားခြင်းကြောင့် ကျွန်မ မျက်လုံးများကို မှိတ်ထားလျက် အသာမှီနေလိုက်သည်။

"ဟိတ် ကောင်မလေး ညာပြီးနေနေတာ မဟုတ်လား ထွက်တော့ ဟိုမှာ ကောင်မလေးတွေလာနေပြီ"

ဝန်ထမ်းကောင်မလေးတွေ ဆိုင်ထဲဝင်လာတာမို့ ရင်ခွင်ထဲက ခွာချင်ခွာချင်နှင့် ခွာပေးလိုက်ရသည်။

"မဝသေးဘူး"

"ညကျရင် လာခဲ့ရမလား"

ကျွန်မ ဦးခေါင်းကို ခပ်မြန်မြန် ညိတ်မိလိုက်တယ်လို့ ထင်ရဲ့

■ ■ ■

"အားလုံးအဆင်သင့်ဖြစ်ရင် အောက်ဆင်းခဲ့တော့၊ ငါရောက်နေပြီ"

"ဘယ်လို"

"မယုံရင် ဝရန်တာထွက်ကြည့်"

ဝရန်တာမှာပေါ်လာသော နေဇော်ကို ကျွန်မ ခေါင်းမော့လျက် ကြည့်လိုက်သည်။ ကျွန်မကိုမြင်လိုက်တာ ဘာလို့များ သူ့မျက်နှာကြီး ညိုမဲသွားရတာပါလိမ့်။

"မမ ဆိုင်မသွားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ နည်းနည်းနောက်ကျမယ်လို့ ပြောထားတယ်၊ ဆိုင်က ကောင်မလေးတွေကလည်း ကျွမ်းနေပါပြီ၊ နည်းနည်းပါးပါး လွှဲထားလို့ ရပြီ"

"ဘာအတွက်လဲ မမ"

"ဘာအတွက်လဲ ဟုတ်လား။ မင်းဒီနေ့ ချုပ်ရိုးဖြည်ရမယ်လေ"

"ဟာ အဲဒါ ကျွန်တော့်ဘာသာသွားလည်း ရပါတယ်"

"စကားသိပ်များတာပဲ၊ အောက်မှာစောင့်နေမယ် မြန်မြန်ဆင်းခဲ့တော့"

သူ ဘာမှပြန်မပြောနိုင်ခင်မှာပဲ ဖုန်းကို ကျွန်မ ချပစ်လိုက်သည်။ သိပ်မစောင့်လိုက်ရပါ ဆယ်မိနစ်လောက်နေတော့ သူ ကျွန်မဘေးရောက်လာခဲ့သည်။

"မမရယ် ကျွန်တော့်ကြောင့်နဲ့ အဲဒီလိုတွေ မလုပ်ပါနဲ့၊ အလုပ်တွေပျက်နေရင် မမပဲ ပိုပြီးနာမည်ပျက်မှာ၊ အခုက ကိုယ့်ဘာသာ သတိလေးနဲ့နေရမယ့်အချိန်လေ"

"မင်းစကားတွေ သိပ်များတယ်"

ဒီလိုပြောလိုက်ပြန်တော့လည်း ချက်ချင်းပင် ပါးစပ်ပိတ်သွားလျက် ဘာတစ်လုံးမှ ထပ်ထွက်မလာတော့။ မျက်နှာမှာတော့ စိတ်ရှုပ်ထွေးမှုတွေ ပြည့်နှက်နေတာပေါ့လေ။

ချုပ်ရိုးဖြည်တဲ့အချိန်က ဘာမှမကြာလိုက်ပါ။ အားလုံးပြီးသွားတော့ မနက်ဆယ်နာရီခွဲလောက်သာ ရှိသေး၏။





"နာနေလား"

"ကျွန်တော် ကလေးမဟုတ်ပါဘူးဗျာ၊ ဒီလောက်တော့ ခံနိုင်ရည်ရှိပါတယ်"

"တစ်ခုခုစားပြီးမှ ပြန်လေ"

"ကျွန်တော်က ဒီနေ့တောင် ကုမ္ပဏီပြန်သွားရင် ကောင်းမလား စဉ်းစားနေတာ၊ တကယ်တော့ လူက ဘာမှလည်းဖြစ်တာမဟုတ်ဘူးလေ၊ သုဓေတစ်ယောက်တည်းနဲ့ လွှတ်ထားရတာ အားနာလို့"

"ဒီနေ့တော့ နားလိုက်ပါဦးလေ၊ မနက်ဖြန်မှသွားချင်သွားပေါ့၊ အဲ ဘာစားမလဲလို့ မေးနေတာ ဖြေဦး"

"ကျွန်တော်က ကလေးလား၊ ဒီမုန့်နဲ့ပဲ လာလာမြူဆွယ်နေတာ"

"အောင်မာ သူ့များ မြူဆွယ်တယ် ဖြစ်ရသေးတယ်၊ ငါဗိုက်ဆာနေလို့ အတူတူစားဖို့ ပြောနေတာ သိလား"

"ဒါဆိုလည်း မမ ကြိုက်တဲ့ဆိုင်သွားလေဗျာ"

နောက်ဆုံးတော့ ကျွန်မတို့ဆိုင်နှင့်လည်း နီးနီးနားနားမှာရှိသော စားသောက်ဆိုင်လေးမှာပဲ ဝင်စားဖြစ်၏။

"စားပြီးရင် ကျွန်တော်ဆိုင်ကို လိုက်ခဲ့ဦးမယ်"

"အင်း လိုက်ခဲ့လေ"

ဒီထိတော့ ကျွန်မ စိတ်ထဲမှာ ရှင်းလင်းစွာနှင့် ဘာကိုမှ ကြိုတွေးမိသေး။ ပြဿနာရဲ့အရိပ်အငွေ့ကို မခံစားမိသေး။ ဆိုင်ထဲကို



www.burmeseclassic.com

www.burmeseclassic.com



နေဇော်နှင့်နှစ်ယောက်သားတွဲပြီး ဝင်လိုက်ချိန်မှာ ပျက်စီးယိုယွင်းကျသွားသော ဥာဏ်ထက်မျက်နှာကို မြင်တော့မှသာ

"မင်းဘယ်သွားနေလို့ ဒီအချိန်မှ လာတာလဲ"

အနောက်မှာပါလာသော နေဇော့်ကိုမြင်ရဲ့သားနဲ့ ခုလိုမျိုး ခပ်ထန်ထန်မေးလိုက်တာကြီးကတော့ မဖြစ်သင့်ပါဘူး။ ဝန်ထမ်းမိန်းကလေးတွေလည်း ရှိနေတာလေ။

"ဒီနေ့ နေဇော် ချုပ်ရိုးဖြည်တာ လိုက်သွားပေးနေလို့"

"မင်း ငါ့ကိုပြောသွားသလား"

"သိပ်လည်း နောက်မကျတော့ မလိုတူးထင်လို့လေ၊ ဝန်ထမ်းကောင်မလေးတွေကိုတော့ ပြောသွားသားပဲ"

"ဘာ ငါနဲ့ ဒီကောင်မလေးတွေနဲ့ တူလားကွ"

သူ ဘာဖြစ်နေတာလဲ။ လူတွေရှေ့မှာ သူကိုယ်တိုင်က ကျွန်မကို ဒီလိုပုံစံ ဆက်ဆံနေတာ ဘာလို့လဲ။

"ကျွန်တော် တောင်းပန်ပါတယ် ကိုဥာဏ်ထက်၊ ကျွန်တော်က မမကို အတူလိုက်ခဲ့ပေးဖို့ အကူအညီတောင်းခဲ့တာပါ"

"နေဇော်"

"လိုက်ခဲ့ပေးတာ ကျေးဇူးတင်ပါတယ်နော် မမ၊ ကိုဥာဏ်ထက် ကျွန်တော် သွားလိုက်ပါဦးမယ်"

ကျွန်မကို စကားပြောခွင့်မပေးဘဲ သူပြောချင်ရာပြောပြီးတော့ ဆိုင်ထဲမှ ထွက်သွားသော နေဇော့်ကို ကျွန်မ သိပ်အားနာသွားမိသည်။





"ကျွန်မတို့ အနောက်မှာ စကားသွားပြောရအောင်"

ကျွန်မရှေ့က ထွက်သွားတော့ သူ လိုက်ပါလာတတ်သည့်အတွက် ကျေးဇူးတင်မိသေးသည်။ တော်ကြာ ကောင်မလေးတွေရှေ့မှာ တစ်ခုခုထပ်အော်ဟစ်လိုက်ရင် ကျွန်မရဲ့သိက္ခာတွေ ထပ်ကျဦးမှာလေ။

"ရှင် ဘယ်လိုဖြစ်နေတာလဲ"

"ဘယ်လိုဖြစ်နေတာလဲ ဟုတ်လား၊ နေဇော့်အကြောင်း အသက်နဲ့အဝေးကြီးပါ၊ မင်းကဘာဖြစ်လို့ သည်းသည်းလှုပ်နေတာလဲ"

"ဘာ ရှင်ဘယ်လိုပြောလိုက်တာလဲ၊ သူရခဲ့တဲ့ အကြောင်း ဘယ်သူ့ကြောင့်လဲ ဘာကြောင့်လဲဆိုတာ ပြန်စဉ်းစားပါဦး"

"ငါ သိတယ်၊ ပြန်စဉ်းစားစရာလည်း မလိုဘူး၊ ဒါပေမဲ့ ငါ သိနေတာတွေထဲမှာ နေဇော်က မင်းကိုချစ်နေတယ်ဆိုတဲ့အချက်ပါ ငါ သိနေတယ်၊ ချစ်တာတောင် ဒီကောင် တော်ရုံမဟုတ်ဘူးကွ၊ မင်းအတွက် အရာရာကို လုပ်ပေးနိုင်တယ်ဆိုတာမျိုး"

သူ့စကားတွေကြောင့် ကျွန်မ ပြန်ပြောစရာစကား ပြတ်လပ်သွား၏။ နေဇော် ကျွန်မကို ခုချိန်ထိ ချစ်နေတုန်းလား။ အရင်တစ်ချိန်တုန်းကတော့ ကျွန်မ ရိပ်စားမိသလိုလို ရှိခဲ့သော သူ့ချစ်ခြင်းတွေကို ကျွန်မ မသိချင်ယောင်ဆောင်ခဲ့သည်။

ဒီလိုမျိုး အဖြစ်အပျက်တွေ အများကြီး ဖြစ်ပျက်ခဲ့ပြီးတဲ့နောက်မှာလည်း သူ ကျွန်မကို ချစ်နေတုန်းပဲတဲ့လား။ သူ မုန်းတီးသော သူ တားမြစ်ခဲ့သော လုပ်ရပ်ဆိုးကြီးကို ရွေးချယ်ခဲ့သည့်မိန်းမတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



သူက ချစ်နေတုန်းတဲ့လား။

ဟင့်အင်း မဖြစ်နိုင်လိုက်တာ။

"ဘာလဲ မင်းမှာပြောစရာစကားမရှိတော့ဘူးလား"

"ကျွန်မအကြောင်းကို အသိနေဆုံးဖြစ်တဲ့ ယောကျ်ားတစ်ယောက်က ကျွန်မကို ရှင်ပြောတဲ့အတိုင်း ချစ်နေတုန်းပဲဆိုတာ ဘယ်လိုမှ ယုံနိုင်စရာမရှိဘူးလေ"

"အေး မင်းမယုံနိုင်ဘူးဆိုပေမယ့် ငါက ယောကျ်ားကွ၊ ယောကျ်ားချင်းကြည့်လိုက်တာနဲ့သိတယ်၊ မင်းကိုကြည့်နေတဲ့ သူ့မျက်လုံးတွေက အမြဲတမ်း အချစ်တွေနဲ့ပြည့်နှက်နေတာ၊ စကားလုံးတွေက လိမ်လို့ရတယ်၊ မျက်လုံးတွေက လိမ်လို့မရဘူးကွ မင်းသိလား"

သူ့ ပြောနေပုံကတော့ တကယ့်ကို အတိအကျကြီးပါလား။ ကျွန်မကို ပြန်မငြင်းနိုင်အောင်ကို ချည်ပြီးတုပ်ပြီး ပြောနေခြင်းဖြစ်သည်။

"အဲဒီတော့ ကျွန်မက နေဇော်နဲ့မပေါင်းသင်းရတော့ဘူးလား"

"ငါ ဒီလောက်ထိ မဆိုလိုပါဘူး၊ သူက မင်းကိုချစ်နေတာဆိုတော့ မင်းကိုဒုက္ခပေးမှာမဟုတ်တာ သေချာနေတာပဲလေ၊ မင်းဘေးမှာ သူရှိနေတာကိုလည်း ငါကြည်ဖြူပါတယ်၊ ဒါပေမဲ့ တရားတော့ မလွန်လာနဲ့ပေါ့ကွာ"

သူ့ဒေါသတွေ နည်းနည်းပြေသွားတာ ကျွန်မ ရိပ်မိလိုက်ပါသည်။ အသံတွေက ပုံမှန်ပြန်ဖြစ်လာ၏။ အရာရာကို သွေးအေးအေးနှင့် နားလည်အောင်ရှင်းပြမည့်ပုံစံ ပေါက်လာသည်။





ဟူး ခုမှပဲ ရင်ထဲကအလုံးကြီး ကျသွားတော့တယ်၊ နေဇော်ကို ဘယ်လိုမျက်နှာပြရမယ်မှန်း မသိသေးတာကလွဲရင်ပေါ့။

"ဒါနဲ့ နေပါဦး မေးပါရစေ ရှင်ကရော ဒါက ဘာဖြစ်တာလဲ၊ ကျွန်မကို သဝန်တိုတာလား"

"ဟေ့ ငါယောကျ်ားကွ သဘောထားသေးသိမ်တဲ့ကောင်မဟုတ်ဘူး၊ ဘာဖြစ်လို့ သဝန်တိုရမှာလဲ"

ဖြူသောမျက်နှာက ချက်ချင်းပင် နီရဲတက်လျက် သူဆိုသည်။ အမှန်တွေပေါ်သွားလို့ သူ ရှက်သွားရင်လည်း ချစ်ဖို့ကောင်းတာပါပဲ။ ယောကျ်ားဆိုတာ ဘယ်တော့မှ ကြီးပြင်းမလာတဲ့ကလေးတွေ တဲ့၊ အဲဒါ အမှန်ပဲနဲ့ တူရဲ့။

ညနေပြန်တော့ နေဇော်ဆီကို ဖုန်းဆက်ဖို့ ကြိုးစားသေးပေမယ့် ဥာဏ်ထက်က လာကြိုနေပြန်သောကြောင့် ကျွန်မမှာ ဖုန်းဆက်ဖို့အခွင့်အရေးပင် မရလိုက်ပါ။

"အိမ်ပေါ်လိုက်မှာနော်"

"ဘာလိုက်လုပ်ဦးမှာလဲ"

"ဘာလိုက်လုပ်တယ်ဆိုတာ အပေါ်ရောက်မှ ပြမယ် လာ မြန်မြန်"

ကျွန်မ လက်တစ်ဖက်သို့ ရှေ့ကဆွဲလျက် သူကအရင် လှေကားပေါ် ပြေးတက်သည်။ အိမ်ထဲရောက်တော့ ကျွန်မတို့နှစ်ယောက်လုံး မောဟိုက်နေကြပြီ။ တံခါးကို ကျွန်မ လော့ချလိုက်ပြီးသည်နှင့် သူက

www.burmeseclassic.com



ကျွန်မကို တံခါးကြွေးကနေ ချိမလျက် သုံးလေးပတ် လည်ပစ်လိုက်သည်။

"ဟိတ် ဘာလုပ်တာတုန်း လန့်လိုက်တာ"

ဘာမှမပြောသေးဘဲ ချိမထားသောကြောင့် သူ့ထက်မြင့်သော ကျွန်မမျက်နှာကို သူက မော့ကြည့်ကာ အားရပါးရ ပြုံးသည်။

"ချပေးလေကွာ ဘာလုပ်မှန်းလည်းမသိဘူး"

သူ့ပခုံးကို ကျွန်မ အတင်းထုရိုက်တော့မှ ကျွန်မကို ဖြည်းညင်းစွာ ပြန်ချပေးသည်။ တွန့်တက်သွားသော အင်္ကျီကို ချပ်ချပ်ရပ်ရပ်ဖြစ်အောင် ပြန်ဆွဲချရင်း ကျွန်မ မျက်စောင်းထိုးလိုက်မိ၏။

"ဘယ်လိုဖြစ်တာတုန်း"

"သူတို့မိသားစုလိုချင်တဲ့ ပမာဏအတိုင်း ကိုယ်ပေးလိုက်တယ်"

"ဟင် ရှင် ရှင် ပြောတာက"

"ဟုတ်တယ် ဝတို့ကို ကိုယ်ကွာရှင်းခွင့်ရခဲ့ပြီ၊ အစတည်းက ငွေလိုချင်လို့ တင်းခံနေတဲ့အိမ်ထောင်ရေးပဲ"

ဟုတ်ရောဟုတ်ရဲ့လား။ ဒီလောက် အလွယ်တကူနဲ့ ကွာရှင်းခွင့်ရခဲ့တယ်ဆိုတာ ဖြစ်ရောဖြစ်နိုင်ရဲ့လား။

"ကလေးကိုရော"

"ကလေးကိုလည်း ကိုယ်ပဲခေါ်ထားလိုက်တယ်"

"သူက ဒါလည်း ခွင့်ပြုတာပဲလား"

"အလွယ်တကူနဲ့တော့ ဘယ်ဟုတ်ပါ့မလဲ၊ နေဇော်ကို သူ





ထားတဲ့ကိစ္စ ကိုယ်အမှုဖွင့်မယ်လို့ ခြိမ်းခြောက်ထားတာလေ၊ ရဲနဲ့ပတ်သက်တဲ့ အမှုအခင်းတွေ ဘာတွေဖြစ်မှုရင် ကလေးစောင့်ရှောက်ခွင့်ကို သူ မရနိုင်တော့ဘူးလေ၊ ဒီတော့ အသာတကြည်နဲ့ ပေးမလား အမှုပါ ရင်ဆိုင်မလားလို့ မေးလိုက်တာပေါ့"

"ဟယ် ဉာဏ်ထက်ရယ် ဒီလောက်ကျတော့လည်း"

ကိုယ့်ကလေးနဲ့ခွဲခွာရမယ့် အမေတစ်ယောက်လို့ စဉ်းစားမိလိုက်တော့ ရင်ထဲမှာရှိနေတဲ့ သနားစိတ်လေးက ခေါင်းထောင်ထလာပြန်သည်။

"မင်းတွေးနေတာ ကိုယ်သိပါတယ်၊ သားနဲ့တစ်လတစ်ခါတွေ့ခွင့်တော့ ကိုယ်ပေးခဲ့တယ်"

"ရှင့်လိုလူတစ်ယောက်ကို သူ ဆုံးရှုံးလိုက်ရတာ ကျွန်မ စိတ်မကောင်းလိုက်တာ"

"အောင်မလေး ကလေးမရယ် မင်းဟာလေ ကိုယ့်အတွက် ကိုယ် မတွေးတော့ဘူးလား။ ခုဆို မင်းဖြစ်ချင်နေတာတွေ ကိုယ်လုပ်ပေးနိုင်တော့မယ်၊ ဘယ်သူမှ မင်းကို မရှုတ်ချစေရဘူး။ မင်းရှေ့ကနေ ကိုယ် မားမားမတ်မတ် ရပ်ပေးနိုင်ပြီလေ၊ ဘယ်လောက်လက်ညှိုးထိုးကဲ့ရဲ့မှုကိုမှ မင်းခံယူစရာ မလိုတော့ဘူး"

ဉာဏ်ထက်က ရွှင်မြူးတက်ကြွစွာ ပြောနေသလောက် ကျွန်မတော့ ဘာလို့မှန်းမသိပါဘဲ ပြည့်ပြည့်ဝဝ မပျော်နိုင်ဖြစ်နေမိသည်။ တစ်ခုခုကို စိတ်ထင့်နေသလို။ နှစ်ပေါင်းများစွာ တင်းခံနေခဲ့သူတစ်ယောက်က နုလိုမျိုး အလွယ်တကူနဲ့ လက်သင့်ခံလိုက်တယ်ဆိုတာ ယုံဖို့



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းတော့ ခဲယဉ်းနေမိ၏။

"ဟိတ် မျက်နှာကြီးက စိတ်ပျက်ဖို့ကောင်းလိုက်တာကွာ။ ဘာတွေ တွေးနေတာလဲ"

"မြန်ဆန်လွန်းတော့ ကျွန်မ ယုံဖို့ခက်နေတာပါ"

"မမြန်ပါဘူးကွာ၊ ကိုယ့်ကို သားလေးနဲ့ချည်နှောင်ထားခဲ့တာ သိပ်ကြာနေခဲ့ပါပြီ၊ အခုမှ ကိုယ် ရုန်းထွက်နိုင်ခဲ့တာ"

သူက ကျွန်မ ခန္ဓာကိုယ်ကို သူ့ဘက်သို့ ညင်သာစွာ ဆွဲယူ ပွေ့ဖက်လိုက်၏။

"ခုဆို ကိုယ်တို့နှစ်ယောက်ရဲ့ညဘက်တွေ ခွဲခွာနေဖို့ မလို တော့ဘူးလေ"

"အံ့မယ် အခုမဟုတ်သေးပါဘူးနော်"

"အင်းပါကွာ လက်ထပ်ပွဲကို ကိုယ်အမြန်ဆုံး စီစဉ်မယ် ကျေနပ် လား"

နဖူးပြင်လေးကို ဖွဖွနမ်းရှိုက်လျက် သူ ကတိပေးလျှင် ကျွန်မ နှလုံးသားလေး သိမ့်ခနဲ နွေးထွေးသွားရ၏။

■ ■ ■

"အ ဖြည်းဖြည်းလုပ်ပါ မမရဲ့"

မကျက်သေးသော ဒဏ်ရာကို ဆေးထည့်ပေးနေသည့် ကျွန်မ လက်တွေ အော်သံကြောင့် တွန့်သွားရသည်။

"ဟဲ့ ငါ ဖြည်းဖြည်းလေးပဲ လုပ်တာပါ။ ပြောတော့ဖြင့် ကလေး





မဟုတ်ပါဘူး မနာပါဘူး ဒီလောက်ကတော့ အေးဆေးပါဆို"

"ဒါကတော့ဗျာ မမက လာထိတာကိုး။ လာထိရင်တော့ နည်း နည်းနာတာပေါ့"

"ဟွန့် မပြောလိုက်ချင်ဘူး"

ကျွန်မက နေဇော့်ကို မျက်စောင်းထိုးလျက် ဆေးထည့်ပေးနေ ခြင်းကို လက်စသတ်လိုက်သည်။

"မမ"

"ပြော"

"ဘာလို့ ခုလို ထပ်လာနေသေးတာလဲဟင်"

"မင်းကို ဆေးထည့်ပေးဖို့ပေါ့၊ စိတ်မချလို့ပေါ့၊ တော်ကြာ ပေပေတေတေနဲ့ ဆေးတွေဘာတွေလည်း မထည့်ဘဲ အနာကပိုရင်းသွား မှာစိုးလို့ပေါ့၊ ဘယ်လိုလဲ ဒီလောက်ဆို ငါလာရတဲ့အကြောင်းပြချက် နိုင်လုံရဲ့လား"

"မမကို ဟိုလူထပ်ပြီး တစ်ခုခုပြောမှာစိုးလို့ပါ"

"ဒီနေ့ တနင်္ဂနွေပါကွယ်၊ ဆိုင်ပိတ်တယ် သူ မမကို ပလိန်း ကြီး ကောလို့မရပါဘူး"

နေဇော့်ရှေ့မှာ ပြောလိုက်ရသော်လည်း ခုလိုမျိုး နေဇော်တစ် ယောက်တည်းရှိနေသည့် အိမ်ကို ကျွန်မ ထပ်ရောက်နေတာသာ ဉာဏ် ထက်သိသွားရင် ပေါက်ကွဲမှုပြင်းအား တော်တော်ကြီးမှာ ကျိန်းသေပါ သည်။ ဒါပေမဲ့လည်း မတတ်နိုင်ပါ။ ကိုယ့်ကြောင့်နဲ့ လူတစ်ဖက်သား



www.burmeseclassic.com

www.burmeseclassic.com



နာကျင်ခဲ့ရတာ မဟုတ်လား။

"မနေ့ကတောင် ကျွန်တော် ကုမ္ပဏီရောက်သေးတယ်လေ"

"သုဇေ ဘာပြောသေးလဲ"

ဒီရက်ပိုင်းမှာ သုဇေဆီကို ကျွန်မ ဖုန်းမဆက်ဖြစ်ပါ။ ကိုယ့်အပြစ်နဲ့ကိုယ် မျက်နှာပူလို့ပါပဲ။

"သူက သူ့အမေကို အပြစ်တင်နေတာလေ၊ သူ့အမေက မမ ကိုနှင်ချခဲ့လို့ ခုလိုမျိုးတွေ ဖြစ်တာဆိုပြီး"

"အာ မဟုတ်တာပဲကွာ"

"သူလည်း ကျွန်တော့်ကိုတွေ့ရင် မမအကြောင်းမေးတယ်၊ မမကလည်း အခု သူ့အကြောင်းမေးတယ်၊ ဘာလဲ အချင်းချင်းဖုန်းဆက်ရမှာ မျက်နှာပူနေကြတာလား"

ပြန်မဖြေဘဲ ကျွန်မ နှုတ်ဆိတ်နေလိုက်သည်။

"ဒီလိုလုပ်မယ်လေ မမ အချိန်ရရင် ဒီနေ့ သုဇေ့ကိုပါချိန်းပြီး တစ်နေရာရာ သွားကြမလား"

"အင်း ဆိုးတော့ မဆိုးပါဘူး"

ခုချိန်ထိ ကျွန်မ မတင်မကျဖြစ်နေမိဆဲ။ မောင်တစ်ယောက်ရဲ့ ရှေ့မှာ သိက္ခာတွေ အဆုံးစွန်ကျဆင်းခဲ့ရသော အစ်မတစ်ယောက်က ဘယ်လိုအရှက်မဲ့သော မျက်နှာမျိုးနဲ့ မျက်နှာချင်းဆိုင်နိုင်မှာတဲ့လဲ။

"ဆိုးတော့ မဆိုးပါဘူး လုပ်မနေနဲ့ ခုပဲ ကျွန်တော် ဖုန်းဆက်ပြီ"



ပြောပြောဆိုဆိုပင် နေဇော်က ဖေလေးဆီ ချက်ချင်းဖုန်းကောက်ဆက်တော့၏။ ဒီလိုဆိုတော့ သုဇေ့ကို ဒီနေ့ သေချာပေါက် မျက်နှာချင်းဆိုင်ရတော့မှာပါလား။ မမသုကို ဘယ်လိုမိန်းမမျိုးအဖြစ် သတ်မှတ်လိုက်ပြီလဲ မောင်လေးရယ်။

■ ■ ■

ကျွန်မတို့မောင်နှမနှစ်ယောက်ရဲ့တွေ့ဆုံမှုက ကျွန်မ ထင်ထားသလို ရုပ်ပျက်ဆင်းပျက် မရှိခဲ့ပါ။ ကျွန်မ တုန်လှုပ်နေမိသလို သုဇေက စိမ်းကားနေခြင်းလည်း မရှိ။

"မမသုဆီ ကျွန်တော် ဖုန်းစဆက်ဖို့ ကြိုးစားပါသေးတယ်၊ ဒါပေမဲ့ အဆင်မပြေမှာစိုးလို့"

အငယ်လုပ်သူကစကာ စကားလာပြောရသည်ဆိုတော့ ကျွန်မ ရှက်ရယ်ရယ်လိုက်မိ၏။

"အင်း မမသုလည်း ဆက်မလို့ပါပဲ၊ ကိုယ့်အပြစ်နဲ့ကိုယ် မျက်နှာပူနေတာပါ"

"ကဲ အခုအားလုံး ဆုံနေပြီပဲ၊ စားစရာသောက်စရာတွေ အရင်မှာလိုက်ဦး"

"ကိုနေဇော်ကြိုက်တာ သွားမှာလိုက်လေ နော်၊ ကျွန်တော် ဒီမှာ မမသုကို ပြောစရာလေးတွေ ရှိနေလို့"

အစားအသောက်ကို ပိုလို့အာရုံရောက်နေသော နေဇော်က သူ့စိတ်ကြိုက် ကြက်ကြော်ဆိုင်မှာ ချိန်းဖြစ်ကြတာမို့ သူ့အတွက် အကြိုက်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ကာ ကောင်တာဆီသို့ ခပ်သုတ်သုတ်ထထွက်သွားတော့၏။

"မမသုကို ကျွန်တော် တောင်းပန်ပါတယ်"

"အို ဖေလေးက ဘာတောင်းပန်စရာရှိလို့လဲ"

"မေမေ့ကိုယ်စားရော ကျွန်တော်ကိုယ်တိုင်က ဖွင့်ပွဲနေ့တုန်းက မမသုကို တစ်မျိုးမြင်ခဲ့မိတဲ့အတွက်ရောပါ"

"မဟုတ်တာပဲ ဖေလေး မြင်တဲ့အတိုင်း တွေးထင်မိတာ မမှား ပါဘူး။ မမသုက မှားခဲ့တာလေ"

"ဟင့်အင်း ကျွန်တော် အားလုံးသိပြီးပါပြီ"

"ဘာကိုလဲ မောင်လေး"

"ကျွန်တော့်ကို ဟိုးတစ်နေ့တည်းက ကိုဉာဏ်ထက် လာရှင်း သွားခဲ့ပါတယ်၊ သူက လိမ်လည်ပြီး မမသုမေတ္တာကို ရယူခဲ့တာပါတဲ့ တကယ်တမ်း အပြစ်ရှိသူက သူတစ်ယောက်တည်းပါဆိုပြီးတော့လေ"

သူ တကယ်ပဲ ဒီအတိုင်း သွားရှင်းပြပေးခဲ့တာလား။ ဘယ်လို ဖြစ်ဖြစ် ကျွန်မ စိတ်ထဲကနေ သူ့ကိုကျေးဇူးတင်သွားမိသည်။

"သူတစ်ယောက်တည်းအပြစ်တော့ မဟုတ်ပါဘူးကွယ်၊ မ ကိုယ်တိုင်ကလည်း သူ့ကိုချစ်တဲ့စိတ်နဲ့ ဒီလမ်းကို ဆက်လျှောက်ဖို့ ချယ်ဖြစ်ခဲ့တာပါ၊ သူ့တစ်ယောက်တည်းအမှားမဟုတ်ပါဘူး၊ မမတို့ ယောက်လုံးရဲ့ ရူးသွပ်မှုက လူတိုင်းကို စိတ်အနှောင့်အယှက်ပေးသ ဖြစ်ခဲ့တာပါ"

"ဒါနဲ့လေ မေမေက ကျန်းမာရေးမကောင်းလို့ အိပ်ရာထဲ





နေပြီးနောက်ပိုင်း မမသုကို တောင်းပန်ချင်နေတယ်"

ဒီစကားကြောင့် ကျွန်မ သက်ပြင်းချမိ၏။ ကျွန်မ ဆယ်တန်း အောင်ပြီး ဖေဖေဆုံးတော့ အညွှာအတာကင်းမဲ့စွာနှင့် အိမ်ပေါ်ကနေ နှင်ချခဲ့သော မိန်းမတစ်ယောက်။ ကျွန်မ ပိုင်ဆိုင်တဲ့အမွေတွေအားလုံး ကို လက်ဝါးကြီးအုပ်ကာ ဘဝင်မြင့်ခဲ့သော မိန်းမတစ်ယောက်က ခုတော့ ကျွန်မကို တောင်းပန်ချင်သတဲ့။ သုဖေဆိုတာသာ ရှိမနေခဲ့ရင် ဒီမိန်းမ အကြောင်းကို တစ်သက်မကြားချင်တော့ပါ။ ငွေတွေကိုလည်း တစ်ပြားမှ ပြန်မလိုချင်တော့။

ကျွန်မရဲ့အဲဒီအတိတ်ကြီးကို ကျွန်မဘာဝထဲကနေ အပြီးထုတ် ထားခဲ့တာပါ။

"တောင်းပန်ဖို့ မလိုပါဘူး။ မမသုကို တောင်းပန်စရာမလိုပါ ဘူး။ ဒီတိုင်း ပိုနေမြဲကျားနေမြဲက အကောင်းဆုံးပါ"

"မေမေ့ကို လုံးဝခွင့်မလွှတ်ဘူးပေါ့နော်၊ ကျွန်တော့်ပိုင်ဆိုင်မှု တွေအားလုံးကို မမသုက မတောင်းရင်တောင် ကျွန်တော်ပြန်ပေးဖို့ စဉ်းစားထားပြီးသားပါ"

"မင်းမှားနေပြီ အဲဒီ ပိုင်ဆိုင်မှုတွေကို မမသု မမက်မောဘူး၊ င်းရှိနေတယ်ဆိုတဲ့ အသိတစ်ခုနဲ့ အားလုံးကို မေ့ပစ်ထားလိုက်ပြီ၊ ခွင့်လွှတ်တာလည်း မရှိသလို ခွင့်မလွှတ်တာလည်း မရှိဘူး။ အရာအား လုံးကို အေးအေးချမ်းချမ်းပဲ ရှိနေချင်တော့တယ်၊ အဲဒါ မမသုရဲ့ဆန္ဒ အမှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ စကားတွေပြောလို့ ကုန်ပြီလား၊ မကုန်သေးရင် ကျွန်တော်ထပ်သွားမှာပေးဦးမယ်"

နေဇော်က ကြက်ကြော်တွေ ဘာဂါတွေ အာလူးချောင်းတွေ ကိုလာဘူးတွေဖြင့် ပြည့်နှက်နေသော အစားအသောက်ဗန်းကြီးကိုကိုင်ပြီး ပြန်ရောက်လာ၏။

"ဒီလောက်အများကြီး မှာလာတာတောင် နင်က ထပ်သွားမှာ ချင်သေးတယ် ဟုတ်လား"

"ဒါတောင် ကျွန်တော့်တစ်ယောက်စာပဲ မှာလာတာနော်"

"ဘာ"

"လန့်လိုက်တာများ မမကလည်း ဖြည်းဖြည်းအော်ပါ၊ နောက်လို့တောင် မရဘူးနော် အဟင်း"

ထိုနေ့က စားသောက်ပြီးစီးချိန်မှာ ကျွန်မရင်ထဲ ပေါ့ပေါ့ပါးပါးဖြစ်နေသလို ဖေလေးလည်း ထိုနည်းလည်းကောင်းပဲ ဖြစ်လိမ့်မယ်လို့ ယုံကြည်နေမိသည်။

ခုဆို ကျွန်မတို့ချစ်သူနှစ်ယောက်ရဲ့ အနာဂတ်က ဘာအနှောင့်အယှက် အတားအဆီးမှ မရှိတော့ဘဲ ဖြောင့်ဖြူးနေခဲ့ပြီလေ။

■ ■ ■



အခန်း (၈)

ဓားနဲ့ခက်ရင်းကို ကျွမ်းကျင်စွာကိုင်လျက် အသားလွှာကို လှီးဖြတ်နေသော ကောင်လေးဟာ ဉာဏ်ထက်သေးသေးလေးကို ထိုင်ကြည့်နေရသလိုပါပဲ၊ အသားဖြူဖြူ နှုတ်ခမ်းထူထူထော်ထော်လေးနှင့် ချစ်စရာအလေးလေး။

"သားသား ဒီအန်တီ့ကို နောက်ဆို ရင်းရင်းနှီးနှီး ဆက်ဆံရမယ်နော်"

"ဟုတ်"

အဖေဘောက်သို့လှည့်ကာ ခေါင်းညိတ်အဖြေပေးလျက် ကျွန်မကိုလည်း လှမ်းကြည့်ပြီး ပြုံးပြလိုက်သေးသည်။

"သားက လိမ္မာတယ်နော်"

"ဟုတ်တယ် ကိုယ်နဲ့တူတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"လိပ်ကြီး"

ကျွန်မက ချစ်မျက်စောင်းလေးတစ်ချက်ထိုးလိုက်လျှင် သူက အားရပါးရ ရယ်မောလိုက်၏။

"ဒီနေ့ သားသားသွားချင်တဲ့နေရာတွေအားလုံးကို မေမေတို့ သုံးယောက် တူတူလျှောက်လည်ကြမယ်၊ ဘယ်လိုလဲ ကျေနပ်လား"

"ဟေး ဒါဆို ပျော်စရာကြီးပေါ့၊ သားက တိုက်ကားမောင်းချင်နေတာ"

"အိုကေ စားသောက်ပြီးတာနဲ့ မေမေတို့ တိုက်ကားသွားမောင်းကြမယ်"

သားအဖနှစ်ယောက် တစ်ယောက်လက်ဖဝါး တစ်ယောက်ရိုက်လိုက်ရင်း ပြုံးရွှင်နေကြပုံက ကျွန်မကိုပါ အပျော်တွေကူးစက်လာသလိုပဲ။

"သိပ်ပျော်နေကြတယ်နော်"

ရယ်သံများဖြင့် ပုံးလွှမ်းနေသော စားပွဲဝိုင်းလေးသို့ ခနဲ့တဲ့တဲ့ အသံတစ်ခုက ကြားဖြတ်ရောက်ရှိလာခဲ့သည်။ ကျွန်မတို့အားလုံး ပြိုင်တူ မော့ကြည့်မိလိုက်ကြ၏။

"မေမေ"

"မင်း ဒီကို ဘာလာလုပ်တာလဲ"

အသံနှစ်ခုက တစ်ပြိုင်နက်ထဲ တူတူထွက်သွားခြင်း ဖြစ်၏။ ကျွန်မကတော့ ကြားထဲကနေ အနေရကျပ်သွားမိသည်။





"စားသောက်ဆိုင်ပဲ ကျွန်မလည်း လာစားသောက်တာပေါ့၊ ဘာလဲမ လာရဘူးလား၊ ဒီဟိုတယ်လောက်တော့ လာနိုင်လောက်တဲ့ ငွေတွေ ကျွန်မမှာလည်းရှိပါတယ် ဟင်း ဟင်း"

ခနဲ့သလိုစကားသံတွေနဲ့ လှောင်ပြောင်ရယ်မောလိုက်ပုံက အသည်းယားစရာကောင်းလိုက်တာ။ ပြီးတော့ စကားလုံးတိုင်း စကားလုံးတိုင်းကို ကျွန်မမျက်နှာကြည့်ပြီးတော့ပဲ ပြောနေတာလေ။

"ဘယ်လိုလဲ သားလေး ပျော်ရဲ့လား"

"သားတို့က စားပြီးရင် ဒီအန်တီနဲ့တူတူ တိုက်ကားသွားစီးကြမလို့လေ"

"ဟင်း ဟင်း ခုတော့ မိသားစုလေး ဖြစ်နေပြီပေါ့နော်၊ ဝမ်းသာပါတယ် ဝမ်းသာပါတယ် မင်းက ငါ့လိုပမာဏတစ်ခုနဲ့ မပြီးဆုံးနိုင်ပဲ ငွေပင်ကြီးကိုမှ အပိုင်ကြံနိုင်ခဲ့တာကိုး"

ကျွန်မက သူမလိုမျိုး အပြုံင်လိုက်မရိုင်းနိုင်တော့လည်း လက်သီးကိုသာ ကျစ်ကျစ်ပါအောင် ဆုပ်လျက် မျက်နှာသာ လွှဲထားမိသည်။

"ဒီမှာ ဝတီ သားလေးရှိနေတာကို မင်းဘာတွေလာပြောနေတာလဲကွ၊ မင်းအခုချက်ချင်း သွားပါတော့"

"သွားမှာပါ ရှင်အတင်းနှင်ထုတ်စရာ မလိုပါဘူး၊ ကျွန်မက သားကိုတွေ့လို့ လာနှုတ်ဆက်တာ"

မဖြစ်နိုင်ပါဘူး သားကိုလာနှုတ်ဆက်တဲ့ အမျိုးသမီးရဲ့ အကြည့်တွေက ကျွန်မထံမှာပဲ တဝဲလည်လည် ဖြစ်နေတာလေ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ သားလေး မေမေ သွားတော့မယ်၊ လက်ကျန်ရင် မေမေနဲ့လည်း ကစားကွင်းသွားလည်ကြမယ်နော်"

"ဟုတ် မေမေ"

ခုနှစ်နှစ်အရွယ်ရောက်ပြီဆိုတော့လည်း သူ့မိဘနှစ်ပါးရဲ့အခြေအနေကို နားလည်သင့်သလောက် နားလည်နေမှာပါ။ ဒါပေမဲ့ ကလေးကတည်တည်ငြိမ်ငြိမ်နှင့် အရာရာကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်သည့် ပုံစံလေးပါဒါ သူ့အဖေဆီက ရလိုက်သော အမွေနဲ့တူပါရဲ့။

"ကိုယ် တောင်းပန်ပါတယ်"

အခြေအနေ ပြန်လည်ငြိမ်သက်သွားချိန်မှာ သူက တောင်းပန်စကားဆိုလာသည်။ ကျွန်မ ပြုံးလိုက်၏။

"ရှင်နဲ့ဘာမှမဆိုင်ဘဲ ဘာလို့တောင်းပန်နေတာတုန်း ဉာဏ်ထက်ရဲ"

"ကိုယ်တို့ရဲ့ပျော်ရွှင်နေတဲ့ အချိန်လေးက ကိုယ့်ကြောင့် ပျက်စီးသွားတယ်ထင်လို့ပါ"

"ဘာလို့ ပျက်စီးရမှာလဲ၊ ကျွန်မ အခုပျော်တယ်၊ သားလေးရော ပျော်တယ်မဟုတ်လား"

"ပျော်တာပေါ့ သားက တိုက်ကားလည်းမောင်းရမယ် သားကြိုက်တဲ့အသားလွှာလည်း စားရတယ်၊ အထူးသဖြင့် ဖေဖေနဲ့တူတူအချိန်တွေ အများကြီးရှိနေရတဲ့အတွက် လုံးဝကို အပျော်ဆုံးပဲ"

လက်မလေးကိုထောင်လျက် အားရပါးရ ပြောလိုက်သော





သားလေးရဲ့စကားတွေက ကျွန်မတို့နှစ်ယောက်လုံးရဲ့တဒင်္ဂ ညစ်နွမ်းသွားတဲ့စိတ်တွေကို အပြီးအပိုင် ပျောက်သွားစေခဲ့ပါသည်။

■ ■ ■

ဒီတစ်နေ့လုံး ကျွန်မ ပင်ပန်းနွမ်းနယ်နေခဲ့သည်။ အင်းလေဒီတစ်နေ့တည်းတော့ မဟုတ်ပါဘူး၊ တစ်ပတ်လောက်တောင် ရှိနေပြီစိတ်ပန်းလူပန်းဖြစ်နေတာ။ ဒါပေမဲ့ ဒီတစ်ခါ စိတ်ပန်းလူပန်းက ပျော်ပျော်ကြီး စိတ်ပန်းလူပန်း ဖြစ်ရခြင်း ဖြစ်သည်။

တစ်နေ့တစ်နေ့ ဉာဏ်ထက်နဲ့ကျွန်မတို့နှစ်ယောက်သား ခေါင်းချင်းဆိုင်ပြီး ဆွေးနွေးတိုင်ပင်လိုက်ရတာလည်း အမော၊ ဆိုင်ကိုတောင်ဒီတစ်ပတ်လုံး နေဇော်နှင့်လွှဲထားရခြင်း ဖြစ်သည်။

"ကျွန်မတို့ ပြင်ဆင်ရမှာ ဝယ်ရမှာ ဘာတွေကျန်သေးလဲဟင်"

စာရင်းလုပ်ထားသော စာရွက်လေးကိုထုတ်လျက် ကျွန်မ မမောနိုင်စွာ ပြန်ဖတ်ပြန်သည်။

"ကြီးကြီးမားမားတော့ မကျန်တော့ပါဘူး။ အိပ်ရာခင်းနားလည်းပြီးပြီ၊ အသုံးအဆောင်တွေလည်း ပြီးပြီ၊ ကိုယ့်အိမ်ကို အတွင်းပိုင်းပြန်ပြင်နေတာလည်း ပြီးလုနီးပါး ဖြစ်နေပြီ၊ ဟိုတယ်လည်း ဒိတ်ရပြီ၊ အစားအသောက်တွေလည်း မှာပြီးပြီ၊ ဖိတ်စာတွေလည်း လူစုံတက်စုံပို့ပြီးပြီ၊ မင်္ဂလာပွဲမှာဝတ်မယ့် ဂါဝန်ကလည်း သုဇောက နောက်ဆုံးမင်းစမ်းဝတ်ကြည့်ဖို့ပဲ ကျန်ပါတော့တယ်တဲ့၊ ဒီတော့ မင်းရဲ့စာရင်းစာရွက်ကြီးကို သိမ်းထားလိုက်တော့ ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ လက်ထဲမှာကိုင်ထားသော စာရွက်ရှည်ကြီးကို သူက လှမ်းယူဖြုပ်လိုက်၏။

"ကိုယ်က မင်းစာရင်းထဲကထက်တောင် ပိုပြီးတိတိကျကျနဲ့ မင်းအတွက် အားလုံးပြင်ဆင်ပေးထားတာပါကွာ"

"ကျေးဇူးတင်ပါတယ်ရှင်"

သူက ကျွန်မ လက်လေးကိုဆုပ်ကိုင်လျက် မျက်နှာလေးကို အချစ်ရည်ရွှန်းစိုနေသော မျက်ဝန်းများဖြင့်ကြည့်လိုက်ရင်း

"ကိုယ်တို့နှစ်ယောက် ဘဝတစ်လျှောက်လုံး ဒီလိုပဲ အတူတူ ဖြတ်သန်းသွားကြမယ်နော်"

"ရှင်ရယ် အဲဒီတစ်ခုက ကျွန်မဘက်က အမေးနိုင်ဆုံးကတိပါ"

သူက ဆုပ်ကိုင်ထားသော ကျွန်မ လက်များကို ဆွဲယူနမ်းရှုံ့လိုက်သည်။

"ဪ ဒါနဲ့လေ သုဇော မင်းဝတ်စုံကို ဆိုင်ပို့ထားတယ်တဲ့ မနက်ဖြန် မင်းအားရင် သွားစမ်းဝတ်ကြည့်လိုက်လေ၊ ကိုယ်ကတော့ လပတ်အစည်းအဝေးရှိလို့ လိုက်ပို့ဖို့ သိပ်အဆင်မပြေဘူး"

"ရပါတယ် ကျွန်မဘာသာပဲ သွားလိုက်ပါ့မယ်၊ ရှင့်အလုပ်တွေ ပြီးမှပဲ ကျွန်မကို ဖုန်းဆက်လိုက်နော်"

သူ နှုတ်ဆက်ထွက်သွားပေမယ့် ကျွန်မ မျက်ဝန်းထဲမှာတော့ သူ့ပုံရိပ်တွေက စွဲစွဲထင်ထင် ကျန်နေရစ်ခဲ့၏။ နောက်ပြီး ကျွန်မတို့နှစ်ယောက်ရဲ့ မင်္ဂလာပွဲနေ့လေး။ ဘယ်လောက်များ လှပလိုက်သည့်နေ့လေး



ဖြစ်မလဲနော်။

■ ■ ■

"မမ ရောက်လာပြီလား"

"ဘယ်လိုလဲ နေဇော်၊ အဆင်ပြေရဲ့လား"

"ဘာမပြေစရာရှိလဲဗျာ၊ ကျွန်တော်ကိုယ်တိုင် ဆိုင်ထိုင်လိုက်တော့ ရောင်းအားတောင် ပိုတက်လာသလိုပဲ"

အင်း ဒါနောက်ပြောင်နေတဲ့ စကားတော့ မဟုတ်နိုင်။ ကောင်လေးချောချောကိုယ်တိုင် ထိုင်နေသောဆိုင်ဆိုတော့ ရောင်းအားတက်တော့မပေါ့။

"ကိုယ့်ဝတ်စုံရော"

"အနောက်ခန်းထဲမှာပါ"

ဒီမေးခွန်းကိုတော့ ပြန်ဖြေသံက စိတ်မပါသလိုလို။ အို ကျွန်မစိတ်ထင်တာလည်း ဖြစ်မှာပါ။

အခန်းထဲဝင်လိုက်သည်နှင့် မော်ဒယ်ရုပ်မှာ ဝတ်ပေးထားသော ဂါဝန်ဆင်တူယှဉ်ရောင်လေးက ကျွန်မကို လှပစွာ ဆီးကြိုနေခဲ့သည်၊ ကျက်သရေရှိလိုက်တာ။

အပေါ်ပိုင်းမှာ ပုလဲလုံးများဖြင့် တန်ဆာဆင်ထားလျက် ခပ်ကျပ်ကျပ် ပခုံးလျှောလေး တင်ပါးအောက်ပိုင်းကိုမှ ပြေပြေလေး ဖွဲ့ထားချထားခြင်းမို့ ခန္ဓာကိုယ်အလှကို ပေါ်လွင်စေသော ဝတ်စုံလေးပါပဲ။ ဝတ်စုံလေးကို ခပ်သွက်သွက်ပင် ဖြုတ်ယူလျက် ကိုယ်ပေါ်မှာ ဝတ်ဆင်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

ကိုယ်လုံးပေါ် မှန်ထဲမှာ မြင်နေရသော မိန်းကလေးဟာ ကျွန်မ မှဟုတ်ပါလေစလို့ ထင်ရလောက်အောင်ပင် ဝတ်စုံလေးက ကျွန်မနှင့် လိုက်ဖက်လွန်းနေပါသည်။ ပြန်ပြင်ဆင်စရာလည်း ဘာမှမလို။ အားလုံး ကွက်တိ။

ဖုန်းကိုထုတ်ကာ ကိုယ့်ကိုယ်ကိုယ် ဓာတ်ပုံနှစ်ပုံသုံးပုံ ရိုက်ယူ လိုက်၏။ ပြီးတော့ ဉာဏ်ထက်ဆီ လှမ်းပို့လိုက်သည်။ ခဏနေတော့ စာလေးတစ်ကြောင်း ပြန်လာပါ၏။

My Beautiful Angel တဲ့။ ကျွန်မက သူ့ရဲ့လှပသော နတ်မိမယ် လေးပေါ့။ ပျော်ရွှင်စွာပင် ကျွန်မတစ်ကိုယ်တည်း အသံလေးများထွက် အောင် ရယ်မောလိုက်မိသည်။

ထိုစဉ်မှာပဲ အပြင်ဘက်မှ တံခါးခေါက်သံ ထွက်ပေါ်လာ၏။

"ဘယ်သူလဲ"

"ကျွန်တော်ပါ မမ၊ ဝင်လာလို့ ရမလား"

"အင်း ဝင်ခဲ့လေ"

တံခါးချပ်ကို တွန်းဖွင့်ဝင်လာသော နေဇော့်မျက်လုံးတွေက ကျွန်မကိုမြင်တော့ အံ့သြမင်သက်စွာနှင့် ငိုင်းစက်သွားသည်။ ခြေလှမ်း တွေလည်း တုန့်ခနဲ ရပ်တန့်သွား၏။

"ဟဲ့ ဘာဖြစ်တာတုန်း"





ကျွန်မအသံကြားမှ သူ သတိပြန်ဝင်လာသလို။

"ဟို ဟိုလေ မမ သိပ်လှတာပဲ"

"ပြောပြန်ပြီ"

"တကယ်ပြောတာပါ မမရယ်"

"မမက လှတာလား၊ သူဇော တော်တာလား မှန်မှန်ပြော နော်"

ကျွန်မက နောက်ပြောင်လိုက်တော့ သူခေါင်းကုတ်သည်။

"မမကလည်း လှတယ်၊ သူဇောလည်းတော်လို့ပေါ့ လုံးဝကို ပါဖက်ပဲ"

"ဘာပြောမလို့လဲ ပြောလေ"

"ဪ အင်း မမကိုတွေ့တာနဲ့ ပြောမှာတောင် မေ့သွားတယ်၊ သူဇော ဖုန်းဆက်ပြီး မမဝတ်ရတာ အဆင်ပြေမပြေ ကြည့်ပေးပါဆို တာနဲ့ ကျွန်တော် လာခဲ့တာ"

"ဪ ဟုတ်တယ် မမက သူ့ကို ဖုန်းဆက်ဖို့ မေ့သွားတယ်၊ တိုလှဆီကို အရင်ဆုံး ဓာတ်ပုံရိုက်ပြီး ပို့နေရတာနဲ့လေ ဟင်းဟင်း။ ဝတ်စုံက ဘာမှမလိုအပ်လောက်အောင်ကို အဆင်ပြေပါတယ်"

"ကျွန်တော်လည်း မြင်တာနဲ့ သိလိုက်ပါတယ်"

နှစ်ဦးစလုံး ပြောစရာစကား ကုန်သလို နှုတ်ဆိတ်သွားသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း နေဇော်က အခန်းထဲမှ ထွက်မသွားသေးပါ။ ကျွန်မကို ငေးစိုက်ကြည့်နေခဲ့၏။ သူ့မျက်ဝန်းတွေကို ကျွန်မ သတိထားမိတဲ့အချိန်မှာ

ကျွန်မ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ သူ့မျက်ဝန်းတွေထဲမှာ ရောင်စဉ်လေးတွေ ဖြာလဲ့နေတာ မျက်ရည်စတွေ မဟုတ်ပါစေနဲ့။

"မမ"

လည်ချောင်းထဲကနေ မနည်းညှစ်ထုတ်လိုက်ရသော အက်ကွဲနေသည့်အသံ။

"တကယ်ဆိုရင် ကျွန်တော်က မမတို့နဲ့အတူ ပျော်ပေးရမှာနော်၊ ကျွန်တော် ကြိုးစားပါတယ်၊ ဒါပေမဲ့ ကျွန်တော်လေ ဝမ်းနည်းနေတယ် မမကိုတွေ့တိုင်း ငိုချင်နေမိတယ်"

"ဟင်"

ကျွန်မ ဘာပြောရမလဲဟင်။ ဒီလိုအချိန်မှာ ဘယ်လိုစကားမျိုးက နေဇော့်အတွက် အကောင်းဆုံးနှစ်သိမ့်မှုဖြစ်စေမှာလဲ။

"ကျွန်တော် မမကို ချစ်နေမိတယ် မမရဲ့"

ပါးပြင်ပေါ်သို့ စီးကျလာသော မျက်ရည်များနှင့်အတူ မထင်မှတ်ထားစွာပင် နေဇော်က ကျွန်မကို ဆွဲယူဖက်ထားခြင်းကို ခံလိုက်ရ၏။

သူ့ရင်ခွင်ထဲကနေ လွတ်ထွက်သွားမှာစိုးသည့်အလား တင်းကျပ်နေအောင် ဖက်ထားသည်မို့ ကျွန်မမှာ အသက်ပင်ရှူလို့ မဝချင်တော့။





"နေ နေဇော် မင်း ဘာလုပ် ဟွတ် ဘာလုပ်တာလဲ"

"ကျွန်တော် ညံ့တယ်နော် မမက ချစ်လာအောင် မနေနိုင်ခဲ့တာလည်း ညံ့တယ်၊ မမကို တခြားလူတွေထက်အရင် ရှာမတွေ့ခဲ့တာလည်း ကျွန်တော် ညံ့တယ်၊ ကျွန်တော် မဖြစ်စေချင်တဲ့အနေအထား တစ်ခုကနေ မမကို ဆွဲမထုတ်နိုင်ခဲ့တာလည်း ကျွန်တော် ညံ့တယ်"

"မင်း ငါ့ကိုအရင် လွှတ်ပေးပါ နေဇော် ငါ ငါ အသက်ရှူကျပ်နေပြီ"

ကျွန်မ စကားအဆုံးမှာ သူ့ရင်ခွင်ထဲကနေ ကျွန်မကို ပြုန်းခနဲ လွှတ်ပေးလိုက်၏။ ခုမှပင် အသက်ကို ဝဝတစ်ချက် အားရပါးရ ရှူသွင်းလိုက်ရသည်။ အသက်ရှူလို့ဝတော့မှ နေဇော့်မျက်နှာကို ကျွန်မ လှမ်းကြည့်မိ၏။ မျက်နှာတစ်ခုလုံး မျက်ရည်တွေ ချွေးတွေဖြင့် စိုရွှဲနစ်လျက် နီမြန်းနေသည်။

ကျွန်မကို ခုလို ပြုမူဆက်ဆံလိုက်ခြင်းအတွက် စိတ်ဆိုးမာန်ဆိုး ရိုက်နှက်ပစ်လိုက်သင့်သော်လည်း ကျွန်မ မလုပ်ရက်ခဲ့ပါ။ ကျွန်မ စိတ်ထဲမှာ သူ့အတွက် နာကျင်ရခြင်းတွေရယ် ဘာမှလုပ်မပေးနိုင်သည့်အတွက် ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရဖြစ်မိခြင်းတွေရယ်ပဲ ရှိသည်။

"ကျွန်တော် ဘယ်လိုလုပ်ရမလဲဟင် မမ ပြောပြပါဦး၊ တစ်ခုလုံး အောင့်အီးသည်းခံပြီး ကိုယ်ချစ်တဲ့ မိန်းမတစ်ယောက်ကို တခြားယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ မြင်နေရတာ ကျွန်တော့်နှလုံးသားတွေက အပိုင်းပိုင်းအစစ ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



''ငါ ဘာလုပ်ပေးရလဲ နေဇော်ရယ်၊ ခုချိန်မှာ ငါ ဘာမှမတတ်နိုင်ဘူးလေ''

ကျွန်မနှုတ်ကနေ စကားတွေအများကြီးပြောပြီး နှစ်သိမ့်ပေးချင်ပေမယ့် တကယ်တမ်း ထွက်ကျသွားတဲ့ စကားတွေကတော့ ထိုအတိုင်းသာ ဖြစ်နေသည်။

''ကျွန်တော် မမကို ပိုင်ဆိုင်ချင်တယ်၊ မမရဲ့အချစ်ကို လိုချင်တယ်၊ တစ်သက်လုံး မမနားမှာရှိနေချင်တယ်၊ မမဆီရောက်လာမယ့် အန္တရာယ်တွေကို ကျွန်တော့်ခွန်အားနဲ့ ရင်ဆိုင်ဖြေရှင်းပေးချင်တယ်၊ အဲဒီအခွင့်အရေးတွေကို ကျွန်တော် ဘယ်တော့မှ မရတော့ဘူးလားဟင် မမ''

အို ကျွန်မ ဘာများပြန်ပြောရမှာလဲကွယ်။ ပြောစရာစကားလုံးတွေ ရှားပါးလွန်းနေတာမို့ နေဇော့်လက်လေးနှစ်ဖက်ကိုသာ ကျွန်မလက်များဖြင့် ဆွဲယူဆုပ်ကိုင်ထားလိုက်နိုင်၏။ ချွေးစေးများပျံလျက် အေးစက်နေတဲ့လက်တွေဟာ ကျွန်မလက်များ ထိုအတိုင်းဖြစ်နေခဲ့တုန်းက နှစ်သိမ့်နွေးထွေးစေခဲ့သော လက်များမှ ဟုတ်ပါလေစ။

နေဇော့်ကိုကြည့်ကာ ကျွန်မပါးပြင်မှာပါ မျက်ရည်စတို့ စီးကျလာသည်။ ရင်ထဲတွင် ပြောမပြတတ်သော ခံစားမှုနှင့် စို့နင့်နေခဲ့၏။

''မမ မင်းကို ဘယ်လိုနှစ်သိမ့်ပေးရမလဲဟင်''

ငိုသံစွက်သွားသော ကျွန်မ စကားအဆုံးမှာ ရင်ခွင်ထဲ ခေါင်းတိုးဝင်လျက် ရှိုက်ကြီးတငင် ငိုကြွေးလိုက်သည့် နေဇော့်ကို ကျွန်မ





မတားမြစ်နိုင်ခဲ့ပါ။

ဒါဟာ ဉာဏ်ထက်အပေါ်မှာ ကျွန်မ သစ္စာဖောက်မှုကတာ မဟုတ်ပါ။ ငိုကြွေးနေသော ကလေးတစ်ယောက်အတွက် အကောင်းဆုံး နှစ်သိမ့်ပေးမှုတစ်ခု ကျွန်မ လက်ဆောင်ပေးခဲ့တာပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ဒီနေ့။

ဒီနေ့ကတော့ ကျွန်မဘဝမှာ အမျှော်လင့်ထားခဲ့ဆုံး နေ့တစ်နေ့ ရက်ပေါင်းများစွာ ကြိုတင်ရင်ခုန်ခဲ့ရသောနေ့။

“ဟိတ် ပြင်လို့ဆင်လို့ မပြီးသေးဘူးလား”

ကျွန်မ အလှပြင်နေရာ အခန်းထဲကို ဝင်လိုက်ထွက်လိုက်နှင့် ဉာဏ်ထက် အလုပ်ရှုပ်နေသည်။

“ကျွန်မက မိန်းကလေးရှင့်၊ ဒီလိုနေ့မျိုးမှာ အားလုံးထက် အလှဆုံးဖြစ်အောင်တော့ လုပ်ရကိုင်ရသေးတယ်၊ ဒါကို ရှင်တို့ယောက်ျား တွေ နားမလည်ပါဘူး”

“မြန်မြန်လုပ်ပါကွာ ဧည့်သည်တွေက စုံနေပြီ”



“ပြီးပါပြီရှင် အခုပဲ ဝတ်စုံဝတ်တော့မှာပါ၊ ရှင်သာ အပြင် ခဏထွက်”

ဉာဏ်ထက် ပေစောင်းပေစောင်းနှင့်ကြည့်ကာ အခန်းပြင် ပြန် ထွက်သွားသည်။ ဝတ်စုံလေးကို လဲဝတ်လိုက်ပြီး ကိုယ်လုံးပေါ်မှန်ရှေ့မှာ ပတ်ပတ်လည် လှည့်ကြည့်ရသေးသည်၊ လူတွေအများကြီးရှေ့မထွက်ခင် ဘာလိုအပ်ချက်တွေများ ရှိဦးမလဲလို့လေ။

ပြင်ဆင်ခြယ်သထားသော မျက်နှာလေးနှင့် လိုက်ဖက်စွာ လှပ နေသော ဝတ်စုံလေးက အပြစ်ဆိုဖွယ်ရာမရှိ။ မှန်ထဲမှာ မြင်နေရသော ကိုယ့်ကိုယ်ကိုယ်ကြည့်ရင်း ငိုကြွေးနေသော ပုံရိပ်တစ်ခုက မျက်လုံးထဲ ပြန်ပေါ်လာသည်။ ခေါင်းများကိုခါရမ်းလျက် မနည်းမေ့ဖျောက်ပစ်လိုက်ရ သည်။

ဒီနေ့မှာ ကျွန်မအတွက် ပျော်ရွှင်စရာများဖြင့်သာ ပြည့်နှက် နေအောင် ကြိုးစားပါမည်။

သူ့လက်မောင်းကို ချိတ်လျက် မင်္ဂလာခန်းမကျယ်ကြီးကို ဖြတ် လျှောက်ပြီး စင်တင်စင်ပေါ်မှာ ထိုင်ပြီးသည်ထိ ကျွန်မ ရင်တွေတဒိတ် ဒိတ်ခုန်လျက် ဒူးများပင် တုန်ယင်နေကြသည်။ စင်ပေါ်မှာ မြူးမြူးထိုင် ရင်းနှင့် ဧည့်သည်များကို မျက်လုံးဝေ့ဝဲ ကြည့်မိသည်။

အများစုကတော့ ဉာဏ်ထက်ရဲ့လုပ်ဖော်ကိုင်ဖက် လုပ်ငန်းရှင် တွေပါပဲ။ ဟော ဟိုမှာ ဝေမွန်၊ ချစ်မင်းနဲ့ သီတာ။ သူတို့လင်မယားက စားပွဲဝိုင်းထဲတွတ္တ ထိုင်နေကြပါလား။ ခုတော့ ကျွန်မရဲ့ချစ်သူကို သူတို့

www.burmeseclassic.com



ရေ့မှာ ပိုင်ပိုင်နိုင်နိုင် လက်ဆုပ်လက်ကိုင်ပြနိုင်လိုက်ပြီလေ။

ကိုယ့်အတွေးနှင့်ကိုယ် တစ်ယောက်တည်း ပြုံးရယ်မိသေး၏။

"ဟိတ် သိပ်ရယ်မနေနဲ့၊ ဓာတ်ပုံထဲမှာ မလှမပကြီး ပါလာဦးမယ်"

ဉာဏ်ထက်က အသံအုပ်အုပ်နှင့် သတိပေး၏။ ကျွန်မက အမြင်ကပ်စွာပင် သူ့ကိုတံတောင်နှင့်တွတ်ပစ်လိုက်သည်။ ခုလိုမျိုး ကျွန်မရဲ့အပျော်ရွှင်ဆုံးနေ့မှာမှ အားရပါးရ မပြုံးမရယ်ရရင် ဘာလုပ်တော့မှာလဲ။

အခမ်းအနားပြီးဆုံးကာနီးတော့ ဓာတ်ပုံတွေ ပျော်ပျော်ရွှင်ရွှင် ရိုက်ကြသည်။ လေဖြတ်နေသဖြင့် ဒိုးချဲဖြင့်ရောက်လာသော ဉာဏ်ထက်မေမေ။ ဘယ်အရာမဆို သားသဘောအတိုင်း စိတ်ကြိုက်လုပ်ခွင့်ပေးထားသည့် သဘောကောင်းသော အမျိုးသမီးကြီး။

သူမကို အလယ်ကထားကာ ကျွန်မတို့မောင်နှံရယ် သားလေးရယ် သုဇေရယ် နေဇော်ရယ်တစ်တွဲ ဓာတ်ပုံရိုက်၏။ အထူးသဖြင့်တော့ ဓာတ်ပုံထဲမှာ ကျွန်မရဲ့အလှဆုံးအပြုံးများကိုသာ ရစေရန် နေဇော်ကို မကြည့်မိအောင် ကြိုးစားပြီး နေလိုက်သည်။

နေဇော်ကိုမြင်ရင် ကျွန်မရဲ့နှလုံးသားထဲမှာ ဆစ်ခနဲ ဖြစ်သွားတတ်သော ခံစားမှုက ကျွန်မနှုတ်ခမ်းများဆီမှ အပြုံးတွေကို ဆိတ်သုဉ်းပျောက်ကွယ်သွားစေလို့ပါ။

"ကဲ ကိုယ်တို့ရဲ့ပွဲလေး အောင်မြင်စွာနဲ့ ပြီးဆုံးသွားပါပြီ"

ဉာဏ်ထက်က အပျော်တွေလွှမ်းနေသော မျက်နှာနှင့်ပြောသည်။





အို ဘာထူးလဲ ကျွန်မမျက်နှာလည်း အပျော်တွေလွှမ်းနေမှာပါပဲ။

"ယုံတောင် မယုံနိုင်သေးဘူးကွာ၊ ရှင်နဲ့ကျွန်မ ခုလို တကယ့် လင်မယားစစ်စစ်တွေ ဖြစ်သွားပြီနော်၊ ခုကစလို့ တစ်သက်လုံး တစ်ယောက်ကိုတစ်ယောက် သစ္စာမဖောက်ကြေး"

မင်္ဂလာခန်းမထဲကအထွက် တစ်လမ်းလုံး ကျွန်မတို့နှစ်ယောက် ပျော်ရွှင်စွာဖြင့် စကားတွေတွတ်ထိုးလာခဲ့ကြသည်။ အဲဒီအချိန်လေးထိ ကျွန်မတို့ရဲ့မင်္ဂလာနေ့လေးက မင်္ဂလာစစ်စစ်မှန်မှန်များဖြင့်သာ ပြည့်နှက်နေခဲ့တာပါ။

ဆင်ဝင်တစ်ဖက်မှာ ရပ်ထားသည့် ကျွန်မတို့ရဲ့မင်္ဂလာကားလေးပေါ်ကိုတက်ဖို့ အသွားမှာ မထင်မှတ်ထားသော ကြမ္မာဆိုးက ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။

ဆင်ဝင်လေးကိုဖြတ်ပြီး တစ်ဖက်ခြမ်းသို့အသွား ကျွန်မရဲ့ ထည့်တည့်စီ တိုးဝင်လာသော ကားတစ်စီး။ အဲဒီကားကို ကျွန်မ သိပါသည်။ ဒါ ဒါ ဟိုအမျိုးသမီးရဲ့ကား မဟုတ်လား။ ထိုအသိနှင့်အတူ ကျွန်မ ထိတ်လန့်မှုနှင့် ကြောင်အမ်းသွားကာ လမ်းလယ်မှာ ခြေလှမ်းတွေ ရပ်တန့်ကုန်သည်။ ကျွန်မပါလာသည့်အထင်နှင့် စကားတပြောပြောသွားနေသော ဉာဏ်ထက်က ကျွန်မတို့မင်္ဂလာကားလေးနားဆီပင် ရောက်နေပြီ။

ဟင့်အင်း ကျွန်မကို သူမ ဘာလုပ်ဦးမလို့လဲ။

အရှိန်ဖြင့် ပြေးဝင်လာနေသော ကားကိုရှောင်ဖို့ထက် ထိုအမျိုး



www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့စိတ်ကို ကြောက်လန့်ကာ ကျွန်မအသိစိတ်လွတ်သွားခဲ့ခြင်း ဖြစ်သည်။

"အား"

"ဝုန်း ဒုန်း"

"ဟာ"

မြေကြီးနှင့်ခန္ဓာကိုယ် အရှိန်ပြင်းစွာ ပစ်ဆောင့်လိုက်ခြင်းကြောင့် ကျွန်မ တစ်ကိုယ်လုံး အသည်းခိုက်အောင် နာကျင်သွားသည်။

အဖြစ်အပျက်က လျှပ်တစ်ပြက်လေးအတွင်းမှာပါပဲ။ ပတ်ဝန်းကျင်မှာ အော်ဟစ်ဆူညံသံများဖြင့် ပြည့်နှက်သွားကာ ရုန်းရင်းဆန်ခတ်ဖြစ်ကုန်၏။ တိုက်လိုက်သော ကားကလည်း သူ့အရှိန်နှင့်သူ မထိန်းနိုင်ဘဲ ရှေ့တည့်တည့်မှ ဆင်ဝင်အမိုးတိုင်ကို ဝင်ဆောင့်ရင်း ရပ်တန့်သွားသည်။

ကျွန်မဆီသို့ ပြေးလာသော ဉာဏ်ထက်ကို လဲကျနေရင်းကမြင်နေရ၏။ မြေကြီးပေါ်မှောက်နေရာကနေ ကျွန်မ ကုန်းထရန်ကြိုးစား၏။ မရ လေးလံလွန်းသော တစ်ခုခုက ကျွန်မ ခန္ဓာကိုယ်ပေါ်ဖိထားသလိုပါပဲ။

ထိုအရာကိုဖယ်ရန် ကျွန်မ လက်များကို မြှောက်လိုက်သည်။

"အား သွေး သွေးတွေ"

ကျွန်မ လက်နှစ်ဖက်လုံးရော ဝတ်စုံလှလှလေး တစ်ခုလုံးမှာရော သွေးများဖြင့် အနီရောင်ပြောင်းနေခဲ့ပြီ။

"နေဇော် နေဇော် ဘာတွေဖြစ်ကုန်တာလဲ"



မြေကြီးနှင့်ရိုက်မိထားရဲ့ နာကျင်မှုကို ကျွန်မ ချက်ချင်းမေ့လျော့သွားသည်။ ကျွန်မ ကိုယ်ပေါ်မှာ ထပ်လျက်လဲနေသော နေဇော့်ကိုယ်ကြီးကို ကျွန်မလက်များဖြင့် ပွေ့ယူလိုက်၏။ သူ့ခေါင်းတစ်ခုလုံး သွေးတွေနှင့်ရဲရဲနီလျက်။

"လုပ် လုပ်ပါဦး ဉာဏ်ထက်၊ နေဇော့်ကို ခေါ်ပါဦး မရတော့ဘူး သူ့ကိုခေါ်လို့မရတော့ဘူး၊ မျက်လုံးတွေလည်း မဖွင့်တော့ဘူး၊ လုပ်ကြပါဦး နေဇော့်ကို ကယ်ကြပါဦး"

အနားရောက်လာသော ဉာဏ်ထက်ကို ထရိုက်လျက် ကျွန်မသည်၊ ထန်စွာ ငိုကြွေးမိသည်။ ကျွန်မလက်ထဲမှာ တွေးမှေ့ထားသော နေဇော်ကတော့ ဘာတုန့်ပြန်မှုမှ မရှိ။ ပကာတိငြိမ်သက်လျက်။ မဖြစ်စလောက် လှုပ်ရှားမှုတို့လို့ သူ့ကိုယ်ပေါ် အဆက်မပြတ် စီးဆင်းနေသော သွေးများသာ ရှိပါလိမ့်မည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

အဲဒီနေရာမှာတင် အားလုံး ပြီးဆုံးသွားခဲ့သည်။ အထမြောက် အောင်မြင်ခဲ့သော ကျွန်မရဲ့မင်္ဂလာပွဲလေးဟာ ပျော်ရွှင်စရာတွေ ဆိတ်သုဉ်းပျောက်ကွယ်သွားရသည်။ အဲဒီနေ့လေးဟာလည်း ကျွန်မရဲ့ အပျော်ဆုံးနေ့တစ်နေ့မဟုတ်တော့။

ကိုယ့်ကိုမချစ်သော တခြားယောက်ျားတစ်ယောက်နှင့် လက်ထပ်လိုက်သော မိန်းမတစ်ယောက်အတွက် ခုလိုလုပ်ရပ်မျိုးက ထိုက်တန်မှုရှိလို့လား။ ဒီအဖြစ်မှာ ကျွန်မ ဘယ်သူ့ကိုမုန်းရမှာလဲ။ ကားနဲ့ဝင်တိုက်ခဲ့သော ဝတီဆိုတဲ့ အမျိုးသမီးကိုလား။ အလွန်ဉာဏ်နည်းစွာနှင့် သေခြင်းတရားကို ကျွန်မကိုယ်စား ခံယူသွားသည့် နေဇော်ကိုလား။

ဒါမှမဟုတ် အပြစ်တွေအားလုံးရဲ့ တရားခံဟာ ကျွန်မပဲလား။





သေချာတာ တစ်ခုကတော့ ဒီလောကကြီးမှာ ကျွန်မအပေါ် နေဇော်လောက် လုံခြုံစေနိုင်မယ့်သူ ရှိတော့မှာမဟုတ်ဘူးဆိုတာပါပဲ။

အင်း ဟုတ်ပါတယ်။ ကျွန်မရဲ့ကာမပိုင်ခင်ပွန်း ဉာဏ်ထက် အပါအဝင်ပါ။ ကျွန်မတို့နှစ်ယောက်ရဲ့အချစ်က ပိုင်ဆိုင်လိုသည့် အတ္တတွေ ပါဝင်သည်။ ပိုင်ဆိုင်ဖို့အတွက်လည်း ကြိုးစားအောင်မြင်ခဲ့ကြသည်။ စွန့်လွှတ်လိုက်ဖို့ကို နှစ်ဦးစလုံး သွေးရူးသွေးတန်း ငြင်းဆန်ခဲ့ကြသည်။ ခုချိန်ထိလည်း တစ်ယောက်ကိုတစ်ယောက် အရူးအမူး ချစ်နေကြတုန်းပါပဲ။

ကျွန်မတို့နှစ်ယောက်ရဲ့ အချစ်ကိုကြည့်ပြီး တကယ့်အချစ်စစ်ဆိုတာ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ကိုယ်ချစ်တဲ့သူနဲ့ ပေါင်းဖက်နိုင်အောင် ကြိုးစားချင်လာတဲ့ ပိုင်ဆိုင်လိုစိတ်ကို ကျွန်မ အဓိပ္ပာယ်သတ်မှတ်ခဲ့ဖူးသည်။

ခုတော့ ကျွန်မ သတ်မှတ်ထားခဲ့သော အချစ်အဓိပ္ပာယ်နဲ့ နေဇော်လုပ်ရပ်က ဘာမှမသက်ဆိုင်ခဲ့။

ရူးသွပ်တာလား မိုက်မဲတာလား၊ ဒါမှမဟုတ် ကိုယ့်အသက်ထက် ပိုပြီးချစ်တယ်ဆိုတာမျိုးလား။ ဒါကို ကျွန်မကတော့ အချစ်လို့ ခေါ်ချင်ပါ။ မှားယွင်းသော သတ္တိလို့သာ နာမည်တပ်ချင်နေမိသည်။

"မိန်းမရေ အက်ထရာဆောင်း အဖြေထွက်ပြီကွ၊ ယောက်ျား လေးတဲ့ ယောက်ျားလေး"

ကျွန်မထိုင်စောင့်နေသော ဆေးရုံကော်ရစ်ဒါ့ခုံတန်းလေးဆီသို့



www.burmeseclassic.com

www.burmeseclassic.com



မြူးတူးစွာဖြင့် အော်ဟစ်ပြောဆိုဝင်လာသော ဥာဏ်ထက်၊ အနားရောက်လာပြီး အက်ထရာဆောင်းရိုက်ထားသော အဖြူအမည်း ဓာတ်ပုံသေးသေးလေးကို ပြသည်။

အကောင်အထည် သေချာမမြင်ရသည့် ထိုပုံလေးကို တွေ့လိုက်တော့ ကျွန်မရင်ထဲ စိမ့်ခနဲ ဖြစ်သွားခဲ့၏။ စိတ်ထဲကလည်း ဆန္ဒပြုမိသည်။

"ငါ့ဆီကို ပြန်လာခဲ့ပါ နေဇော်ရယ်"လို့။

ဘယ်နည်းနဲ့မဆို သူ့ကို ကျွန်မ ပြန်မြင်တွေ့ခွင့် ရချင်ပါသေးသည်။

ကျွန်မ ရူးသွပ်မိတာများလား။

ဟုတ်ကဲ့ ကျွန်မဆီကိုလည်း မှားယွင်းတဲ့သတ္တိတွေ ရောက်မလာဘူးလို့ ဘယ်သူများပြောနိုင်ပါဦးမလဲ။

ပရိသတ်အတွက်
အမြဲတမ်း
ချူး

www.burmeseclassic.com